



စာအုပ်လင့်ပေါင်းစုံမှပြန်လည်ဝေမျှပါသည်ခဗျာ

# ဓနဥပဒေသငါးရပ်

၁။ ဓနဥစ္စာဟူသည် မိမိရရှိသောဝင်ငွေ၏ ဆယ်ပုံတစ်ပုံထက် မနည်းသောငွေကို မိမိနှင့် မိသားစု၏ အနာဂတ်အတွက် ချန်လှပ်သိမ်းဆည်း တတ်သူထံသို့သာ ဝမ်းမြောက်ပျူငှာစွာ ရောက်ရှိလာတတ်မြဲဖြစ်သည်။

၂။ ဓနဥစ္စာဟူသည် ယင်းအား အကျိုးဖြစ်အောင် ခိုင်းစေတတ်သောသူအတွက် ကျိုးနွံကျေနပ်စွာ အားထုတ်လုပ်ကိုင် ပေးစမြဲဖြစ်၍၊ ထိုသူ၏လက်၌ သိုးအုပ် နွားအုပ်များသဖွယ် အဆတိုးပွား များပြားလာတတ်သော

သဘောရှိပေသည်။

၃။ ဓနဥစ္စာဟူသည် ယင်းအား ဂရုတစိုက် ရှင်းနှီးမြှုပ်နှံမှုပြုသူ၊ ကျွမ်းကျင်လိမ္မာ သောသူတို့၏ အကြံဉာဏ်ကို ရယူလုပ်ကိုင်သူများထံ၌သာ တွယ်ကပ်ခိုလှုံနေ တတ်ကြသည်

၄။ ဓနဥစ္စာဟူသည် မိမိလဲမကျွမ်းကျင်၊ ကျွမ်းကျင်သူတို့လည်း အားမပေးသော

အလုပ်မျိုးတွင် ရှင်းနှီးမြှုပ်နှံသော သူတို့ထံမှ လျှောကျပျောက်ကွယ်
သွားတတ်

စမြဲဖြစ်သည်။

၅။ ဓနဥစ္စာဟူသည့် ယင်းမှလွှန်ကဲလှသော အမြတ်အစွန်းမျိုးကို မျှော်မှန်းသူများ၊ လူလိမ်လူညာတို့၏ ဖြားယောင်းသွေးဆောင်မှုနောက် လိုက်ပါ နားယောင်တတ်သူများ၊ အတွေ့အကြုံနည်းပါးကာ စိတ်ကူးယဉ်ယဉ်ဖြင့် မဆင်မခြင် ရှင်းနှီး မြှုပ်နှံမှု ပြုသူများထံမှ ရှောင်ခွါထွက်ပြေး သွားတတ်စမြဲ ဖြစ်သည်။

# မာတိကာ

၁။ သူကြွယ်မြို့မှ သူဆင်းရဲနှစ်ယောက်
၂။ ဘောဘီလုံက မဟာသူကြွယ်
၃။ ပိန်ကျုံသော အသပြာအိတ်ပြည့်တင်းလာစေမည့်
နည်းလမ်းခုနစ်သွယ်
၄။ ကံကြမ္မာစောင့်နတ်သမီးနှင့်တွေ့ဆုံခြင်း
၅။ ဓနဥပဒေသငါးရပ်
၆။ ဘောဘီလုံက ဘဏ်သူဌေး
၇။ ဘောဘီလုံ၏ မဟာတံတိုင်း
၈။ ဘောဘီလုံမှ ကုလားအုတ်ကုန်သည်
၉။ ဘောဘီလုံမှ ရှေးဟောင်းစာချပ်များ
၁၀။ ဘောဘီလုံမှာ ကံအကောင်းဆုံးပုဂ္ဂိုလ်
* နိဂုံးစကား။ ရှေးခေတ်ဘောဘီလုံနှင့် စပ်လျဉ်း၍
** မူရင်းစာရေးသူနှင့်မူရင်းစာအုပ်အကြောင်း

# အခန်း (၁)

## သူကြွယ်မြို့မှ သူဆင်းရဲနှစ်ယောက်

ဘောဘီလုံမြို့သား ဗန်ဆား။
သူသည် နှစ်ဘီးတပ် စစ်ရထားများ တည်ဆောက်သော အလုပ်ဖြင့်
အသက်မွေးဝမ်းကျောင်း ပြုသူဖြစ်သည်။
ဒီကနေ့မှာတော့ ဗန်ဆား လုံးလုံးလျားလျား စိတ်ဓာတ်ကျနေသည်။
အိမ်ခြံစည်းရိုး အုတ်တံ တိုင်းနိမ့်ပေါ်ထိုင်ကာ အိမ်ကုပ်ကလေးကို
ငေးကြည့်နေသည်။ အိမ်နံဘေး သူအလုပ်လုပ်သည့်နေရာ မှာ
လက်စမသတ်ရသေးသော ပြိုင်ရထားတစ်စီး။
ပင်။ ဇနီးသည်က တံခါးဝမှာ မကြာခဏ ပြူတစ်ပြူတစ် လုပ်နေသည်။
သူ့ကိုအကဲ ခတ်နေခြင်း

မီးဖိုချောင်မှာ ဆန်ကုန်တော့မယ်၊ ရှင်မထသေးဘူးလား။
ရွှေဘော်ထိုးပါလား၊ သံရိုက်ပါလား၊ ပေါ် လစ်တင်တဲ့အပိုင်းတင်၊
ဆေးသုတ်တဲ့အပိုင်း သုတ်ပါတော့လား။ ဒီမြင်းရထားမြန်မြန်ပြီးမှ
အလုပ်အပ်တဲ့ သူဌေးကို မြန်မြန်ပေး၊ ငွေမြန်မြန်ရမှာ မဟုတ်လား။

မိန်းမစိတ်ထဲက မြည်တွန်နေမည့်စကားတွေ သူကြားနေသည်။

သို့သော်သူမထ။ မတုန်မလှုပ် ငုတ်တုပ်ပင် ဆက်ထိုင်နေသည်။

သူထမရနိုင်လောက်အောင် သူ့ခေါင်းထဲမှာ ပြဿနာတရပ် ကြီးစိုးနေသည်။ သူ့ရှိသမျှ ဉာဏ်နှင့် လုံးဝအဖြေရှာမရနိုင်သည့် ပြဿနာ။

သူတို့ ယူဖရေးတီးစ်မြစ်ဝှမ်းဒေသ၏ ပူပြင်းလှသော နေရှိန်က သူ့ကိုယ်ပေါ်သို့ မညှာမတာကျ ရောက်နေသည်။ နွမ်းဖူးကျလာသော ချွေးတွေသည် ပါးပြင်နှင့် လည်ပင်း တလျှောက် စီးဆင်းကာ ရင်ဘတ်ရှိ အမွှေးအမျှင်များကြားမှာ ပျောက်ကွယ်သွားသည်။

သူ့အိမ်ခေါင်မိုးကိုကျော်၍ ဟိုးအဝေးဆီ လှမ်းမျှော်ကြည့်လိုက်လျှင် ဘုရင်မင်းမြတ်၏ စံနန်း တော်မှ စုလစ်မွမ်းချွန်တွေ သူမြင်ရသည်။ နန်းတော်နှင့် မနီးမဝေးဆီတွင်မူ ဘဲလ်ဗီမာန်တော်မှ မျှော်စင် မြင့်ကြီးက ပြာလဲ့သော မိုးကောင်းကင်ကိုပင် ထိုးခွဲနေသယောင်။ သည်လိုကြီးကျယ်ခမ်း နားသည့် အဆောက်အအုံများနှင့် ဘာမျှမဝေးသောနေရာမှာ စုတ်ချာသော သူ့အိမ်ကလေး တည်ရှိနေ သည်။ သူ့နည်းတူ ညှိုးလျသော တစ်ခြား အိုးအိမ်ငယ် တွေလည်း ရှိကြသေးသည်ပေါ့။ ဘေဘီလုံ က ဆင်းရဲနှင့်ချမ်းသာ၊ တောက်ပခမ်းနားမှုနှင့် ညစ်ထေးစုတ်ချာမှုတို့ ထွေးရောယှက်တင်လျှက်ရှိသော နေရာတခု ဖြစ်ချေသည်။

လမ်းမများထဲကြည့်လျှင် သူဌေးသူကြွယ်တွေ၏ မြင်းရထားတွေ ခြူသံတညံညံ ပြေးလွှားနေ တာ တွေ့နိုင်သလို စီးစရာဖိနပ်ပင်မပါသည့် သူဖုန်းစားများကိုလည်း လူအများကြား တိုးဝှေ့သွားလာ နေတာ မြင်ရလိမ့်မည်ဖြစ်သည်။ ဗန္ဓဆားကတော့ သူပြဿနာထဲ အာရုံဝင်နေသည်မို့ ဘေးဘီကို လှည့်မကြည့်မိ။ သူနှင့် သူ့ပတ်ဝန်းကျင်က တကမ္ဘာဆီ ခြားနေသလိုလို။

သို့သော် ဘေဘီလုံ၏ ဆူညံသံများအကြားမှာ သူ့အတွက် ထူးခြားသော အသံတခု နားက ရုတ်တရက် ဖမ်းယူမိကာ အတွေးစပြတ်သွားသည်။

စောင်းကြိုးကိုတီးခတ်လိုက်သည့်အသံ။

နောက်ဘက်လှည့်ကြည့်မိတော့ သူ့ သူငယ်ချင်း ဂီတဆရာ ကော်ဘီ၏ ပြုံးနေသော မျက် နှာကို မြင်ရသည်။

“ငါ့သူငယ်ချင်းတွေဟာ သမ္မာဒေဝ နတ်ကျောင်းနတ်မြတ်တွေ ကောင်းကောင်းကြီး စောင်မထား ပြီထင်တယ်။” ကော်ဘီက အားပါးတရလေသံဖြင့် နတ်ခွန်းဆက်သည့်။ “သေချာတယ်၊ ဒါကြောင့်မို့ ခုလို ဓိမ်နဲ့ထိုင်နေနိုင်တာပေါ့၊ ဝမ်းသာတယ် သူငယ်ချင်း၊ ကိုယ့်သူငယ်ချင်း ဇာတာစန်းလဂ်တက်

နေတော့ ကိုယ်လဲ ဝေမျှသုံးစွဲရတာပေါ့၊ များများစားစား မဟုတ်ဘူးကွာ၊ ငွေဒင်္ဂါး နှစ်ပြားလောက်ပဲ
ချေးစမ်းပါ၊ လောလောဆယ် မင်းပိုက်ဆံအိတ်
သိပ်ဖေါင်းနေတယ်မဟုတ်လား၊"

"ဖောင်းဖို့နေနေသာသာ မင်းချေးပါဆိုတဲ့ ဒင်္ဂါးနှစ်ပြားကို
ငါ့မှာမရှိဘူး၊ နှစ်ပြားကများသေး
တယ်၊ တပြားမှကိုမရှိတာ" ဗန်ဆား စိတ်ပျက်လက်ပျက်နှင့်
ပြန်ပြောလိုက်သည်။

"ဘာကွ" ကော်ဘီ တကယ်အံ့အားသင့်သွားသည်။ "အိတ်ထဲမှာ
ပိုက်ဆံတပြားမှမရှိပဲ မင်း
ကျောက်ရုပ်လိုထိုင်နေတယ် ဟုတ်လား၊ မြင်းရထားပြီးအောင်လုပ်လေကွာ၊ မင်းကြည့်ရတာ ဗန်ဆား
မဟုတ်သလိုပဲ၊ မင်းဝိရိယတွေ ဘယ်ရောက်ကုန်ပြီလဲ၊ အမှောင့်ပယောဂ
တစ်ခုခုတော့ဝင်ပြီထင်တယ်။"

"အေး အမှောင့်ပယောဂဝင်တာတော့ အမှန်ပဲကွ" ဗန်ဆားကဆိုသည်။
"စတာက အိပ်မက်ကွ၊ အဲ့ဒီအိပ်မက်တစ်ခု ငါ့ကိုနှိပ်စက်တာ"

"ဘယ်လိုအိပ်မက်မျိုးလဲကွာ"

"အိပ်မက်ထဲမှာ ငါချမ်းသာသွားတယ် သူငယ်ချင်း၊ ငါ့ခါးမှာ ပိုက်ဆံအိတ်ကြီး ချိတ်လို့၊ ငွေဒင်္ဂါး တွေအပြည့်နဲ့၊ အလေးကြီးပဲ၊ သူတောင်းစားတွေကို ရွှေတပြား ရော့တပြား ငါလျှောက် ဝေပေးနေတာ၊ ငွေဒင်္ဂါးတွေတဆုပ်ကြီးကိုင်ပြီး မိန်းမအတွက် ဝတ်ကောင်းစားလှတွေဝယ်၊ ငါ့အတွက် လိုချင်တာတွေဝယ်၊ ရွှေဒင်္ဂါးတွေလည်း တပုံတခေါင်းကြီးနဲ့ဆိုတော့ ရှေ့ရေး ဘာမှပူစရာမလိုဘူး၊ ငွေသားဒင်္ဂါး လောက်ကတော့ ကြိုက်သလိုသုံးပေ့ါ၊ အရမ်းကိုကျေနပ်ပြီး စိတ်ချမ်းသာနေတာ၊ သူဌေး ဗန်ဆားကွ၊ အမြဲတကုပ်ကုပ် အလုပ်လုပ်နေရတဲ့ မင်းသူငယ်ချင်းဗန်ဆားနဲ့ တခြားစီပဲ၊ ငါ့မိန်းမ ဆို ရင်လည်း မင်းမှတ်မိ မှာတောင်မဟုတ်ဘူး၊ ဒီမျက်နှာမျိုးလုံးဝမဟုတ်ဘူး၊ မျက်နှာက ကြည်နေတာပဲ၊ ငယ်ငယ်တုန်းက ငါနဲ့ညားကာစတုန်းကအတိုင်း ပြုံးလို့ ရွှင်လို့ပေါ့ကွာ"
သလား"

"အင်းလေ အိပ်မက်က ကောင်းလွန်းအားကြီးနေတယ်၊

အဲ့ဒီအိပ်မက်ကနိုးလာတော့ ဟော့ဒီ လုံးဝအသုံးမကျတဲ့ လက်တွေ့ဘဝထဲ ပြန်ရောက်လာတာကိုး၊ အိပ်မက်ထဲတုန်းက ဖောင်းနေတယ်ဆိုတဲ့ ငါ့ပိုက်ဆံအိတ်မှာ ခြူးတစ်ပြားမှတောင်မရှိဘူး၊ အဲဒီတော့ ငါဒေါသထွက်တာပေါ့ကွ.... အဲ့ဒီတော့ သူငယ်ချင်း ဒီကိစ္စ မင်းနဲ့ငါဆွေးနွေးရအောင်၊ တို့ဘဝတွေက အတူတူပါပဲ၊ သဘောသွားစကားနဲ့ပြော ရင် တလှေတည်းစီး တခရီးတည်းသွားတွေ၊ ငယ်ငယ်တုန်းက ဘုန်းကြီးကျောင်းမှာ စာသင်တော့လဲ အတူတူ၊ လူပျိုလူရွယ်ဘဝ ပျော်ကြပါးကြတော့လဲ အတူတူ၊ အသက်ကြီးလာတော့လည်း တယောက် နဲ့တယောက် အမြဲတွေ့ဆုံနေကြတဲ့ သူငယ်ချင်းတွေ၊ ကိုယ့်ဘဝကိုယ် မကျေနပ်မရှိပါဘူး၊ တနေကုန် အလုပ်လုပ်ရလို့လည်း မညည်းညူဘူး၊ လုပ်စရာရှိသမျှလုပ်၊ ရှာလို့ရသမျှလဲအကုန်သုံး၊ ဒီလိုနေလာ ကြတာ၊ ဒီနှစ်တွေအတွင်း ရခဲ့တဲ့ပိုက်ဆံတွေ တွက်ကြည့်ရင်လည်း နည်းတော့မနည်းပါဘူး၊ ဒါပေမယ့် ဘယ်ခါမှ မချမ်းသာဘူး၊ ငါတို့ဘာ သိပ်တုံးနေသလား စဉ်းစားရမယ်၊ ကမ္ဘာပေါ်မှာ အချမ်းသာဆုံး ဆိုတဲ့မြို့မှာ ငါတို့နေကြတာ၊ ခန့်ညားစွာနဲ့ပတ်သတ်ရင် ဘောဘီလိုကိုယှဉ်နိုင်တဲ့မြို့ မရှိဘူးလို့ခရီးသည် တွေ ပြောကြတယ်မဟုတ်လား သူများတွေ ရတနာပုံဆိုက်နေတဲ့ကြားက ငါတို့မွဲနေတာ၊ မင်းဆို စဉ်းစားကြည့်၊ ကိုယ့်အလုပ်ကိုယ် ကြိုးကြိုးစားစားလုပ်လာတာ လူ့သက်တမ်း တဝက်ကျိုးနေပြီ၊ အခိတ်

ထဲ ပိုက်ဆံတပြားမှမကပ်ဘူး၊ "သူငယ်ချင်း ငွေဒင်္ဂါးနှစ်ပြားလောက်ချေးစမ်းပါ" တဲ့၊ ငါ့ကိုလာပြောနေ ရတယ်၊ ငါကကော ဘာထူးသလဲ "သူငယ်ချင်း ဟောဒီမှာငါ့ပိုက်ဆံအိတ်၊ မင်းလိုသလောက်ယူသွား ကွာ" လို့ ပေးနိုင်သလား၊ ဝေးလိုက်တာ၊ ငါ့အိတ်လဲ မင်းအိတ်အတိုင်း ပြောင်သလင်းပါဘဲလို့ ပြော နေရတယ်၊ အဲ့ဒီတော့ဘာလဲ၊ တို့ဒီတသက်မှာ ရွှေဒင်္ဂါးငွေဒင်္ဂါးဆိုတာ မကိုင်နိုင်တော့ဘူးလား၊ ထမင်း စားရရုံ၊ အဝတ်ဝတ်ရ တယ်ဆိုယုံနဲ့ တို့ဘဝပြီးရောလား၊ ပြီးတော့ တို့သားသမီးတွေကြည့်၊ သူတို့ကြီး လာတော့လဲ တို့နည်းတူ မသေထမင်း မသေဟင်းစားပြီး အိုကြ သေကြ ရမှာလား၊"

"အင်း မင်းနဲ့တသက်လုံးပေါင်းလာတာ ဒီတခါဘဲ ဒီစကားမျိုး ကြားရဘူးတယ် ဗန်ဆား"

ကော်ဘီက အံ့အားသင့်ဟန်ဖြင့်ဆိုသည်။

"အေး၊ တသက်လုံး တခါမှဒီအတွေးမျိုး မပေါ်ခဲ့ဘူးတာတော့ အမှန်ပဲ၊ နေထွက်ကနေဝင် ငါအလုပ်လုပ်ခဲ့တယ်၊ လက်ရာအမြောက်ဆုံး အသပ်ရပ်အလှပဆုံးဆိုတဲ့ ရထားတွေ ငါလုပ်ခဲ့တယ်၊ ဒီလို ရိုးရိုးသားသား ကြိုးကြိုးစားစား အလုပ်လုပ်တဲ့အတွက် တနေ့ကျရင် နတ်ဘုရားတွေစောင်မလို့ ကြွယ်ဝ ချမ်းသာလေမလားဆိုပြီးတော့လဲ တခါတရံ ငါတိတ်တခိုး မျှော်လင့်ခဲ့ဘူးတာပဲ၊ ဒါပေမယ့် ဘယ်နတ်ကမှ မမစခဲ့ဘူး၊ နှောင်လဲ ဘယ်တော့မှ မစမှာမဟုတ်ဘူးဆိုတာ ငါအခုသဘောပေါက်နေပြီ၊ အဲ့ဒါကြောင့် ငါစိတ်ညစ်နေတာ၊ ငါချမ်းသာချင်တယ်၊ မြေနဲ့ယာနဲ့ ကျွဲနဲ့နွားနဲ့၊ ဝတ်ကောင်းစားလှနဲ့ အိတ်ထဲမှာ ငွေသံတချွင်ချွင်နဲ့၊ အဲ့ဒီလိုငါဖြစ်ချင်နေပြီ၊ သည်းမခံနိုင်တော့ဘူး၊ ငါဘာတွေ ဘယ် လောက်လုပ်ရမလဲ၊ ကာယစိုက်ထုတ်ရမလား၊ ဉာဏစိုက်ထုတ်ရမလား၊ လိုသလောက်ငါလုပ်မယ်၊ လုပ်သလောက် ငါလိုချင်တယ်၊ သူများတွေဒီလောက် သောက်သောက်လဲရနေကြတာကွာ၊ ငါတို့ကျမှ ဘာ့ကြောင့် မရရသလဲ၊ ငါ အဲ့ဒါသိချင်တယ်၊"

"ငါ့မှာလဲ ဘယ်အဖြေရှိပါ့လဲ သူငယ်ချင်း" ကော်ဘီကဆိုသည်။

"မင်းလိုဘဲငါလည်း ငါ့ဘဝ ကို မကျေနပ်ပါဘူး၊ စောင်းတီးလို့ရတဲ့ပိုက်ဆံက လက်ထဲဘယ်တော့မှ ကြာကြာမခံဘူး၊ မိန်းမနဲ့ ကလေးတွေ မငတ်အောင် မကြာခဏ ကြံရဖန်ရတယ်၊ ပြီးတော့ ငါဒီထက်ကောင်းတဲ့ စောင်းတလက် လိုချင်နေတာ လည်းကြာလှပြီ၊ ဒီထက်ကြီးကြီးမားမား စောင်းတလက်သာရမယ်ဆိုရင် ငါ့ရင်ထဲရှိတဲ့ ဂီတသံစဉ်တွေအားလုံး အပီအသထုတ်ဖေါ်လို့ရမှာ၊ ရှင်ဘုရင်တောင် တခါမှနားမထောင်ဘူးတဲ့ တေးသွားမျိုးတွေ ငါတီးခတ်ပြနိုင်မှာ"

"မှန်တယ် မင်းလိုလူမျိုးမှာ အဲ့ဒီလိုပိုကောင်းတဲ့စောင်းတလက်

ရှိသင့်တာပေါ့၊ အဲဒါနဲ့ဆိုရင် ရှင်ဘုရင်မဟုတ်ဘူး နတ်ဘုရားတွေတောင် မင်းလက်သံကို အံ့သြကြချီးကျူးကြမှာ၊ ဒါပေမယ့် တ ကယ်တမ်းကျတော့ ဒီစောင်းမျိုးဘယ်မှာဝယ်နိုင်ပါ့မလဲ၊ မင်းတို့ငါတို့က ဘုရင့်ကျွန်တွေလောက်ဆင်း ရဲနေကြတာ။” ပြောရင်းဆိုရင်းပင် ရှင်ဘုရင့်ဥယျာဉ်ပျိုများကို ရေဖြန်းရန်အတွက် မြစ်ဆိပ်သို့ ရေ သွားခပ်ကြသည့် ကျွန်တသိုက်လာနေတာတွေ့ရသည်။ လေးလံသော ရေအိတ်ကြီးတွေ ကိုယ်စီထမ်း ကာ ငါးယောက်တစ်တွဲ ရင်ဘောင်တန်းသွားနေသည်။ အပေါ်ပိုင်းဗလာကျင်းနေသည့် သူတို့ခန္ဓာ ကိုယ်များပေါ်တွင် ချွေးတွေရွှဲနေသည်။ ကျွန်တန်းကြီးရှေ့ဆုံးမှ ခေါင်းလောင်းသံတချွင်ချွင်ပေးကာ ကြည့်ကြပ်လိုက်ပါရသည့်ပုဂ္ဂိုလ်မှာ အတော်ဥပတိရုပ်ကောင်းသူတဦးဖြစ်သည်။ “သူ့တိုင်း” ပြည်မှာ တော့ အရေးပါမယ့်ပုဂ္ဂိုလ်ပဲကွ၊ ရုပ်ကအတော်သန့်တယ်” ကောဘီက ကျွန်လုပ်သား ခေါင်းဆောင်ကိုကြည့်ပြီး မှတ်ချက်ချသည်။

“နောက်ကလိုက်တဲ့အထဲမှာလည်း လူရည်သန့်တွေ

အတော်ပါပါတယ်၊ အစက မင်းတို့ငါတို့

လို လွတ်လွတ်လပ်လပ် နေခဲ့တဲ့လူတွေပေါ့ကွာ” ဇန်ဆားက ကိုယ်ချင်းစာစွာ မှတ်ချက်ချသည်။

ကျွန်တွေက လူမျိုးစုံသည်။ ဘေဘီလုံ၏မြောက်ဖက်ပိုင်းဆီမှ ဆံပင်ရွှေဝါရောင် ထောင် ထောင်မောင်းမောင်း ပုဂ္ဂိုလ်တွေ၊ တောင်ဖက်ပိုင်းဆီမှ အနက်ရောင်အသားနှင့် ကျစ်လစ်သောကိုယ်ကာယ ပိုင်ရှင်တွေ၊ ဘေဘီလုံအနီးဝန်းကျင် မြို့ပြနိုင်ငံများဆီက နီညိုရောင်အသားအရေပိုင်ရှင်တွေ။

မြစ်နှင့် ပန်းဥယျာဉ်များကြား ရေအိတ်ကိုယ်စီထမ်းကာ လူးလားခေါက်တုံ့သွားနေရသည်။

“စိတ်မကောင်းစရာ ကော်ဘီရာ၊ တနေ့ကုန်တနေခန်းလုပ်၊ ဆန်ပြုတ်ရေကျဲစား၊ ညနေကျ ကြမ်းပြင်မှာ ကောက်ရိုးခင်းပြီးအိပ်၊ တနေ့လည်းမဟုတ်၊ တနှစ်လည်းမဟုတ်၊ အကန့်အသတ်မရှိလုပ်ရ မှာ၊ အနာဂတ်မရှိတဲ့လူတွေ၊ လွတ်လမ်းမမြင်တဲ့လူတွေ”

“သနားစရာကောင်းတာတော့ အမှန်ပေါ့ကွာ၊ ဒါပေမဲ့ ငါတို့ကောဘာထူးသလဲ၊ ကိုယ့်ဘာသာ ကိုယ်သာ လွတ်လပ်တဲ့လူတွေလို့ဆိုနေရတာ၊ တကယ်တမ်းကျတော့ အဲ့ဒီ ကျွန်ဖြစ်နေတဲ့လူတွေထက်၊ တို့ကဘယ်လောက်သာလို့တုန်း”

“အမှန်ပဲကော်ဘီ၊ တို့ဘဝလဲ သူတို့နဲ့ဘာမှမခြားဘူး၊ ကျွန်သာသာဘဝပဲ၊ တနှစ်လဲအကြောင်းမထူး၊ နှစ်နှစ်လဲအကြောင်းမထူး၊ အလုပ်– အလုပ်– အလုပ်ပဲလုပ်နေရတယ်၊ ဘာမှဖြစ်မလာဘူး”

“သူများတွေ ဘယ်လိုချမ်းသာကြသလဲဆိုတဲ့ နည်းလမ်းတွေ မေးမြန်းကြည့်ရင် ကောင်းလိမ့်မယ်ထင်တယ်” ကော်ဘီကအကြံပြုသည်။

“အေးဟုတ်တယ်၊ တို့မသိတဲ့နည်းလမ်းတွေ သူတို့မှာရှိချင်ရှိနေနိုင်တယ်၊ မေးကြည့်ရင်တစွန်း တစဖြစ်ဖြစ် သိရနိုင်တာပေါ့၊”

“ငါ ဒီနေ့ပဲ တိုသူငယ်ချင်းအာခတ်နဲ့ တွေ့တယ်ကွ၊ သူကတော့ ထုံးစံအတိုင်း ရွှေပိန်းချ ရထားကြီးစီးလို့ပေါ့ကွာ၊ ဒီကောင် ဒီလောက်ချမ်းသာနေပေမယ့် ငယ်သူငယ်ချင်း တွေကိုတော့ မမေ့ ဘူးကွ၊ ဘဝင် မြင့်တဲ့လူဆိုရင် ငါလိုကောင်ကို ဘယ်ဂရုစိုက်နေမလဲကွာ၊ မမြင်ချင်ယောင်ဆောင်သွား

မှာပေါ့၊ အခုတော့ လမ်းမှာ လူတွေအများကြီးကွာ၊ ဝိုင်းကြည့် နေတဲ့ကြားက ငါ့ကိုသေသေချာချာ ဝမ်းပန်းတသာ နှုတ်ဆက်တယ်၊ စောင်းဆရာကော်ဘီဆိုတာ သူ့သူငယ်ချင်း အရင်းအချာပဲလို့ လူအများရှေ့မှာ အသိအမှတ်ပြုသွားတာ၊”

“အာခတ်ဟာ ဘေဘီလုံမှာအချမ်းသာဆုံးပုဂ္ဂိုလ်လို့ ပြောကြတာပဲကွ” ဇန်ဆားက တွေးတွေး ငေးငေးပြောသည်။

“ချမ်းသာလွန်းလို့ ရှင်ဘုရင်တောင် ရွှေတိုက်တော်မှာ ဘဏ္ဍာငွေနည်းနေတဲ့အခါမျိုးမှာ သူ့ဆီက ချေးရတယ်လို့ဆိုတယ်၊”

“ဟုတ်တယ်၊ သိပ်ချမ်းသာတဲ့ကောင်၊ ငါဒီကောင့်ကို ညဘက်တွေဘာတွေနှစ်ယောက်ထဲတွေ့ ရမှာတောင်ကြောက်တယ်၊ သူ့ပိုက်ဆံအိတ်ကြီး ငါလုမိမှာ၊” ဇန်ဆားက ဆိုသည်။

“မင်းကလဲအရူးပဲ၊ သူချမ်းသာသမျှဥစ္စာဟာ ဒီပိုက်ဆံအိတ်ထဲ ပါတာမှမဟုတ်ပဲကွ၊ ဘယ် လောက် ဖောင်းတဲ့ပိုက်ဆံအိတ်ဖြစ်ဖြစ် သုံးပစ်လိုက်ရင် ကုန်တာချည်းပဲ၊ အာခက်ချမ်းသာတာ ပိုက်ဆံအိတ်သိပ်ကြီးနေတာမဟုတ်ဘူး၊ သူ့အိတ်ထဲကို ရွှေတွေငွေတွေ တသွင်သွင်စီးဝင်နေတဲ့ လမ်းကြောင်း

တခုရှိနေတာ၊ အဲ့ဒီတော့ ဘယ်လောက်သုံးသုံး မကုန်နိုင်ဘူး၊

လျော့သွားသလောက်

ပြန်ပြန်ပြ

ည့်နေ
တယ်”

“အေးဟုတ်တယ်၊ အရေးကြီးတာက ‘ဝင်ငွေ’ ကွ၊ ငါလည်း အဲ့ဒီဝင်ငွေမျိုး လိုချင်တယ်၊ ငါဒီမှာ ထိုင်နေနေ၊ တိုင်းတပါးခရီး လျှောက်သွားနေနေ ပိုက်ဆံအိတ်ထဲကို ငွေက သူ့နည်းနဲ့သူ ဝင်နေတာမျိုး ငါလိုချင်တယ်၊ အာခတ်မှာ အဲ့ဒီဝင်ငွေမျိုး ဘယ်လိုရလာသလဲ၊ သူတော့သိမှာပေါ့၊ အဲ့ဒီရနိုင်တဲ့နည်းကို သူကငါ့လိုကောင်မျိုးကို သင်ပေးမလား၊ ငါ့ဦးနှောက်နဲ့ကော အဲ့ဒီပညာမျိုးကို နားလည်နိုင်မလား၊ ဒါပဲစဉ်းစားစရာရှိတယ်၊”

“သူ့ပညာတွေ သူ့သားနိမာဆားကိုတော့
သင်ပေးလိုက်တာအမှန်ပဲကွ၊” ကော်ဘီကဆိုသည်။

“ဒီကောင်လေး နင်နီဗေးကိုသွားတော့ အာခတ်က ငွေကြေးအရင်းအနှီး

ပေးလိုက်တာမဟုတ်ဘူး၊

ဟိုမှာ သူ့ဘာသာကြီးပွားတာ၊ အခုဆိုရင်နင်နီဗေးမြို့မှာ နိမာဆား

အချမ်းသာဆုံးလို့ ပြောကြတယ်၊”

“ကော်ဘီ မင်းပြောတာ သိပ်ကောင်းတယ်” ဗန်ဆားတက်ကြွစွာဖြင့် ပြောသည်။ သူ့မျက်လုံး တွေက မျှော်လင့်ချက်ရောင်ခြည်ဖြင့် တောက်ပနေသည်။ “အာခတ်ဟာ တို့ သူငယ်ချင်းပဲကွ၊ ဒီကောင့်ဆီက အကြံဉာဏ်တောင်းမယ့်ကိစ္စကို တို့ဘာမှဝန်လေးနေစရာမလိုဘူး၊ တို့တစ်သက်လုံး ဒီ အတိုင်း မွဲတေပြီး မနေနိုင်ဘူးလေကွာ၊ ဒီဘဝကို ငါစိတ်ကုန်နေပြီ၊ အာခတ်ဆီသွားပြီး သူငယ်ချင်း

တို့လဲချမ်းသာချင်တယ်၊ ချမ်းသာအောင်

လုပ်တဲ့နည်းလမ်း တို့ကိုလဲပေးကွာလို့ပြောမယ်၊”

“မင်း ဒီနေ့စကားပြောတာ ငါသိပ်အားရတယ်ဗန်ဆား၊

မင်းစကားနားထောင်ပြီး ငါ့ခေါင်းထဲ
မှာ အတွေးတခုပေါ်လာတယ်၊ တို့ဘာကြောင့်မချမ်းသာသလဲ ဆိုတဲ့ကိစ္စလေ.... မင်းစဉ်းစားကြည့်၊ တို့ကမချမ်းသာတာသာ အခုပြောနေတယ်၊ ချမ်းသာအောင်ဆိုပြီး တို့တသက်လုံး ဘာလုပ်ခဲ့ဘူးလို့လဲ၊ မင်းကရထားအလုပ် ဖိုလုပ်နေတယ်၊ ဘေဘီလိုမှာ အကောင်းဆုံး အခိုင်ခံ့ဆုံးရထား လုပ်နိုင် အောင် မင်းကြိုးစားတယ်၊ စိတ်ရှည်လက်ရှည် လုပ်တယ်၊ မင်းစွမ်းအားတွေမှန်သမျှ အဲဒီအထဲထည့် တယ်၊ အဲဒီတော့အဲဒီအလုပ်မှာ မင်းအောင်မြင်တယ်လေ၊ ငါလည်းထိုနည်းငှင်းပဲ၊ ငါကစောင်းပညာမှာ တဖတ်ကမ်းခတ်တတ်ချင်တယ်၊ အဲဒီအတွက် ငါကြိုးစားတယ်၊ အဲဒီတော့ ငါအခု စောင်းဆရာ အဖြစ်နဲ့ အောင်မြင်တယ်၊ ဒါပဲ ကိုယ်ရည်မှန်းချက်ထားတဲ့အလုပ် ကိုယ်ကြိုးစားတဲ့အလုပ်မှာ ကိုယ်အောင်မြင်တယ်၊ နတ်ဘုရားတွေအဘို့မှာလည်း တို့တတွေ ကိုယ်ရည်မှန်းတဲ့အလုပ် ကိုယ်အောင်မြင် နေတယ်ဆိုရင် ပြီးပြီပေါ့၊ သူတို့က ဘာထပ်ပံ့ပိုးပေးစရာ လိုသေးသလဲ ဒီအတိုင်းကြည့်နေမှာပေါ့၊ အခုငါတို့က ဒါနဲ့မကျေနပ်ဘူး၊ ချမ်းသာချင်တယ် ကြီးပွားချင်တယ်ဆိုတဲ့ ဆန္ဒတွေရှိလာပြီ၊ ဒီအတွက် ဘာလုပ်ရမလဲကြံဆလာပြီ ကြိုးစားလာပြီ ဆိုရင် ဖြစ်နိုင်တဲ့နည်းလမ်းကို တို့မလွဲမသွေ တွေ့လာမှာ
ပေါ့ကွာ၊ အခုပဲကြည့် တို့အတွက် လမ်းစအဖြစ်နဲ့ အာခတ်ရှိနေပြီ၊”
သည်။“ဟုတ်တယ်၊ အာခတ်ဆီဒီနေ့ပဲ ငါတို့သွားမယ်ကွာ၊” ဗန်ဆား
ယတိပြတ် ပြောချလိုက်လေ

# အခန်း(၂)

## ဘေဘီလုံက မဟာသူကြွယ်

အာခတ်က အဲသည့်ကာလ ဘေဘီလုံမှာ အကြီးကျယ်ဆုံး သူကြွယ်တယောက် ဖြစ်သည်။ သူ၏ ဥစ္စာကြွယ်ဝပုံသတင်းသည် အရပ်ရှစ်မျက်နှာသို့ ပျံ့နှံ့ကျော်ကြားသည်။

အာခတ်က ငွေကြေးချမ်းသာသလောက် စိတ်သဘောထား ကြီးမားသူလည်း ဖြစ်သည်။ ကိုယ်တိုင် အဆီးအတားမရှိသုံးစွဲသလို အလှူအတန်းအပေးအကမ်းတွင်လည်း အလွန်ရက်ရောသည်။ သို့သော် သူ့သူငယ်ချင်း ကော်ဘီပြောသလိုပင် သူ့အိတ်ထဲက ရွှေစတွေသည် လျော့ပါးသည်ဟူ၍မရှိ။ ထွက်သမျှ ထက်ပို၍ပင် အလျှံအမြန် ပြန်ဝင်လာနေကြသည်။

> အာခတ်က ကြွယ်ဝသထက် ကြွယ်ဝဆဲ မဟာသူကြွယ်
> အစစ်တယောက် ဖြစ်ချေသည်။

ယခု သူ့ထံသို့ သူငယ်ချင်းတစ်စု ထူးထူးခြားခြား ရောက်ရှိလာကြသည်။
မြင်းရထားတည် ဆောက်သူ ဗန်ဆားနှင့် ဂီတဆရာကော်ဘီ။ ထို့နောက်
ဗန်ဆားစေတနာပိုကာ ခေါ်ဆောင်လာခဲ့သည့်

အခြားသော သူငယ်ချင်းများ။

ဗန်ဆားတို့အဖွဲ့က သူတို့လာရင်းအချက်ကို အာခတ်အား ရှင်းလင်းပြောဆိုသည်။

"သူငယ်ချင်း အာခတ်၊ မင်းက ငါတို့အားလုံးထက် ကံကောင်းတယ်၊ တို့တွေမငတ်အောင် ရုန်းကန်နေရတဲ့အချိန် မင်းက ဘေဘီလုံမှာ အချမ်းသာဆုံးပုဂ္ဂိုလ် ဖြစ်နေတယ်။ မင်းက သားနားပေ့ ဆိုတဲ့ အဝတ်အစားတွေဝတ်၊ ရှားပါးပေ့ဆိုတဲ့ စားသောက် ဖွယ်ရာတွေ စားနေတဲ့အချိန်မှာ တို့က ဖြစ်သလိုစား လူကြားသွားနိုင်ရုံလောက်ဝတ်ပြီးနေရတယ်၊ ဒါပေမယ့် တချိန်တုန်းကတော့ တို့အားလုံး တန်းတူရည်တူပဲ၊ စာသင်တော့လဲ တဆရာတည်း၊ ကစားခုန်စားတော့လည်း အတူတူပဲ၊ မင်းကတို့ထက် စာမှာလည်းမတော်ဘူး၊ ကစားရာမှာလည်း မသာခဲ့ဘူး၊ နောက်ပိုင်း လူကြီးဖြစ်လာတဲ့ အချိန်မှာလည်း မင်းကတို့ထက် ဘယ်လောက်မှ ပင်ပင်ပန်းပန်း အလုပ်လုပ်တာ မတွေ့ရဘူး၊ ဒါပေမယ့် ကံကြမ္မာက မင်းတယောက် တည်းကို မျက်နှာသာပေး ရွေးချယ်သွားတယ်၊ လောကရဲ့စည်းစိမ် ချမ်းသာမျိုးစုံကို မင်းလက်ထဲ ပုံအပ်သွားခဲ့တယ်၊ အဲဒါဘာကြောင့်လဲ၊ အဲဒါသိချင်လို့ တို့လာခဲ့ကြ တာ"

သူတို့စကားဆုံးသည်နှင့် အာခတ်ကဆိုသည်။

"သူငယ်ချင်းတို့ အယူအဆတွေ မှားနေကြပြီကွာ၊ မင်းတို့မချမ်းသာ မကြီးပွားရခြင်း အကြောင်းအရင်းဟာ ကံကြမ္မာနဲ့ မဆိုင်ဘူးကွ၊ ဓနအဆောက်အအုံတခု ဘယ်လို စုစည်းတည် ဆောက်ရတယ်ဆိုတဲ့ ဥပဒေသတွေ၊ နည်းလမ်းတွေကို မင်းတို့ မစူးစမ်း မလေ့လာမိ လက်တွေ့ မကျင့်သုံးမိကြလို့သာ ဖြစ်ရတာ၊ ကံသက်သက်နဲ့ လူတယောက် ကြီးပွားချမ်းသာတယ်ဆိုတာ မရှိ ဘူး၊ ကြီးပွားရင်လည်း ခဏပဲ၊ လူမိုက်နဲ့ငွေ အတူမနေဆိုတာလို ပရမ်းပတာသုံးစွဲရင်း ကုန်တာဘဲ၊ ကံကြမ္မာကြောင့် အလိုအလျောက် ရလာတဲ့ ဥစ္စာကွ ရရှိသူကို အလိုအလျောက် နှိပ်စက်ဖျက်ဆီးသွား တာများတယ်၊ တစ်ချို့လူတွေတော့ ရှိပါတယ်၊ မသုံးဘူး၊ မဖြုန်းဘူး၊ သုံးလိုက်လို့ကုန်သွားမှာ သိပ် ကြောက်တယ်၊ သူ့မှာပိုက်ဆံ မတော်တဆသာ ရလာတယ်၊ အကယ်၍ သုံးစွဲလို့ကုန်သွားရင် ဘယ်လို ထပ်ရှာရမလဲမသိဘူး၊ အဲဒီတော့ ငွေထုပ်ကြီးပိုက်ပြီး ဆင်းဆင်းရဲရဲ ကပ်စေးနည်းနည်းနဲ့ပဲ အိုသေတဲ့ အထိ နေသွားကြတယ်၊ ဒီငွေကြောင့် သူတို့ခမြာမှာ ကိုယ်လည်းမချမ်းသာဘူး၊ စိတ်လည်း မချမ်းသာ ဘူး၊ သူခိုးသူဝှက်ရန်ကိုကြောက်လို့ တကြောင့်ကြကြလည်း နေရသေးတယ်၊ အားလုံး ဒီအတိုင်း ချည်းပဲလို့တော့ ငါမဆိုလိုပါဘူး၊ တချို့တော့ လည်းရှိပါတယ်၊ ကိုယ်တိုင်မရှာဘဲ ရလာတဲ့ ဥစ္စာ၊ ဥပမာ အမွေရလာတာမျိုးဆိုပါတော့၊ အဲဒါကို သုံးလည်းသုံးတယ်၊

တိုးပွားအောင်လည်းလုပ်သွားတယ် ဆိုတဲ့လူမျိုးတွေ၊ ဒါမျိုးလည်း ရှိတော့ရှိပါတယ်၊ ဒါပေမယ့် နည်းတယ်၊ မင်းတို့သိတဲ့လူတွေထဲပဲ စဉ်းစားကြည့်ပါ။ ငါပြောတာ သဘောပေါက်လိမ့်မယ်

သူ့စကားနားထောင်ပြီး သူငယ်ချင်းတွေမငြင်းနိုင်ကြ။ "ဟုတ်ပါပြီကွာ၊ ကံကြမ္မာ သက်သက် ကြောင့် ချမ်းသာကြတာမဟုတ်ဘူး ဆိုတဲ့အချက်တို့လက်ခံပါတယ်၊ တို့တွေကြားထဲက မင်းတ ယောက်တည်း ဘယ်နည်းဘယ်ပုံ ချမ်းသာလာသလဲဆိုတဲ့ အကြောင်းသာ ဆက်ပြီးပြောပြစမ်း
ပါ၊" ဟုဆိုသည်။

အာခတ်စကားဆက်သည်။

“ငါ လူငယ်ဘဝလောက်မှာပဲ ငါ့ခေါင်းထဲကို အတွေးတခုဝင်ခဲ့တယ်၊ သိပ်ဆန်း တဲ့အတွေး တော့မဟုတ်ပါဘူး၊ ပတ်ဝန်းကျင်မှာရှိတဲ့ ကောင်းတဲ့အရာတွေ အဖိုးတန်တဲ့ ဟာတွေကိုကြည့်ပြီး အော် ဒါတွေဟာ လူကိုစိတ်ချမ်းသာမှု ကျေနပ်အားရမှု ပေးနိုင်တဲ့ အရာတွေပါလား၊ ဒါတွေဟာ ငွေရှိမှရ
နိုင်တာတွေပါလားလို့ တွေးမိလိုက်တာပါ၊ .... ငွေဟာ စွမ်းပကားတစ်ခုပဲ၊ ငွေဟာအရာတိုင်းကို မဖန် တီးနိုင်သော်လည်း အရာများစွာကိုတော့ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးနိုင်တယ်၊ ကိုယ့်အိမ်ယာကို အလှပအခမ်းနားဆုံး မွမ်းမံခြယ်သနိုင်တယ်၊ ရွက်သဘော်နဲ့ ခရီးထွက်နိုင်တယ်၊ ဝေးလံခေါင်ဖျား တဲ့အရပ်က ရှားပါးတဲ့ အစာအဟာရတွေကို မှီဝဲသုံးဆောင်နိုင်တယ်၊ ရွှေထည်ငွေထည် ကျောက်မျက် ရတနာထည်တွေ ဝယ်ယူနိုင်တယ်၊ ဘုရားတွေကျောင်းတွေ ဆောက်နိုင်လှူနိုင်တယ်၊ အာရုံငါးပါးရဲ့ အရသာတွေ အလိုရှိသမျှ ခံစားနိုင်တယ်၊ ဒါတွေတွေးမိပြီး၊ ဟာမဖြစ်ဘူး၊ ငါလည်းလူ့ဘဝမှာနေထိုင်ရတုန်း ဒီစည်းစိမ်ချမ်းသာတွေကိုတော့ တတ်နိုင်သမျှ ခံစားသွားရမှဖြစ်မယ်၊ သူများတွေခံစားနေကြ
တာ အဝေးကငေးကြည့်ရင်းနဲ့တော့ တင်းတိမ်မနေနိုင်ဘူးလို့ ဆုံးဖြတ်
လိုက်တယ်....

“ဒါပေမယ့်၊ မင်းတို့သိတဲ့အတိုင်း ငါ့မိဘကလည်း ချမ်းချမ်းသာသာထဲက မဟုတ်ဘူး၊ အဖေ က သာမန်ကုန်သည် အသေးစားပဲ၊ ညီအစ်ကိုမောင်နှမတွေကလဲများတော့ အမွေအနှစ်ရဘို့ မျှော်လင့်ချက်သိပ်မရှိဘူး၊ ဒီတော့ ကိုယ်ရှာမှကိုယ်ရမယ်ဆိုတာ သဘောပေါက်ပါတယ်၊ ဒါပေမယ့် ဘယ်လိုရှာ မလဲ၊ ဉာဏ်စွမ်းဉာဏ်စကလည်း မင်းတို့စောစောကပြောသလို မင်းတို့ထက် ထူးပြီးရှိတာမှမဟုတ်တာ၊ ဒါနဲ့ စဉ်းစားလိုက်တဲ့ အခါကျတော့ ချမ်းသာဘို့ဆိုတာ ချက်ချင်းတော့ မဖြစ်နိုင်ဘူး၊ အချိန်ယူပြီး လေ့လာရမယ်၊ နည်းလမ်းရှာရမယ်ဆိုတာ တွေးမိလာတယ်...
“ဒီနေရာမှာ အချိန်နဲ့ပတ်သက်လို့ ပြောရရင်၊ အချိန်ဆိုတာ လူတိုင်းမှာ အလျှပယ် ရှိနေကြ တာဘဲ၊ အခုမင်းတို့ဆိုရင် ကိုယ့်ကိုယ်ကိုချမ်းသာအောင်လုပ်ဖို့ လုံလောက်တဲ့ အချိန်ကာလတစ်ခုတောင် သုံးဖြုန်းပစ်ခဲ့ကြပြီးပြီပဲ၊ ဒီအတွင်း မင်းတို့မှာ မိသားစုတွေကလွဲလို့ တခြားဘာမှမရခဲ့ဘူးလို့ ဆိုတယ်၊ တကယ်တော့ မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်းနေရတယ် ဆိုတာကလည်း ဝမ်းသာ ဂုဏ်ယူ စရာတခုပဲပေါ့ကွာ၊ ဒါပေမဲ့ အဲ့ဒါလည်းထားဦးပေါ့လေ၊ အဲ၊ အချိန်ယူတဲ့ကိစ္စပြီးတော့ လေ့လာ ဆည်းပူးတဲ့ကိစ္စ၊ ဒီကိစ္စမှာ တို့ဆရာကြီးပြောဘူးတဲ့ စကားတစ်ခုရှိတယ်၊ မင်းတို့လဲမှတ်မိကြပါလိမ့်မယ်၊ ပညာဆိုတာနှစ်မျိုးရှိတယ်၊ တမျိုးက တို့သင်ထားတတ်ထားသိထားတာ၊ နောက်တမျိုးက တို့မသိသေး

မတတ်သေးတဲ့အရာကို ဘယ်မှာဘယ်လို လိုက်ရှာရမလဲသိတာ ဆိုတဲ့စကား၊ ဆရာကြီး ပြောတဲ့ ဒီစကားကိုကြားယောင်ပြီး၊ ပိုက်ဆံချမ်းသာအောင် လုပ်တဲ့နည်းလမ်းတွေကို အရင်ဆုံးသိ အောင်ရှာဖွေဘို့၊ ပြီးတော့ ဒီနည်းလမ်းတွေအတိုင်း တကယ်လက်တွေ့ လိုက်နာကျင့်သုံးဘို့ ငါဆုံး ဖြတ်ခဲ့တယ်.... သို့သော်အဲ့ဒီနောက်မှာ စားဝတ်နေမှုအတွက် မော်ကွန်းရုံးမှာ စာတော်ကူး စာရေးလေး အဖြစ်နဲ့ ငါအလုပ်ဝင်ခဲ့တယ်၊ ရုံ့စေးပြားမှာ စာရေးတဲ့ အလုပ်ကို နေ့စဉ် နာရီပေါင်းများစွာ ငါလုပ်ရ တယ်၊ အဲဒီမှာ လပေါင်းများစွာကြာပေမယ့် ရတဲ့လုပ်အားခက ဘာမှ အဖတ်မတင်ခဲ့ဘူး၊ စားတယ် ဝတ်တယ် နတ်ပူဇော်တယ် တခြားတိုလီမိုလီရယ်နဲ့ပဲ အားလုံးကုန်တယ်၊ ဒါပေမယ့် ချမ်းသာအောင် လုပ်မယ်ဆိုတဲ့ စိတ်ကတော့ ငါ့မှာပျောက်ပျက်မသွားဘူး။

“တနေ့မှာတော့ ငွေတိုးချေးစာတဲ့ သူဌေးကြီးအယ်လ်ဂါမစ် တို့ရုံးက ဝန်မင်းဆီရောက်လာပြီး နဝမဥပဒေကို ကော်ပီကူးပေးဘို့ အလုပ်အပ်တယ်၊ ကူးဘို့တာဝန်ကျသူက ငါဆိုတော့ သူက ငါ့ကိုပြောတယ်၊ ‘ငါ ဒီကော်ပီကို နှစ်ရက်အတွင်း လိုချင်တယ်’ တဲ့၊ ‘ပြီးအောင်ကူးပေးနိုင်ရင် မင်းကို ကြေးနီပြား နှစ်ပြား အပိုဆုပေးမယ်’ လို့ သူကဆိုတယ်၊ ငါလည်း အကြွတ်အနယ်ကြိုးစားပြီး ကူး တာပဲ၊ ဒါပေမယ့် ဥပဒေကသိပ်ရှည်တော့ ကော်ပီယူဖို့ သူလာတဲ့အချိန်မှာ ငါမပြီးသေးဘူး၊ သူက

ဒေ့ါသတွေအကြီးအကျယ်ထွက်တယ်၊ ငါသူ့ကျွန်တစ်ယောက်ဆိုရင် အဲဒီနေရာမှာတင် ကောင်းကောင်း အရိုက်ခံရတယ်၊ အခုတော့ ငါ့ကိုသူရိုက်ရင် ဝန်မင်းသည်းခံမှာမဟုတ်ဘူးဆိုတာ သိထားတော့ ငါက လဲ မကြောက်ဘူးပေါ့ကွာ၊ ဒါနဲ့ သူ့ကိုပြောတယ်၊ 'ဒီမှာ အယ်လ်ဂါမစ်၊ ခင်ဗျားက အရမ်းချမ်းသာတဲ့ သူဌေးကြီးပဲ၊ ကျွန်တော့်ကိုလည်း ခင်ဗျားလို ချမ်းသာအောင်လုပ်ဖို့ နည်းလမ်းပေးမယ်ဆိုရင် ကျွန် တော် ဒီတညလုံးမှအိပ်ပဲ ခင်ဗျားစာတွေ ကူးပေးမယ်ဗျာ၊ မနက် နေထွက်တဲ့အချိန် ပြီးစေရမယ်' ဆိုတော့၊ သူကပြုံးပြီး ငါ့ကိုပြန်ပြောတယ်၊ 'မင်း တော်တော်လည်တဲ့အကောင်ပဲ၊ ဒါပေမယ့် ငါ

သဘောတူပါတယ်၊ အပေးအယူပေါ့ကွာ' တဲ့၊

"အဲဒီညတညလုံး ငါရွှံ့စေးပြားတွေမှာ စာထွင်းတယ်၊ ကျောတစ်ပြင်လုံးတောင့်၊ မီးခွက်က အနံ့နဲ့ တခေါင်းလုံးကိုက်၊ မျက်စိတွေလည်း ကျိန်းစပ်ပြီး ဘာမှတောင် မမြင်ချင်တော့ဘူး၊ ဒါပေ မယ့် မနက် လင်းအားကြီးအချိန် သူရောက်လာတော့ ရွှံ့စေးစာချပ်တွေအားလုံး ပြီးနေပြီ၊

"ကဲ၊ ခင်ဗျားကတိပေးထားတဲ့အတိုင်း ကျွန်တော့်ကိုပြောပေတော့" လို့ ငါကဆိုတယ်၊ သူက သဘောကောင်းစွာနဲ့ပဲ ပြောပါတယ်၊

"မောင်ရင့်ဘက်က တာဝန်ကျေပြီဆိုတော့ ငါ့ဘက်ကလည်း တာဝန်ကျေရမှာပေါ့၊ ဒီအတွက် ငါဝန် မလေးပါဘူးကွ၊ တကယ်တော့ငါလည်း အဘိုးကြီးများ ထုံးစံအတိုင်း အခုမင်းသိချင်တဲ့ အကြောင်းအရာမျိုးကို တို့က အလိုလိုကိုပြောချင်နေတာ၊ ဘယ်လူငယ်မဆို အသက်ကြီးတဲ့ လူတ ယောက်ဆီသွားပြီး မေးမြန်းမယ် အကြံဉာဏ်ကောင်းမယ်ဆိုရင် သူနှစ်ပေါင်းများစွာ စုဆောင်းသိမ်းလာ တဲ့ အသိဉာဏ် ဗဟုသုတတွေကို အလွယ်တကူ ရနိုင်တာချည်းပဲကွ၊ ဒါပေမယ့် မင်းသိထားဖို့က ဒီကနေ့သာနေတဲ့နေဟာ မင်းတို့အဖေ မွေးတဲ့အချိန်တုန်းက တောက်ပခဲ့တဲ့နေပဲကွ၊ အတူတူပဲ၊ ဒီ နေဟာ မင်းရဲ့အငယ်ဆုံးမြေးကလေး ကွယ်လွန်အနိစ္စရောက်တဲ့ အချိန်မှာလဲ အခုလိုပဲ အလင်းရောင် ပေးနေဦးမှာပဲ

" 'လူငယ်တွေရဲ့.... အတွေးအခေါ်ဟာ ကောင်းကင်မှာ တစ်ခါတရံ ထွက်ပေါ်တဲ့ ကြယ်တံ ခွန်များလို တစ်ခွင်တစ်ပြင်လုံးဖြန့်ပြီး လင်းသွားတတ်တာ မှန်တယ်၊ ဒါပေမယ့် သက်ကြီးဝါကြီးများရဲ့ ဉာဏ် အမြော်အမြင်ကတော့ ကောင်းကင်မှာတွဲခိုနေကြတဲ့ ကြယ်ပွင့်များလို အမြဲတည်နေပြီး ပင်လယ် ခရီးသွားတွေကို လမ်းပြနိုင်ကြတယ်၊ ငါအခုပြောမယ့်စကားကို မင်းသေသေချာချာ နားထောင်ပါ၊ သေသေချာချာ နားမထောင်ရင် ငါပြောချင်တဲ့အချက်ကို မင်းရမှာမဟုတ်ဘူး၊ မင်းစိတ်ထဲမှာလည်း

မင်းတစ်ညလုံး ပင်ပန်းခဲ့ရတာနဲ့စာရင် ထိုက်တန်တဲ့စကားကို မရဘူးလို့

ထင်နေဦးမယ်”.....

“သူက အဲဒီလို ဆိုပြီးတဲ့နောက် သူ့မျက်ခုံးထူထူကြီးတွေအောက်ကနေ သေသေချာချာ စိုက်

ကြည့်ပြီး အလေးအနက်လေသံနဲ့ပြောတယ်၊ ‘ငါ့စိတ်ထဲမှာ ငါရတဲ့ဝင်ငွေရဲ့

တစိတ်တပိုင်းသည်

ငါ့အတွက် ကိုယ်ပိုင်ဥစ္စာဖြစ်စေရမယ် လို့ယတိပြတ်ဆုံးဖြတ်လိုက်ပြီးတဲ့နောက်မှာ ချမ်းသာကြွယ်ဝမယ့် လမ်းစကို ငါသွားတွေ့ခဲ့တာပဲ၊ မင်းလဲအဲဒီအတိုင်း တွေ့ပါလိမ့်မယ်’ တဲ့၊ အဲ့ဒီနောက် ငါ့ကိုစိုက် ကြည့်နေလိုက်တာ ဖောက်ထွက်သွားမတတ်ပဲ၊

“နောက်တော့ငါကမေးတယ်၊ ‘ဒါအကုန်ပဲလား’ လို့၊

“ ‘ ဟုတ်တယ်၊ အဲ့ဒါဟာ သိုးကျောင်းသားစိတ်ဓာတ်ပဲ ရှိခဲ့တဲ့လူတစ်ယောက်ကို သူကြွယ်

စိတ်ခာတ် ကိန်းအောင်းလာအောင် ပြောင်းလဲပေးနိုင်တဲ့ အတွေးအခေါ်ပဲ’ လို့သူကပြန်ဖြေတယ်၊

“ငါကထပ်မေးတယ်၊ ‘ကျွန်တော် ရှာဖွေလို့ရသမျှအားလုံးဟာ ကျွန်တော့်ကိုယ်ပိုင် ဥစ္စာချည်ပဲ မဟုတ်လား’ ဆိုတော့သူကပြန်ဖြေတယ်၊ “‘ဟုတ်နိုင်ပါ့မလားကွာ’ တဲ့၊ ‘မင်းအပ်ချုပ်သမားကို ပိုက်ဆံမပေးရဘူးလား ဖိနပ်ချုပ်သမား ကို မပေးရဘူးလား၊ စားစရာသောက်စရာအတွက်ကော၊ ဘောဘိလုံမှာ မင်းပိုက်ဆံမသုံးဘဲ နေလို့ရ သလား၊ ပြီးခဲ့တဲ့လတုန်းက မင်းရခဲ့တဲ့ပိုက်ဆံ အခုဘယ်နှစ်ပြားကျန်သလဲ၊ ပြီးခဲ့တဲ့ တနှစ်လုံးရတာ ကောဘယ်မလဲ၊ မရှိဘူးမဟုတ်လား၊ မင်းကိုယ်မင်းကလွဲလို့ လူတကာကို ပိုက်ဆံတွေ မင်းပေးနေခဲ့ တာပဲ၊ မင်းပင်ပန်းခံပြီး အလုပ်လုပ်သမျှအားလုံးဟာ သူများအတွက်ချည်း ဖြစ်နေတယ်မဟုတ်လား၊ သခင်ကျွေးတာစား သခင်ပေးတာဝတ်ပြီး သခင်အတွက် အလုပ်လုပ်ပေးနေတဲ့ ကျွန်တယောက်နဲ့ ဘာခြားနားသလဲ၊ ကဲ....မင်းရလာတဲ့ဝင်ငွေရဲ့ ဆယ်ပုံတပုံလောက်ကို စုဆောင်းထားခဲ့မယ်ဆိုရင် ဆယ်နှစ်အတွင်းမှာ မင်းဘယ်လောက်ချမ်းသာနေမလဲ၊’ တဲ့၊ ပြောနေရာက ရုတ်တရက် ကောက်မေး တယ်၊

“ငါကလည်း အဲဒီလောက်တော့ ဂဏန်းတွက်တတ်သေးတယ်ဆိုတော့ ချက်ချင်းပဲပြန်ဖြေလိုက် တယ်၊ ‘တနှစ်စာဝင်ငွေစုမိမှာပေါ့’ ဆိုတော့သူကပြောတယ်၊ ‘တဝက်ပဲမှန်တယ်’ တဲ့၊ ‘မင်းစုမိတဲ့ ရွှေစတိုင်းဟာ မင်းအတွက် အလုပ်လုပ်ပေးမယ့် ကျေးကျွန်ဖြစ်ရမယ်၊ သူ့ကိုခိုင်းလို့ရလာတဲ့ ကြေးနီ ပြားတိုင်းဟာ သူ့နည်းတူ မင်းအတွက် ဆက်အလုပ်လုပ်ပေးမယ့် ကျေးကျွန်ဖြစ်ရမယ်၊ မင်းဟာ ချမ်းသာချင်တဲ့လူဆိုရင် မင်းစုဆောင်းလို့ရသမျှကို ထပ်တိုးပွားအောင် လုပ်ရလိမ့်မယ် အဲ့ဒီတိုးပွားတာ ကနေ ထပ်တိုးပွား၊ ထပ်တိုးပွားတာကနေ နောက်ထပ်ဆင့်ထပ်တိုးပွား အဲဒီလိုဖြစ်ရမယ်၊ အဲ့ဒါမှ မင်းလိုချင်တောင့်တတဲ့ ခနဉစ္စာတွေ စုဝေးမိလာမှာ၊ မင်းက ငါပေးတဲ့ ချမ်းသာကြွယ်ဝရေးနည်း လမ်းကိုကြားရတော့ မင်းတညလုံး အလုပ်လုပ်ရတာနဲ့ မတန်ဘူးလို့ ထင်တယ်မဟုတ်လား၊ ငါညာ တယ်ဆိုတဲ့ သဘောပေါ့၊ လုံးဝမဟုတ်ဘူး၊ ငါပြောတဲ့သဘောတရားကို မင်းတကယ် ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်မိသွားပြီဆိုရင် မင်းငါ့ဆီက အဆတထောင်မက ပြန်ရလိုက်သလိုပဲဆိုတာ မင်းသဘောပေါက် လာပါလိမ့်မယ်....

“‘မင်းရတာရဲ့ တစိတ်တဒေသဟာ မင်းအတွက် ဖြစ်ရမယ်လို့ ငါဆိုခဲ့တယ်၊ မင်းရဲ့ ကိုယ်ပိုင်ဥစ္စာအဖြစ် သိမ်းဆည်းထားဖို့၊ မင်းရတဲ့ငွေသည် နည်းချင်နည်းနေလိမ့်မယ်၊ သို့သော် ဘယ် လောက် နည်းသည်ဖြစ်စေ ဆယ်ပုံတပုံကိုတော့ ဖယ်ထားလို့ရပါတယ်၊ အကယ်၍ တတ်နိုင်ရင်တော့

ဒီထက်မကပေါ့။ ကျန်တာကိုမှ စားမယ်၊ လှူမယ်၊ အဝတ်အစားဝယ်မယ်၊ ဓနဥစ္စာဆိုတာ သစ်ပင် နဲ့တူတယ်၊ မျိုးစေ့ သေးသေးလေးကနေ ကြီးထွားလာတာ၊ မင်းစုမိတဲ့ ပထမဆုံး ကြေးနီပြားဟာ နှောင်တနေ့ ဓနဥစ္စာ သစ်ပင်ကြီး ပေါက်ဖွားရှင်သန်လာစေဖို့ မျိုးစေ့ပဲ၊ မျိုးစေ့စောစောချရင် သစ်ပင်စောစောပေါက်တယ်၊ ဒီသစ်ပင်ကို ယုံယုံကြည်ကြည် ထက်ထက်သန်သန်နဲ့ မြေဩဇာကျွေး မှယ် ရေလောင်းပေးမယ်ဆိုရင် မြန်မြန်ဆန်ဆန် သူ့ရဲ့အရိပ်ကို ခိုရမှာပဲ၊ သူက အဲသည်လိုပြောပြီးတဲ့ နောက် ရွှေစေချပ်တွေယူပြီး ပြန်သွားတယ်၊

“အဲဒီနောက်မှာ သူပြောတဲ့စကားတွေကို ငါအလေးအနက် စဉ်းစားတယ်၊ သူ့စကားတွေဟာ သိပ်ကိုအကြောင်းအကျိုး ညီညွတ်မှုရှိတာ ငါတွေ့ရတာနဲ့ အဲဒီအတိုင်းလုပ်ကြည့်ဖို့ ငါဆုံးဖြတ်ခဲ့တယ်၊ ငါပိုက်ဆံ ရလာတဲ့အခါတိုင်း ဆယ်ပြားရရင် တပြားကို သီးသန့်ဖယ်ထားလိုက်တယ်၊ အဲဒီမှာ ထူးခြားတာက ဒီတပြားမသုံးရလို့ အနေအစား ကျဉ်းကျပ်သွာတယ် ဆိုတာမျိုး လုံးဝမရှိတာပဲ၊ နဂို

ပုံမှန်လိုပဲ ဆက်လက်လည်ပတ် နေထိုင်သွားလို့ရနေတယ်၊ ဒါပေမယ့် စုငွေလေးများလာတဲ့အခါမှာ တော့ တခါတစ်ရံ ဖိုနီရှန်ဘက်က ကုန်သဘောတွေ၊ ကုလားအုတ်နဲ့ လာတဲ့ကုန်သည်တွေဆီမှာ ပစ္စည်း ဆန်းဆန်းပြားပြားတွေ့ရင် ဝယ်လိုက်ချင်တဲ့စိတ်တွေ သိပ်ထကြွတာပေါ့၊ ဒါပေမယ့် ကိုယ့်ကို
ကိုယ် ထိန်းနိုင်ခဲ့တယ်၊

"ဒီလိုနဲ့ တနှစ်တိတိလောက် ကြာတဲ့အချိန်မှာ အယ်လဂါမစ်
တကြိမ်ရောက်လာပြန်တယ်၊

သူကမှတ်မှတ်ရရပဲမေးတယ်၊ 'ဘယ်လိုလဲမောင်ရင်၊ ပြီးခဲ့တဲ့နှစ်တွေအတွင်း မင်းဝင်ငွေရဲ့ ဆယ်ပုံ့တစ်ပုံ
ကို စုဖြစ်ရဲ့လား' တဲ့၊

"ငါကလဲ ဂုဏ်ယူစွာနဲ့ပဲ ပြောလိုက်တယ်၊ 'ဟုတ်ကဲ့၊
ကျွန်တော်စုဖြစ်ပါတယ် ဆရာကြီး' ဆို
တော့၊

" 'အေး၊ ကောင်းတယ်ကွ' တဲ့၊ သူကငါ့ကိုပြုံးကြည့်ပြီးဆိုတယ်၊ ပြီးတော့မေးတယ်၊ 'မင်းအဲ့ဒီ ပိုက်ဆံတွေကို ဘာလုပ်သလဲ' တဲ့၊

" 'ကျွန်တော် အုတ်ဖုတ်သမား အက်ဇမူးကို ပေးလိုက်တယ်၊ အက်ဇမူးက ပင်လယ်ကူး သဘောနဲ့ လိုက်သွားပြီး တိုင်ယာဆိပ်ကမ်းမြို့မှာ ဖိုနီရှန် ကျောက်မျက်ရတနာတွေ ဝယ်ခဲ့ပေးမယ်လို့ ပြောတယ်၊ သူပြန်ရောက်လာရင်, ဒါတွေကိုရောင်းပြီး ရတဲ့အမြတ်ကို သူနဲ့ကျွန်တော် ခွဲဝေယူရမှာပေါ့၊ လို့ဖြေတော့၊

" 'အင်း၊ လူဆိုတာ ခံရဖူးပြီးမှ သင်ခန်းစာရတာမျိုးပဲ၊ ဟေ့ ဒီမှာကွ၊ အုတ်ဖုတ်သမားက ကျောက်အကြောင်း ဘယ်လောက်သိမှာမို့လို့ ယုံယုံကြည်ကြည် သွားအပ်ရတာလဲ၊ ကောင်းကင်က ကြယ်တွေအကြောင်းသိချင်ရင် ပေါင်မုန့်ဖုတ်တဲ့လူကို သွားမေးမှာလား၊ စဉ်းစားဉာဏ်ရှိတဲ့လူမှန်ရင် နက္ခတ်ပညာရှင်ပဲ မေးမယ်မဟုတ်လား၊ မင်းစုထားတဲ့ ပိုက်ဆံတွေတော့ သွားပြီလို့သာ အောက်မေ့ လိုက်ပေတော့၊ အဲ့ဒီလူလက်ထဲအပ်လိုက်တာဟာ မင်းစိုက်ထားတဲ့ခြေနသစ်ပင်လေးကို အမြစ်ပါမကျန်
ဆွဲနှုတ်ပစ်လိုက်တာနဲ့ အတူတူပဲ၊ ဒါပေမယ့် ပြီးသွားတာ
ဘယ်တတ်နိုင်မလဲ၊

ထပ်ကြိုးစားပါ၊
နောက်ထပ် အပင်သစ်စိုက်ပါ၊ ဒီတကြိမ်မှာတော့

ကျောက်မျက်ရတနာအကြောင်းသိချင်ရင် ကျောက် ကုန်သည်ဆီသွား၊ သိုးအကြောင်းသိချင်ရင် သိုးမွေးတဲ့လူဆီကိုသွားကွ၊ အကြံဉာဏ်ဆိုတာ လူတွေ အခမဲ့လျှောက်ပေးတတ်ကြတဲ့ အရာမျိုး၊ ဒါပေမယ့်တန်ဖိုးရှိတဲ့ အကြံဉာဏ်မျိုးကိုမှ ယူမိဘို့ အရေးကြီး တယ်၊ ငွေကြေးကိစ္စမှာ နားမလည်တဲ့ သူ့ဆီက အကြံဉာဏ်ယူမိရင် သူ့အကြံဉာဏ် တန်ဖိုးမရှိတဲ့ ,အကြောင်း ကိုယ့်ငွေနဲ့ရင်းပြီး သက်သေထူရသလို ဖြစ်လိမ့်မယ်' တဲ့၊ အဲသလိုတွေပြောပြီး သူပြန် သွားတယ်၊

"သူပြောတဲ့အတိုင်းပါဘဲ၊ ဖိနီရှန်တွေဆိုတာက လူလိမ်လူနပ်တွေကိုး၊ အကဲဇမှုးကို ပုလင်းကွဲ လိုဟာမျိုးတွေ ကျောက်ဆိုပြီး လိမ်ရောင်းလွှတ်လိုက်တယ်၊ ဒါပေမယ့် အယ်လဂါမစ်တိုက်တွန်းသွားခဲ့ တဲ့အတိုင်း ငါဆက်ပြီး ဆယ်ပြားမှာ တစ်ပြားစုပါတယ်၊ အကျင့်လေးလဲရသွားပြီဆိုတော့ ငါ့အတွက် စုရတာ အပန်းမကြီးတော့ဘူး၊

"နောက် ဆယ့်နှစ်လကြာတဲ့အခါ စာကူးတဲ့အခန်းကို အယ်လဂါမစ် ရောက်လာပြန်တယ်၊

'ဘယ်လိုလဲကွ၊ ဒီကြားထဲမှာတိုးတက်မှု့ရှိရဲ့လား' တဲ့၊
" 'ကျွန်တော့်ကိုယ်ကျွန်တော် သစ္စာရှိစွာ ပေးကမ်းနေဆဲပါဆရာကြီး၊ ဒီတခါတော့ ကျွန် တော့်ပိုက်ဆံတွေကို ဒိုင်းလုပ်တဲ့အဂါဆီအပ်ပါတယ်၊ သူ့အတွက် ကြေးဝယ်ဖို့ပေးထားတာ၊ သူ့ဆီက လေးလတကြိမ် အတိုးမှန်မှန်ရပါတယ်' ဆိုတော့၊

" 'ကောင်းတယ်ကွ၊ မင်းအဲ့ဒီအတိုးကို ဘာလုပ်သလဲ' တဲ့၊

" 'ကျွန်တော် ဧည့်ခံပွဲကြီးတစ်ခုကျင့်ပတယ်၊ ပျားရည်တို့၊ ကိတ်မုန့်တို့၊

အကောင်းစား

ဝိုင်
အရက်တို့နဲ့ ကျကျနနပျော်၊ ပြီးတော့ ကျွန်တော့်အတွက် ကြက်သွေးရောင် ကျူးနစ်အကျႌ တထည် ဝယ်တယ်၊ နောက်တကြိမ် ဆိုရင်တော့ ကျွန်တော်စီးဖို့ မြည်းကလေးတကောင်ဝယ်မယ် စိတ်ကူး တယ်၊' လို့ ငါကပြောတော့ အယ်လဂါမစ်ကရယ်တယ်၊
" 'မင်းက ကိုယ်စုငွေကပေါက်ဖွားတဲ့ သားသမီးတွေကို စားပစ်သလွား' တဲ့၊ 'အဲ့ဒါဆို သူတို့ ကမင်းအတွက် ဘာဆက်လုပ်ပေးနိုင်ဦးမှာလဲ၊ မင်းအတွက်အလုပ်လုပ်ပေးမယ့် နောက်ထပ်နောက်ထပ် ကလေးတွေ သူတို့ဘယ်မှာ ဆက်မွေးပေးနိုင်ပါတော့မလဲ၊ ဒီမှာမောင်ရင်၊ ပထမဆုံးကို ကိုယ့်အတွက် ငွေရှာပေးမယ့် ကျေးကျွန်တွေ တစုတဖွဲ့ကြီးရအောင် အရင်လုပ်ရတယ်ကွ၊ အဲ့ဒီလိုရပြီးတဲ့ အခါကျရင် ပျော်ပွဲရွှင်ပွဲ စားပွဲသောက်ပွဲတွေ ကြိုက်သလောက် ဆင်ယင်ကျင်းပပေတော့၊ ကုန်သွား ခန်းသွားမှာ ပူစရာမလိုတော့ဘူး၊' လို့ပြောပြီးပြန်သွားတယ်၊

"နောက်နှစ်နှစ်လောက် သူနဲ့မတွေ့ရဘူး၊ ပြန်တွေ့တဲ့အချိန်ကျတော့ အဘိုးကြီးကအတော့ကို

အိုနေပြီ၊ သူကမေးတယ်၊ 'အာခတ်၊ မင်းမျှော်မှန်းထားသလောက် ငွေကြေးစုဆောင်းမိပြီလား' တဲ့၊
"ငါကလဲဖြေတယ်၊ 'မျှော်မှန်းသလောက်တော့ မရသေးပါဘူး၊ ဒါပေမယ့် ရတန်သလောက် တော့ရနေပါပြီ၊ အဲ့ဒါတွေကဆက်ပြီး အတိုးအညွှန့်တွေလည်း ပွားများနေပါတယ်' လို့၊

" 'မင်း အုတ်ဖုတ်သမားဆီက အကြံဉာဏ်ယူသေးသလား' တဲ့၊

" 'ဟုတ်ကဲ့၊ အုတ်ကိစ္စနဲ့ပတ်သတ်ရင်တော့ ယူပါတယ်'

ငါကလဲပြန်နောက်တယ်၊

“ ‘အာခတ်၊ မင်းဟာသင်ခန်းစာကို ကောင်းကောင်း ကျေညက်သွားပြီ’ တဲ့၊
ပထမဆုံး မင်း ဟာ ကိုယ်ရတဲ့ဝင်ငွေထက် လျော့သုံးပြီး
နေထိုင်တတ်ခဲ့တယ်၊ အဲဒီနောက်မင်းဟာ အတွေ့အကြုံရှိတဲ့
လူတွေဆီက တန်ဖိုးရှိတဲ့အကြံဉာဏ်တွေ ရယူတတ်ခဲ့တယ်၊

နောက်ဆုံးအဆင့်အနေနဲ့

ငွေကိုတိုးပွား

အောင် မင်းလုပ်တတ်ခဲ့တယ်၊

“ ‘တနည်းပြောရရင် မင်းဟာငွေရှာတတ်ခဲ့ပြီ၊ ငွေကိုထိန်းသိမ်းတတ်ခဲ့ပြီ၊ ငွေကိုလိမ္မာပါးနပ်စွာ အသုံးချတတ်ခဲ့ပြီ၊ ဒီမှာအာခတ်၊ မင်းမှာလုပ်ငန်းတစ်ခုကို တာဝန်ယူဆောင်ရွက်နိုင်တဲ့ အရည်အချင်းတွေ အပြည့်အဝရှိနေပြီလို့ ငါမြင်တယ်၊ အဲဒီတော့ငါပြောမယ်၊ ငါလည်းအသက်ကြီးပြီ ကွာ၊ ငါ့သားတွေက ငွေရှာဖို့ထက် သုံးဖို့ကိုပိုစိတ်ဝင်စားကြတယ်၊ ငါ့လုပ်ငန်းကိုင်ငန်းတွေက အများ ကြီးပဲ၊ ဒါတွေအားလုံးကြည့်ဘို့ ငါမတတ်နိုင်တော့ဘူး၊ အဲဒီတော့ မင်းနစ်ပူးမြို့ကိုသွားပြီး အဲဒီက

ငါ့မြေယာတွေကိုစွ တာဝန်ယူပေးပါ၊ အောင်အောင်မြင်မြင်
ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် မင်းကို ငါ့
ပါတနာအဖြစ် သဘောထားမယ်၊ ငါပိုင်မြေရဲ့တစ်စိတ်တစ်ဒေသကို
ခွဲဝေပေးမယ်၊’ လို့သူကဆိုတယ်၊

“အဲဒါနဲ့ငါ နှစ်ပူးကိုသွားပြီး သူ့လုပ်ငန်းတွေ ကြီးကြပ်ပေးတယ်၊ လုပ်ငန်းတွေအများကြီးပဲ၊ ငါကလဲ ရည်မှန်းချက်ကြီးတဲ့လူဆိုတော့ ဒါတွေကို ကြိုးစားပြီးလုပ်တယ်၊ စောစောကပြောခဲ့တဲ့အတိုင်း ငွေနဲ့ပတ်သတ်တဲ့ ကဏ္ဍသုံးရပ်စလုံးကို နိုင်နိုင်နင်းနင်း ရှိခဲ့ပြီးပြီဆိုတော့ ငါအောင်မြင်ခဲ့တယ်၊ အယ်လဂါမစ်ရဲ့ ဥစ္စာပစ္စည်းတွေ အများကြီး တန်ဖိုးတက်အောင် ငါလုပ်ပေးနိုင်ခဲ့တယ်၊ ဒါကြောင့်မို့ သူကွယ်လွန်ပြီးတဲ့ အခါမှာ သူကိုယ်တိုင်ဥပဒေနဲ့အညီ စီမံပေးခဲ့တဲ့အတိုင်း သူပိုင်နယ်မြေတစ်ချို့ကို ငါဝေစုရခဲ့တယ်၊”

အာခတ်၏ဇာတ်လမ်း ပြီးဆုံးသွားသည့်အခါ

သူ့သူငယ်ချင်တယောက်က မှတ်ချက်ချသည်။

“အယ် လဂါမစ် ဆီကအမွေရလိုက်တာ မင်းကံကောင်းသွားတာပေါ့” ဟူ၍။

“ကံကောင်းတယ်ဆိုတဲ့စကား ပြောမယ်ဆိုရင်တော့ အယ်လဂါမစ်နဲ့ မတွေ့ခင်ကတည်းက ငါ့မှာ ကြီးပွားချင်စိတ် ရှိနေခြင်းဟာသာ ကံကောင်းတဲ့ အချက်လို့ဆိုရမယ်ကွ၊ ငါ့မှာ ကြီးပွားချမ်း သာချင်တဲ့ ဆန္ဒရယ် တကယ်ကိုကြီးပွားအောင် ထလုပ်မယ်ဆိုတဲ့ စိတ်ဓာတ်ရယ် ပြတ်ပြတ်သားသား ခိုင်ခိုင်မာမာ ရှိနေတယ်ဆိုတာဟာ လေးနှစ်လုံးလုံး ငါရတဲ့ငွေရဲ့ ဆယ်ပုံတပုံဆီကို မှန်မှန် စုဆောင်း ခဲ့ခြင်းအားဖြင့် ထင်ရှားနေတာပဲ၊ တံငါသည်တယောက်ဟာ ငါးတွေရဲ့ဓလေ့ သဘာဝကို နှစ်ပေါင်းများ စွာ လေ့လာပြီးတဲ့နောက်မှာ ပိုက်တလက်နဲ့ သူထွက်ရှာတိုင်း ငါးရလာတာကို ကံကောင်းတယ်လို့ ဆိုမလား၊ ကံကြမ္မာစောင့်နတ်သမီးဆိုတာ သိပ်စည်းကမ်းကြီးတယ်ကွ၊ ဘာမှ ပြင်ဆင်မထားတဲ့လူတွေ
အတွက် အချိန်ကုန်ခံရိုး ထုံးစံမရှိဘူး၊”

“ပထမနှစ်စုထားတဲ့ပိုက်ဆံတွေ အလဟဿဖြစ်သွားပြီးတဲ့နောက်
မင်းဆက်ပြီးစုဖြစ်တာကတော့
ဝီလ်ပါဝါ သိပ်ကောင်းလို့ပဲကွ၊ အဲ့ဒီမှာမင်းက
သူများထက်သိပ်ထူးခြားသွားတယ်၊” နောက်သူငယ်ချင်း
တယောက်ကပြောသည်။

ကို တလွဲတွေမှတ်ထားကြတယ်၊ ငါပြောမယ်၊ ဝီလ်ပါဝါရှိရင် လူတယောက်ဟာ ကုလားအုတ် မထမ်း နိုင်တဲ့ဝန်ကို ထမ်းနိုင်မလား၊ နွားနှစ်ကောင် မဆွဲနိုင်တဲ့လှည်းကို ဝီလ်ပါဝါစွမ်းအားနဲ့ သူဆွဲနိုင်မယ် ထင်သလား၊ မဟုတ်ဘူးကွ၊ ဝီလ်ပါဝါဆိုတာ အစိဋ္ဌာန်ခိုင်မာတာကိုပြောတာ၊ ဘယ်အလုပ် တစ်ခုကို တော့ဖြင့် ငါလုပ်မယ်လို့ဆုံးဖြတ်ထားရင် အဲဒါကိုပြီးမြောက်တဲ့အထိလုပ်တာ ဝီလ်ပါဝါပဲ၊ အဲဒီဝီလ် ပါဝါမျိုးတော့ ငါ့မှာရှိတယ်၊ ငါ့ကိုယ်ငါတာဝန်တခု အပ်နှင်းထားမယ်ဆိုပါတော့ အသေး အမွှားကိစ္စ လို့ ငါသဘောမထားဘူး၊ ပြီးစီးအောင်လုပ်တယ်၊ ဘာ့ကြောင့်လဲဆိုတော့ အသေးအမွှား ကိစ္စမှ ပြီးစီး အောင်မလုပ်နိုင်ရင် အကြီးအမားကိစ္စ ငါ့ကိုယ်ငါ ဘယ်မှာယုံကြည်စိတ်ချနိုင်ပါတော့မလဲ၊ ဥပမာဆိုပါ စို့၊ ငါအိမ်ကနေ မြို့ထဲသွားတဲ့ခါ လမ်းမှာ တံတားတခုဖြတ်ရတယ်၊ ဒီတံတားကို ဖြတ်တိုင်းမှာ ရေထဲကိုကျောက်ခဲတစ်လုံးစီ ရက်တွစ်ရာတိတိချမယ်လို့ ငါ့ဘာသာ အဓိဋ္ဌာန်ပြုထား တယ်ဆိုရင် ဒီတံတားကိုဖြတ်တိုင်း ကျောက်ခဲတလုံးတော့ ငါချတယ်၊ ခုနှစ်ရက်မြောက်တဲ့နေ့မှာ အမှတ်မဲ့ ကျော် သွားမိတယ်ဆိုပါတော့၊ ဟာ့နောက်နေ့မှပဲ နှစ်လုံးချတော့မယ်ဆိုပြီး ဆက်မသွားဘူး၊ ပြန်လှည့်လာပြီး ကျောက်ခဲတစ်လုံးချမယ်၊ ရက်နှစ်ဆယ် လောက်ရောက်လာတဲ့အခါ၊ အာခတ်ရာ၊ ဘာမှအဓိပ္ပါယ်မရှိပါ

ဘူးကွာ၊ လုပ်မနေပါနဲ့၊ တရာသိပ်ပြည့်ချင်ရင်လည်း အဆုပ်လိုက်သာ ပစ်ချလိုက်စမ်းပါ၊ ဆိုတဲ့ အတွေးမျိုး ဝင်လာမယ်ဆိုပါတော့၊ မရဘူး၊ ငါလက်မခံဘူး၊ တနေ့တလုံး ရက်ပေါင်းတရာချမယ်လို့ ငါ့ကိုယ်ငါကတိပေးထားပြီးရင် တနေ့တလုံး ရက်ပေါင်းတရာပဲ၊ သို့သော်တခုတော့ရှိတယ်၊ ကိုယ်သတ်မှတ်ထားတဲ့ကိစ္စကို ပြီးအောင်လုပ် ချင်သူဖြစ်တဲ့အတွက် ကိုယ့်ကိုကိုယ် သိပ်ခက်ခဲပင်ပန်းတဲ့အလုပ် တွေ၊ လက်တွေ့မဖြစ်နိုင်တဲ့လုပ်ငန်း တာဝန်မျိုးတွေတော့ ခိုင်းစေလေ့မရှိဘူး၊ ငါက လွတ်လွတ် လပ်လပ် အေးအေးဆေးဆေးနေရတာကိုလည်း နှစ်သက်သေးတာကို၊”

သည်တွင် နောက်သူငယ်ချင်းတစ်ယောက်က ဆိုပြန်သည်။

“မင်းပြောတဲ့အတိုင်းသာ မှန်မယ် ဆိုရင်တော့ ကြီးပွားချမ်းသာအောင်လုပ်တဲ့နည်းဟာ ရိုရိုစင်းစင်း ရှင်းရှင်းလေးဖြစ်နေမှာပေါ့၊ အဲ့ဒီတော့ တစ်ကယ်လို့၊ ဟာ လွယ်တယ်ကွဆိုပြီး လူတိုင်းက ချမ်းသာအောင်လုပ်ပြီ ဆိုပါတော့၊ ဒီလူတွေ အားလုံးအတွက်ကျတော့ ငွေတွေက ဘယ်ကလာမှာလဲ၊”

“ငါ့သူငယ်ချင်းက အတော်ပူတတ်တာပဲကို” အာခတ်ကဆိုသည်။

“ဒီလို သူငယ်ချင်း၊ ဓနဉစ္စာ ဆိုတာ လူတွေကြိုးစားအားထုတ်တဲ့နေရာတိုင်းမှာ ပေါက်ဖွားတတ်တဲ့ ပစ္စည်းတမျိုးပဲ၊ ဥပမာ ဆိုပါ တော့၊ သူဌေးတယောက်က နန်းတော်လောက်ကြီးမားခမ်းနားတဲ့ အိမ်ကြီးတဆောင်ဆောက်ပြီတဲ့၊ ဒီ အိမ်ကြီး ပေါ်ပေါက်လာတဲ့အတွက် ဒီသူဌေးရဲ့ ငွေတွေအားလုံး လေထဲပျောက်ကွယ်သွားတာမှမဟုတ် ဘဲ၊ ဒီအိမ်တန်ဖိုးနဲ့ညီမျှတဲ့ငွေကို အုတ်ဖုတ်တဲ့လူကရတယ်၊ ပန်းရံဆရာကရတယ်၊ အလုပ်သမားတွေရ တယ်၊ ဒီအတွက် အားထုတ်ခဲ့ရတဲ့ လူတွေအားလုံး ဆိုင်ရာဆိုင်ရာ အချိုးအစားနဲ့ ရသွားကြတယ်၊ ငွေကုန်ခံလိုက်ရတဲ့ သူဌေးမှာကောတဲ့၊ ဒီငွေနဲ့ တန်ဖိုးချင်းညီမျှတဲ့ အိမ်တဆောင် ရလိုက်တာပဲ၊ ငွေလိုချင်ရင် ပြန်ရောင်း၊ ဒီငွေရမယ်၊ အဲဒီတန်ဖိုးတင်တဲ့လား၊ ဘယ်ဟုတ်မလဲ၊ သူ့အိမ်ဆောက်တဲ့ မြေကြီးဆိုပါတော့၊ ဒီအိမ်ကြီးဆောက်လိုက်ပြီးတဲ့နောက်မှာ ဒီမြေကြီးဟာ အရင်ထက်ပို တန်ဖိုးတက် လာတယ်၊ သူ့တင်လား၊ မဟုတ်သေးဘူး၊ သူ့ဘေးနားမှာရှိတဲ့မြေဟာလည်း အခု ဒီအိမ်ကြီးပေါ်လာတဲ့ အတွက် အလိုလို တန်ဖိုးတက်လာတယ်၊ အဲဒါပဲကွ၊ ဓနဉစ္စာဆိုတာ မျက်လှည့်ပြသလို အဆမတန် ကြီးထွားသွားနိုင်တဲ့ သဘာဝရှိတယ်၊ သူ့ရဲ့အတိုင်းအဆကို ဘယ်သူမှ ခန့်မှန်းလို့ မရနိုင်ဘူး၊ ဖိနီရှန်တွေကွာ မင်းတို့သိတဲ့အတိုင်း ပင်လယ်ကို သဘောနဲ့ထွက်ပြီး အရောင်းအဝယ် အလဲအလှယ် တွေလုပ်ရင်းနဲ့တင် ကြီးပွားလာလိုက်ကြတာ သူတို့နေကြတဲ့ ပင်လယ်ကမ်းရိုးတန်းက ကျေးရွာဇနပုဒ် လေးတွေဆိုတာ အခု တိုက်ကြီးတာကြီးတွေ ဟီးပြီး မြို့ကြီးပြကြီး

ဖြစ်လာတယ် မဟုတ်လား၊”

“သူငယ်ချင်းပြောတာတွေအားလုံး သဘောပေါက်ပါပြီကွာ၊ အဲဒီတော့ တို့လဲချမ်းသာအောင်
ဘယ်လို လုပ်ရမလဲဆိုတာသာ ဆက်ပြီး အကြံဉာဏ်ပေးစမ်းပါ၊
အသက်တွေကလဲ ကြီးလာကြပြီကွ၊
ခုထိဘာမှကို မရှိကြသေးဘူး” သူငယ်ချင်းတယောက်ကဆိုသည်။

ကံပေးချင်တာကတော့
အယ်လဂါမစ်ပြောခဲ့တဲ့၊

‘
‘
င
ါ
အ
င

ငါ့အတွက် ကိုယ်ပိုင်ဥစ္စာ ဖြစ်စေရမယ်' ဆိုတဲ့စကားကို လက်စွဲသြဝါဒအဖြစ် ခံယူကြဘို့ပဲ၊ ဒီစကား ကို မနက်အိပ်ယာထတဲ့အချိန်မှာ ကိုယ့်ကိုကိုယ်ပြော၊ နေ့လည်မှာကြေငြာ၊ ညအိပ်ယာဝင်မှာ ကြွေး ကြော်၊ နေ့စဉ်နေ့တိုင်း နာရီတိုင်းမှာသတိရ၊ ဒီစကားလုံးတွေ ကိုယ့်ခေါင်းထဲ ရင်ထဲစွဲနေအောင်၊

မျက်စိထဲ ထင်းကနဲ မြင်နေအောင် ကိုယ့်ကိုကိုယ် ထပ်တလဲလဲ ပြောပေး၊

“ဒီအတွေး ဒီစိတ်ဓာတ်တွေ ကိုယ့်ကိုယ်ထဲ ပြည့်ဝလာပြီဆိုတဲ့အခါ ပထမဆုံး ကိုယ့်ဝင်ငွေကို ကိုယ်ပြန်သုံးသပ်၊ ငါဘယ်လောက်စုနိုင်မလဲ၊ စဉ်းစားဆုံးဖြတ်၊ ဆယ်ပုံတပုံထက်တော့ လုံးဝမလျော့ နည်းစေနဲ့၊ တခြားအသုံးအစွဲတွေကို ဘယ်ပုံ ဘယ်နည်းထိန်းသိမ်းကွပ်ကဲမယ် ဆိုတာလည်း စီစဉ် ရမှာပေါ့၊ ဒါပေမယ့် အရေးအကြီးဆုံးက ဘယ်နှစ်ပုံတပုံလဲ၊ စုမယ့်အပုံကို အရင်ဆုံးဖယ်ထားဘို့၊ အဲဒီလို စုဆောင်းလာမယ်ဆိုရင် သိပ်မကြာပါဘူး၊ ကိုယ့်လက်ထဲမှာ ဘယ်သူဘယ်ဝါမှ ထိတို့လို့ မရတဲ့ ကိုယ်ပိုင်စစ်စစ် ဓနဥစ္စာ အစုကလေး တခုရှိလာပြီဆိုတာနဲ့ စိတ်ချမ်းသာကျေနပ်မှု အရသာကို မင်းတို့ခံစားလာရလိမ့်မယ်၊ ချမ်းသာလာတဲ့အရသာလေး။ ကိုယ့်စုငွေလေးများလာလေ ပိုပြီးစိတ်အား တက်လာလေပဲ၊ ဒီအခါ ဘဝဟာ ပိုပြီးပျော်စရာ တက်ကြွစရာ ကောင်းလာတယ်၊ နောက်ထပ်ပိုရ အောင်ရှာဘို့ အားအင်တွေ ဝင်လာမယ်၊ ဘာကြောင့်လဲဆိုတော့ နောက်ထပ်ဝင်လာသမျှ မှာလည်း
ကိုယ့်ကိုယ်ပိုင်ဥစ္စာ စစ်စစ်အဖြစ်နဲ့ အချိုးကျရဦးမှာကိုး၊

“အဲဒီလို ဥစ္စာထုပ်ကလေးတခု စုဆောင်းမိပြီးတဲ့နောက်မှာ ဒီ ‘ဥစ္စာ’ ကို ကိုယ့်အတွက်
အလုပ်ခိုင်းရမယ်၊ ကိုယ်စုဆောင်းခဲ့တဲ့ ရတနာဥစ္စာဟာ ကိုယ့်အတွက်ကျေးကျွန်ပဲ၊ ဒီကျေးကျွန်ကနေ သားမြေးတွေ နောက်ထပ်ပေါက်ဖွားပြီး ကိုယ့်အတွက် ဆက်အလုပ်အကျွေးပြုကြအောင် စနစ်တကျ
ခန့်ခွဲခိုင်းစေရမယ်၊

“ဘယ်သူမဆို ကိုယ့်ရဲ့အနာဂတ်အတွက် ဝင်ငွေတခု သေချာအောင် လုပ်ထားနိုင်ဖို့လိုတယ်၊
ကိုယ့်ပတ်ဝန်းကျင်မှာ လူအိုတွေတွေ့ရတဲ့အခါတိုင်း ငါလည်းတနေ့ကျရင် ဒီလူတွေလို အိုရမှာပဲဆိုတာ သတိရပြီး၊ ကိုယ့်မှာရှိတဲ့ဥစ္စာပစ္စည်းကို အဲဒီအချိန်အခါအထိ တည်မြဲနေအောင် ဂရုစိုက် ရင်းနှီးမြှုတ်နှံ မှုပြုဘို့လိုတယ်၊ ဒီနေရာမှာ အမြတ်အစွန်းတွေမတန်တဆရှတယ် အတိုးအညွန့်တွေ အများကြီးပေး တယ်ဆိုတဲ့ အလုပ်မျိုးကိုတော့ သတိထားဘို့ မင်းတို့ကို အကြံပေးချင်တယ်၊ ဒါတွေဟာနောင်တနေ့
ဒုက္ခရောက်အောင် ကိုယ့်ကိုဖြားယောင်းပြီး ခေါ်တဲ့ဟာမျိုးတွေ
ဖြစ်နေတတ်လို့ပဲ၊

“ပြီးတော့ မတော်တဆ ကိုယ်အနိစ္စ ရောက်သွားခဲ့ရင် ကျန်ရစ်တဲ့ မိသားစု ရတ်တရက်
ဒုက္ခဆင်းရဲ မရောက်ကြရအောင်လည်း ပြင်ဆင်ထားဘို့လိုတယ်၊

ဒီအတွက်ကိုလည်း ဖြေးဖြေးနဲ့မှန်မှန်
စုဆောင်း ဖြည့်ဆည်းသွားတဲ့နည်းနဲ့ လုပ်လို့ရပါတယ်၊
“နောက်တခုက၊ ကိုယ့် ‘ဥစ္စာ’ တိုးပွားအောင် ဆောင်ရွက်တဲ့နေရာမှာ
ကျွမ်းကျင်လိမ္မာတဲ

ပုဂ္ဂိုလ်များနဲ့ တိုင်ပင်နှီးနှောမှုပြုဘို့ပဲ။ ငွေကြေးကိစ္စ နေ့စဉ်စီမံဆောင်ရွက်နေကြတဲ့ ပုဂ္ဂိုလ်တွေဆီက အကြံကောင်း ဉာဏ်ကောင်းတွေ ရယူသင့်တယ်၊ နားလည်သူတွေဆီက အကြံဉာဏ်ကိုယူပြီး အလုပ် လုပ်တဲ့အခါ ငါ့တုန်းကလို အုတ်ဖုတ်သမား အကာဇမူးလက်ထဲ ကိုယ့်ပိုက်ဆံတွေ ထည့်လိုက်မိတဲ့ အမှားမျိုး မင်းတို့ မကြုံရတော့ဘူးပေါ့၊ ငွေနဲ့ရင်းပြီး ငွေရှာတဲ့အခါမှာ အမြတ်များများရဖို့အတွက် ကိုယ့်ငွေကို စွန့်စားတာထက် အမြတ်ရာခိုင်နှုန်း နည်းချင်နည်းမယ် ဒါပေမယ့် စိတ်ချရတယ်ဆိုတဲ့
အလုပ်မျိုးကိုရွေးတာ ပိုကောင်းတယ်၊
“ ငွေရှာတယ်၊ ငွေစုတယ်ဆိုတာတွေ လုပ်နေတဲ့တချိန်တည်းမှာ
ဘဝဆိုတာ စိတ်ချမ်းသာ
ပျော်ရွှင်စွာ နေထိုင်ဖို့ဆိုတာကိုလည်း မမေ့စေချင်ဘူး၊ ကိုယ့်ကိုကိုယ် သိပ်အပန်းတကြီးဖြစ်အောင် မလုပ်နဲ့၊ အလွန်အကျွံ ချွေတာစုဆောင်းတာမျိုးလည်း မလုပ်နဲ့၊ ဝင်ငွေရဲ့ ဆယ်ပုံတပုံလောက်ကိုသာ မပင်မပန်း စုဆောင်းနိုင်မယ်ဆိုရင် အဲ့ဒီလောက်ကိုဘဲစု၊ ကျန်တဲ့အပိုင်းတွေမှာ ကိုယ့်ဝင်ငွေနဲ့ သင့်

တင့်လျောက်ပတ်အောင် သုံးစွဲနေထိုင်၊ စေးစေးနဲနဲ တွန့်တွန့်တိုတိုမနေနဲ့၊ သုံးသင့်တဲ့နေရာမှာသုံး

ပျော်သင့်တဲ့နေရာမှာ ပျော်တတ်မှ ဘဝဆိုတာ ပြည့်စုံ ကြွယ်ဝတယ်၊ သာတောင့်သာယာ ရှိတယ်၊”

အာခတ်၏ အကြံပေးစကားများကို နားထောင်ပြီးနောက် သူငယ်ချင်းများ ကျေးဇူးတင်စကား ဆိုကာ အတူတစ်ကွပြန်ကြသည်။ သို့သော် သူတို့သွင်ပြင်မှုရာတွေက တစ်ယောက်နှင့်တစ်ယောက် မတူကြ။ တချို့က လမ်းတစ်လျှောက်လုံး နုတ်ဆိတ်သွားကြသည်။ သည်လူတွေက စိတ်ကူးဉာဏ် နည်းသည့် ပုဂ္ဂိုလ်တွေ။ အာခတ်ပြောသောစကားတွေ နားထောင်ပြီး ဘာမှမမြင်မိ မကြားမိ သဘော မပေါက်မိသည့် ပုဂ္ဂိုလ်တွေ။ တစ်ချို့ကတော့ မဲ့ကာရွဲ့ကာနှင့် အာခတ်အကြောင်း မကောင်းပြောသွားကြသည်။ သူတို့စိတ်၌ ကုသိုလ်ကံကောင်း၍ ချမ်းသာသွားသော အာခတ်အနေနှင့် သူ့လောက်ကံ

မကောင်းသည့် သူငယ်ချင်းများကို အနည်းနှင့်အများ

ပေးကမ်းဝေမျှသင့်သည်ဟု ယူဆကြသည်။

သို့သော် တချို့ပုဂ္ဂိုလ်များကတော့ အနာဂတ်အတွက် မျှော်လင့်ချက်ဖြင့် ရှင်လန်းတက်ကြွ၍ လာကြသည်။ သူတို့ဘဝအတွက် အလင်းရောင်ကို မြင်ခဲ့ကြပြီ။ အာခတ်ရှိရာ အလုပ်ဌာနသို့ အယ်လဂါမစ် အကြိမ်ကြိမ် လာရောက်ခဲ့ခြင်းသည် အမှောင်တွင်းမှ အလင်းသို့ ကြိုးစားလှမ်းထွက်

လာသည့် လူငယ်တယောက်ကို ဖေးမကူညီချင်၍ဖြစ်ကြောင်း

သူတို့သဘောပေါက်လိုက်ကြသည်။

မိမိဘဝအတွက် အလင်းရောင်ကို မြင်လိုက်ပြီဆိုလျှင်ပင် ထိုသူ့အတွက် နေရာ တခု အသင့် ရှိသွားပြီဖြစ်သည်။ ထို နေရာ ဟူသည်ကို မည်သူမျှ အလိုအလျောက်မရ။ မိမိလမ်းကြောင်း ကိုသိမြင်ကာ အခွင့်အရေးကြုံလာလျှင် အရယူရန် မိမိကိုယ်ကို အသင့်ပြင်ဆင်ပြီးဖြစ်မှသာ သေချာ

သွားမည်ဖြစ်သည်။

အာခတ်၏ သူငယ်ချင်းများထဲမှ သဘောပေါက်သွားသောပုဂ္ဂိုလ်

တချို့သည် နောက်ပိုင်း၌

လည်း အာခတ်ထံ မကြာခဏ ရောက်လာတတ်သည်။ အာခတ်ကသူတို့အား အမြဲ လိုက်လဲပြုံးရွှင်စွာ ကြိုဆိုသည်။ သူတို့နှင့် တိုင်ပင်နှီးနှောသည်။ အတွေ့အကြုံ များပြားလှသူတို့ ထုံးစံအတိုင်း သူ့ပညာ ဗဟုသုတ သူ့ဉာဏ်အမြော်အမြင်များကို ရက်ရက်ရောရော ဖွင့်ဟဖြန့်ချိသည်။ သူငယ်ချင်းတို့၏ စုဆောင်းငွေများကို အကျိုးအမြတ်ရှိပြီး စိတ်လုံချရသည့်

လုပ်ငန်းကိုင်ငန်းများထဲတွင် ရင်းနှီးမြှုတ်နှံ ဖြစ်အောင် ကူညီဆောင်ရွက်ပေးသည်။ အာခတ်နှင့်ပေါင်းသင်းရသဖြင့် သူတို့အကျိုးကျေးဇူးများစွာ ခံစားကြရသည်။

စစ်စစ်၊ ၎င်းသူငယ်ချင်းများ၏ဘဝမှာ အာခတ်နေအိမ်သို့ ပထမဆုံးအကြိမ် သွားရောက်မေးမြန်းသောနေ့က စတင်ကြားသိရသည့် အရေးကြီးဆုံး စကားတခွန်းကြောင့်ပင် ပြောင်းလဲသွားခဲ့ခြင်း ဖြစ်သည်။ ၎င်းတို့အား အကောင်းဘက်သို့ ပြောင်းလဲသွားစေခဲ့သည့် ထိုစကားကား၊ အယ်လဂါမစ်ထံ မှ အာခတ်သို့၊ အာခတ်မှတစ်ဖန် ၎င်းတို့ထံသို့ လက်ဆင့်ကမ်းခဲ့သည့် "ငါရသည့်ဝင်ငွေ၏ တစိတ် တပိုင်းသည် ငါ့အတွက်ကိုယ်ပိုင်ဥစ္စာဖြစ်စေရမည်" ဟူသောစကားပင်တည်း။

# အခန်း( ၃ )

## ပိန်ကျုံသော အသပြာအိတ်
## ပြည့်တင်းလာစေမည့် နည်းလမ်းခုနစ်သွယ်

ဘောဘီလုံ၏ ခမ်းနားကြီးကျယ်ပုံ ဂုဏ်သတင်းသည် ယနေ့ခေတ်သို့တိုင် ပျံ့နှံ့ကျော်ကြားခဲ့ ၏။ မြို့တကာမြို့တို့တွင် အချမ်းသာ အကြွယ်ဝဆုံး မြို့အဖြစ် ခေတ်အဆက်ဆက် ပြောစမှတ်ပြုခဲ့ သည်။ ဘောဘီလုံ၏ ဓနဉစ္စာတို့သည် အံ့ချီးမကုန်အောင်ရှိခဲ့သည်။

သို့သော် အမှန်စင်စစ် ဘောဘီလုံသည် အစဉ်မပြတ် ကြွယ်ဝချမ်းသာနေသည်ကား မဟုတ်ပေ။ ဘောဘီလုံ၏ ကြွယ်ဝမှုသည် သူ့မြို့သား နိုင်ငံသားတို့ ဓနဉစ္စာ ကြွယ်ဝခြင်းကြောင့်သာဖြစ်သည်။ ချမ်းသာကြွယ်ဝမလာမီကမူ သည်ပုဂ္ဂိုလ်များသည်လည်း ဓနဉစ္စာ ရှာဖွေရေး နည်းပညာများ လေ့လာ သင်ကြားခဲ့ ကြရပေသည်။

တရံရောအခါက ဘောဘီလုံတွင်ဆာဂွန်ဘုရင်စိုးစံသည်။ ဆာဂွန်သည် ပြည်သူများကို ရင်ဝယ် သားကဲ့သို့ ချစ်ခင်သည့် တရားသောမင်းဖြစ်သည်။ ဆာဂွန်သည် ရန်သူတော် အီလန်မိုက်တို့အား တိုက်ခိုက်နှိမ်နင်းပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည့်အခါ အရေးကြီးသော အခြေအနေတစ်ရပ် နှင့် ကြုံတွေ့ရသည်။

ရွှေတိုက်စိုးဝန်ကြီးက သူ့အား ဤသို့ ရှင်းလင်းတင်ပြသည်။

'အရှင်မင်းကြီးလက်ထက် စော
စောပိုင်းကာလမှာ ဆည်မြောင်း ကန်မြောင်းတွေဖောက်၊ ဘုရားကျောင်းကန်ဗိမာန်တော်တွေ ဆောက် တာကြောင့် တိုင်းသူပြည်သား သူဆင်းရဲများ အလုပ်အကိုင်ရကြပြီး စားဝတ်နေရေး ပြေလည်ခဲ့ပါ တယ်၊ ဒါပေမယ့် အခုအခါ ဒီလုပ်ငန်းကြီးတွေ ပြီးစီးသွားပြီဖြစ်တဲ့အတွက် သာမန်လုပ်သားတွေ အလုပ်လက်မဲ့ ဖြစ်ကုန်ကြပါတယ်။ သူတို့မှာ ဝင်ငွေမရှိတဲ့အခါ ကုန်သည်ဈေးသည်တွေ အရောင်း အဝယ် ကျဆင်းခဲ့ပါတယ်၊ လယ်သမား ယာသမားတွေရဲ့ ထုတ်ကုန်ပစ္စည်းတွေလည်း ရောင်းမထွက် တော့ပါဘူး၊ ပြည်သူအများစုဟာ စားရေရိက္ခာ ဝယ်ယူဖို့တောင် မတတ်နိုင်လောက်အောင် ဆင်းရဲမွဲ
တေ နေကြပါတယ်။'

'တိုင်းပြည်တဝှမ်းလုံး ဖွံ့ဖြိုးတိုးတက်စေဖို့ ရွှေတိုက်တော်က
ထုတ်ယူသုံးစွဲခဲ့တဲ့ ဘဏ္ဍာတော်
ငွေတွေက ဘယ်သူတွေလက်ထဲ ရောက်ကုန်ကြလို့လဲ' လို့ ဘုရင်မင်းမြတ်က မေးသည်။

'မြို့တော်မှာရှိတဲ့ ချမ်းသာသူ လူတစုရဲ့လက်ထဲ
ရောက်သွားပါတယ်ဘုရား၊ နို့စစ်ပိတ်ပါးထဲ
က နို့ရည်တွေ စီးယိုကျသွားသလို တိုင်းသူပြည်သား လူအများရဲ့ လက်ထဲကိုရောက်ခဲ့တဲ့ ရွှေစငွေစ တွေဟာ သူတို့လက်ကြားတွေကထွက်ကျပြီး သူကြွယ်တစုဆီမှာ သွားစုဝေးနေကြပါတယ်၊ အခုတော့ ရွှေတိုက်တော်က ရွှေစငွေစ စီးထွက်မှု ရပ်တန့်သွားတာကြောင့် အများပြည်သူတွေမှာ တခဏကိုင်
ထားဖို့တောင် ဘာရွှေတိုငွေစမှ မရှိကြတော့ပါဘူး။'

ရွှေတိုက်စိုး၏ လျှောက်တင်စကားကို နားထောင်ကာ
ဘုရင်မင်းကြီးအတန်ကြာ ငေးငိုင်တွေဝေ
သွားသည်။ သည့်နောက် သူမေးသည်။ 'ဘာကြောင့် ဒီလူတစုက
ဓနဥစ္စာအားလုံး သိမ်းကျုံးရယူ
သွားနိုင်ကြတာလဲ'

'သူတို့က နည်းလမ်းသိကြလို့ပါ၊ အရှင်မင်းကြီး'

ရွှေတိုက်စိုးကြီးကဖြေသည်။ ‘သူတို့ဘာသာ
နည်းလမ်းသိကြ လုပ်တတ်ကိုင်တတ်ကြလို့ အောင်မြင်တာကို အပြစ်တင်လို့တော့ မဖြစ်ဘူးပေါ့၊ သူ့ ဘာသာ တရားသဖြင့်ရှာဖွေရရှိထားတာ ဖြစ်လေတော့ သူ့ဆီကဥစ္စာကိုသိမ်းယူပြီး မရှာတတ်မဖွေတတ်
လို့ မရကြတဲ့ အခြားပုဂ္ဂိုလ်များဆီ ခွဲဝေပေးဖို့ဆိုတာလည်း
မလုပ်သင့်တဲ့ကိစ္စ ဖြစ်နေတယ်’

‘ဒီလိုဆိုရင် စီးပွားဥစ္စာမရှာတတ်တဲ့ လူတွေကို
ရှာတတ်ဖွေတတ်လာအောင် သင်ကြားပေးဖို့
ကော မဖြစ်နိုင်ဘူးလား၊ နည်းလမ်းသိသွားပြီဆိုတဲ့အခါမှာ သူတို့ဘာသာ
ချမ်းသာကြွယ်ဝလာအောင်
ရှာကြလိမ့်မပေါ့’ ရှင်ဘုရင်ကဆိုသည်။

‘ဒါတော့ အများကြီးဖြစ်နိုင်ပါတယ် အရှင်မင်းကြီး၊ ဒါပေမယ့်သူတို့ကို
ဘယ်သူက သင်ပေး
မှာတုန်း၊ အသိပညာတွေ သင်ကြားပို့ချနေကြတဲ့ ဆရာဘုန်းကြီးတွေလည်း
ငွေရှာတဲ့အတတ်ကိုတော့
မတတ်ကြဘူး’
‘ဒါဖြင့် ဒီမြို့မှာ ငွေရှာတတ်တဲ့အလုပ်ကို အကျွမ်းကျင်ဆုံးပုဂ္ဂိုလ်ဟာ
ဘယ်သူလဲ၊ အဲဒီလူကို ရှာပေါ့ ရွှေတိုက်စိုးကြီးရဲ့။’

မင်းကြီး‘မှန်ပါ ငွေရှာအကျွမ်းကျင်ဆုံး ပုဂ္ဂိုလ်ကတော့ အချမ်းသာဆုံး
’ ပုဂ္ဂိုလ်ထဲကဖြစ်ရမှာဘဲ အရှင်
‘အေးလေ ဒါဆိုရှင်းနေပြီဘဲ၊ အာခတ်ပဲပေါ့၊ ဘေဘီလုံမှာ
အချမ်းသာဆုံးပုဂ္ဂိုလ်ဟာ အာခတ် မဟုတ်လား၊ မနက်ဖြန် အာခတ်ကို
နန်းတော်ခေါ်လိုက်ပါ။’
နောက်နေ့၌ ဘုရင့်အမိန့်တော်အတိုင်း ရွှေနန်းတော်သို့
အာခတ်ရောက်လာသည်။ အာခတ်က အသက် (၇၀) ရှိပြီ။ သို့သော်
အရွယ်နှင့်မလိုက်အောင် ကျန်းမာရွှင်လန်းဆဲဖြစ်သည်။ ခါးပင်
နည်းနည်းလေးမှမကိုင်းသေး
သည် ‘အာခတ် မင်းဟာ ဘေဘီလုံမှာ အချမ်းသာဆုံးပုဂ္ဂိုလ်ဆိုတာ
။ အမှန်ဘဲလား’ ရှင်ဘုရင်ကမေး
တာပ ‘ဒီလိုပဲ ပြောဆိုနေကြပါတယ် အရှင်မင်းကြီး’
ါ’ ‘မင်းဘယ်လိုနည်းနဲ့ ချမ်းသာလာခဲ့တာလဲ’
မှန်ပါ၊ ဘေဘီလုံမြို့တော်မှာ လူတိုင်းရယူနိုင်တဲ့ အခွင့်အရေးတွေကို

‘နဂိုမူလက မင်းမှာ ဘာမှမရှိဘူးပေါ့’
‘အလွန်ပြင်းပြတဲ့ ချမ်းသာချင်စိတ် တခုဘဲရှိခဲ့ပါတယ်၊ ဒီ့အပြင်တော့ ဘာမှမရှိပါဘူး’
အာခတ် တို့နေပြည်တော်ကြီးဟာ ဒီကနေ့ မသာမယာဖြစ်နေတယ်၊ အရင်းကတော့ အများပြည်သူတွေ အကြံဉာဏ်မရှိလို့ ဆင်းရဲမွဲတေနေတယ်၊ ဓနဥစ္စာ ရှာတတ်တဲ့ လူတစ်စုကဘဲ ရှိသမျှ ဓနငွေကြေးတွေကို လက်ဝါးကြီးအုပ် သိမ်းချုပ်ပြီး ချမ်းသာနေကြတယ်၊ ငါကိုယ်တော်မြတ်ရဲ့ ဆန္ဒက ဘေဘီလုံဟာ ဒီကမ္ဘာမှာ အချမ်းသာ အကြွယ်ဝဆုံးမြို့တော်ကြီး ဖြစ်စေချင်တယ်၊ အဲဒီလိုဖြစ်ဖို့အတွက် မြို့မှာ ချမ်းသာကြွယ်ဝတဲ့ပုဂ္ဂိုလ်တွေ အခုထက်မက အများကြီးရှိရ မယ်၊ ဒီလိုရှိလာအောင် မြို့ကပုဂ္ဂိုလ်တွေကို ငွေရှာနည်း အတတ်ပညာတွေ တို့ သင်ကြားပေးရလိမ့် မယ်၊ ဒီမှာအာခတ် ချမ်းသာကြွယ်ဝလာအောင် လုပ်တဲ့နည်းလမ်းတွေဆိုတာ တကယ်ရှိသလား၊ အဲဒါ တွေ သင်ကြားပေးလို့ကော ရနိုင်သလား’

‘နည်းလမ်းတွေက တကယ်ရှိပါတယ် အရှင်မင်းကြီး၊ ပြီးတော့ လူတယောက် တတ်ထားတဲ့ ပညာဆိုတာလည်း တခြားလူကို သင်ကြားပေးလို့ ရစမြဲပါ၊’

ရှင်ဘုရင်မျက်နှာက တောက်ပကြည်လင်သွားသည်။ ‘အာခတ်၊ ငါကြားချင်တဲ့စကားကို မင်း ပြောလိုက်တာပဲ၊ တိုင်းပြည်ရဲ့အရေးကိစ္စမှာ မင်းပါဝင်ထမ်းရွက်မယ်ပေါ့၊ ကောင်းတယ်၊ ပထမဦးဆုံး

ကျောင်းဆရာတစုကို ခေါ်လိုက်မယ်၊ မင်းရဲ့အတတ်ပညာတွေကို သူတို့ကို အရင်သင်ပေးပါ၊ သူတို့
ကမှတဆင့် နောက်ထပ် သင်တန်းတွေ ဆင့်ကဲဆင့်ကဲ ပေးသွားကြလိမ့်မယ်၊ ငါ့နိုင်ငံတော်မှာ အသိ
ဉာဏ်ပညာရှိသူ၊ စိတ်အားထက်သန်သူ မှန်သမျှ ဒီပညာ သင်ခွင့်ရကြဖို့ ငါလိုလားတယ်'

အာခတ်က ရှင်ဘုရင်အား အရိုအသေပြုခစားရင်း ဆက်လက်လျှောက်တင်သည်။ 'အရှင်မင်း ကြီးရဲ့ အမိန့်တော်မြတ်အတိုင်း ထမ်းရွက်ပေးဖို့ အသင့်ပါဘုရား၊ ကျွန်တော်မျိုးမှာရှိတဲ့ ခနဥ္စာ ရှာ ဖွေနည်း အတတ်ပညာတွေကို ကိုယ့်နိုင်ငံသား ညီနောင်သားချင်းများရဲ့ ဘဝအဆင့်မြင့်မားရေးနဲ့ အရှင်မင်းမြတ် ဘုန်းကျက်သရေ တိုးတက်ရေးအတွက် ဝမ်းမြောက်ဝမ်းသာ ဖြန့်ချိဝေငှပါမယ်၊ ရွှေတိုက်စိုးကြီးကိုသာ ကျွန်တော်မျိုးအတွက် သင်တန်းသားတရာနဲ့ ခန်းမတစ်ခုစီစဉ်ပေးဖို့ မိန့်ကြား
ပေးတော်မူပါ၊ တရံရောအခါက ဘေဘီလုံမှာ အပိန်ကြုံဖြစ်တဲ့
ကျွန်တော်မျိုးရဲ့ ငွေအသပြာအိတ်ကို
ဖောင်းတင်း ပြည့်ကားလာအောင် လုပ်ဆောင်ခဲ့တဲ့ နည်းလမ်းခုနစ်သွယ်ကို
သင်ကြားပြသပေးပါ့မယ်'

နောက်ရက်သတ္တနှစ်ပတ်ခန့် ကြာသည့်အခါ ဘုရင်မင်းမြတ်၏ အမိန့်တော်အတိုင်း ဆရာ အာခတ် သင်ကြားပို့ချမည့် ခနသင်တန်းကို အထူးရွေးချယ်ထားသော သင်တန်းသားတရာဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။ နေရာက ဘေဘီလုံပညာဗိမာန် အဆောက်အဦးရှိ ခန်းမကြီးတစ်ခုထဲတွင် ဖြစ် သည်။

စက်ဝိုင်းခြမ်းပုံ ခုံတန်းများမှာ နေရာယူထားကြသည့်
ခနသင်တန်းသားများရှေ့တွင် အာခတ် ထိုင်လျှက်ရှိပြီ။ သူ့အနီး
ခုံမြင့်တစ်လုံးပေါ်တွင် အမွှေးနံ့သာများ ပူဇော်ထွန်းညှိထားသည့် မီးခွက်
ကလေးတစ်ခုမှ မီးခိုးငွေ့များ လွင့်ပျံ့လျက်ရှိသည်။

'အဲဒါ ဘေဘီလုံမှာ အချမ်းသာဆုံးဆိုတဲ့ပုဂ္ဂိုလ်ပဲကွ'

သင်တန်းသားတယောက်က အနီးရှိ

အဖော်အား တီးတိုးပြောနေသည်။ 'ရုပ်ရည်ကတော့ တို့တတွေနဲ့ဘာမှ မခြားနားဘူး'

ထိုစဉ်ပဲ အာခတ် သူ့နေရာမှထလာပြီး စကားစတင်သည်။ 'ဘုရင်မင်းမြတ်ရဲ့ သစ္စာရှိ ကျေးကျွန်ပီသစွာ ကျွန်တော် ဒီနေရာကိုလာပြီး တာဝန်ထမ်းဆောင်ခြင်း ဖြစ်ပါတယ်၊ ကျွန်တော် ငယ်စဉ်က ဆင်းရဲပါတယ်၊ သို့သော် ချမ်းသာချင်တဲ့ဆန္ဒတော့ အင်မတန်ပြင်းပြခဲ့တယ်၊ အဲဒီနောက်မှာတော့ ချမ်းသာကြွယ်ဝ လာအောင် လုပ်ဆောင်နိုင်မယ့် နည်းလမ်းကောင်းတွေ အသိပညာတွေ ကျွန်တော်ရရှိပြီး တကယ်လည်း ချမ်းသာအောင် ကြိုးစားလုပ်ကိုင်နိုင်ခဲ့ပါတယ်၊ အခုဘုရင်မင်းမြတ်က ကျွန်တော်ရဲ့ အဲဒီအသိပညာတွေ နည်းနာတွေကို ခင်ဗျားတို့ဆီ ဖြန့်ချီပေးပါလို့ အမိန့်တော်ရှိထားပါ တယ်၊

'ဒီနေရာမှာ ဦးစွာပထမ ပြောချင်တာက ကျွန်တော် စီးပွားဥစ္စာတွေကို အရိုးသားဆုံး အကျိုး နွံဆုံးနည်းလမ်းမျိုးနဲ့ ရှာခဲ့ခြင်းဖြစ်ပါတယ် ဆိုတဲ့အချက်ပါ၊ ခင်ဗျားတို့အပါအဝင် ဘယ်ဘေဘီလုံမြို့ သားထက်မှ ကျွန်တော် အခွင့်အရေးတစုံတရာ ပိုမရခဲ့ပါဘူး၊ ကျွန်တော်ရဲ့ ဓနဥစ္စာတွေကို သိုလှောင် ခဲ့တဲ့ ပထမဆုံးဘဏ္ဍာတိုက်က ပိုက်ဆံအိတ်ဟောင်းတခုပါ၊ အဲဒီပိုက်ဆံအိတ်ဟာ အမြဲဟောင်းလောင်း

ဖြစ်နေတော့ ဒီအိတ်ကို ကျွန်တော်စိတ်ညစ်ပါတယ်၊ ဒီအိတ်ကြီး ဘယ်တော့ဖောင်းလာမလဲ၊ ဒီအိတ်ထဲ က ရွှေသံတချွင်ချွင် ဘယ်တော့ကြားရမလဲ၊ ကျွန်တော်အမြဲတမ်းတတယ်၊ ပိန်နေတဲ့အသပြာအိတ် တအိတ် ဖောင်းတင်းလာစေမယ့် ဘယ်လိုနည်းလမ်းတွေရှိသလဲ ကျွန်တော်အမြဲလိုက်ရှာတယ်၊ အဲဒီလို ရှာရင်းနဲ့ နောက်ဆုံးမှာ ကျွန်တော် စုစုပေါင်း နည်းလမ်းခုနှစ်သွယ် သွားတွေ့ပါတယ်'

'အခု ကျွန်တော်ရှေ့မှာ စုဝေးရောက်ရှိနေတဲ့ ခင်ဗျားတို့ကို ဒီနည်းလမ်းတွေ ကျွန်တော်တင်ပြ မယ်၊ ဓနဥစ္စာ ရှာဖွေလိုတဲ့ ဘယ်ပုဂ္ဂိုလ်မဆို အသုံးပြုနိုင်တဲ့ နည်းလမ်းတွေပါ၊ နည်းလမ်းခုနှစ်သွယ် ကို တနေ့ နည်းလမ်းတစ်သွယ်စီ ကျွန်တော်ခုနှစ်ရက်တိတိ ဆက်တိုက် ရှင်းပြသွားပါမယ်၊ ဂရုစိုက် နားထောင်ပေးကြပါ၊ ပြီးတော့ ကျွန်တော်ကို ငြင်းခုံဝေဖန်ပါ၊ ခင်ဗျားတို့အချင်းချင်းလည်း ဆွေးနွေး ကြပါ၊ ဒီသင်ခန်းစာတွေ နည်းလမ်းတွေကို ကျေကျေညက်ညက် နားလည်သွားပြီဆိုရင် ခင်ဗျားတို့ အသပြာအိတ်ထဲမှာ ဓနမျိုးစေ့တွေ ချမိပြီပဲ၊ ဒီသင်ခန်းစာတွေ ရပြီးတဲ့နောက် ခင်ဗျားတို့ကိုယ်တိုင် ဒီနည်းနာတွေကို ကျွမ်းကျင်လိမ္မာစွာ အသုံးချပြီး ဓနဥစ္စာတွေ တဖြည်းဖြည်း စုဝေးမိအောင် လုပ် ဆောင်ကြပါ၊ ကိုယ်တိုင် ကျင့်သုံး အောင်မြင်ပြီဆိုမှ ခင်ဗျားတို့ဟာ သူတပါးကို ချမ်းသာကြွယ်ဝ ရေးနည်းလမ်းတွေ ဖြန့်ဖြူးပေးဝေဖို့ အဆင်သင့်ဖြစ်လိမ့်မယ်၊'

'အဲဒီတော့ ပထမဆုံး ကျွန်တော် ခင်ဗျားတို့အိတ်တွေ ဖောင်းလာစေမယ့် နည်းလမ်းတွေကို အရိုးစင်း အရှင်းလင်းဆုံး ပြောပါ့မယ်၊ ဒါက တကယ်ကြီးကျယ်တဲ့ ဓနဗိမာန်ကြီး တည်ဆောက်ဖို့ အတွက် အခြေခံအုတ်မြစ်ပါ၊ အခြေခံအုတ်မြစ်ခိုင်မာမှ အပေါ်ကို ဆက်တက်လို့ ရပါလိမ့်မယ်၊ အဲဒီအခြေခံ အုတ်မြစ် အတွက် ပထမဆုံးအုတ်ချပ်၊

သို့မဟုတ်

ပိန်ကြုံသော ပိုက်ဆံအိတ် ဖောင်းတင်းလာစေရေးအတွက် ပထမဆုံး နည်းလမ်းက.......'

## အသပြာအိတ်ပြည့်တင်းလာစေမည့် အခြေခံ ပထမနည်းလမ်း

အာခတ်က ထိုင်ခုံဒုတိယတန်းတနေရာမှာ ထိုင်နေသည့် လေးနက်ပုံရသော ပုဂ္ဂိုလ်တယောက်

ကို အရင်ဆုံး လှမ်းမေးသည် 'သူငယ်ချင်း၊ ခင်ဗျားဘာအလုပ် လုပ်သလဲ'

'ကျွန်တော်စာကူးစာရေးပါ၊ ရွှံ့စေးပြာတွေမှာ စာထွင်းတဲ့အလုပ်ကို လုပ်ပါတယ်'

'ဟာ အဲဒါကျွန်တော်ပထမဆုံး လုပ်ခဲ့ဘူးတဲ့အလုပ်ပဲ၊ ဒါဆို ခင်ဗျားမှာ ချမ်းသာဖို့အခွင့် အလမ်းဟာ ကျွန်တော်နဲ့ အတူတူလောက်ရှိတယ်'

နောက်ဘက်ပိုင်းတနေရာရှိ မျက်နှာနီနီနှင့် လူတယောက်ကို

အာခတ်မေးပြန်သည်။ 'ခင်ဗျားကော စားဝတ်နေရေး အတွက်

ဘာအလုပ်လုပ်သလဲဗျာ’

‘ကျွန်တော် သားသတ်လုပ်ငန်း လုပ်ပါတယ်၊ ဆိတ်မွေးတဲ့လူတွေဆီက ဆိတ်တွေဝယ်ပြီး အသားကို အိမ်ရှင်မတွေဆီ ရောင်းတယ်၊ သားရေကို ဖိနပ်ချုပ်သမားတွေဆီ သွားသွင်းရပါတယ်’

'ခင်ဗျားအလုပ်ကလည်း ဝင်ငွေရတဲ့အလုပ်ဆိုတော့ ကျွန်တော့်နည်းတူ ချမ်းသာကြွယ်ဝနိုင်တဲ့ အခွင့်အရေးရှိပါတယ်'

ထိုနည်းၚင်းပင် အာခတ် အခြားသော သူများကိုလည်း တယောက်ပြီးတစ်ယောက် ဆက်၍ မေးသည်၊ မေးမြန်းပြီး သည့်အခါ၌ သူက စကားစတင်သည်။

'ကဲတပည့်တို့၊ လောကကြီးမှာ လူတွေဝင်ငွေရရှိနိုင်တဲ့ နည်းလမ်းတွေ ဘယ်လောက် ပေါများ လဲဆိုတာ အခုခင်ဗျားတို့ မြင်တွေ့ခဲ့ရပြီ၊ အဲဒီနည်းလမ်း သို့မဟုတ် လုပ်ငန်းမှန်သမျှဟာ လူတွေဆီ ကို စမ်းရေစီးသလို စီးဆင်းလာနေတဲ့ ရွှေဒင်္ဂါးတန်း ငွေဒင်္ဂါးတန်းတွေပဲ၊ အလုပ်လုပ်တဲ့ လူတိုင်းဟာ ဒီစီးကြောင်းထဲက အသပြာကို ကိုယ့်အိတ်ထဲ မြောင်းသွယ်လို့ရသလောက် သွယ်ယူနေကြတဲ့ သဘော ပါပဲ၊ တနည်း ပြောရရင် အလုပ်လုပ်တဲ့လူတိုင်းရဲ့ ပိုက်ဆံအိတ်ထဲကို အသပြာစီးကြောင်းတခု မပြတ်စီးဝင်နေတယ်လို့ ကျွန်တော်တို့မြင်နိုင်တယ်၊ ဟုတ်တယ်မလား'

သင်တန်းသားအားလုံးက ဟုတ်ကြောင်းဖြေကြသည်။

'ကောင်းပြီ၊ လူတိုင်းမှာ အသပြာစီးကြောင်းတစ်ခုရှိတယ်ဆိုရင် ချမ်းသာချင်တဲ့ လူတယောက် ဟာ သူ့မှာရှိပြီးသား ခိုင်မာပြီးသားဖြစ်တဲ့ အဲဒီဝင်ငွေစီးကြောင်းကိုပဲ အခြေခံပြီး မကြံစည် မကြိုးစား သင့်ဘူးလား'

သည်အချက်ကိုလည်း သင်တန်းသားများ သဘောတူညီကြသည်။

သည်နောက် အာခတ်က ကြက်ဥကုန်သည်ဟုဆိုသော ပုဂ္ဂိုလ်အားမေးသည်၊ 'ခင်ဗျား ကြက်ဥ တောင်းတလုံးထဲကို နေ့စဉ် မနက်ပိုင်းမှာ ကြက်ဥဆယ်လုံးထည့်မယ်၊ ညနေပိုင်းမှာ ကိုးလုံးပြန် ထုတ်ယူမယ် ဆိုပါတော့၊ ကြာရင်ဘာဖြစ်လာမလဲ'

'တောင်းထဲမှာကြက်ဥတွေပြည့်လာမှာ

ပေါ့'

'ဘာကြောင့်လဲ'

'နေ့တိုင်း ဒီတောင်းထဲကို ကြက်ဥတစ်လုံးစီ ဖြည့်ပေးသလို ဖြစ်နေတာကိုး' သည်အခါ အာခတ်က အတန်းသာများအားလုံးကို ပြုံး၍ကြည့်ပြီးပြောသည်။

'ခင်ဗျားတို့အထဲမှာ ပိုက်ဆံအိတ်ပိန်နေတဲ့ လူတွေရှိသလား'

ပထမ သူတို့ပြုံးသည်။ ထို့နောက်ရယ်ကြသည်၊ အဲသည်နောက်မှာ ပြားချပ်နေသော သူတို့ ပိုက်ဆံအိတ်တွေကို ဖော့ရမ်းပြကြသည်။

'ဟုတ်ပြီ၊ အခုကျွန်တော် ခင်ဗျားတို့ကို အဲဒီပိန်နေတဲ့ပိတ်ဆံအိတ်တွေကို ပြည့်ဝလာစေမယ့် ဆေးနည်းတခုပေးမယ်၊ အဲဒါကဘာလဲဆိုတော့ စောစောကကြက်ဥကုန်သည်ကို ကျွန်တော်ပြောခဲ့တဲ့ အတိုင်းလုပ်ဖို့ပဲ၊ ခင်ဗျားတို့ ပိုက်ဆံအိတ်ထဲကို ပိုက်ဆံဆယ်ပြားဝင်ရင် ကိုးပြားကိုထုတ်သုံးပါ။

တပြားကိုချန်ထားပါ၊ အဲဒီနည်းစနစ်ကို စတင်ကျင့်သုံးတာနဲ့ တပြိုင်နက် ခင်ဗျားတို့ပိုက်ဆံအိတ်တွေ ဖောင်းစပြု လာပါလိမ့်မယ်၊ အိတ်ထဲမှာ ရွှေစငွေစတွေနဲ့ လေးလံလာတာနဲ့အမျှ ခင်ဗျားတို့ စိတ်ချမ်း သာမှု ရလာလိမ့်မယ်၊ ကိုယ့်ကိုယ်ကို ကျေနပ်အားရမှု ရှိလာကြလိမ့်မယ်၊

'ကျွန်တော်ပြောတဲ့ နည်းလမ်းတွေက လွယ်ကူလွန်းအားကြီးတဲ့အတွက် ခင်ဗျားတို့ အထင် မသေးကြပါနဲ့၊ မလှောင်ကြ မရယ်ကြပါနဲ့၊ အမှန်တရားဆိုတာတွေဟာ အမြဲတမ်း အဲသလိုရိုးစင်း တယ်၊ ရှင်းလင်း လွယ်ကူတယ်၊ ခင်ဗျားတို့ကို ကျွန်တော် ဘယ်ပုံဘယ်နည်း ချမ်းသာခဲ့တယ်ဆိုတဲ့ အကြောင်း ပြောပြမယ်လို့ ကတိပေးခဲ့တယ်၊ ချမ်းသာဖို့အတွက် ကျွန်တော်ပထမဆုံး စတင်ခဲ့တာ ဒီနည်းလမ်းပဲ၊ နဂိုတုန်းက ကျွန်တော်ပိုက်ဆံအိတ်လည်း ပိန်ကပ်ပြားချပ်နေခဲ့တာပေါ့၊ ကျွန်တော့် အလိုဆန္ဒတွေ ဘာတခုမှ ဖြည့်ဆည်းမပေးနိုင်ခဲ့တဲ့ အဲဒီအိတ်ကြီးကို ကျွန်တော်အမြဲ ကျိန်ဆဲနေ ခဲ့တာ၊ ဒါပေမယ့် အဲဒီအိတ်ထဲကို ပိုက်ဆံ ဆယ်ပြားထည့်ပြီးရင် ကိုးပြားပဲ ထုတ်သုံးစွဲတဲ့စနစ်ကို လက်တွေ့ ကျင့်သုံးတတ်လာပြီးတဲ့နောက်မှာ ကျွန်တော့်အိတ် တဖြည်းဖြည်း ဖောင်းလာခဲ့တယ်၊ ခင်ဗျားတို့လည်း အဲဒီအတိုင်း ကျင့်သုံးမယ်ဆိုရင် ကျွန်တော့်နည်းတူဖြစ်မှာပဲ။

'ဒီနေရာမှာ ထူးဆန်းတဲ့အချက်တခု ကျွန်တော်ပြောရဦးမယ်၊ ဘာကြောင့် ဒီလိုဖြစ်သလဲဆို တာတော့ ကျွန်တော်လည်းမသိဘူး၊ အဲဒါကဘာလဲဆိုတော့ အိတ်ထဲဝင်လာတဲ့ ဆယ်ပြားထဲက ကိုးပြားကိုသာ ထုတ်သုံးပေမယ့် ကျွန်တော် အရင်ကထက် အသုံးအစား ကျပ်မသွားတဲ့ အကြောင်းပါ၊ နဂိုမူလအနေအထိုင်ထက် လျော့ပါးမသွားဘူး၊ နောက်တချက်က ဒီနည်းစနစ်ကျင့်သုံးပြီး များမကြာမီ မှာဘဲ အိတ်ထဲကို ငွေကြေးတွေအရင်ထက် အလွယ်တကူဝင်လာတယ်၊ ဒါကတော့ ဘုရားသခင်ရဲ့ အလိုတော်ဘဲလို့ ကျွန်တော်ဆိုချင်တယ်၊ ရသမျှငွေကို ကုန်အောင်မသုံးဘူး၊ တစိတ်တပိုင်း ချန်ထား တတ် စုဆောင်းတတ်တယ်ဆိုတဲ့လူဆီကို ငွေတွေဟာ ရှောရှောရှူရှူ ဝင်လာလေ့ရှိတယ်၊ ဝင်သမျှငွေကို အကုန်သုံးတဲ့ ပိန်ကျုံသောအိတ်နဲ့

လူမျိုးကိုတော့ ရတနာ့ရွှေငွေတွေဟာ ရောင်ဖယ်သွားလေ့ရှိတယ်၊ ဒါ ကျွန်တော်ကိုယ်တွေ့ဘဲ၊’

‘အဲဒီတော့ ခင်ဗျားတို့ ဘယ်အရာကို လိုချင်တောင့်တကြမလဲ၊ စားကောင်းသောက်ဖွယ်တွေ၊ ဝတ်ကောင်းစားလှတွေ၊ အဆောင်အယောင် အဆင်တန်ဆာတွေ၊ တစ်ဒင်္ဂ တစ်ခဏသုံးပြီး ပျောက်ပျက်ကုန်ဆုံးသွားမယ့်ဟာတွေလား၊ ဒါမှမဟုတ် စိန်ရွှေ ရတနာ၊ မြေယာ၊ သိုး ဆိတ် ကျွဲ နွားနဲ့ တခြား ဝင်ငွေတိုးပွားမယ့်လုပ်ငန်း ရင်းနှီးမြှုပ်နှံမှုတွေလား၊ အိတ်ထဲက ထုတ်သုံးလိုက်တဲ့ ငွေတွေက ပထမ အမျိုးအစား လိုအင်ဆန္ဒတွေအတွက် ဖြစ်လိမ့်မယ်၊ အိတ်ထဲမှာ ကျန်ရစ်ခဲ့တဲ့ဟာတွေကတော့ ဒုတိယ အမျိုးအစား ပစ္စည်းတွေ ပိုင်ဆိုင်ရရှိစေလိမ့်မယ်’

‘ကျွန်တော်ပေးချင်တဲ့ ပထမသင်ခန်းစာက ဒါပါပဲ၊ ပိန်ကြုံနေတဲ့ ကျွန်တော့်အသပြာအိတ် ပြည့်တင်းလာအောင် အားဖြည့်ပေးခဲ့တဲ့ ပထမဆုံးဆေးညွှန်းက အိတ်ထဲထည့်လိုက်တဲ့ ပိုက်ဆံ

ဆယ်ပြားမှာ ကိုးပြားကိုပဲ သုံးတယ်ဆိုတဲ့ လေ့ကျင့်ခန်းပဲ၊ အဲဒီ အချက်မမှန်ဘူးလို့ ယူဆလို့ရှိရင် မနက်ဖြန်ကျတော့ ကျွန်တော့်ကိုပြောပါ၊ ကျွန်တော်တို့ထပ်ပြီး ဆွေးနွေးကြတာပေါ့၊ ဒီနေ့ အဘို့တော့ ဒါလောက်ပါပဲ။

## ဒုတိယနည်းလမ်း သို့မဟုတ် ငွေကြေးသုံးစွဲမှုနှင့် စပ်လျဉ်းသည့် အရေးကြီးသောနည်းနာတစ်ရပ်

'ခင်းဗျားတို့အထဲက တချို့ပုဂ္ဂိုလ်တွေ ကျွန်တော့်ကိုမေးပါတယ်၊ ကိုယ်ရတဲ့ဝင်ငွေအားလုံးသုံး တာတောင် လိုအပ်ချက်တွေမပြည့်စုံ နိုင်သေးတဲ့လူတယောက်နေနဲ့ ဝင်ငွေဆယ်ပုံတစ်ပုံကို ဘယ်လို စုဆောင်းနိုင်မှာလဲ' တဲ့။

ဒုတိယနေ့ သင်တန်းအစမှာ အာခတ်ကယင်းသို့ စကာအစပျိုးလိုက်သည်။

' ကဲခင်ဗျားတို့အထဲမှာ မနေ့တုန်းက ပိုက်ဆံအိတ်ပိန်နေတဲ့လူ

ဘယ်နှစ်ယောက်ရှိသလဲ ’ ‘အားလုံးပါပဲ’

သင်တန်းသားများဖြေကြသည်။

‘ဟုတ်ပြီ၊ အားလုံး ပိုက်ဆံအိတ်ပိန်ကြတယ်၊ ဒါပေမယ့် ရတဲ့ဝင်ငွေချင်းကျတော့ မတူကြဘူး မဟုတ်လား၊ တချို့က တခြားလူတွေထက် အများကြီးပိုရတယ်၊ ဒါပေမယ့် အဲဒီလိုဝင်ငွေတွေ မိသားစု အခြေအနေတွေ မတူတဲ့ကြားက အိတ်ထဲမှာပိုက်ဆံမကျန် တာချင်းကျတော့ တူနေကြတယ်၊ အဲဒါဘာကြောင့်လဲ၊ ဒီနေရာမှာ ငွေကြေးသုံးစွဲမှုနဲ့ ပတ်သက်တဲ့ သတိပြုစရာအချက်တခု ကျွန်တော်

ပြောချင်တယ်၊ ဒါကဘာလဲဆိုတော့ ကျွန်တော်တို့ကိုယ်ကိုကျွန်တော်တို့ ထိန်းချုပ်မှုမပြုဘူးဆိုရင် ကျွန်တော်တို့ရဲ့ မသုံးမဖြစ်ဆိုတဲ့ကိစ္စတွေအတွက် ကုန်ကျငွေဟာ တိုးတက်လာတဲ့ကျွန်တော်တို့ဝင်ငွေနဲ့ အမှီလိုက်ပြီး တက်နေမယ် ဆိုတဲ့အချက်ဘဲ'

'လိုအပ်ချက်နဲ့ အလိုဆန္ဒကို မရောထွေးကြစေချင်ဘူး၊ ဘယ်သူမဆို ဘယ်မိသားစုမဆို လို

အင်ဆန္ဒတွေက ကိုယ့်ဝင်ငွေအရ ဖြည့်စွမ်းနိုင်တာထက် ပိုနေတာချည်းပဲ၊ ဒါကြောင့်မို့ ကိုယ်ရှိတဲ့ငွေ

ကို ကုန်အောင်သုံးတဲ့တိုင် မပြည့်ဝနိုင်သေးတဲ့ လိုအင်ဆန္ဒတွေက ရှိမြဲရှိနေတာ၊'

'လူတိုင်းလူတိုင်းဟာ ကိုယ်ဖြည့်ဆည်းနိုင်စွမ်းရှိတာထက်ပိုပြီး ကြီးမားလေးလံတဲ့ အလိုဆန္ဒ ဝန်ထုပ်ဝန်ပိုးတွေကို ထမ်းပိုးထားရတယ်၊ ဥပမာ ကျွန်တော်ဆိုပါတော့၊ ဥစ္စာခနကြွယ်ဝတဲ့ပုဂ္ဂိုလ်အဖြစ် ခင်ဗျားတို့မြင်ကြတယ်၊ ဒါပေမယ့် အဲဒီလိုကြွယ်ဝတဲ့အတွက် ကျွန်တော့်မှာ လိုအင်ဆန္ဒမှန်သမျှ ပြည့်ဝနေပြီလို့ယူဆရင် ခင်ဗျားတို့မှားတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့မှာ အစစအရာရာ အကန့်အသတ်တွေ ရှိနေကြတာကိုး၊ ကျွန်တော့်မှာအချိန်က အကန့်အသတ်နဲ့ဘဲရှိတယ်၊ ခွန်အားလည်း အကန့်အသတ်နဲ့ပဲရှိတယ်၊ ခရီးသွားမယ်ဆိုရင်လည်း သွားနိုင်တဲ့အကွာအဝေး အကန့်အသတ်ရှိတယ်၊ စားတာမှာလည်း အကန့်အသတ်ရှိတယ်၊ တစုံတရာ ပျော်ရွှင်ခံစားမယ်ဆိုရင်လည်း အကန့်အသတ်ရှိ တယ်၊'

'လယ်သမားရဲ့ စိုက်ခင်းပြင်မှာ ကွက်လပ်ကျန်တဲ့ နေရာမှန်သမျှ အမြစ်တွယ်လို့ရတဲ့ နေရာ မှန်သမျှ ပေါင်းပင်တွေပေါက်ကြသလို လူတွေမှာလည်း ဖြစ်နိုင်ခွင့်အလားအလာ နည်းနည်းပါးပါးရှိတဲ့ အလိုဆန္ဒမှန်သမျှဟာ ပေါက်ဖွားရှင်သန်နေကြတာပဲ၊ ဒါပေမယ့် အဆမတန်များပြားတဲ့ အဲဒီဆန္ဒတွေ ထဲက အနည်းငယ်လောက်ကိုသာ ခင်ဗျားတို့ ခံစားနိုင်ကြတယ်၊ ပြည့်ဝနိုင်ကြတယ်၊'

'အဲဒီတော့ ကိုယ့်ရဲ့ နေထိုင်ပုံ အလေ့အထတွေကို သေသေချာချာ ဝေဖန်စီစစ်ကြစေချင်တယ်၊ အဲဒီလိုစီစစ်ခြင်းအားဖြင့် အရင်တုန်းက မသုံးရင်မဖြစ်ဘူးလို့ ခံယူခဲ့တဲ့ တချို့ကိစ္စတွေဟာ မသုံးရင် လည်းဖြစ်တယ်၊

ဒါမှမဟုတ် လျှော့သုံးလို့ရတယ်ဆိုတာ တွေ့လာလိမ့်မယ်၊ ကိုယ်သုံးစွဲလိုက်တဲ့ပိုက်ဆံ တပြားတိုင်းအတွက် တပြားဘိုး ပြည့်ပြည့်ဝဝ ရရှိစေဖို့ဆိုတာကို လက်စွဲဆောင်ပုဒ်အနေနဲ့ ထားဘို့လို တယ်၊

'အဲဒီတော့ ခင်ဗျားတို့ အလိုဆန္ဒရှိတဲ့အရာ၊ ပိုက်ဆံအကုန်အကျခံပြီး ဆောင်ရွက်ချင်တဲ့အရာ စာရင်းကို ရှေ့စေးစာချပ်မှာ ရေးထွင်းပါ၊ ပြီးရင် ဘယ်ဟာတွေကတော့ မလွဲမသွေလိုအပ်တယ်၊ ဘယ် ဟာတွေကတော့ ဝင်ငွေရဲ့ ဆယ်ပုံကိုးပုံဆိုတဲ့ သုံးစွဲခွင့် အကန့်အသတ်အတွင်း ဖြစ်နိုင်သေးရင် ဆောင်ရွက်မယ်၊ ဘယ်ဟာတွေကတော့ဖြင့် လောလောဆယ်ဘယ်နည်းနဲ့မှ မတတ်နိုင်ဘူး၊ ကိုယ်ဖြည့် ဆည်းနိုင်စွမ်းမရှိတဲ့ များလှစွာသော အခြားလိုအင်ဆန္ဒများစာရင်းထဲမှာပဲ အဲဒါတွေပါ ထည့်သွင်းပြီး မေ့မေ့ပျောက်ပျောက် နေလိုက်တော့မယ် စသဖြင့် သတ်မှတ်ရွေးချယ်လိုက်ပါ၊'

'အဲဒီနည်းအားဖြင့် ခင်ဗျားတို့ရဲ့ ဘတ်ဂျက်ကို စီမံခန့်ခွဲပါ၊ ဝင်ငွေရဲ့ ဆယ်ပုံတစ်ပုံကို လုံးဝ မတို့ပါနဲ့၊ အဲဒါသည် ခင်ဗျားတို့ပိုက်ဆံအိတ် ပြည့်တင်းလာစေရေးအတွက်ပဲ ဖြစ်ပါစေ၊ ပိုက်ဆံအိတ် ပြည့်တင်းလာစေရေးဆိုတာကလည်း ခင်းဗျားတို့ရဲ့ ကြီးမားတဲ့ လိုအင်ဆန္ဒတစ်ခုဖြစ်ပါစေ၊ ငွေကြေး သုံးစွဲမှုကို စောစောက ဘတ်ဂျက်ခွဲတမ်းချထားတဲ့ ဘောင်အတွင်းပဲ အမြဲရှိနေအောင် ထိန်းညှိဆောင် ရွက်ပါ။ အဲဒါသည်ပင် ခင်ဗျားတို့ရဲ့ ဖောင်းတင်းလာမယ့် ငွေအိတ်တွေ ပြန်လည်ပိန်ကျုံ့မသွားအောင် ထိန်းသိမ်းပေးမယ့် ပထမ အစောင့်အရှောက် ဖြစ်ပါစေ၊'

သည်အခိုက်မှာပင် သင်တန်းသားတစ်ဦး ထလာသည်၊ အနီရောင်နှင့် ရွှေရောင်ဝတ်ရုံကို ဆင် ယင်ထားသည့်ပုဂ္ဂိုလ်၊ သူကမေးသည်၊ 'ကျွန်တော်ဟာ လွတ်လပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ၊ ကျေးကျွန် မဟုတ်သူတစ်ဦးနေနဲ့ ကျွန်တော့်မှာ ဘဝရဲ့ သာယာချမ်းမြေ့စရာမှန်သမျှကို ခံစားပိုင်ခွင့်ရှိတယ်လို့ ယုံကြည်ပါတယ်၊ အကယ်၍ ဘတ်ဂျက်တစ်ခုရဲ့ ထိန်းချုပ်မှုအောက်မှာနေပြီး ကိုယ့်ငွေကိုယ် သုံးစွဲတဲ့ ကိစ္စကို သူစီမံညွှန်ကြားတဲ့အတိုင်း လိုက်နာဆောင်ရွက်နေရမယ်ဆိုရင် သူ့ဆီမှာကျွန်ခံနေသလိုဖြစ်မနေ ဘူးလား၊ သူ့ကြောင့်ကျွန်တော့်ဘဝမှာ စိတ်ချမ်းသာပျော်ရွှင်မှုတွေ အများကြီး ယုတ်လျော့သွားမှာပေါ့၊ ကျွန်တော့်အနေအထားက ဝန်ထုပ်တွေထမ်းပြီး ခရီးသွားနေတဲ့ ဝန်တင်လားတစ်ကောင်နဲ့ ဘာမှမခြား ဖြစ်သွားမှာပေါ့'

သူ့စကားအဆုံးတွင် အာခတ်ကမေးသည်။

'ခင်ဗျားရဲ့ဘတ်ဂျက်ကို ဘယ်သူက ရေးဆွဲမှာမို့လို့လဲ'

'ဒါတော့လည်း ကျွန်တော်ကိုယ်တိုင်ပဲ ရေးဆွဲရမှာပေါ့'

စောဒကတက်သူကဖြေသည်။

'ဟုတ်ပြီ၊ အဲဒီတော့ ခင်ဗျားပြောသလို ဝန်တင်လားပဲထားပါတော့၊ ဒီလားဟာ သူ့ကျောပေါ် တင်မယ့်ဝန်ထုပ်ကို သူကိုယ်တိုင် စီစဉ်ခွင့်ရှိမယ်ဆိုပါတော့၊ သူ့အတွက်အသုံးမဝင် အကျိုးမရှိတဲ့ အထည်အလိပ်တွေ ကော်ဇောတွေ သူတင်မလား၊ ဘယ်တင်ပါ့မလဲ၊ သဲကန္တာရခရီးအတွက် သူ့မှာလို အပ်မယ့် ကောက်ရိုးတို့ မြက်ခြောက်တို့တင်မယ်၊ တခြားစားနပ်ရိက္ခာတင်မယ်၊ သောက်ရေတင်မယ်၊

ဒါပဲပေါ့’

‘ဘတ်ဂျက်လို့ဆိုတဲ့ အဲဒီလို ငွေကြေးကို စနစ်တကျ ခန့်ခွဲသုံးစွဲမှုတစ်ခုရဲ့ ရည်ရွယ်ချက်က ကိုယ့်ပိုက်ဆံအိတ် ပိန်မသွားရေး၊ တစ်နေ့တခြား ပြည့်တင်းလာရေးပဲ၊ သူ့အလုပ်က ခင်ဗျားမှာ မဖြစ်မနေ လိုအပ်တဲ့ဟာတွေရယ်၊ တခြားအလိုဆန္ဒတွေထဲက ဖြစ်နိုင်သမျှရယ်ကို ရရှိအောင် အထောက် အကူပေးဖို့ဘဲ၊ တစ်နည်းပြောရရင် တကယ်တမ်း နှစ်နှစ်ကာကာမရှိတဲ့ တစ်ဒင်္ဂ အလိုဆန္ဒတွေကြောင့် ခင်ဗျားရဲ့ငွေကြေးစွမ်းအားတွေကုန်ခမ်းပြီး တကယ့်လိုအပ်ချက်တွေ၊ ထိုက်တန်တဲ့အလိုဆန္ဒတွေ မဖြည့်ဆည်းလိုက်ရတာမျိုးမဖြစ်အောင် ကာကွယ်ပေးဖို့အတွက် သူကရှိနေတာ၊ ဘတ်ဂျက်ဆိုတာ မှောင်နေတဲ့ဂူထဲကို ထိုးပြလိုက်တဲ့ အလင်းရောင်တစ်ခုပါပဲ၊ ခင်ဗျားပိုက်ဆံအိတ်ထဲက ငွေယိုပေါက်တွေကို သူ

ကပြလိမ့်မယ်၊ ယိုပေါက်တွေမြင်ရင် ပိတ်နိုင်ပြီပေါ့၊ တကယ်အကျိုးရှိမယ့် ကိစ္စရပ်တွေအတွက် ငွေကို စနစ်တကျသုံးစွဲတတ်ဖို့ သူကအထောက်အကူပေးလိမ့်မယ်’

‘အဲဒီတော့ ပိန်ကျုံနေတဲ့ပိုက်ဆံအိတ် ပြည့်တင်းလာအောင် ကုစားပေးမယ့် ဒုတိယဆေးနည်း ကတော့ အဲဒီဘတ်ဂျက်ပဲ၊ ငွေကြေးကို စနစ်တကျ ခန့်ခွဲသုံးစွဲခြင်းပဲ၊ ခင်ဗျားတို့မှာ မဖြစ်မနေ သုံးစွဲ ရမယ့်ကိစ္စတွေအတွက် ငွေကြေး သတ်သတ်မှတ်မှတ်ရှိဖို့၊ အဓိပ္ပါယ်ရှိသော အလိုဆန္ဒတွေ၊ လျော်ကပ်သော ချမ်းသာပျော်ရွှင်မှုတွေအတွက် အကုန်အကျခံနိုင်ဖို့ အဲဒီသုံးစွဲမှုနှစ်ရပ်ပေါင်းသည် ခင်ဗျား တို့ဝင်ငွေရဲ့ ဆယ်ပုံကိုးပုံဆိုတဲ့ ဘောင်အတွင်းမှာရှိဖို့ ဘတ်ဂျက်ကိုစီစဉ်ရေးဆွဲပါ၊ ပြီးတော့ အဲဒီ အတိုင်း လိုက်နာကျင့်သုံးပါ’

## တတိယ၊သင့်ဓနဉစ္စာကိုဆပွားတိုးအောင် ဆောင်ရွက်ပါ။

‘ခင်ဗျားတို့ ပိုက်ဆံအိတ်တွေ ပြည့်လာပြီ၊ ကိုယ်ရတဲ့ဝင်ငွေရဲ့ ဆယ်ပုံတစ်ပုံကို သိမ်းဆည်း တတ်တဲ့ အလေ့အထရလာပြီ၊ ငွေကိုစနစ်တကျ ခန့်ခွဲသုံးစွဲတတ်လာပြီဆိုတဲ့နောက်မှာ စုဆောင်းမိလာ တဲ့ငွေကို တိုးပွားအောင် ဘယ်လိုလုပ်ရမလဲ၊ သူ့ကို ဘယ်လို ခိုင်းစေရမလဲဆိုတာ တစ်ဆင့်တက် စဉ်းစားရလိမ့်မယ်၊ ငွေအိတ်ကလေး ပွတ်သက်ကြည့်နေရတာလည်း တမျိုးအရသာရှိတာ အမှန်ပေါ့၊ ဒါပေမယ့် မတိုးပွားဘူး၊ သူ့ကို့အရင်းတည်ပြီး ဓနဉစ္စာအစုအဝေးတစ်ခု တည်ဆောက်နိုင်ဖို့လိုတယ်’ တတိယနေ့၌ အာခတ်က သင်တန်းသားများကို ပြောကြားသည်။

‘ဘယ်လို တည်ဆောက်မလဲ၊ ဒီငွေကို ဘယ်လိုခိုင်းစေကြမလဲ၊ ကျွန်တော့်ရဲ့ ပထမဆုံး စုငွေ အထုပ်ကလေးကို ရင်းနှီးမြှုပ်နှံစဉ်ကတော့ ကံမကောင်းခဲ့ဘူး၊ အားလုံးရှုံးခဲ့တယ်၊ ဖြစ်ပျက်ပုံကို ကျွန် တော် နောက်တော့ ပြောပြပါမယ်၊ အဲဒီနောက်မှာ ဒိုင်းတွေလုပ်တဲ့ ကြေးသွန်းလုပ်ငန်းရှင် အဂ္ဂါနဲ့ အလုပ်လုပ်တော့ ပထမဆုံးအကြိမ်အဖြစ် ရင်းနှီးမြှုပ်နှံမှုက အကျိုးအမြတ် ခံစားရတယ်၊ အဂ္ဂါက နိုင်ငံခြားသင်္ဘောတွေနဲ့ ပါလာတဲ့ ကြေးဝါကုန်ကြမ်းတွေ သူ့လုပ်ငန်းအတွက် စုဆောင်းလေ့ရှိတယ်၊ ဒါပေမယ့် တစ်နှစ်စာတစ်ခါတည်းဝယ်ဖို့ ငွေအရင်းအနှီး မလုံလောက်ဘူး၊ အဲဒီတော့ ငွေပိုငွေလျှံရှိတဲ့ သူ့အသိမိတ်ဆွေတွေဆီကချေးတယ်၊ သူက

အင်မတန်ဖြောင့်မတ်တည်ကြည်တဲ့ပုဂ္ဂိုလ်၊ ဒိုင်းတွေလုပ်ပြီး ရောင်းရပြီးပြီဆိုတဲ့အခါကျတော့ ချေးငွေကိုအတိုးနဲ့တကွ မပျက်မကွက်ပြန်ဆပ်တယ်၊ အတိုးကလည်း တော်တော်ရက်ရက်ရောရောကိုပေးတာ၊

'နောက်တစ်ကြိမ် သူပိုက်ဆံချေးတဲ့အခါကျတော့ ကျွန်တော်က ပထမနှစ်ချေးလိုက်တဲ့ ငွေရင်း တင်မကဘူး၊ သူ့ဆီကရတဲ့ အတိုးငွေပါပေါင်းပြီး ချေးလိုက်တယ်၊ ဒီလိုနဲ့ ကျွန်တော်အရင်း အနှီးက တဖြည်းဖြည်း တက်လာတယ်၊ ဒီအပေါ်မှာရတဲ့ အကျိုးအမြတ်တွေကလည်း တိုးပွားလာတယ်၊ ရင်းနှီး

မြုပ်နှံလိုက်တဲ့ ငွေတွေ ကိုယ့်အိတ်ထဲပြန်ဝင်တဲ့အချိန်မှာ အရင်ကထက်တိုးတိုး လာတာ တွေ့ရတာ လောက် စိတ်ကျေနပ်စရာကောင်းတာမရှိဘူး၊'

'ခင်ဗျားတို့ကို ကျွန်တော်တစ်ခုပြောချင်တယ်၊ လူတစ်ယောက် ဘယ်လောက်ကြွယ်ဝသလဲဆို တာ လောလောဆယ် သူ့အိတ်ထဲ ပိုက်ဆံဘယ်လောက်ရှိသလဲဆိုတဲ့အပေါ် မူမတည်ဘူး၊ သူ့ဆီကို ငွေတွေဘယ်လောက်ဝင်နေသလဲ၊ သူ့အိတ်ကို မပြတ်ဖြည့်တင်းပေးနေမယ့် ဘယ်လိုစနစ်ီးကြောင်းမျိုး သူ့မှာ ရှိနေသလဲဆိုတာအပေါ် မူတည်တယ်၊ လူတိုင်းလိုလားအပ်တာ အဲဒါ၊ ခင်ဗျားတို့မှာရှိတာအဲဒါ၊ ကိုယ်အလုပ်လုပ်နေသည်ဖြစ်စေ၊ လည်ပတ်သွားလာနေသည်ဖြစ်စေ၊ သူ့အလိုလျောက် ကိုယ့်အိတ်ထဲကို ဝင်နေမယ့် ဝင်ငွေစီးကြောင်းတစ်ခုရှိရမယ်၊'

'အခု ကျွန်တော်ဆိုရင် အဲဒီလိုဝင်ငွေစီးကြောင်းမျိုး ကြီးကြီးမားမားရှိတယ်၊ ဝင်ငွေကြီးမားတဲ့ ကျွန်တော့်ကို လူချမ်းသာလို့ ခေါ်ကြတာ၊ အဂ္ဂါကိုငွေချေးခြင်းဟာ ကျွန်တော့်အဖို့ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်လို့ ပထမသင်တန်းဆင်းလိုက်ခြင်းပဲ၊ အဲဒီက အတွေ့အကြုံယူပြီး နောက်ပိုင်းမှာ တိုးပွား လာတဲ့ ငွေရင်းတွေကို ချေးငှားတာ ရင်းနှီးမြှုပ်နှံတာတွေ တဖြည်းဖြည်း ချဲ့ထွင်လုပ်ကိုင်လာတယ်၊ ကျွန်တော်အိတ်ထဲကို ရွှေငွေရတနာဝင်စေမယ့် နေရာဌာနတွေဟာ အစပထမပိုင်းမှာ တစ်ခုနှစ်ခုပဲရှိခဲ့ ရာက နောက်ပိုင်းကျတော့ အများအပြားဖြစ်လာတယ်။'

"အဲဒီတော့ စဉ်းစားကြည့်ပါ၊ ကျွန်တော့်လုပ်အားကရတဲ့ မများလှတဲ့ဝင်ငွေကလေးက အစ တည်ပြီး ကျွန်တော့်အတွက် ငွေရှာပေးမယ့် ကျေးကျွန်တွေ၊ ရွှေထွက်မယ့် ကျေးကျွန်တွေ ကျွန်တော် ဖန်တီးရရှိခဲ့တယ်၊ သူတို့က ကျွန်တော့်အတွက် အလုပ်အကျွေးပြုတယ်၊ သူတို့ရဲ့သားသမီးတွေ၊ သူတို့

သားသမီးတွေရဲ့ သားသမီးတွေအဆက်ဆက် ကျွန်တော့်အတွက်

အလုပ်လုပ်ကြတယ်၊ နောက်ဆုံးကျ

တော့ သူတို့အားလုံးရဲ့ စုပေါင်းလုပ်အားနဲ့ ကျွန်တော့မှာ

အခုလိုကြီးမားတဲ့ဝင်ငွေ ရရှိလာတာပဲ။"

"ခနဉစ္စာဆိုတာ ဝင်ငွေအသင့်အတင့်ရှိတဲ့ လုပ်ငန်းအရင်းအနှီးတစ်ခုဖြစ်သွားရင်ကို အလျင် အမြန် တိုးပွားလာတတ်တဲ့ သဘောရှိတယ်၊ ကျွန်တော် အဖြစ်အပျက်တစ်ခုပြောပြမယ်၊ တစ်ခါတုန်း က

လယ်သမားတစ်ယောက်မှာ သားကလေးတစ်ယောက် မွေးတော့ သူ့မှာအပိုအလျှံရှိတဲ့ ငွေဒင်္ဂါး ဆယ်ပြားကို ငွေတိုးချေးတဲ့လူဆီ သွားအပ်တယ်၊ ဒီငွေကိုငွေတိုးချေးတဲ့အထဲ ထည့်သုံးပေးပါ၊ သူ့သား အသက်နှစ်ဆယ်ပြည့်မှပဲ ပြန်ယူမယ်ပေါ့၊ ငွေချေးသမားက လက်ခံတယ်၊ လေးနှစ်ပြည့်တိုင်း ငွေရင်း ရဲ့ လေးပုံတစ်ပုံ အတိုးဖြစ်စေရမယ်လို့ ကတိပေးလိုက်တယ်၊ လယ်သမားကလည်း အတိုးငွေတွေပါ ချေးတဲ့အထဲ ထည့်သုံးဖို့ မှာထားခဲ့တယ်၊ သူ့သားအသက်နှစ်ဆယ်အရွယ်ရောက်တော့ လယ်သမားက ငွေချေးသမားဆီသွားပြီး အခြေအနေကိုစုံစမ်းတယ်၊ အဲဒီအခါ ငွေချေးသမားက သူ့ငွေတွေဟာ နှစ်ထပ်တိုးပွားနေတာဖြစ်လို့ အခုဆိုရင် နဂိုမူလငွေဒင်္ဂါးဆယ်ပြားကနေ သုံးဆယ်ပြားခွဲအထိ တိုးတက်သွားခဲ့ပြီဖြစ်ကြောင်း ပြောပြတယ်၊

"လယ်သမား အရမ်းဝမ်းသာသွားတယ်၊ ဒါပေမယ့် ဒီအချိန်မှာလည်းပဲ သူ့သားမှာ ငွေမလို သေးဘူးဆိုတော့ ပိုက်ဆံတွေကို ဆက်ပြီးချေးငှားပေးဖို့ မှာကြားပြီးထားခဲ့တယ်၊ သားဖြစ်သူက သူ့

အသက် ငါးဆယ်အရွယ်ရောက်တဲ့အချိန် အဖေလယ်သမားကြီး ကွယ်လွန်ပြီဆိုတဲ့အချိန်ကျမှ သူ့တို့ သားအဖအပ်ထားတဲ့ငွေကို ပြန်တောင်းတဲ့အခါ ငွေချေးသမားက စာရင်းတွက်ချက်ပြီးတဲ့နောက် သူ့ကို ငွေဒင်္ဂါး တစ်ရာခြောက်ဆယ့်ခုနှစ်ပြားတိတိ ရှင်းပေးလိုက်သတဲ့၊ နှစ်ပေါင်းငါးဆယ်အတွင်းမှာ ဆယ့် ခုနှစ်ဆနီးပါး တိုးပွားလာတာ၊ ဒါဟာ အရင်းအနှီးတစ်ခုရဲ့ တိုးပွားနိုင်မှုစွမ်းအားကိုပြတာ၊ ဒါ ဘာမှ လုပ်ရတာမဟုတ်ဘူး၊ ချေးထားရုံသက်သက် ပဲရှိသေးတယ်၊

“ဒါကြောင့်မို့ ပိန်ကြုံသောပိုက်ဆံအိတ် ပြည့်တင်းလာစေအောင် ကုစားပေးမယ့် တတိယ ဆေးနည်းကတော့ ကိုယ်စုဆောင်းမိတဲ့ အသပြာငွေဒင်္ဂါးတိုင်းကို ကျွဲနွားများသဖွယ် ထိန်းကျောင်း ခိုင်းစေဘို့ သူတို့ရဲ့အမျိုးအနွယ်တွေ ထပ်ဆင့်ပေါက်ဖွားပေးစေဖို့၊ အဲဒီနည်းအားဖြင့် ခင်ဗျား တို့ရဲ့ငွေအိတ်ထဲကို ဓနကြေးငွေတွေ တသွင်သွင်စီးဝင်စေဖို့ စီမံဖန်တီးရေး ပဲလို့ပြောချင်ပါတယ်။

## စတုတ္ထ၊သင့်ခနေဥစ္စာများ  မဆုံးပါးရအောင် ထိန်းသိမ်းကာကွယ်ပါ၊

“ကံကြမ္မာဆိုး ဆိုတာတွေက တောက်ပတဲ့ ပစ္စည်းမျိုးကို နှစ်သက်လေ့ရှိတယ်၊ ဒါ့ကြောင့်မို့ အိတ်ထဲမှာ ရွှေတိုငွေစရှိလာရင် အဲဒါကို မပျောက်ပျက်အောင် ဂရုတစိုက် ထိန်းသိမ်းကာကွယ်ဖို့လို တယ်၊ ဒါမှာလည်း အလေ့အကျင့်လိုတယ်၊ အိတ်ထဲမှာ နည်းနည်းပါးပါးရှိစဉ်ကစပြီး လေ့ကျင့်ထားမှ နောင်တစ်နေ့များများရှိလာတဲ့အခါ ထိန်းသိမ်းတတ်မယ်”

ဤသည်ကစတုတ္ထနေ့သင်တန်းအစတွင် အာခတ်ပြောကြားသောစကားဖြစ်သည်။

“အိတ်ထဲမှာ ရွှေတိုငွေစရှိတဲ့လူတိုင်း ဆွဲဆောင်ဖြားယောင်းခံရစမြဲပဲ၊ ဘယ်လုပ်ငန်းထဲရင်း လိုက်ရင်တော့ အကျိုးအမြတ်တွေ ဘယ်လောက်ကြီး ရသွားမယ်ဆိုတဲ့ အခွင့်အရေးမျိုးတွေပေါ့၊ အထူး သဖြင့် မိတ်ဆွေတွေ ဆွေမျိုးသားချင်းတွေ ကိုယ်တိုင်လုပ်နေတဲ့ အလုပ်မျိုးတွေ၊ ဒီနေရာမှာ ကျွန် တော် အလေးထားပြောချင်တာက ရင်းနှီးမြှုပ်နှံမှုပြုတဲ့နေရာမှာ ပထမဆုံး

သတိပြုရမယ့်အချက်က ခင်ဗျားရဲ့ရင်းနှီးငွေလေး ပျောက်ပျက်မသွားရေးဘဲ၊ အကျိုးအမြတ်အများကြီးရနိုင်တယ် ဒါပေမယ့် ကိုယ့်ငွေရင်းလည်း ပြုတ်ချင်ပြုတ်သွားနိုင်တယ်ဆိုရင် ကျွန်တော်ကတော့ အဲဒီလိုလုပ်ငန်းမျိုးမှာမရင်း နှီးဘူး၊ ရင်းနှီးမြှုပ်နှံမှုမပြုခင် ကိုယ့်ငွေလေး ထည့်မပေးလိုက်ခင် အဲဒီလုပ်ငန်းကို ဂရုတစိုက် လေ့လာ

ဖို့လိုတယ်၊ ကိုယ့်ငွေ ပြန်ရနိုင်မရနိုင် သေချာအောင် လုပ်ဖို့လိုတယ်၊ နေ့ချင်း ညချင်း ချမ်းသာချင် စိတ်နဲ့ စွပ်မလုပ်ရဘူး၊

"လူတစ်ယောက်ယောက်ကို ချေးငှားမယ်ဆိုရင်လည်း ဒီလူပြန်ဆပ်နိုင်မလား၊ ငွေကြေးနဲ့ပတ် သက်ရင် ကတိတည်တဲ့အစဉ်အလာ ရှိရဲ့လား၊ ကိုယ်ပင်ပင်ပန်းပန်း ရှာဖွေစုဆောင်းထားတာလေး သူ့ကို လက်ဆောင်သွားပေးသလို စသဖြင့် ကြိုတင်စဉ်းစားသင့်တယ်၊

....လုပ်ငန်းနယ်ပယ်တစ်ခုမှာ ကျရောက်နိုင်တဲ့ အန္တရာယ်တွေအကြောင်း သိကျွမ်းအောင် အရင်လေ့လာထားဖို့လိုတယ်၊ ....ကျွန်တော် ပထမစုငွေလေး တိုးပွားအောင်လုပ်တုန်းကတော့ လုံးဝအရှုံးနဲ့ရင်ဆိုင်ခဲ့ရတယ်၊ တစ်နှစ်လုံးခြိုးခြိုး ခြံခြံ နဲ့ စုဆောင်းလာခဲ့သမျှကို ကျွန်တော်အုတ်ဖုတ်သမား အက်ဇမူးလက်ထဲထည့်လိုက်တယ်၊ အက်ဇမူးက ဟိုးပင်လယ်ရပ်ခြား တိုင်ယာမြို့ကို ကုန်ရောင်း ကုန်ဝယ်သွားမှာ၊ အက်ဇမူးက ဟိုမှာရှိတဲ့ ဖိနီရှန်တွေ ဆီက ရှားပါးကျောက်မျက်ရတနာတွေ ကျွန်တော့်ငွေနဲ့ ဝယ်လာပေးမယ်၊ ဒီမှာ ပြန်ရောင်းလို့ရတဲ့ အမြတ်ကို တစ်ယောက်တစ်ဝက်ယူမယ်လို့ သူနဲ့ကျွန်တော် သဘောတူကြတယ်၊ ဒါပေမယ့် သူ့ဖိနီရှန် တွေက လူလိမ်တွေပဲ၊ ပုလင်းကွဲတွေ ညာပြီးရောင်းထည့်လိုက်တယ်၊ ကျွန်တော့်စုငွေလေး အဲဒီမှာ ပြောင်တာပဲ၊ လုပ်ငန်းနဲ့ပတ်သက်တဲ့ အတွေ့အကြုံအများကြီးရှိလာပြီးတဲ့ ဒီကနေ့မှာတော့ အုတ်ဖုတ် သမားကို ကျောက်ဝယ်ခိုင်းတာ ဘယ်လောက် ရူးရာရောက်သလဲ ကျွန်တော်သိပြီဗျာ၊

"ဒါကြောင့်မို့ ခင်ဗျားတို့ကိုလည်း ကျွန်တော့်အတွေ့အကြုံကရလာတဲ့ အသိဉာဏ်တွေအရ အကြံပေးချင်တယ်၊ ရင်းနှီးမြှုပ်နှံတယ်ဆိုတာ ကိုယ့်ငွေရင်းဆုံးရှုံးသွားနိုင်တဲ့ အန္တရာယ်တွေအမြဲရှိတယ်၊ အဲဒီတော့ ကိုယ့်အသိအမြင်လေး နည်းနည်းကို လုံလောက်ပြီ အထင်နဲ့ အရဲကိုးပြီးမလုပ်နဲ့၊ ငွေပ်တတ် ကိုင်တတ်တဲ့လူတွေ၊ လုပ်ငန်းအကျိုးအမြတ် ခံစားနေကြတဲ့ ပုဂ္ဂိုလ်တွေသွားမေးရင် အကြံကောင်း ဉာဏ်ကောင်းတွေ အခမဲ့ရလေ့ရှိပါတယ်၊ အဲဒီအကြံဉာဏ်တွေဟာ ခင်ဗျားရင်းနှီးမြှုပ်နှံမယ့် ငွေရင်း လောက်ကို တန်ဖိုးရှိနိုင်တယ်၊ ဘာကြောင့်လဲဆိုတော့

အဲဒီအကြံဉာဏ်လေးသာ မရခဲ့ဘူးဆိုရင် အဲဒီ ငွေရင်းအားလုံး ဆုံးရှုံးတဲ့အဖြစ်မျိုး ကြုံချင်ကြုံရနိုင်တာကိုး၊

“ဒါကြောင့်မို့ ခင်ဗျားတို့ရဲ့ ပိန်ကြုံတဲ့ပိုက်ဆံအိတ် ပြည့်တင်းလာစေဖို့ အဲဒီပြည့်တင်းစအိတ် ကလေး ပြောင်သလင်းခါမသွားအောင် စောင့်ရှောက်ကာကွယ်ဖို့ အထောက်အကူပြုမယ့် စတုတ္ထဆေး နည်းက ခင်ဗျားတို့ရဲ့ငွေရင်းကို စိတ်ချရတဲ့ဌာနမျိုး၊ အလိုရှိတဲ့အခါ ပြန်လည်ရယူနိုင်မယ့် နေရာမျိုး သင့်တင့်တဲ့အကျိုးအမြတ် မှချရရှိနိုင်မယ့် ကဏ္ဍမျိုးမှာသာ မြှုပ်နှံဖို့နဲ့ လုပ်ငန်းအတွေ့အကြုံရှိ သူများကို တိုင်ပင်နှီးနှောပြီး သူတို့ထံက အကြံကောင်းဉာဏ်ကောင်းများကို ရယူအသုံးပြုဖို့ ပဲဖြစ်တယ်လို့ ကျွန်တော် ဆိုချင်ပါတယ်၊’

## ပဥ္စမ၊ကိုယ်ပိုင်အိမ်တည်ဆောက်ခြ
## င်းကို
## အကျိုးအမြတ်ရှိသောရင်းနှီးမြှုပ်နှံမှု
## တစ်ခုအဖြစ်
## ဆောင်ရွက်ပါ။

ပဥ္စမနေ့သင်တန်းတွင် အာခတ်က စကားစတင်သည်။
"ကိုယ့်ဝင်ငွေရဲ့ ဆယ်ပုံတစ်ပုံကို စားဝတ်နေမှုနဲ့ တခြားချမ်းသာပျော်ရွှင်မှုကိစ္စတွေအတွက် လျာထားသတ်မှတ်ထားတဲ့ လူတစ်ယောက်ဟာ အကယ်၍ အဲဒီဆယ်ပုံကိုးပုံထဲမှာမှ တစိတ်တဒေသကို ရင်းနှီးမြှုပ်နှံဖို့ ဖဲ့ယူဦးမယ်ဆိုရင် သူ့ရဲ့စနည်းစုစာတွေဟာ တခြားသူများထက်ပိုပြီး လျင်လျင်မြန်မြန် တိုးတက်လာမှာသေချာတယ်၊"
"အဲဒီလို တိုးချဲ့ခန့်ခွဲထားတဲ့ ရင်းနှီးမြှုပ်နှံငွေကို အသုံးပြုဖို့ အသင့်တော်ဆုံး

နေရာတစ်ခု ရှိတယ်၊ အဲဒါက ကိုယ်ပိုင်အိမ်ယာပဲ၊ ကျွန်တော်တို့ဘေဘီလုံမှာရှိတဲ့ မြို့သူမြို့သားအများအပြားဟာ နေထိုင်ရတဲ့ အိုးအိမ်နေရာတွေ မကောင်းကြဘူး၊ အိမ်လခတွေ အဆမတန်ပေးကြရပြီး အခန်းလေးတွေ ကျတော့ အင်မတန်ကျဉ်းမြောင်းကြတယ်၊ အိမ်ရှင်မများစိတ်ရွှင်လန်းစရာ သစ်ပင်ပန်းမန်စိုက်ဖို့အတွက်

ပန်းအိုးတစ်လုံးစာနေရာတောင် မရနိုင်ကြဘူး၊ ကလေးတွေဆိုရင် ညစ်ပတ်တဲ့ လမ်းကြိုလမ်းကြား တွေထဲမှာဘဲ ကစားကြရတယ်၊”

“ကလေးအတွက် လွတ်လွတ်လပ်လပ်ဆော့ကစားစရာ ကွက်လပ်မရှိဘူး၊ အိမ်ရှင်မတွေအတွက် သီးပင်ပန်းပင်စိုက်စရာ မြေနေရာမရှိဘူးဆိုရင် မိသားစုတစ်စုဟာ ဘယ်သာယာချမ်းမြေ့မှုတွေ ပြည့်ပြည့်ဝဝ ခံစားနိုင်မှာမဟုတ်ဘူး။”

“အလားတူ မိသားစုရဲ့အကြီးအကဲ ယောကျာ်းတစ်ယောက်အနေနဲ့လည်း ကိုယ့်အိမ်ကိုယ့်ခြံက ထွက်လာတဲ့အသီး ကိုယ်တိုင် ခူးဆွတ်စားသုံးရတာမျိုး၊ ကိုယ့်စပျစ်ခင်းက စပျစ်သီးနဲ့ ဝိုင်အရက် ပြုလုပ်သောက်သုံးနိုင်တာမျိုးရှိတဲ့အခါ ဘယ်လောက် စိတ်ချမ်းသာစရာကောင်းသလဲ၊ ကိုယ့်အိုးအိမ်ကို ကိုယ်ပိုင်ဆိုင်မယ် ဝမ်းမြောက်ဂုဏ်ယူစွာ ပြုစုပျိုးထောင်နိုင်မယ်၊ ကိုယ်ပိုင်ခြံဝင်းရှိမယ်ဆိုရင် လူတ ယောက်ဟာ ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိလာတယ်၊ ဒါကြောင့်မို့ ခင်ဗျားတို့အားလုံး ကိုယ်နေတဲ့အိမ် ကိုယ်ပိုင်ဆိုင်အောင် သို့မဟုတ် ကိုယ်ပိုင်အိမ်တစ်ခုရရှိအောင် ရည်မှန်းချက်ထားပြီး ကြိုးစားဖို့ ကျွန်တော် တိုက်တွန်းချင်တယ်၊”

“အဲဒီလို ကိုယ်ပိုင်အိမ်ယာတစ်ခုရဖို့ဆိုတာဟာ သိပ်ခက်ခဲတဲ့ကိစ္စလားဆိုတော့ မဟုတ်ပါဘူး၊ ရည်ရွယ်ချက်ခိုင်ခိုင်မာမာရှိတဲ့ ဘယ်ပုဂ္ဂိုလ်အတွက်မဆို ဖြစ်နိုင်တဲ့အရာတစ်ခုပါ၊ အခုဆိုရင် ကျွန် တော်တို့ရဲ့ ဘုရင်မင်းမြတ်က ဘေဘီလုံမြို့တော်ရဲ့ နယ်နမိတ်တံတိုင်းကို အများကြီး တိုးချဲ့ပေးလိုက် တော့ မြို့ရိုးယာအတွင်းမှာကို မြေလွတ်မြေလပ်တွေ အများကြီးရှိနေပြီ၊ အင်မတန်မှကို သင့်တင့် လျှောက်ပတ်တဲ့ နှုန်းထားနဲ့ အိမ်မြေတွေ ဝယ်လို့ရနိုင်ပါပြီ၊”

“အိမ်ဆောက်ဖို့ကိစ္စနဲ့ပတ်သက်လို့လည်း ငွေချေးတဲ့လူတွေရှိတယ်၊ ဒီလူတွေက ကိုယ့်မိသားစု အတွက် ကိုယ်ပိုင်အိုးအိမ်တစ်ခု ဆောက်လုပ်ချင်တဲ့ပုဂ္ဂိုလ်မျိုးကို အသိအမှတ်ပြုကြပါတယ်၊ အုတ်သဲ စတဲ့ အိမ်ဆောက်ပစ္စည်းတွေ ဝယ်ယူဖို့ ဆောက်လုပ်ရေးသမားတွေကို အခကြေးငွေပေးဖို့အတွက် ချေးငှားလို့ရပါတယ်၊ တစ်ခုပဲရှိတယ်၊ စုစုပေါင်းကုန်ကျစရိတ်ရဲ့ ရာခိုင်နှုန်း ဘယ်ရွေ့ဘယ်မျှတော့ ခင်ဗျားတို့ဘာသာ စုဆောင်းထားရှိပြီးဖြစ်ကြောင်း ပြနိုင်ဖို့လိုတယ်၊ ဒီအိမ်ဖိုးကျေတဲ့အထိ ပေးဆပ် သွားနိုင်မယ့်လူဖြစ်ကြောင်း သူသိမှတ်ယုံကြည်သွားနိုင်ဖို့ လိုတယ်လေ။

“ကိုယ့်မှာရှိတဲ့ အခြေခံရှယ် သူ့ဆီကချေးငွေရယ်နဲ့ အိမ်ဆောက်ပြီးတဲ့အခါ အရင်တုန်းက အိမ်ရှင်ကို ပေးနေရတဲ့အိမ်လခတွေဟာ ကိုယ်ပိုင်အိမ်အတွက် အရစ်ကျဆပ်ငွေဖြစ်သွားမယ်၊ လိုအပ်ရင် နည်းနည်းထပ်ဖြည့်ရမှာပေါ့၊ နှစ်အတော်ကြာတဲ့အခါ ကြွေးကျေသွားမယ်၊

“အဲဒီအခါ ဘယ်လောက်စိတ်ချမ်းသာစရာကောင်းမလဲ၊ တန်ဖိုးကြီးမားတဲ့ပစ္စည်းတစ်ခု ကိုယ့် ကိုယ်ပိုင်ဖြစ်သွားပြီ၊ ရှင်ဘုရင်ကို အိမ်ခွန်မြေခွန်ပေးရတာကလွဲလို့ တခြားဘာတာဝန်မှမရှိဘူး၊ မိန်းမ ကမြစ်ဆိပ်မှာ အဝတ်သွားလျှော်တိုင်း ရေအိတ်နဲ့ရေခပ်လာခဲ့၊ ခြံထဲစိုက်ပျိုးထားတဲ့ အပင်လေးတွေကို ရေလောင်း၊ အသီးအနှံဖြစ်လာတော့ ခူးဆွတ်စား၊ ကြည့်စမ်း ဘယ်လောက် စိတ်ချမ်းသာစရာကောင်း

သလဲ၊ ကိုယ်ပိုင်အိမ်ရှိတဲ့လူတစ်ယောက် ရရှိနိုင်တဲ့ ချမ်းသာသုခတွေ အမြောက်အမြားပါ၊ ဒီထဲမှာ အရေးအကြီးဆုံးအချက်တစ်ခုက အိမ်လခမပေးရတော့တဲ့အတွက် ကိုယ့်ဝင်ငွေအများကြီး အဖတ်တင် ခြင်းပဲ၊ လိုအပ်ချက်တွေအတွက် သုံးနိုင်တယ်၊ အလိုဆန္ဒတွေ တိုးတက်ဖြည့်ဆည်းနိုင်တယ်၊ စုဆောင်း ငွေတွေ ရင်းနှီးမြှုပ်နှံငွေတွေ တိုးချဲ့ခန့်ခွဲလာနိုင်တယ်၊ ဒါကြောင့်မို့လို့ ပိန်ကြုံနေသောပိုက်ဆံအိတ် ပြည့်တင်းလာစေဖို့ ပဥ္စမနည်းလမ်းက ကိုယ်ပိုင်အိမ်ယာတစ်ခုရရှိလာအောင် ဆောင်ရွက်ရေး ပဲလို့

ကျွန်တော်ဆိုလိုက်ချင်ပါတယ်၊”

## ဆဌမ၊အနာဂတ်အတွက် ဝင်ငွေသေချာအောင် ဆောင်ရွက်ရေး၊

ဆဌမနေ့သင်ခန်းစာကို အာခတ်က ဤသို့စတင်သည်။

“လူတိုင်းရဲ့ဘဝဟာ ကလေးသူငယ်အဖြစ်ကစတင်ပြီး အိုမင်းရင့်ရော်ခြင်းနဲ့ အဆုံးသတ်ရ တယ်၊ မအိုခင်ကွယ်လွန်သွားတဲ့ လူများကလွဲရင် ဒါဟာအားလုံးရဲ့ သွားရာလမ်းကြောင်းပဲ၊ အဲဒီတော့ လူတိုင်းလူတိုင်းမှာ အိုစာမင်းစာ ရှာထားဘို့ဆိုတာဟာ မလွဲမသွေလုပ်ရမယ့် ကိစ္စတစ်ရပ်ဖြစ်လာတယ်၊

နောက်တစ်ခုက စောစောကပြောသလို အရွယ်မတိုင်ခင်

ကွယ်လွန်သွားတာမျိုး မတော်တဆဖြစ်ခဲ့သည်

ရှိသော် ကျန်ရစ်သူမိသားစု ဒုက္ခမရောက်ကြရလေအောင်

ကြိုတင်ပြင်ဆင်မှုပြုထားဖို့လိုတယ်၊

“ခနဥစ္စာရှာဖွေတတ်လို့ ပိုပိုလျှံလျှံရရှိလာကြတဲ့လူများဟာ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံဖို့၊ ဒါမှမဟုတ် သိမ်းဆည်းသိုမှီးဖို့ ကြံစည်ကြရလိမ့်မယ်၊ ဒီနေရာမှာ နည်းလမ်းအသွယ်သွယ်ရှိပါတယ်၊ ရွှေငွေရတနာတွေကို အိုးတစ်လုံးထဲထည့်ပြီး မြေကြီးမှာ မြှုပ်ထားလို့လည်းရတယ်၊ ဒါပေမယ့် စိတ်မချ

ရဘူး၊ ဘယ်လောက် လျှို့ဝှက်မြှုပ်ထားတဲ့ ရတနာဖြစ်ဖြစ် မပြတ်အကဲခတ်နေတဲ့ သူခိုးသူဝှက်တွေရဲ့ လက်ချက် မိသွားနိုင်တဲ့အန္တရာယ်ရှိတယ်၊ ပြီးတော့ မြေမှာမြှုပ်ထားခြင်းအားဖြင့် ဘာမှတိုးပွားမလာ နိုင်ဘူး၊ ဒီအကြံအစည်မျိုးကို ကျွန်တော်အားမပေးဘူး၊

“အသက်ကြီးလာတဲ့အချိန် ကိုယ့်လက်ထဲ တစ်စုံတစ်ရာရှိအောင်ဆိုပြီး တချို့က မြေလေးယာ လေးဝယ်တယ်၊ အိမ်တွေဝယ်တယ်၊ ဒါကျွန်တော်လက်ခံတယ်၊ အိမ်တို့ မြေယာတို့ဆိုတာ နောင်တနေ့ ဘယ်နေရာကတော့ဖြင့် ဘယ်လိုတန်ဖိုးရှိလာနိုင်တယ် ဆိုတာကို တွက်ချက်မျှော်ကိုးပြီး ဝယ်ယူထား မယ်ဆိုရင် ကိုယ့်အတွက် အကယ်လို့အပ်တဲ့အချိန်ကျတော့ တန်ဖိုးအများကြီး ပိုပြီးရနိုင်တယ်၊ ဒီကြား ထဲမှာလည်း ငှားရမ်းခတို့လို ပုံမှန်ဝင်ငွေတွေ ရှိလာနိုင်သေးတယ်၊

“နောက်တစ်ခုက ငွေတိုးချတဲ့လူဆီမှာ အပ်ထားတာ၊ ကိုယ်တတ်နိုင်သလောက် အတင့်အသင့်စီ မှန်မှန်လေးအပ်သွား၊ အဲဒီကရတဲ့အတိုးကိုပါ အရင်းအဖြစ်ထပ်ဖြည့်၊ တဖြည်းဖြည်းနဲ့ ငွေလုံးငွေရင်းတခု ဖြစ်လာမယ်၊ ကျွန်တော်သိတဲ့ ဖိနပ်ချုပ်သမား တစ်ယောက်ရှိတယ်၊ အင်ဆန်ဆိုတာ၊ သူကျွန်တော့်ကို ပြောပြဘူးတယ်၊ သူက ရှစ်နှစ်လုံးလုံး ငွေတိုးချေးသမားဆီမှာ တစ်ပတ်ကို ငွေဒင်္ဂါးနှစ်ပြား မှန်မှန်ပေးထားတယ်၊ မကြာခင်က ငွေချေးသမားက သူ့ကိုစာရင်းတွက်ပြလိုက်တော့ အရမ်း ဝမ်းသာအားရဖြစ်လာတယ်၊ သူ့စုငွေကို ငွေချေးသမားက လက်ရှိထုံးစံအတိုင်း လေးနှစ်မှာ ငွေရင်းရဲ့လေးပုံတစ်ပုံ အတိုးပေးတာဆိုတော့ အခု သူ့ငွေကိုပြန်ယူရင် အတိုးရောအရင်းပါစုစုပေါင်း ငွေဒင်္ဂါးတစ်ထောင်နဲ့ လေးဆယ်ရမယ်တဲ့၊

“အဲဒီမှာ ကျွန်တော်ကလည်း ဂဏန်းတွက်တတ်တဲ့သူဆိုတော့ သူ့ပိုပြီးအားတက်အောင် ထပ် တွက်ပြလိုက်တယ်၊ အခုအတိုင်း တပတ်မှာ နှစ်ပြားစီ သူနောက်ထပ်ဆက်စုမယ်ဆိုရင် ဆယ့်နှစ်နှစ် ကြာတဲ့အခါ စုစုပေါင်း ငွေဒင်္ဂါးလေးထောင်တိတိ ရရှိမယ်ဆိုတဲ့အကြောင်း၊ အဲဒီလောက်စုဆောင်းမိ သွားပြီဆိုရင်တော့ နောက်ပိုင်းမှာ ဘာအလုပ်မှမလုပ်ဘဲ ထိုင်စားမယ်ဆိုရင်တောင် ဒီငွေနဲ့ အေးအေး ဆေးဆေး ထိုင်စားလို့ရသွားပြီ၊

“ဒါက ပိုက်ဆံအများကြီး ရှာလို့မရတတ်တဲ့ လူတစ်ယောက်ဟာတောင် နည်းနည်းချင်း မှန်မှန်စုဆောင်းသွားရင် နောင်ရေး စိတ်အေးရနိုင်တယ်ဆိုတဲ့အကြောင်း ပြောတာ၊ ဒါပေမယ့် ဒီနေရာ မှာ ပိုပြီးအရေးကြီးတဲ့ အချက်တစ်ခုက တစ်ဖက်မှာဖိနပ်ချုပ် သမားလို

ဝင်ငွေနည်းတဲ့လူတယောက် သည်ပင် ကြိုတင်ပြင်ဆင်မယ်ဆိုရင် နှောင်ရေးစိတ်အေးရနိုင်သလို နောက်တစ်ဖက် ကျပြန်တော့ ကြိုတင်ပြင်ဆင်မှုသာ မရှိဘူးဆိုရင် ဒီကနေ့ ဘယ်လောက် ဝင်ငွေကောင်းနေတဲ့ ပုဂ္ဂိုလ်ဖြစ်ဖြစ်၊ ငွေအရင်းအနှီး ဘယ်လောက်ကြီးမားသူဖြစ်ဖြစ် ကြီးရင့်အိုမင်းချိန်မှာ ဒုက္ခရောက်သွားနိုင်တယ်၊ အကယ်၍ အရွယ်မတိုင်ခင် ကွယ်လွန်ခဲ့မယ်ဆိုရင် သူ့မိသားစု အားကိုးရာမဲ့ ဖြစ်သွားနိုင်တယ်ဆိုတဲ့ အချက်ပဲ၊

"ဒီနေရာမှာ ကျွန်တော့်ခေါင်းထဲ တွေးမိတာလေး တစ်ခုတောင် ပြောလိုက်ချင်သေးတယ်၊ တစ်နေ့ကျရင် လာဘ်မြင်တဲ့လူတွေက မိသားစုအရေး တွေးပူသူတွေအတွက် အဆင်ပြေမယ့် ငွေစု

နည်းလေးတစ်ခု တီထွင်လာနိုင်တယ်၊ ခင်ဗျား လစဉ်ငွေနည်းနည်းစီသာ ကျွန်တော့ဆီ မှန်မှန်အပ်ပါ၊ ဒီလိုအပ်ဆဲကာလမှာ ခင်ဗျားကွယ်လွန်ခဲ့သည်ရှိသော် မိသားစုအတွက် အထောက်အကူရမယ့် ငွေကြေး ပမာဏ၊ ဘယ်လောက်ဘယ်ရွေ့ပေါ့၊ အဲဒါကို သူတို့ကိုထုတ်ပေးပါ့မယ်၊ အကယ်၍ ဒီကြားထဲ ခင်ဗျားမသေဘဲ ကျွန်တော့်ဆီမှန်မှန်စုရင်း ခင်ဗျားကွယ်လွန်ရင် ကျွန်တော်ထုတ်ပေးရမယ့် ပမာဏ အထိ ပြည့်သွားခဲ့ရင်လည်း ခင်ဗျားငွေ ခင်ဗျားပြန်ယူပါ ဆိုတာမျိုး လုပ်လာနိုင်တယ်၊ ဒီလိုသေရင် မိသားစု ဒုက္ခမရောက်စေရပါဘူးလို့ အာမခံရင်းနဲ့ ဟိုလူ့စုငွေကရမယ့် အတိုးကို အပြန်အလှန်သဘော သူတို့ကစားတဲ့နည်းပေါ့၊ ဒီနည်းမျိုးပေါ်လာမယ်ဆိုရင် ကျွန်တော်က သဘောကျတယ်၊ လူတွေအတွက် အများကြီး စိတ်ချမ်းသာစရာတစ်ခု ဖြစ်သွားမယ်၊ ဒါပေမယ့် ဒီနေ့တော့ မဖြစ်နိုင်သေးဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီအလုပ်က လူ့သက်တမ်းတွေနဲ့ချိပြီး လုပ်ရမှာဖြစ်တယ်၊ သာစဉ်မြေးဆက် အရှန့်ရှည်တည်တံ့ဖို့လိုတယ်၊ လုပ်ငန်းရှင်ကလည်း ရှင်ဘုရင်လောက် ယုံကြည်စိတ်ချရတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်ဖို့လိုတယ်၊

"အဲဒါကတော့ ကျွန်တော့်ရဲ့စိတ်ကူးယဉ်မှုတစ်ခုပါ၊ ဒီကနေ့အဘို့မှာ ကျွန်တော်တတ်နိုင်တာ စောစောပိုင်း ကျွန်တော်ပြောခဲ့တဲ့ အိုးအိမ်မြေယာ ဝယ်ယူစုဆောင်းတဲ့နည်း၊ အချိန်ကာလနဲ့အမျှ တဖြည်းဖြည်း တိုးပွားနေမယ့်နေရာမျိုးတွေမှာ ရင်းနှီးမြှုပ်နှံတဲ့နည်း၊ စတာတွေရှိပါတယ်၊ ဒီနည်းတွေ အားဖြင့် မိမိကြီးရင့်အိုမင်းချိန်တွေမှာ ချို့တဲ့နွမ်းပါးမနေအောင် ကာကွယ်နိုင်တယ်၊ မတော်တဆမိမိ စောစီးစွာ ကွယ်လွန်ခဲ့ရင်လည်း ကျန်ရစ်သူမိသားစု ဒုက္ခမကြီးမားရအောင် စောင့်ရှောက်ထောက်ကူနိုင် မှာ ဖြစ်ပါတယ်၊

"ဒါကြောင့်မို့ ဒီကနေ့ ကျွန်တော်ပြောချင်တဲ့ ပိန်ကြုံသောအသပြာအိတ် ပြည့်တင်းရေးဆိုင်ရာ ဆဋ္ဌမနည်းလမ်းက ဘယ်သူမှပြေးမလွတ်နိုင်တဲ့ အိုနာသေဘေးအရေးကိစ္စများအတွက် ကြိုကြိုတင်တင် ပြင်ဆင်ထားဘို့ ပါပဲလို့ ကျွန်တော်တင်ပြပါရစေ"

## သတ္တမ၊ဝင်ငွေရှာဖွေနိုင်စွမ်းတိုးတက်အောင်လုပ်ပါ။

“ဒီကနေ့ ခင်ဗျားတို့ကို ပိန်ကြုံတဲ့ပိုက်ဆံအိတ် ပြည့်တင်းလာစေရေးအတွက် အရေးကြီးဆုံး ဆေးနည်းတစ်ခု ကျွန်တော်ပေးပါ့မယ်၊ ဒီနည်းကတော့ ငွေနဲ့မဆိုင် လူနဲ့ဘဲဆိုင်ပါတယ်၊ ခင်ဗျားတို့ အသီးသီးရဲ့ စိတ်ဓါတ်နဲ့ ဆိုင်ပါတယ်။ လူတွေရဲ့ဘဝထဲ၊ လူတွေရဲ့ စိတ်သဏ္ဍာန်ထဲမှာ ကိန်းအောင်းနေတဲ့၊ ၎င်းလူတွေကို အောင်မြင်မှု ရှုံးနိမ့်မှုတွေဖြစ်စေတဲ့ အရင်းခံတရားတွေအကြောင်း ကျွန်တော် ပြောမှာပါ။”

သတ္တမနေ့၌အာခတ်က ယင်းသို့အစချီလိုက်သည်။

“များမကြာခင်က လူငယ်တစ်ယောက် ကျွန်တော့်ဆီ ပိုက်ဆံချေးဖို့ ရောက်လာတယ်၊ ဘာ အတွက်ငွေလိုသလဲ ကျွန်တော်မေးတော့ ဝင်ငွေထွက်ငွေမကာမိလို့၊ အဲဒါနဲ့ ကျွန်တော်သူ့ကို ရှင်းပြ တယ်၊

ဒီအတိုင်းဆိုရင်တော့ မောင်ရင်က ငွေရှင်အမြင်မှာ ဘယ်လိုမှ လက်ခံနိုင်စရာမရှိတဲ့ လူ တယောက်ဖြစ်နေပြီ၊ ဝင်ငွေကထွက်ငွေထက်နည်းနေလို့ ငွေပိုငွေလျှံမကျန်သူတစ်ယောက်ဟာ ချေးငွေ ကို ဘယ်လိုဆပ်နိုင်မလဲပေါ့၊ အဲဒါကြောင့်သူ့ပြဿနာကို ဖြေရှင်းနိုင်မယ့်နည်းလမ်းဟာ ငွေချေးဖို့

မဟုတ်ဘူး၊ အခုထက် ဝင်ငွေတိုးအောင် ကြိုးစားရှာဖို့သာဖြစ်နေတဲ့အကြောင်း ပြောပြပြီး အဲဒီအတွက် သူဘာတွေဆောင်ရွက်ဖူးတာရှိသလဲ မေးမြန်း ကြည့်တဲ့အခါ၊

" 'ကျွန်တော်တတ်နိုင်တာကတော့ သူဌေးဆီမှာ လုပ်ခတိုးတောင်းဖို့ဘဲရှိတယ်၊' တဲ့၊ 'ပြီးခဲ့တဲ့ တလအတွင်း သူဌေးကို ကျွန်တော်တင်ပြတာ ခြောက်ကြိမ်ရှိသွားပြီ၊ ဒါပေမယ့် အကြောင်းမထူးဘူး၊ ဒီထက်မကတော့လည်း ဘယ်သူမှ ပြောနိုင်မှာမဟုတ်ဘူး' လို့ သူကဆိုတယ်၊

"ကြားရတာ ရယ်စရာတော့ ရယ်စရာပဲ၊ ဒါပေမယ့် သူရိုးရိုးသားသား ပြောရှာတာပါ၊ ပြီးတော့သူ့မှာ ဝင်ငွေတိုးတက်စေဖို့ လိုအပ်တဲ့ အရေးကြီး အရည်အသွေးတစ်ရပ် ရှိနေတာလည်း သူ့စကားအရပဲသိရတယ်၊ ဘာလဲဆိုတော့ ဝင်ငွေတိုးတက်ရရှိချင်တဲ့ ဆန္ဒတော့သူ့မှာ ပြင်းပြင်းပြပြ ရှိနေတယ်ဆိုတဲ့အချက်ပဲ၊ ဒါကြောင့်မို့ သူဌေးကို ခဏခဏသွားပြောနေတာလေ၊ အလိုဆန္ဒပြည့်ဝ ဖို့အတွက် သူလုပ်ဆောင်နေတဲ့ နည်းလမ်းကိုသာ ကျွန်တော်တို့ရယ်ကြတာ၊ ဒီအလိုဆန္ဒရှိတာကိုတော့ အသိအမှတ်ပြုရမယ်၊ တန်ဘိုးထားရမယ်၊

"ဘာကြောင့်လဲဆိုတော့ တစ်စုံတစ်ခုဖြစ်မြောက်ဘို့အတွက် ဦးစွာပထမ အဲဒီကိစ္စဖြစ်မြောက်စေ ချင်တဲ့ အလိုဆန္ဒရှိရမယ်လေ၊ အလိုဆန္ဒဟာ ပြင်းပြထက်သန်နေရမယ်၊ ဒါပေမယ့် ထက်သန်ရုံနဲ့မပြီး ဘူး၊ တိကျဘို့လည်းလိုသေးတယ်၊ ယေဘူယျဆန္ဒတွေ တိတိကျကျမရှိတဲ့ ဆန္ဒတွေဟာ ခွန်အားမရှိ ဘူး၊ ပိုးတိုးဝါးတား လိုချင်တမ်းမှန်းမှုလောက်နဲ့ ဘာမှဖြစ်မလာဘူး၊ ,ဥပမာဆိုပါတော့ ချမ်းသာချင် တယ်။ 'ဟာ ချမ်းသာချင်လိုက်တာ' ဆိုရုံနဲ့ ချမ်းသာမလာနိုင်ဘူး၊ 'ငါ ရွှေဒင်္ဂါးငါးပြားလိုချင်တယ်၊ ဘယ်အချိန် ဘယ်ကာလအတွင်းရချင်တယ်' အဲဒီလိုတိတိကျကျ ရည်မှန်းတဲ့အခါကျတော့မှ အဲဒါဆို ဘာလုပ်ရမလဲ နည်းလမ်းရှာဖြစ်လာတယ်၊ နည်းလမ်းတွေ့တော့ထလုပ်၊ လုပ်တော့ ကိုယ်လိုချင်တဲ့ ရွှေဒင်္ဂါးငါးပြား တကယ်ရလာတယ်၊ ငါးပြားရပြီဆိုရင် ဆယ်ပြားရဖို့ မခဲယဉ်းဘူး၊ ပြားနှစ်ဆယ် လည်း ထိုနည်းလည်းကောင်း၊ နောက်ကျတော့ ရာဂဏန်း ထောင်ဂဏန်းရည်မှန်းပြီး ကြိုးစားတဲ့ အခါ သူဌေးဖြစ်လာတယ်၊ အလိုဆန္ဒသေးသေးကစပြီး တိတိကျကျချမှတ် တိတိကျကျနည်းလမ်းရှာ တိတိကျကျလုပ်တဲ့အခါ တဖြည်းဖြည်း ကျင့်သားရလာပြီး အလိုဆန္ဒကြီးကြီးမားမားတွေ အထမြောက် အောင်လည်း လုပ်တတ်ကိုင်တတ်လာတယ်၊

"အရေးကြီးတာက ရည်မှန်းချက်မထွေပြားဘို့၊ အလိုဆန္ဒတွေ

များပြားရောထွေးမနေဘို့၊ ပြီး တော့ ရည်မှန်းချက်နဲ့ ကျွမ်းကျင်မှု၊ အလိုဆန္ဒနဲ့ ပြည့်မြောက်အောင် အကောင်အထည်ဖေါ်တဲ့ အတွေ့အကြုံ၊ အဲဒါတွေ ညီညွတ်မျှတဖို့လိုတယ်၊ အတွေ့အကြုံရှိလာ ကျွမ်းကျင်လာတာနဲ့အမျှ ရည်မှန်းချက်ဆန္ဒကို လိုက်လျောညီထွေ မြှင့်တင်သွားခြင်းအားဖြင့် တဖြည်းဖြည်း ကြီးပွားအောင်မြင် လာတယ်၊

“ကျွန်တော် စာကူးသမားဘဝမှာရှိစဉ်တုန်းက တစ်နေကုန်တစ်နေခမ်း ရုံ့စေးပြားမှာ စာတွေ ထွင်းရတယ်၊ တစ်နေ့လုံး ခါးချည့်အောင်လုပ်ပြီးတဲ့အခါ ကြေးနီပြား တပြားနှစ်ပြားရတယ်၊ ဒါပေမယ့် ကျွန်တော် တပြားနှစ်ပြားရတဲ့အချိန် ကျွန်တော့်ထက် အများကြီးပိုရတဲ့သူတွေရှိတာ ကျွန်တော်သွား

တွေ့တယ်၊ ဒီလူတွေ ဘာကြောင့်ပိုရသလဲဆိုတော့ အရင်းလေးပါပဲ၊ သူတို့က ကျွန်တော်ထက် အများ ကြီး သပ်သပ်ရပ်ရပ် လှလှပပကူးတတ်ပြီး အများကြီးလည်း ပိုမြန်ကြတာကိုး၊ အဲဒါနဲ့ ဒီလူတွေထက် မက ငါရရမယ်ဆိုတဲ့စိတ်နဲ့ ကျွန်တော်ကြိုးစားတယ်၊ အလုပ်ထဲစိတ်ပါလက်ပါနဲ့ တကယ်မြှုပ်နှံပြီး လုပ်တော့ များမကြာခင်ပဲ သိသိသာသာ ကျွမ်းကျင်လာတယ်၊ လက်ရာကောင်းလာတယ်၊ မြန်လည်း မြန်လာတယ်၊ နောက်ကျတော့ ကျွန်တော်ထက် စာချုပ်များများ ပိုရေးနိုင်တဲ့လူ မရှိသလောက်ဖြစ်လာ

တယ်၊ အရည်အချင်းတက်လာတာနဲ့အမျှ အကျိုးခံစားခွင့်လည်း

တပြိုင်တည်း တွဲပြီးတက်လာတယ်၊

ကျွန်တော့်အားထုတ်မှုကို အသိအမှတ်ပြုဖို့ အလုပ်ရှင်ဆီ

ခြောက်ကြိမ်သွားပြောနေစရာမလိုဘူး၊

“လုပ်ငန်းကျွမ်းကျင်လာတာနဲ့အမျှ ဝင်ငွေကလည်း လိုက်ပြီးတိုးလာတာ သဘာဝပါပဲ၊ အတတ်ပညာသည်ဟာ ပညာစွမ်းထက်လေ ကြေးများများရလေပဲ၊ ပညာစွမ်းထက်ဖို့အတွက် နည်းနာ တွေ သူများထက်တတ်အောင် လေ့လာရတယ်၊ ကိရိယာတန်ဆာပလာ ကိုင်တွယ်ရာမှာ သူများထက် ကျွမ်းကျင်အောင် လေ့ကျင့်ရတယ်၊ ရှေ့နေရှေ့ရပ်အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းရတဲ့လူဟာ ဥပဒေ ပညာကျွမ်းကျင်တဲ့ တခြားပုဂ္ဂိုလ်များနဲ့ တိုင်ပင်နှီးနှောရတယ်၊ သူများအတွေ့အကြုံတွေက ပညာယူရ တယ်၊ ဆေးပညာနဲ့အသက်မွေးဝမ်းကျောင်းပြုရတဲ့လူတွေလည်း အလားတူပဲ၊ ရောဂါကိစ္စ ဆေးဝါးကိစ္စ မပြတ်ဆည်းပူး မှတ်သားရတယ်၊ ကုန်သည်ပွဲစားများလည်း ထိုနည်းလည်းကောင်းပဲ ကိုယ့်လုပ်ငန်းမှာ ကျွမ်းကျင်နေ တတ်မြောက်နေအောင် အမြဲအားထုတ်ရတယ်၊

“လူတွေရဲ့အရေးကိစ္စဟာ အမြဲပြောင်းလဲနေသလို ပညာရပ်တွေကလည်း မပြတ်တိုးပွားနေ တတ်တယ်၊ ဘာကြောင့်လဲဆိုတော့ ကိုယ့်ပညာ ကိုယ့်လုပ်ငန်းတိုးတက်အောင် ကြိုးစားအားထုတ်တဲ့

လူတွေက အမြဲအားထုတ်နေတာကိုး၊ ဒါနဲ့အမှီလိုက်နိုင်မှ

ကိုယ့်လုပ်ငန်းနယ်ပယ်မှာ အမြဲ ရှေ့တန်းက

ရှိအောင် ကြိုးစားနေမှ အောင်မြင်ရှင်သန်မှာ၊ ပေါ့ပေါ့လျော့လျော့နေရင်

နောက်ကျကျန်နေခဲ့မှာ၊
"လူတစ်ယောက်ရဲ့ဘဝ အမြဲဖွံ့ဖြိုးတိုးတက်နေဘို့ အများကြားမှာ အောင်မြင်သူ ဂုဏ်သိက္ခာရှိ သူတဦးအဖြစ် ရပ်တည်နေနိုင်ဘို့ အရေးကြီးတဲ့ အချက်တစ်ရပ် ဒီမှာတစ်ဆက်တည်း ပြောချင်သေး တယ်၊ အဲဒါက ကိုယ့်ကိုကိုယ် လေးစားမှုရှိရေးဘဲ၊ ကိုယ့်ကိုကိုယ် မလေးစားတဲ့လူကို တခြားသူများ ကလည်း လေးစားကြမှာမဟုတ်ဘူး၊ အဲဒီတော့ အများရဲ့ လေးစားခံရသူတစ်ဦး ဖြစ်လာရေးအတွက် ဦးစွာပထမ ကိုယ့်ကိုကိုယ် လေးစားမှုပြုရလိမ့်မယ်၊ မိမိကိုယ်ကို လေးစားတဲ့အပြုအမူအကျင့်အကြံတွေ မွေးမြူကျင့်ကြံရလိမ့်မယ်၊ အဲဒါတွေထဲက အရေးကြီးတာအချို့ကိုပြောရရင်၊
"သူတစ်ပါးဆီက အကြွေးယူတာ ချေးငှားတာတွေကို အလျင်အမြန်ဆပ်ပေးချေတဲ့ အလေ့ အကျင့်မွေးဖို့၊ ပြီးတော့ ကိုယ်ပြန်မပေးနိုင်လောက်တဲ့ အတိုင်းအတာအထိ များများကြီး မချေးငှားဘို့ အကြွေးမယူဘို့၊
"ကိုယ့်မိသားစုရဲ့ ချီးမွမ်းစကား ကျေးဇူးတင်စကား ဆိုခြင်းခံရအောင် မိသားစုကို ဂရုစိုက် တတ်ဘို့၊

"မတော်တဆ မိမိကွယ်လွန်သွားသည်ရှိသော် ကျန်ရှိတဲ့ မိမိပိုင်ပစ္စည်းများနဲ့ ပတ်သက်လို့ အငြင်းပွားခြင်း မရှိရအောင် တိကျတဲ့ မှတ်တမ်းမှတ်ရာတွေနဲ့တကွ သေတမ်းစာသဘောမျိုး ရေးသား ထားဘို့၊ "ကံကြမ္မာဆိုးတစ်ခုခုကြောင့် ထိခိုက်နစ်နာကြ ဒုက္ခရောက်ကြသူများအပေါ် စာနာစိတ်ထားပြီး မိမိတတ်နိုင်တဲ့ အတိုင်းအတာအတွင်းက ထောက်ပံ့ကူညီကြဖို့၊ မိမိနဲ့နီးစပ်ခင်မင်သူများအပေါ် နှုတ်၏ စောင်မခြင်း၊ လက်၏တင်မခြင်းများနဲ့ ချီးမြှင့်ဖို့၊ အစရှိတာတွေပါပဲ၊

"အဲဒီတော့ ပိန်ကြုံသောပိုက်ဆံအိတ်

ပြည့်တင်းလာအောင်ကုစားပေးမယ့် ဆေးနည်းများထဲက သတ္တမမြောက်နဲ့ နောက်ဆုံးဖြစ်တဲ့ ဆေးနည်းသည် လုပ်ငန်းမှာပိုပြီး ပတ်နပ်ကျွမ်းကျင်အောင် မပြတ်ဆည်းပူးလေ့လာခြင်းအားဖြင့် မိမိရဲ့လုပ်ငန်းစွမ်းရည် သို့မဟုတ်ငွေရှာမှု စွမ်းရည်တိုးတက် အောင် ဆောင်ရွက်ဘို့နဲ့ တစ်ဖက်ကလည်းမိမိကိုယ်ကိုလေးစားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်အောင် မိမိရဲ့အပြုအမူများကို စောင့်ထိန်းလေ့ကျင့်ဘို့ ဆိုတာဘဲ ဖြစ်တယ်လို့ပြောချင်ပါတယ်၊ မိမိကိုယ်ကို လေးစားခြင်း၊ မိမိရဲ့အရည်အသွေး တိုးတက်ထက်မြက်လာမှုကို အားကိုးယုံကြည်ခြင်းတွေကြောင့် လုပ် ငန်းကိုင်ငန်းတွေမှာ အောင်မြင်ပြီး မိမိရဲ့လိုအင်ဆန္ဒတွေ တနေ့တခြား ပို၍ပို၍ ပြည့်ဝလာပါလိမ့်မယ်၊

"ကျွန်တော် ဒီနေ့အထိ တင်ပြခဲ့တဲ့ ပိန်ကြုံသောပိုက်ဆံအိတ် ပြည့်တင်းရေး ဆေးနည်း ခုနစ်ချက်ဟာ ကျွန်တော့်ရဲ့ဘဝ သက်တမ်းတစ်လျှောက် ကိုယ်တိုင်ရရှိခဲ့တဲ့ အောင်မြင်မှု အတွေ့ အကြုံများထဲက ထုတ်ယူရရှိခဲ့တာဖြစ်ပါတယ်၊ ဓနဥစ္စာ ကြွယ်ဝချင်တဲ့ပုဂ္ဂိုလ်တိုင်း ဒီဆေးနည်းများ အတိုင်းလိုက်နာကျင့်သုံးခြင်းအားဖြင့် ကျွန်တော်နည်းတူ အောင်မြင်မှုရရှိလာပါလိမ့်မယ်လို့ ကျွန်တော် တိုက်တွန်းပြောဆိုချင်ပါတယ်၊

"ဘေဘီလုံဟာ ခင်ဗျားတို့ထင်တာထက် အများကြီး ချမ်းသာကြွယ်ဝတဲ့မြို့ပါ၊ ဒီမြို့ဟာ ဒီ ထက်မက ကြီးပွားတိုးတက်လာပါလိမ့်ဦးမယ်၊ ဒီမြို့မှာ ခင်ဗျားတို့အားလုံးအတွက် ချမ်းသာနိုင်တဲ့ အခွင့်အလမ်းတွေ အပြည့်အဝရှိနေတယ်ဆိုတာ ယုံကြည်ထားကြပါ၊အဲဒီအခွင့်အလမ်းတွေကို ရယူကြ

ခံစားကြပါ၊ချမ်းသာအောင်ကြွယ်ဝအောင်အားထုတ်ကြစမ်းပါ၊
“ကိုယ်တိုင်ကြိုးစား အောင်မြင်ပြီးတဲ့အခါမှာလည်း ကိုယ်အောင်မြင်ခဲ့တဲ့ နည်းနာနိဿယတွေ ကြီးပွားချမ်းသာရေး အလေ့အကျင့်တွေကို အခြားသော ဘေဘီလုံသား ညီနောင်သားချင်းများကို ရက်ရက်ရောရော သဘောထားကြီးစွာ ဝေငှကြပါ၊ သူတို့လည်း ကြီးပွားချမ်းသာချင်စိတ် ထက်သန် လာအောင် ကြီးပွားရေးအတွက် တကယ်အားထုတ်ကြိုးပမ်းလာကြအောင် တိုက်တွန်းနှိုးဆော်ကြပါ၊
ဘေဘီလုံရဲ့ ဓနဥစ္စာတွေဟာ မျှဝေလို့မကုန်နိုင်ပါဘူးလို့
ကျွန်တော်ပြောကြားလိုက်ပါရစေ”

# အခန်း(၄)

## ကံကြမ္မာစောင့်နတ်သမီးနှင့်တွေ့ဆုံခြင်း

လူတစ်ယောက်ကံကောင်းလာပြီဆိုလျှင် ဘယ်မျှအထိ ကံကောင်းမည်ကို ခန့်မှန်း၍မရနိုင်။ 'ကိုင်းသွားလေရော့' ဟုယူဖရေးတီးစ်မြစ်ထဲ ပစ်ချသည့်တိုင် အသက်မသေရုံမက လက်ထဲပုလဲတစ်လုံးကိုင်ပြီး ပြန်တက်လာနိုင်သည်။

[ဘေဘီလုံစကားပုံ
တစ်ခု]

ကံကြမ္မာကောင်းနှင့် ကြုံကြိုက်လိုသောဆန္ဒကား ကမ္ဘာလူမျိုး တစ်ရာ့တစ်ပါးမှာရှိသော တူညီ သည့် အလိုဆန္ဒတစ်ခုပင်ဖြစ်သည်။ သည်ကနေ့လူတွေထဲမှာ အဲ့ဒီဆန္ဒပြင်းပြသလို လွန်ခဲ့သော နှစ်ပေါင်းလေးထောင်က လူများ၏ရင်ထဲတွင်လည်း အလားတူပင် ပြင်းပြင်းပြပြရှိခဲ့သည်။

ကျွန်တော် တို့အားလုံးပင် ကံကြမ္မာစောင့်နတ်သမီး၏ မျက်နှာသာပေးမှုကို

ခံယူရရှိလိုကြမြဲ ဖြစ်ပါသည်။ ကံနုတ်သမီးသည် မည်သည့်အခါ မိမိအားမျက်စိကျလေမည်နည်း၊ မိမိအပေါ် ရက်ရက် ရောရော သဘောကောင်းလာလေအောင် မည်သို့ဆွဲးဆောင် ခေါ်ငင်ရပါမည်နည်း။

ကံကြမ္မာကောင်ကို ဆွဲးဆောင်ခေါ်ငင်နိုင်သည့်
နည်းလမ်းဟူသည်ကော အမှန်တကယ်ရှိပါ၏
လော။

ရှေးဘေဘီလုံသားတို့၏ ခေါင်းထဲမှာ သည်ပြဿနာ
ကိန်းအောင်ခဲ့သည်။ သည်ပြဿနာကို
သူတို့ကြိုးစား အဖြေရှာကြသည်။ စစ်စစ်သည်ပုဂ္ဂိုလ်တွေသည်
ဉာဏ်ပညာထက်မြတ်သူများ အတွေး အခေါ်အရာ၌
လိမ္မာသူများဖြစ်ကြသည်။ ထို့ကြောင့်လဲ သူတို့၏မြို့တော်သည်
ထိုခေတ်အခါက အချမ်းသာအကြွယ်ဝဆုံးနှင့် တန်ခိုးအာဏာ အကြီးမားဆုံး
ဖြစ်ခဲ့ခြင်းပင်။

ရှေးပဝေသဏီဟုဆိုရမည့် ထိုစဉ်ကာလက သူတို့ဆီတွင် စာသင်ကျောင်းများ
တက္ကသိုလ် ကောလိပ်များ မရှိသေးပါ။ သို့သော် အသိပညာဆည်းပူးရာ
နေရာဌာနတစ်ခုကား ရှိခဲ့ပြီးဖြစ်ပါသည်။
ပညာကို လက်တွေ့ရှာမှီးသည့် နေရာတစ်ခု။

သည်နေရာက ဘေဘီလုံ၏ ကြီးကျယ်ခမ်းနားသော
အဆောက်အအုံများစွာထဲးတွင်မှ အထင်
ရှားဆုံးတစ်ခုဖြစ်၍ ဘုရင်မင်းမြတ် စံနန်းတော်၊ ဥယျာဉ်ပျံများ၊ အထင်ကရ
နတ်ကွန်းကြီးများနှင့် တန်းတူ အရေးပါခဲ့သည်။ အဲသည်အချိန်က
ဘေဘီလုံသားတို့၏ အတွေးခေါ် အယူအဆများကို ပုံသွင်းဖန်တီးရာ၌
သည်နေရာလောက် ဩဇာတိက္ကမကြီးသော နေရာမရှိခဲ့။ သို့သော်
သမိုင်းကျမ်းများ
ထဲးတွင်မူ သည်နေရာအကြောင်း တစ်စေ့တစ်စောင်းမျှပင် ဖော်ပြလေ့မရှိခဲ့။

ထိုအဆောက်အဦကို ပညာ့ဗိမာန် အဆောက်အဦဟု
ခေါ်ဝေါ်ကြသည်။ အဲသည်နေရာတွင်
စေတနာဆရာတို့က မိမိတတ်အပ်သမျှပညာကို အခမဲ့
ဟောပြောပို့ချကြသည်။ လူအများ စိတ်ဝင်စား သော အကြောင်းအရာတို့ကို
သည်နေရာတွင် လွတ်လွတ်လပ်လပ် ဆွေးနွေးဝေဖန်ကြသည်။ အဲသည်
အဆောက်အအုံထဲမှာရှိစဉ်တွင် လူတိုင်းသည် တန်တူရည်တူပင်ဖြစ်သည်။
အနိမ့်ကျဆုံး ကျေးကျွန်
သည်လည်း မင်းညီမင်းသားတစ်ပါးနှင့် အတွေးအခေါ်ချင်း

ယှဉ်ပြိုင်ဆွေးနွေးခွင့်ရှိသည်။

ပညာ့ဗိမ္မာန်သို့ ပုံမှန်လာရောက်ကြသူများထဲတွင် တစ်ဦးသောပုဂ္ဂိုလ်က ဘောဘီလုံတွင် အကြွယ်ဝဆုံးဟု လူအများသိထားကြသည့် သူကြွယ်ပညာရှိ အာခတ်ဖြစ်သည်။ အာခတ်မှာ ပညာ့ဗိမ္မာန်ထဲ၌ သီးသန့်ခန်းမတစ်ခုပင် ရှိထားသည်။ သည်ခန်းမ၌ ညတိုင်းလိုလို လူစည်လေ့ရှိ သည်။ လူကြီးလဲပါသည်၊ လူငယ်လဲပါသည်၊ အဓိကတော့ လူလတ်ပိုင်းပုဂ္ဂိုလ်များ ဖြစ်သည်။ ညစဉ် သည်အခန်းမှာ စုဝေးကာ အများစိတ်ဝင်စားသည့် အကြောင်းရပ်မျိုးစုံကို ဆွေးနွေးပြောဆိုလေ့ရှိကြ သည်။

တစ်ခုသောညချမ်းမှာ သူတို့ဆွေးနွေးဝေဖန်ကြသည့် အကြောင်းအရာတစ်ခုကို ကျွန်တော်တို့ နားစွင့်ကြည့်ကြပါစို့။

အနောက်မိုးကုပ်စက်ဝိုင်းတွင် နေလုံးနီနီ ဝင်ရောက်ပျောက်ကွယ်လုအချိန် ခန်းမထဲးသို့ အာခတ်ရောက်လာသည်။ အခန်းထဲးမှာ လူလေးဆယ်လောက်က သူ့အရင် ရောက်နှင့်နေကြပြီးဖြစ်

သည်။ ကြမ်းပြင်တွင် ကော်ဇောငယ်ကိုယ်စီခင်းကာ ထိုင်သူထိုင်
လှဲသူလှဲနေကြသည်။ အာခတ်
နောက်မှ ဝင်သူတွေ ဝင်လာကြသည်။

"ဒီည ဘယ်ခေါင်းစဉ် ဆွေးနွေးကြမလဲ" အာခတ်ကမေးသည်။

ဆွေးနွေးဝိုင်းတက်လာသူတွေ တယောက်မျက်နှာ
တယောက်ကြည့်ကြပြီး အတန်ကြာတော့
အရပ်ရှည်ရှည် ပုဂ္ဂိုလ်တယောက် ထလာသည်။ သူက ယက်ကန်းလုပ်ငန်း
လုပ်ကိုင်သူတဦး။

"ကျွန်တော်ဆွေးနွေးစေချင်တဲ့ အကြောင်းအရာ တခုရှိပါတယ်။
ဒါပေမယ့် အာခတ်ရော
ဒီကမိတ်ဆွေတွေအတွက်ပါ ရယ်စရာလိုဖြစ်နေမှာစိုးလို့ ကျွန်တော်
အပြောရခက်နေတယ်"

ဉည်အခါ အားလုံးကပင် သူ့အား လွတ်လွတ်လပ်လပ်
တင်ပြပြောဆိုဘို့ ဝိုင်းဝန်းတိုက်တွန်း
ကြသည်။ သို့နှင့် သူစကားဆက်ဖြစ်သည်။

"ဒီကနေ့ ကျွန်တော်ကံကောင်းတယ်ဗျာ၊ ပိုက်ဆံအိတ်တစ်အိတ်
ကောက်ရတယ်၊ အထဲမှာ
ရွှေဒင်္ဂါးပြားတစ်ချို့ပါတယ်၊ ဒီဟာရတော့ ကျွန်တော့်စိတ်ထဲမှာ
ငါဒီအတိုင်းသာဆက်ပြီးကံကောင်းရင် ဆိုတဲ့ တွေးတစ်ခုပေါ်လာတယ်၊
ရှေ့ဆက်ပြီး ကံကောင်းချင်တဲ့ဆန္ဒ ကျွန်တော့်မှာပြင်းပြနေတယ်၊
တစ်ချိန်တည်းမှာ ဒီဆန္ဒမျိုးဟာ ကျွန်တော့်နည်းတူ အခြားသောသူများမှာလဲ
ရှိမှာပဲလို့ တွေးလာမိ တယ်၊ ဒါကြောင့်မို့လို့ ဒီကနေ့ပွဲမှာ
ကျွန်တော်တို့အနေနဲ့ ကံကြမ္မာကောင်းတွေ ကိုယ့်ဆီမှန်မှန်ရောက်
လာအောင် ခေါ်ယူနိုင်မယ့် နည်းလမ်းဆိုတာမျိုး ရှိသလား၊ မရှိဘူးလား၊
အကယ်၍ ရှိတယ်ဆိုရင် ဘယ်လိုနည်းလမ်းတွေလဲ၊ အဲဒါတွေရအောင်
ကျွန်တော်တို့ ဘယ်လိုလုပ်နိုင်ကြမလဲဆိုတဲ့အကြောင်း
ဆွေးနွေးကြဘို့ ကျွန်တော်အကြံပြုချင်တာပါ"

“သိပ်စိတ်ဝင်စားတဲ့ အကြောင်းအရာပါဘဲ၊”

အာခတ်ကမှတ်ချက်ချသည်။ “ကျွန်တော်တို့ သိပ်ကိုဆွေးနွေးသင့်တာပေါ့၊ လူအတော်များများအမြင်အရတော့ ကံကောင်းတယ်ဆိုတာ ကျွန်တော်တို့ လုံး ဝရည်ရွယ်လဲမထား၊ ဘယ်လိုအကြောင်းမှလည်းမရှိဘဲနဲ့ ကောင်းတဲ့အရာတစ်ခု အချောက်တိုက်လာဖြစ် တာ၊ အလိုအလျောက် လာကြုံကြိုက်တာမျိုးကို ဆိုတာပေါ့၊ တချို့ကျတော့လဲ ကံကြမ္မာကောင်းဆိုတာ အင်မတန် ရှက်ရောသဘောကောင်းတဲ့ ကုသိုလ်ကံစောင့်နတ်သမီး ‘အက်ရှတာ’ စီမံဖန်တီးတဲ့အတွက် ကြောင့်ဖြစ်ရတာ၊ သူ့သဘောကျတဲ့လူ သူ့စေတနာပေါက်တဲ့လူကို သူကဖောဖောသီသီ ပေးချလိုက် တတ်တာလို့ ယုံကြည်ကြပြန်တယ်၊ အဲဒီတော့ ခင်ဗျားတို့ကော ဘယ်လိုယုံကြည်ကြသလဲ၊ ကျွန်တော် တို့ဆီ ကံကြမ္မာကောင်တွေရောက်လာအောင် ဘယ်ပုံဘယ်နည်းနဲ့ ဆောင်ရွက်နိုင်မယ်လို့ ခင်ဗျားတို့ မြင်ကြသလဲ၊ ဆွေးနွေးကြစမ်းပါ”

“ဟုတ်တယ်၊ ဟုတ်တယ်၊ လုပ်စမ်းပါ” နာထောင်လိုစိတ် ထက်သန်သူတစ်စုက တက်တက် ကြွကြွ တောင်ဆိုကြသည်။

အာခတ်ကဆိုသည်။ "ကဲ ဟုတ်ပါတယ်၊ ပထမဆုံး စောစောက ယက်ကန်းလုပ်ငန်းရှင် မိတ်ဆွေပြောသွားတဲ့ ကံကောင်းတဲ့အတွေ့အကြုံမျိုး ရှိခဲ့ဘူးသူတွေက ကိုယ်တွေ့လေးတွေ အရင် ဖောက်သည်ချကြစမ်းပါ၊ ပြီးတော့မှ ဝေဖန်ကြ၊ သုံးသပ်ကြတာပေါ့"

ပရိတ်သတ်က တစ်ယောက်မျက်နှာ တစ်ယောက် လိုက်ကြည့်နေကြသည်။ ဘယ်သူမျှထမလာ။ "ဟာ၊ ဘယ်လိုလဲ၊ တစ်ယောက်မှမရှိဘူးလား၊ ဒီအတိုင်းသာဆိုရင်တော့ ယက်ကန်းဆရာရဲ့ ကံကောင်းမှုမျိုးဟာ ကြုံကြိုက်ဖို့ အင်မတန် ခဲယဉ်းတဲ့အရာလို့ ဆိုရမလိုဖြစ်နေပြီ၊ ကဲ၊ ဒါဖြင့်လဲ တစ်ယောက်ယောက်တော့ပြောစမ်းပါ၊ ကံကြမ္မာကောင်းကြုံချင်ရင် ဘယ်လိုနေရာမျိုးမှာ ကျွန်တော်တို့ လိုက်ရှာကြမလဲ" အာခတ်ကမေးသည်။

"ကျွန်တော်ပြောပါ့မယ်" သားသားနားနား ဝတ်စားထားသည့် လူငယ်တစ်ယောက်က ထ၍ဆိုသည်။ "ကံစမ်းချင်တယ်ဆိုရင်တော့ ကစားဝိုင်းတွေရှိတာပေါ့ဗျာ၊ ဟုတ်တယ်မလား၊ ကံတိုက်မတိုက် သိချင်ရင်၊ ကံကြမ္မာစောင့်နတ်သမီးက ကိုယ့်ကိုမ,မလား မ,မဘူးလားသိချင်ရင်၊ အဲ့ဒီဝိုင်းတွေပဲ သွားရ မှာပေါ့၊ ဒီလိုပဲသွားနေကြတဲ့လူတွေလည်း အများကြီး ရှိတာပဲ"
သည်လိုပြောပြီး သူထိုင်သွားတော့ တစ်ယောက်က လှမ်းပြောသည်။ "ဟ မောင်ရင့်ကိုယ် တွေ့လေးလည်း ဆက်ပြောဦးလေကွာ၊ ကြွေအံဝိုင်းမှာမောင်ရင်ကံစမ်းတော့ ကံနတ်သမီးက တစ်ဝိုင်း လုံးကငွေတွေ ကျုံးယူပေးလိုက်သလား၊ မောင်ရင့်အိတ်ထဲပါသမျှ အားလုံးသိမ်းယူထားလိုက်သလား၊ အဲဒါလေးလဲ ပြောစမ်းပါအုံး"

သည်စကားကြားတော့ ပရိတ်သတ်ကရယ်ကြသည်။ ကစားဝိုင်းသို့သွားရန် အကြံပေးသည့် ပုဂ္ဂိုလ်လေးလည်း ရယ်သည်။ "ကျွန်တော့်ကိုယ်တွေ့ကို ဖြောင့်ချက်ပေးရရင်တော့ ကံနတ်သမီးက ဝိုင်းထဲကျွန်တော်ရှိမှန်းတောင်

သိပုံမရဘူးလို့ပဲဆိုရမှာပါ၊ ဒါပေမယ့် ခင်ဗျားတို့အတွေ့အကြုံတွေ လည်းပြောအုံးလေ၊ နတ်သမီးက ခင်ဗျားတို့ကို ကြွေအံဝိုင်းကစောင့်ပြီး ကံကြမ္မာကောင်းတွေပေးဘူး သလား၊ ပေးရင်ဘယ်လိုပေးသလဲပေါ့၊ ကျွန်တော်တို့က ဒီမှာသူများတွေဆီက သင်ခန်းစာယူဘို့ လာနားထောင်တာပါ"

"ကောင်းတယ်၊ အစပိုင်းကောင်းနေပြီ" အာခတ်ကဆိုသည်။ 'ကျွန်တော် တို့ဒီမှာစုကြတဲ့ ရည်ရွယ်ချက်က ပြဿနာတိုင်းကို ရှုထောင့်စုံက ဝေဖန်သုံးသပ်မိဖို့အတွက်ပဲ၊ ကံအကြောင်းပြောရင် လူအတော်များများရဲ့စိတ်က ကြွေတစ်လက် ကြက်တစ်ခုန်ဆိုတာလို ကံကြမ္မာအလှည့်အပြောင်းလျင်မြန် တဲ့ လောင်းကစားဝိုင်းတွေဆီ ရောက်သွားတတ်ကြတာဆိုတော့ ဆွေးနွေးတဲ့နေရာမှာ သူတို့လည်း ချန်လှန်ထားလို့ မဖြစ်ဘူးပေါ့၊"

"လောင်းကစားအကြောင်းပြောကြတော့ ကျွန်တော်မနေ့က မြင်းပြိုင်ပွဲကို သတိရတယ်ဗျာ၊" ပရိတ်သတ်ထဲမှ တစ်ယောက်ကဆိုသည်။ "ကံစောင့်နတ်သမီးဟာ ကြွေအံကစားဝိုင်းကိုရောက်မယ်ဆို ရင် မြင်းပွဲကိုလည်း ရောက်ရမှာပဲဗျ၊ သားသားနားနားမြင်းကြီးတွေ ရွှေပိန်းချ ပြိုင်ရထားတွေနဲ့

ဆိုတော့ မြင်းပွဲးက ကြွေအံပွဲထက် ပိုကြီးကျယ်ခမ်းနားပြီး စိတ်ဝင်စားစရာလည်း ကောင်းတာကိုဗျ၊.... ဒီမယ်အာခတ်၊ အမှန်အတိုင်း ပြောစမ်းပါဗျာ၊ မနေ့ကခင်ဗျားကို နှင်နီဗေးကမြင်းတွေလောင်းဘို့ ကံနတ်သမီးက တိုးတိုးပြောသွားတယ်မဟုတ်လား၊ ဒိုင်ဆီမှာတန်းစီတော့ ကျွန်တော်ခင်ဗျားနောက်နား လေးတင်ရှိနေတာဗျ၊ အဲဒီမြင်းညိုတွေဘက်က ခင်ဗျားလောင်းကြေးထပ်တော့ ကျွန်တော် ယုံတောင် မယုံဘူး၊ ကျွန်တော်တို့ အဆီးရီးယားနယ်တစ်ခွင်မှာ ဘေဘီလုံမြင်း စိုင်လျှော်အုပ်စုကို ယှဉ်နိုင်သူမရှိဘူးဆိုတာ ခင်ဗျားလည်းသိ ကျွန်တော်လည်းသိ အားလုံးအသိဘဲမဟုတ်လား၊ ဒီလိုသိလျက်နဲ့ အဲဒီ ကောင်တွေဘက်က ခင်ဗျားလောင်းတယ်၊ နောက်ဆုံးကွေ့မှာ မြင်းမည်းတစ်ကောင်က အချောက်တိုက် ချော်လဲပြီး စိုင်လျှော်တွေပြေးတဲ့လမ်းမှာ သွားပိတ်တယ်၊ အဲဒီမှာခင်ဗျားမြင်းညိုတွေက အချောင်ဝင် ဗိုလ်စွဲသွားတယ်၊ ဒီလိုကြံကြံဖန်ဖန် နိုင်မယ်ဆိုတာ ခင်ဗျားကို နတ်သမီးက တီးတိုးပြောမသွားဘဲ
ခင်ဗျားသိနိုင်မလား၊ ပြောစမ်းပါဦးဗျာ”

စကားပြောသူက အာခတ်၏ မိတ်ဆွေရင်းတယောက်ပင်ဖြစ်သည်။ သူ့အားသည်မျှကံကောင်းရ
ကောင်းလားဟု တမင်တကာ နောက်နောက်ပြောင်ပြောင်
စွပ်စွဲးပြောဆိုနေသည်ကို အာခတ်ပြုံး၍ နား
ထောင်နေသည်။ ပြီးမှသူကဆိုသည်။

“ကျေးဇူးရှင်နတ်သမီးကို အဲဒီလိုမပြောပါနဲ့ဗျာ၊ သူကမြင်းပွဲးလာပြီး ဘယ်သူဘယ်ဝါနိုင်စေ
ကျန်တဲ့လူတွေရှုံးစေဆိုတာမျိုးတော့လည်း လုပ်ပါ့မလားဗျာ၊ ကျွန်တော်ကတော့ ကံကြမ္မာစောင့်နတ် သမီးဆိုတာ လူအများအပေါ် မေတ္တာတရားထားသူ၊ ထိုက်တန်သောသူ လိုအပ်သောသူတွေကို ဂုဏ်သရေရှိသော နည်းလမ်းအားဖြင့် ကူညီစောင့်မတတ်သူ၊ အဲသလိုပဲမြင်တယ်၊ တကယ်လည်း ကျွန် တော်တော့ ကံကြမ္မာနတ်သမီးကို မြင်းပွဲးတို့ ကြွေအံဝိုင်းတို့လို အနိုင်ထက် အရှုံးများတဲ့ နေရာဌာန မျိုးတွေမှာ လိုက်ကြည့်လေ့မရှိပါဘူး၊ ပိုပြီးတန်ဖိုးရှိတဲ့နေရာ၊ ပိုပြီးအကျိုးရလာဒ် ဖြစ်ထွန်းနိုင်တဲ့
နေရာမျိုးတွေမှာသာ လိုက်ရှာလေ့ရှိတယ်၊

“ဆိုပါစို့၊ ထွန်ယက်စိုက်ပျိုးတဲ့ အလုပ်တို့၊ ကုန်သွယ်မှု အလုပ်တို့၊ သည့်ပြင်တခြား ဘယ်
အသက် မွေးဝမ်းကျောင်း အလုပ်မျိုးမှာမဆိုပါပဲ၊ လူတစ်ယောက်အနေနဲ့ အကျိုးအမြတ်ရရှိနိုင်တဲ့ အခွင့်အလမ်းတွေရှိပါတယ်၊ အလုပ်လုပ်တဲ့အကြိမ်တိုင်းမှာတော့ အမြတ်ရချင်မှရမှာပေါ့၊ ဘာ့ကြောင့်လဲ ဆိုတော့ ဆုံးဖြတ်ချက် မှားသွားတာရှိနိုင်တယ်၊ အတွက်အချက်တွေ လွဲချင်လွဲနိုင်တယ်၊ တစ်ခါတစ်ရံ ပတ်ဝန်းကျင် အခြေအနေတွေက မမျှော်လင့်ဘဲ ပြောင်းလဲသွားတာကြောင့် ကိုယ့်အားထုတ်ကြိုးပမ်းမှု တွေ အချည်းနှီး အလဟာသဖြစ်ရတာမျိုးလည်း ရှိနိုင်တယ်၊ ဒါပေမယ့် ဒါတွေကခြွင်းချက်ပါ၊ တကယ်တမ်းသာ စွဲစွဲမြဲမြဲလုပ်မယ်ဆိုရင်တော့ အကျိုးကျေးဇူးခံစားရမှာ မုချပါ၊ ဘာကြောင့်လဲဆိုတော့
ရေရှည်မှာ အကျိုးအမြတ်ဟာ အလုပ်လုပ်သူဘက်က ရှိလို့ပဲ၊

“လောင်းကစားဝိုင်းမှာက ဒီလိုမဟုတ်ဘူး၊ ဒါနဲ့ပြောင်းပြန်၊
ဝိုင်းထဲမှာကြာလေ အကျိုးအမြတ်
က ကစားသူထက် ကစားဝိုင်းထောင်သူဘက်ကို ရောက်လာလေပဲ၊ ဘာကြောင့်လဲဆိုတော့ ကစားဝိုင်း စီစဉ်ထားပုံကိုက ဒိုင်လုပ်သူအတွက် အကျိုးအမြတ်တစုံတရာ သေချာအောင်လုပ်ထားတာကိုး၊ ဒါက သူ့မှာလုပ်ငန်းလေ၊ အသက်မွေးမှုတစ်ခု ဖြစ်နေတယ်၊ ဒီအပေါ်က သူအမြတ်မရလို့ မဖြစ်ဘူး၊ ဒါ

ကြောင့်မို့ ကျွန်တော်တို့လောင်းကြေးတွေထဲက ဘယ်နှစ်ရာခိုင်နှုန်းကတော့ အကောက်ဆိုပြီး သူ့ အတွက် ယူလိုက်တာ၊ ကစားတဲ့လူတွေစိတ်ထဲမှာ ကိုယ်နိုင်ဘို့ပဲ တွေးနေကြတာ၊ တကယ်တော့ သေ
ချာပေါက်နိုင်တာက ကစားဝိုင်းထောင်ထားတဲ့လူ၊ ကိုယ့်အနိုင်အရှုံးက
ရေရာတာမဟုတ်ဘူး၊

"ဥပမာ ကျွန်တော်တို့ အံစာဝိုင်းကိုပဲကြည့်၊ အံစာတုံးကို လှိမ့်လိုက်ပြီး ဘယ်မျက်နှာပေါ်မလဲ
လောင်းကြတယ်၊ ကျွန်တော်တို့ကထိုးတယ်ဆိုပါတော့ အနီရောင်ပေါ်ရင်ဘာဖြစ်မလဲ၊ ဒိုင်ကလေးဆ လျော်မယ်၊ ဒါပေမယ့် အနီရောင်အပြင် နောက်ထပ်ပေါ်နိုင်တာ ငါးမျက်နှာရှိတယ်၊ အဲဒီထဲက တစ်ခု ခုပေါ်ရင် ကျွန်တော်တို့လောင်းကြေးကို ဒိုင်စားမယ်၊ အဲဒီတော့ အံစာတုံးတစ်ကြိမ်လှိမ့်တိုင်းမှာ ကျွန်တော်တို့နိုင်ခွင့် တစ်လေးရှိတိုင်း ဒိုင်အတွက် ငါးလေးရှိတယ်၊ ကျွန်တော်တို့နိုင်ရင် လေးဆ လျော်တာဆိုတော့ သူနဲ့ကျွန်တော်တို့ အရှုံးအနိုင်ဟာ သူကငါးဆ၊ ကျွန်တော်တို့ကလေးဆ၊ အဲဒီတော့ အကယ်၍ တစ်ညလုံးသာကစားနေကြမယ်၊ အံစာကလည်း မျက်နှာစာတွေအားလုံး မျှမျှတတ လှည့် ပြီးပေါ်နေမယ်ဆိုရင် ပျမ်းမျှခြင်း သဘောအရ ဒိုင်က လောင်းကြေးငွေအားလုံးရဲ့ ငါးပုံတစ်ပုံကိုတော့ သေချာပေါက် စားသွားမှာပဲ၊"

"ဒါပေမယ့် အံစာဝိုင်းမှာ အများကြီးနိုင်သွားကြတဲ့ ထိုးသားတွေလည်း ရှိတာပဲ မဟုတ်လား"
တစ်ယောက်က ဝင်ထောက်သည်။

"နိုင်သူတွေရှိတာမှန်ပါတယ်၊" အာခတ်ကဆိုသည်။ "ဒါပေမယ့်
အံစာဝိုင်းမှာ ကံကောင်းပြီး
အကြီးအကျယ် ပွသွားတယ်ဆိုတဲ့လူတွေမှာ အဲဒီငွေဟာ ဘယ်လောက်ကြာကြာ ခံလေ့ရှိသလဲ၊ ကံကောင်းသက် ဘယ်လောက်ရှည်တတ်ကြသလဲ၊ စူးစမ်းကြည့်ကြစမ်းပါအုံး၊ ကျွန်တော်လေ့လာလို့ ရသလောက်တော့ ကျွန်တော်နဲ့သိတဲ့ ဘေဘီလုံသား လူချမ်းသာများထဲမှာ ကစားဝိုင်းကနိုင်တဲ့ငွေနဲ့ စပြီးထူထောင်လာခဲ့သူရယ်လို့ တစ်ယောက်မှတောင် ပြောသံမကြားဖူးဘူး၊ ခင်ဗျားတို့မှာလည်း လူကုံ ထံမိတ်ဆွေတွေ အများကြီးရှိတာပဲ၊ အဲဒီအထဲမှာ လောင်းကစားနဲ့ ကြီးပွားတဲ့လူ ဘယ်နှစ်ယောက်

ပါသလဲ၊ ပြောစမ်းပါအုံး”

အားလုံးတိတ်ဆိတ်နေကြသည့်အခါ အာခတ်ကဆက်၍ မေးသည်။

“ကဲ တခြားလူထဲက မသိဘူးဆိုပါတော့၊ ခင်ဗျားတို့ကိုယ်တိုင်ကောဗျာ၊ ကစားဝိုင်းတွေသွား ဘူးကြတာပဲ၊ အမြဲတမ်း ဒါမှမဟုတ် အမြဲတမ်းနီးပါး နိုင်တဲ့လူရှိသလား၊ ခင်ဗျားမှာ ပုံမှန်ရနေတဲ့ ဝင်ငွေဟာ ဒီဝိုင်းတွေက အမြဲကရနေတာပါလို့ ပြောနိုင်တဲ့လူရှိသလား၊ ရှိတယ်ဆိုရင်တော့ ပြောလေ ဗျာ၊ တခြားလူတွေကိုလည်း နည်းလမ်းပေးပေါ့၊”

ပရိတ်သတ်ထဲးမှ အချင်းချင်းလှောင်သံ ရယ်မောသံများသာ ထွက်ပေါ်လာသည်။

“ကဲ အဲဒီတော့ ကံကြမ္မာစောင့်နတ်သမီးကို ကျွန်တော်တို့ ဘယ်မှာရှာကြမလဲ၊ အံစာဝိုင်းမှာ သွားရှာလို့ အဆင်မပြေနိုင်ဘူး၊ ပိုက်ဆံအိတ်တွေလည်း လူတိုင်းခဏခဏ ကောက်ရမနေနိုင်ဘူး၊ မြင်းရထားပြိုင်ပွဲကိုလည်း အထင်မကြီးနဲ့၊ မြင်းပြိုင်ပွဲတွေ ကျွန်တော်သွားတာ အပျော်သဘော

သွားတာ၊ လောင်းတာလဲ အပျော်သဘောပဲ၊ နိုင်လို့ စီးပွားမဖြစ်ဘူး၊ ရှုံးလို့လည်း စီးပွားမပျက်ဘူး၊ ပြီးတော့ ကျွန်တော်ပြောမယ်၊ ကျွန်တော့်သူငယ်ချင်းက ဟိုနေ့ကပွဲမှာ ကျွန်တော်နိုင်သွားတာမြင်ပြီး အထင်တကြီးပြောနေတာ၊ ပုံမှန်အားဖြင့်တော့ အနိုင်ထက် အရှုံးကများပါတယ်၊ အဲဒီတော့ခြုံပြောရရင် ဒီနေရာတွေဟာ ကျွန်တော်တို့အတွက် ရေရှည်မှာ အကျိုးအမြတ်ရှိလောက်တဲ့ ကံကြမ္မာကောင်းမျိုး
ကြုံရမယ့် နေရာတွေ မဟုတ်ဘူးလို့ ဆိုချင်တယ်၊

"ဒါဖြင့်ရင် ကံကြမ္မာကောင်းကို ဘယ်မှာလိုက်ရှာကြမလဲ၊
ကဲကျွန်တော်တို့ရဲ့ အသက်မွေးဝမ်း
ကျောင်းလုပ်ငန်းတွေ ကုန်ရောင်းကုန်ဝယ်အလုပ်တွေထဲမှာပဲ လိုက်ကြည့်ကြရအောင်ဗျာ၊ ဘယ်လိုတွေ တွေ့ရတတ်သလဲ၊... လုပ်ငန်းတစ်ခုလုပ်တယ်၊ အဲဒီမှာ ကျွန်တော်တို့ တစုံတရာရတယ်ဆိုပါစို့၊ ဒါကို ကျွန်တော်တို့ ကံကောင်းတယ်လို့ ဆိုလေ့ရှိသလား၊ ကိုယ်လုပ်လို့ ကိုယ်ရတယ်ပဲ ယူဆကြသလား၊ များသောအားဖြင့်တော့ ကိုယ်လုပ်ထားလို့ အကျိုးခံစားရတာပဲလို့ပဲ ပြောတတ်ကြတယ်မဟုတ်လား၊ ကျွန်တော်ကတော့ ပြန်စဉ်းစားကြစေချင်တယ်၊ ဒါသည်ကော ကံကြမ္မာစောင့်နတ်သမီးက မျက်နှာသာ ပေးတာမဖြစ်နိုင်ဘူးလား၊ ကျွန်တော်တို့က ကျေးဇူးတင်ရကောင်းမှန်းမသိပေမယ့် သူကကျွန်တော်တို့ အပေါ် စေတနာကောင်းနဲ့ ထောက်မနေတာ ဖြစ်ချင်ဖြစ်မနေနိုင်ဘူးလား၊ ခင်ဗျားတို့ကော ဘယ်လို
သဘောရသလဲ၊ ဆွေးနွေးကြစမ်းပါအုံး"

သည်တွင် အသက်အတော်ကြီးရင့်ပြီဖြစ်သည့်
ကုန်သည်ကြီးတစ်ယောက် ထလာသည်။ သန့်
ပြန့်သားနားသော အဖြူရောင်ဝတ်ရုံ ကြီးကို အသာအယာ
ဆွဲးဆန့်လိုက်ပြီးနောက် စကားစသည်။

"လေးစားအပ်တဲ့ မိတ်ဆွေကြီးအာခတ်နဲ့ ဟောဒီကမိတ်ဆွေများရဲ့
ခွင့်ပြုချက်နဲ့ ကျွန်တော်
တစ်ခုပြောပါရစေ၊ အာခတ်ကပြောပါတယ်၊ ကျွန်တော်တို့ လုပ်ငန်းတွေလုပ်ကိုင်ကြလို့ အကျိုးကျေးဇူး တွေ ခံစားရတဲ့အခါ ကျွန်တော်တို့စိတ်ထဲမှာ ကံကောင်းတယ်လို့ မခံယူမိတတ်ကြဘူး၊ ကိုယ်

ကြိုးစားအားထုတ်ထားတဲ့အတွက် အကျိုးကျေးဇူး ခံစားရတာသာ ဖြစ်တယ်လို့သာ မြင်တတ်ကြပါ တယ်တဲ့၊ ဒါနဲ့စပ်ဆက်ပြီး ကျွန်တော်တစ်ခုစဉ်းစားမိတယ်၊ အောင်မြင်တဲ့ကိစ္စတွေကို ဖယ်ထားလိုက်၊ ကျွန်တော်တို့ရတော့မလိုနဲ့ မရလိုက်ပဲလွတ်သွားတဲ့ကိစ္စတွေ၊ ဟာ... ရလိုက်ရင်ပွတာပဲ ဆိုတဲ့ဟာမျိုး တွေ၊ အဲဒါမျိုးတွေကျတော့ အကယ်၍ လွတ်မသွားဘူး၊ ရလိုက်မယ်ဆိုပါတော့၊ ဒါကိုနောက်ကြောင်း ပြန်သုံးသပ်မယ်ဆိုရင် စောစောကလို ငါလုပ်ထားလို့ ငါရတယ်ဆိုတာမျိုး ရဲရဲတင်းတင်း ပြောနိုင်အုန်း မလား၊ ကံကောင်တယ်ဆိုတာမျိုး ပါမလာဘူးလား၊ အဲဒါလေးနည်းနည်း စဉ်းစားကြည့်ကြပါ၊ လူတိုင်းလိုလိုမှာ ဒီအတွေ့အကြုံမျိုးတွေ ရှိတတ်ကြပါတယ်၊”

“မှန်တယ် သိပ်ကောင်းတဲ့ အကြံဉာဏ်ပဲ၊” အာခတ်က ထောက်ခံသည်။ “ကံကြမ္မာကောင်းနဲ့ လက်တစ်ကမ်းလေးကြုံပြီးမှ ကပ်လွတ်သွားတာမျိုးတွေ တွေ့ဘူးကြမှာပေါ့”

ဟာသိပ်ရှိတာပေါ့၊ ဆိုသောအသံတွေ နေရာအနှံ့အပြားက ထွက်လာသည်။ အာခတ်ကပရိတ် သတ်ကိုလိုက်ကြည့်ရင်း စောစောက ထအကြံပေးသည့် ကုန်သည်ကြီးမျက်နှာကိုမြင်ကာ စိတ်ကူးတခု ရသည်။

“ကဲကျန်တဲ့လူတွေ ခဏနေကြပါအုန်းဗျာ၊ စောစောကနောင်ကြီးပဲ ပြောစမ်းပါ၊ ဒီအကြံပေးတာ
ထောက်တော့ နောင်ကြီးမှာ ကိုယ်တိုင်ကြုံဖူးတဲ့
အတွေ့အကြုံကောင်းတစ်ခုတော့ မုချရှိလိမ့်မယ်ထင်
တယ်၊ အဲ့ဒါလေးအရင် ကြားပါရစေ၊”

အာခတ်တောင်ဆိုတော့ ဝတ်ရုံဖြူပုဂ္ဂိုလ်ကြီးက ပြန်ထလာသည်။

“ဟုတ်ကဲ့၊ အခုလိုပြောခွင့်ပြုတဲ့အတွက်
ဝမ်းမြောက်ကျေးဇူးတင်ပါတယ်၊ လူတစ်ယောက်ရဲ့ဘဝ
မှာ ကံကြမ္မာကောင်းတစ်ခု ဘယ်လောက်အထိ နီးနီးကပ်ကပ်ကြုံနိုင်တယ်၊ ဒီကံကြမ္မာကောင်းကိုမိုက် မိုက်မဲမဲ လက်လွှတ်ဆုံးရှုံးခဲ့တဲ့အတွက် နောင်အခါ ဘယ်လောက်နှမြောတသစရာ ဖြစ်ရနိုင်တယ်
ဆိုတဲ့အကြောင်း ထင်ရှားစေမယ့် ကိုယ်တွေ့ဖြစ်ရပ်လေးတစ်ခု
ကျွန်တော်ပြန်ပြောပြချင်ပါတယ်၊

“လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကပါ၊ ကျွန်တော်လူငယ်ဘဝပေါ့၊
အိမ်ထောင်ကျပြီးကာစ ဝင်ငွေ
သိပ်မဆိုးတဲ့ အလုပ်ကလေးတစ်ခုလည်း ရှိနေတဲ့အချိန်၊ အဖေကတစ်နေ့
ကျွန်တော့်အိမ်ရောက်လာပြီး လုပ်ငန်းတစ်ခုမှာ
ဝင်ရင်းနှီးမြှုပ်နှံဘို့အကြောင်း အပြင်းအထန်တိုက်တွန်းတယ်၊
သူနဲ့အင်မတန်ရင်းနှီး တဲ့မိတ်ဆွေတစ်ယောက်ရဲ့သားက
မြေရိုင်းတစ်ကွက်တွေ့ထားတယ်၊ ကျွန်တော်တို့အပြင်မြို့ရိုးရဲ့ အပြင်
ဘက်နားလေးမှာပဲ၊ ဒါပေမယ့် တူးမြောင်းရဲ့ဟိုအထက်ပိုင်း
အတော်လှမ်းတဲ့နေရာဖြစ်လေတော့

ရေမရ

ဘူး၊ အဲ့ဒါကြောင့် မြေလွတ်မြေရိုင်းဖြစ်နေတာ၊

“အဖေ့မိတ်ဆွေရဲ့သားက ဒီမြေကိုဈေးပေါပေါနဲ့ဝယ်မယ်၊ ပြီးတော့
အဲ့ဒီနေရာမှာ နွားတွေနဲ့
မောင်းလို့ရတဲ့ ရေတင်ဘီးကြီးသုံးခုဆင်မယ်၊
မြေကမြေညွှဲဇာသိပ်ကောင်းတဲ့မြေ၊ ရေသာရမယ်ဆိုရင် အရမ်းအဘိုးတန်ပြီ၊
အဲဒါကြောင့် သူကရေတူးတဲ့အလုပ် ရေသွယ်တဲ့အလုပ်လုပ်ပြီးရင် ဒီမြေကို

အစိတ်စိတ်ခွဲပြီး စိုက်ပျိုးရေးသမားတွေကို တန်ဘိုးကြီးကြီးနဲ့ရောင်းမယ်၊ ဒါသူ့အကြံအစည်၊

"ဒါပေမယ့် ဒီပုဂ္ဂိုလ်လေးမှာကလည်း ငွေကြေးကပြည့်ပြည့်စုံစုံမရှိဘူး၊ သူလည်းပဲ ကျွန်တော့်
နည်းတူ ဝင်ငွေအသင့်အတင့်လောက်သာရှိတဲ့ လူငယ်တစ်ယောက်ပဲ၊ သူ့အဖေကလဲ ကျွန်တော့်အဖေ နည်းတူ သားသမီးတပြုံနဲ့ဆိုတော့ အရင်းမနှီးထုတ်မပေးနိုင်ဘူး၊ အဲဒါကြောင့် သူကစိတ်ဝင်စားတဲ့သူတွေလိုက်စုတာ၊ ဒီလုပ်ငန်းကြီးအတွက် စုပေါင်းဆောင်ရွက်ကြဖို့ စိတ်ထက်သန်တဲ့လူ လိုက်ရှာတာ၊ သူ့အစီအစဉ်က ကျွန်တော်တို့လိုဝင်ငွေအသင့်အတင့်ရှိတဲ့သူ ဆယ့်နှစ်ဦးပူးပေါင်းမယ်၊ ကိုယ့်ဝင်ငွေရဲ့ ဆယ်ပုံတစ်ပုံလောက်စီ မှန်မှန်ထည့်သွင်းကြမယ်၊ မြေရောင်းလို့ရတဲ့အချိန်ကျတော့ တစ်ဦးချင်းထည့်ခဲ့
တဲ့ငွေပေါ်မှာ အချိုးချပြီး မြတ်ငွေခွဲယူကြမယ်၊ အဲသည်လို၊

"ကျွန်တော့်အဖေကပြောတယ်၊ 'ငါ့သားအခုလို ငယ်ငယ်ရွယ်ရွယ်မှာ ဒီလိုရင်းနှီးမြှုတ်နှံတဲ့
အလုပ်မျိုး စလုပ်ဖြစ်မှ ကြီးလာတဲ့အခါ ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံနေရမယ်၊ လူအများကြား လေးစားခံရတဲ့လူတစ်ယောက်ဖြစ်လိမ့်မယ်၊ အဖေတော့သိပ်လုပ်စေချင်တယ်၊ အဖေငယ်ငယ်တုန်းက
ဒီလိုအလုပ်မျိုးမလုပ်ခဲ့မိလို့ ဒီကနေ့အထိ မပြည့်မစုံဖြစ်နေရတာ၊ မင်းအဖေ့လို ဆင်းရဲချင်သလား' တဲ့၊

" 'ဘယ်ဆင်းရဲချင်မလဲ' ပေါ့၊ ကျွန်တော်ကပြန်ပြောတယ်၊

“ ‘ဒါဖြင့် အဖေပြောတဲ့အတိုင်းလုပ်ပါကွာ’တဲ့၊ ‘အဖေ့အမှားကို သင်ခန်းစာယူပါ၊ အဖေ သားအရွယ် တုန်းကလုပ်သင့်လုပ်ထိုက်ရက်နဲ့ မလုပ်ခဲ့တဲ့အလုပ် အခုသားလုပ်စမ်းပါ၊ အခုသားရနေတဲ့ ဝင်ငွေရဲ့ ဆယ်ပုံတစ်ပုံကို အဲဒီလုပ်ငန်းထဲမှာဝင်ပြီး ရင်းနှီးမြှုပ်နှံလိုက်ပါ၊ ဒီလုပ်ငန်းက အစပြုပြီး ရင်းနှီးမြှုပ်နှံမှုတွေ ဆက်ဆက်ပြီး လုပ်ဖြစ်သွားရင် အဖေ့အရွယ်လောက်ရောက်တော့ သား လူကုံထံ
ကြီးတစ်ယောက် ဖြစ်နေလိမ့်မယ်’ တဲ့၊

“အဲဒီတော့ ကျွန်တော်ကပြန်ပြောတယ်၊ ‘အဖေ့စကားတွေ တန်ဖိုးရှိတာ ကျွန်တော်သိပါတယ်၊
ချမ်းသာကြွယ်ဝတဲ့လူတစ်ယောက်လဲ ကျွန်တော်ဖြစ်ချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်မှာ လက်ရှိ ဝင်ငွေနဲ့စာတော့ သုံးစရာစွဲစရာတွေက အဆမတန် များပြားနေတယ်၊ အဖေပြောသလိုလုပ်ဖို့ ကျွန်တော့်မှာမလွယ်ဘူးဖြစ်နေတယ်၊ ပြီးတော့အဖေရာ ကျွန်တော်ငယ်ပါသေးတယ်၊ အဖေ့အရွယ်
လောက်ရောက်ဖို့ အများကြီးလိုပါသေးတယ်၊ ဒီကြားထဲ
အချိန်တွေမနည်းပါဘူး’ ဆိုတော့၊

“အဖေက စိတ်မကောင်းဘူး၊ ‘အဖေလည်း သားအရွယ်တုန်းက
ဒီလိုဘဲတွေးခဲ့တာဘဲသား၊
ဒါပေမယ့် နှစ်ပေါင်းများစွာဆိုတဲ့အချိန်တွေဟာ ဒီလိုပဲ ရွှေ့ရင်းဆိုင်းရင်း
ကုန်သွားတာပဲ၊ အဖေဘာမှ
တောင် မလုပ်လိုက်ရဘူး’ တဲ့၊ အဖေက ကျွန်တော့်ကို ချော့ချော့မော့မော့နဲ့ ပြောတယ်၊ “ဒါပေမယ့် ကျွန်တော်ကမရဘူး၊ ‘ဒီခေတ်က အဖေတို့ခေတ်နဲ့
မတူတော့ပါဘူးအဖေရာ၊
ကျွန်တော်အဖေ့လို မဖြစ်စေရဘူး စိတ်ချပါ’ လို့ ပြောလိုက်တယ်၊

“အဖေက အလွယ်တကူတော့ မလျှော့သေးဘူး၊ ‘သား၊ ဒါမင်းအတွက် အခွင့်အရေးကြီးနော်၊
တကယ့်ကိုချမ်းသာဖို့လမ်းစ၊ အဖေတော့ လုံးဝနှောင်နှေးမနေစေချင်ဘူးကွာ၊

မနက်ဖြန်ပဲ အဲဒီလူငယ် ဆီသွားပြီးဆွေးနွေးကွာ၊ သားသူနဲ့ပူးတွဲပြီးလုပ်လိုက်ပါ၊ အခွင့်အရေးဆိုတာ ကြာကြာမဆိုင်းဘူး၊ အခု ရှိပေမယ့် တော်ကြာ ရှိချင်မှရှိတော့မှာ၊ စဉ်းစားမနေနဲ့ကွာ၊ မနက်ဖြန်သွားဖြစ်အောင်သာ သွားလိုက်
ပါ' လို့ အတင်းအကျပ် တိုက်တွန်းသွားတယ်၊

"ဒါပေမယ့် အဖေအဲ့ဒီလောက်တိုက်တွန်းတဲ့ကြားက

ကျွန်တော်မပြောဖြစ်ခဲ့ဘူး၊ စဉ်းစားသလို
ချင့်ချိန်သလိုနဲ့ နေ့ရွှေ့ညရွှေ့ရွှေ့ရင်း အချိန်ကုန်ခဲ့တယ်၊ အဲဒီချိန် အရှေ့ပိုင်းကလာတဲ့ ကုန်သည်တွေနဲ့ ပါလာတဲ့ အဝတ်အစားတွေကလည်း အရမ်းလှ အရမ်းခေတ်စားတာကို၊ မိန်းမကလည်း ဝယ်ချင် ဝတ်ချင်၊ ကျွန်တော်ကလည်း ထိုနည်းငင်း၊ ကိုယ့်ဝင်ငွေရဲ့ ဆယ်ပုံတစ်ပုံ လုပ်ငန်းထဲထည့်ရမယ်ဆိုရင် ဒါတွေမဝယ်နိုင်တော့ဘူးလေ၊ နောက်ဆုံးတော့ ဒီလုပ်ငန်းထဲမဝင်ဖြစ်ခဲ့ဘူးပေါ့ဗျာ၊ အဲ့ဒီမဝင်ဖြစ်တဲ့ လုပ်ငန်းက လူတစ်ကာမျှော်လင့်ထားတာထက် အကြီးအကျယ်အောင်မြင်ဖြစ်ထွန်းသွားသဗျာ၊ အဲဒီ တုန်းက ငွေရင်းထည့်ခဲ့တဲ့လူတွေ အဆမတန် အကျိုးအမြတ်ရကြတော့မှ ကျွန်တော့်မှာ နှမြောမဆုံး နောင်တရမဆုံးဖြစ်လိုက်ရတာ၊ အဲဒါပါပဲ၊ ကျွန်တော်မခံယူခဲ့မိလို့ ကံကြမ္မာကောင်းတစ်ခု လက်လွှတ်
ဆုံးရှုံးခဲ့တဲ့အကြောင်း ကျွန်တော့်ကိုယ်တွေ့ ဇာတ်လမ်းတစ်ခုပါ၊"

“ဒီအဖြစ်အပျက်အရ ကြည့်မယ်ဆိုရင်တော့ ကံကြမ္မာကောင်းဆိုတာ အခွင့်အရေးကို အရယူ
တတ်တဲ့ လူတွေအတွက် အသင့်ရှိနေတာလို့ ဆိုရလိမ့်မယ်” နေလောင်မျက်နှာနှင့် အသားညိုညို ပုဂ္ဂိုလ်တယောက်က မှတ်ချက်ချသည်။ “လူတယောက်မှာ ခနဉစ္စာတခု စုဝေးမိလာဘို့ အစကလေး တခုတော့ ပထမဆုံးရှိရမှာပဲ၊ ကိုယ့်ဘာသာလုပ်အားနဲ့ ရှာဖွေလို့ရလာတဲ့ ရွှေစသို့မဟုတ် ငွေစပေ့ါ လေ၊ နည်းချင်နည်းမယ် များချင်များမယ်၊ အဲ့ဒါကိုအရင်းအနှီးအဖြစ် ပြောင်းလဲနိုင်ရမယ်၊ အဲဒါဟာ အစပဲ၊ ဥပမာ ကျွန်တော်ဆိုပါတော့၊ မွေးမြူရေးသမားပါ၊ ကျွန်တော်ဒီကနေ့ ကျွဲ၊ နွား၊ သိုး၊ ချိတ် တွေ အတော်များများပဲပိုင်ပါတယ်၊ ဒါပေမယ့် စ,တုန်းက နွားလေးတစ်ကောင်နဲ့ စခဲ့တာ၊ အဲဒီတုန်း က ကျွန်တော်အရွယ်တောင် မရောက်သေးပါဘူး၊ ချာတိတ်ကလေးတစ်ယောက်ပါပဲ၊ ကျွန်တော်ရှိတဲ့ ငွေစလေးနဲ့ နွားပေါက်လေးတစ်ကောင်ဝယ်တယ်၊ အဲဒါလေးကိုမွေးတယ်၊ ဒါပေမယ့် ဒီကောင်လေးဟာ ကျွန်တော့်အတွက်သိပ်ကိုအရေးကြီးတယ်၊ ဒါဟာ ဒီကနေ့ ကျွန်တော်စုဆောင်းမိတဲ့ ဉစ္စာခနရဲ့ အရင်း
မူလ အစပဲကိုး၊”

“တစ်နည်းပြောမယ်ဆိုရင်တော့ အဲဒီနွားကလေးမွေးလိုက်မိခြင်းသည် ကျွန်တော့်ဆီရောက်လာတဲ့
ကံကြမ္မာကောင်းကိုကျွန်တော်လက်ခံလိုက်ခြင်းပဲ၊
ဒါဟာကြီးကျယ်လှတဲ့ကံကြမ္မာမဟုတ်ပါဘူး၊ လူတိုင်း လူတိုင်း အမြဲတစေ ကြုံတွေ့ရနိုင်တဲ့ ကံကြမ္မာကောင်းမျိုးတစ်ခုပါ၊ လူတိုင်းရဲ့ဘဝမှာ အဲသည်လို လုပ်အားနဲ့ စားသောက်တဲ့ဘဝကနေ ကိုယ်စုဆောင်းမိတဲ့ ရွှေစငွေစကို အရင်းအနှီးပြုပြီး အဲဒီက အကျိုးအမြတ် တိုးပွားအောင်လုပ်နိုင်တဲ့ အနေအထားမျိုးရောက်အောင် လုပ်ဘို့ဟာ အင်မတန်အရေး ကြီးပါတယ်၊ အဲဒီအပြောင်းအလဲကို တချို့လူတွေက ငယ်ရွယ်စဉ်ကတည်းက ရကြတယ်၊ ဒီလူတွေ ဟာ တခြားလူတွေထက် ငွေကြေးအရာမှာ အဆမတန်အောင်မြင်သွားခဲ့ကြတယ်၊ တချို့ကျတော့ ဒီ အပြောင်းအလဲကို အတော်နောက်ကျမှ ရကြတယ်၊ ရှေ့ကပြောသွားတဲ့ မိတ်ဆွေရဲ့ဖခင်လို ကံဆိုးတဲ့
ပုဂ္ဂိုလ်များကျတော့ တစ်သက်လုံးရမသွာကြရှာဘူး၊

“စောစောကမိတ်ဆွေအနေနဲ့လည်း သူ့အဖေပြောတဲ့အချိန်ကသာ
အဲဒီကံကြမ္မာကောင်းကို ခံယူ

ခဲ့မယ်ဆိုရင် အင်မတန်စောစီးတဲ့အချိန်ကပဲ
သူအများကြီးချမ်းသာခဲ့မှာပေါ့၊”

“ကျေးဇူးတင်ပါတယ်ခင်ဗျား၊ ကျွန်တော့်ကိုလဲ
စကားတခွန်းပြောခွင့်ပြုပါ” ပုဂ္ဂိုလ်တစ်ယောက်
ထ၍ဆိုသည်။ လူကစကားသံရော ရုပ်ဆင်းသဏ္ဍာန်အရပါ
နိုင်ငံခြားသားတစ်ယောက်ဖြစ်မှန်း သိသာ သည်။ “ကျွန်တော်က
ဆီးရီးယန်းလူမျိုးတစ်ယောက်ပါ၊ ခင်ဗျားတို့ဘာသာစကားကို
သိပ်မကျွမ်းကျင် တော့ အသုံးအနှုန်း ရိုင်းသလိုဖြစ်ခဲ့ရင်လည်း
ခွင့်လွှတ်ကြပါဗျာ၊ ပထမမိတ်ဆွေကြီးနဲ့ပတ်သတ်ပြီး
မှတ်ချက်ကလေးတစ်ခု ချချင်လို့ပါ၊ ကျွန်တော့်အမြင်တော့
အဲဒီမိတ်ဆွေကြီးက အခွင့်အရေးကို
သွက်သွက်လက်လက်မယူတတ်ဘူး၊ ဖင်လေးနေတယ်လို့ ခေါ်မလားဗျာ၊”

“ဖင့်နွဲ့တယ်ပေါ့ဗျာ၊ အချိန်ဆွဲးနေတယ်ပေါ့”
တစ်ယောက်ကဝင်ထောက်သည်။

“အဲဟုတ်တယ်၊ အချိန်ဆွဲးတာ” ဆီးရီးယားလူမျိုးကဆိုသည်။
“အခွင့်အရေးကို လာတဲ့အချိန်
မှာသူမယူဘူး၊ စောင့်နေတယ်၊ အကြောင်းပြချက် မရေမရာနဲ့
အချိန်ကုန်ခံနေတယ်၊ အခွင့်အရေးဆို

တာက ဒီလိုနေးကွေးတဲ့လူတွေကိုမစောင့်ဘူး၊ လူတစ်ယောက်ဟာ ကံကောင်ချင်ရင် မြန်ရမယ်၊ လက် မြန်ခြေမြန်ရှိရမယ်၊ အခွင့်အရေးပေါ်လာတဲ့အချိန်မှာ လက်မြန်ခြေမြန်မဆွဲရင် အချိန်ဆွဲးတဲ့ ဖင့်နွဲ့တဲ့
ကျွန်တော်တို့မိတ်ဆွေကြီးလို လက်လွတ်ဆုံးရှုံးရမှာပဲ၊”

အဝေဖန်ခံရသော ကုန်သည်ကြီးကထလာပြီး
ဆီးရီးယားလူမျိုးဘက်သို့ ဦးညွတ်နုတ်ဆက်ကာ
“အခုလို ပွင့်ပွင့်လင်းလင်းဝေဖန်မှတ်ချက်ချဖော်ရတဲ့
နိုင်ငံခြားသားမိတ်ဆွေကြီးကို
ကျေးဇူးတင်ပါ
တယ်ခင်ဗျာ” ဟူ၍ ရယ်ရယ်မောမော ပြန်ကြားပြောဆိုသည်။

“ကဲ နောက်ထပ်အလားတူ အတွေ့အကြုံမျိုးတစ်ခုလောက်
ကြားပါရစေဦးခင်ဗျာ၊ တယောက်
ယောက်ပြောစမ်းပါအုံး၊” အာခတ်က တောင်းဆိုလိုက်သည်။

“ကျွန်တော်ပြောပါ့မယ်” ဝတ်ရုံအနီဝတ်ထားသည့်
လူလတ်ပိုင်းအရွယ် ပုဂ္ဂိုလ်တစ်ယောက်က
ဆိုသည်။ “ကျွန်တော်က တိရစ္ဆာန်ဝယ်ရောင်းတဲ့ ပုဂ္ဂိုလ်ပါ၊ အဓိကတော့ ကုလားအုတ်တို့ မြင်းတို့ အရောင်းအဝယ်လုပ်ပါတယ်၊ တစ်ခါတစ်လေလည်း သိုးတို့ဆိတ်တို့ပါလုပ်ပါတယ်၊ ကျွန်တော်အခုပြောမှာ ကျွန်တော့်ကိုယ်တွေ့ပါပဲ၊ အဖြစ်မှန်အတိုင်း မချွင်းမချန်ပြောပါ့မယ်၊ တစ်ညမှာ အခွင့်အရေးတစ်ခု ကျွန်တော့်ဆီ ရောက်လာပါတယ်၊ ဘယ်လိုမှ မျှော်မှန်းမထားတဲ့ အချိန်မျိုးပါ၊ ဒါ့ကြောင့်လည်းပဲ ဒီအခွင့်အရေးကို ကျွန်တော်လက်လွတ်ခဲ့တယ်လို့ ထင်ပါတယ်၊ နားထောင်ပြီးတဲ့အခါ ခင်ဗျားတို့
ဆုံးဖြတ်ကြပါ၊

“တစ်နေ့ ကျွန်တော်ကုလားအုတ်အရှာထွက်တဲ့ခရီးက
ပြန်ရောက်လာတယ်၊ ခရီးက ဆယ်ရက်
လောက်ကြာခဲ့တယ်ဗျာ၊ ပြီးတော့ အလုပ်လည်းမဖြစ်တော့ လူကစိတ်ခပ်ပျက်ပျက်နဲ့ပေါ့၊ အဲ့ဒါမြို့ထဲး လဝင်ခါနီးရော

မြို့တံခါးပိတ်သွားပြီဆိုတော့ အကြီးအကျယ် ဒေါသထွက်တာပေါ့ဗျာ၊ ဒါပေမယ့် ဘာ တတ်နိုင်မလဲ၊ အခိုင်းအစေတွေကို ညအိပ်ဖို့အတွက် တဲတစ်လုံးမြန်မြန်ထိုးခိုင်းရတာပေါ့၊ ညစာလဲ မြို့ထဲရောက်မှ စားမလို့ရည်ရွယ်လာတာဆိုတော့ စားစရာ မည်မည်ရရ မပါဘူးဗျာ၊ ရေတောင် ကောင်းကောင်းမရှိဘူး၊ အဲဒီလိုနဲ့စိတ်လဲပျက်၊ ဒေါသလည်းထွက်နေတဲ့အချိန် အသက်ကြီးကြီးပုဂ္ဂိုလ် တယောက် ကျွန်တော့်အနားရောက်လာတယ်၊ သူလည်းမြို့တံခါးပိတ်ချိန် မမှီလိုက်တဲ့ လူတစ်ယောက်
ပါပဲ၊

" 'မိတ်ဆွေကြီးတဲ့' သူကစကားစတယ်၊ 'မိတ်ဆွေကြီးကြည့်ရတာ ကျွဲနွားကုန်သည်လို့ထင်ပါ
တယ်၊ အကယ်၍ ဟုတ်ခဲ့မယ်ဆိုလို့ရှိရင် ကျေးဇူးပြုပြီး ကျွန်တော့်သိုးအုပ်ကို ဝယ်စေချင်ပါတယ်ဗျာ' တဲ့၊ 'ကျွန်တော့်သိုးတွေက သိပ်ကောင်းတဲ့သိုးတွေပါ၊ မကြာခင်ကမှ မောင်းလာခဲ့တာ၊ အမျိုးသမီးက အပြင်းဖျားတယ်ဆိုတော့ ကျွန်တော့်မှာ ဒါတွေစောင့်ရှောင်းမနေနိုင်တော့ဘူး၊ အကယ်၍ မိတ်ဆွေသာ ဝယ်မယ်ဆိုရင် ကျွန်တော်ချက်ချင်းပဲ လှည့်ပြန်တော့မယ်' လို့ဆိုတယ်၊

"သူပြောတဲ့အချိန် မှောင်ကလဲမှောင်နေပြီဆိုတော့
သိုးတွေသေသေချာချာ ကြည့်လို့တော့မရဘူး
ပေါ့ဗျာ၊ ဒါပေမယ့် အော်သံတွေ ကြားနေရတာနဲ့တင်
အတော်ကြီးတဲ့သိုးအုပ်ဆိုတာတော့ သိနိုင်ပါ

တယ်၊ ပြီးတော့ဆယ်ရက်လောက် ကုလားအုတ်လိုက်ဝယ်ပြီး မည်မည်ရရမရခဲ့တာ ဆိုတော့ သူနဲ့ အရောင်းအဝယ်ဖြစ်ရင် မဆိုးဘူးလို့လည်း တွေးမိလိုက်တယ်၊ တကယ်စကားပြောကြတော့ သူ့မှာလည်း သူ့အပူနဲ့သူဆိုတော့ ဈေးမကိုင်ရှာဘူး၊ အတော့်ကိုသက်သာတဲ့ ဈေးနဲ့ပေးတယ်၊ ဒါနဲ့ကျွန်တော် သဘောတူလိုက်တယ်၊ ကိုယ့်အလုပ်ကလဲ ဘာမှမရှိဘူးလေ၊ မနက်မြို့တံခါးဖွင့်ရင် ကျွန်တော့်လူတွေကို ဒီသိုးအုပ်မောင်းသွင်းခိုင်း၊ မြို့ထဲမှာရောင်းလိုက်ရင် အမြတ်ကအတော်များများကိုရမှာ သေချာနေတယ်၊ ကံပေးလို့ရတာ၊ "ဒါနဲ့ ဈေးစကားပြတ်ပြီဆိုတဲ့အခါ ကျွန်တော့်လူတွေခေါ်ပြီး မီးတုတ်တွေညှိ မီးရောင်နဲ့ သိုးတွေရေဘို့ခိုင်းတယ်၊ ပိုင်ရှင်ကတော့ သိုးကောင်ရေ ကိုးရာပါတယ်လို့ဆိုထားတယ်၊ အဲဒါ သေချာ အောင်လုပ်ရမှာကိုး၊ ဒါနဲ့တိုတိုဘဲဆိုကြပါစို့၊ သိုးတွေကအစာမစားရ ရေမသောက်ရ၊ မီးတုတ်တွေနဲ့ လူတွေရှုတ်ရုတ်သည်းသည်းဆိုတော့ သူတို့လည်းဂနာမငြိမ် ဟိုပြေးသည်လွှား ပတ်ချာလည်ပြီး ဘယ် လိုမှ ရေတွက်မရဖြစ်နေတယ် အဲ့ဒါနဲ့ ကျွန်တော်ကပိုင်ရှင်ကိုပြောတယ်၊ ခင်ဗျားသိုးတွေ မနက်ကျမှ ရေမယ်ဗျာ၊ ပြီးရင်ငွေရှင်းပေးမယ်လို့ ခပ်ပြတ်ပြတ်ပေါ့လေ ကျွန်တော်ကပြောလိုက်တယ်၊

"ဟိုလူကတောင်းပန်တယ်ဗျ၊ 'အဲဒီလိုတော့ မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားစိတ်မချရင် ကျွန်တော့်ကို ပိုက်ဆံ သုံးပုံနှစ်ပုံပဲချေလိုက်ပါ၊ ကျွန်တော်ခု ညတွင်းချင်ပဲ ထွက်ချင်လို့ပါ၊ ကျန်တဲ့ငွေကို မနက်ပိုင်း သိုးကောင်ရေတိတိကျကျရေတွက်ပြီးတဲ့အခါ ကျွန်တော့်တပည့်ကိုရှင်းပေးလိုက်ပါ၊ စိတ်အချရဆုံး တပည့်တယောက် ကျွန်တော်ထားခဲ့ပါ့မယ်' တဲ၊

"ဒါပေမယ့်ကျွန်တော်က နည်းနည်းမှမလျှော့ဘူးဗျ၊ ဒီညတော့ပိုက်ဆံမပေးနိုင်ဘူးပဲ အပြတ်ငြင်းမိတယ်၊ နောက်နေ့မနက်ကျတော့ ကျွန်တော်အိပ်ယာကမထရသေးဘူး မြို့တံခါးကြီးဖွင့်တော့ မြို့ ထဲက သိုးဝယ်တဲ့လူလေးယောက် အစောကြီးပေါက်ချလာပြီး သိုးတွေလုဝယ်ကြတာဗျ၊ မြို့ထဲမှာ ကောလဟာလတွေပြန့်နေတာ ကျွန်တော်ကမသိဘူး၊ ရန်သူလာတိုက်မယ်၊ မြို့ကြီးအဝိုင်းခံရနိုင်တယ် ဆိုတာမျိုးတွေပြောနေတော့ စားနပ်ရိက္ခာဈေးတွေ တအားတက်နေတယ်၊ သိုးတွေကိုဗျာ ကျွန်တော့်ကို ထိုးရောင်းတဲ့ဈေးထက် သုံးဆလောက်ပေးပြီးဝယ်သွားကြတယ်၊ ရှားရှားပါးပါး ကြုံတောင့်ကြုံခဲ

ကံကြမ္မာကောင်းတခုဟာ လက်ထဲးရောက်သလောက်ဖြစ်ပြီးမှ လက်လွှတ်ဆုံးရှုံးခဲ့ရတယ်”

“မှတ်သားလောက်စရာ ဖြစ်ရပ်တစ်ခုပါပဲ” အာခတ်က မှတ်ချက်ချသည်။ “ကဲဒီဖြစ်ရပ်က ကျွန်တော်တို့ ဘာသင်ခန်းစာတွေ ထုတ်ယူလို့ရနိုင်မလဲ”

“ကိုယ့်အတွက် အကျိုးအမြတ်သိပ်သေချာနေတဲ့ အရောင်းအဝယ်မျိုးမှာ အမြန်ဆုံးငွေချေပြီး သေချာအောင်လုပ်လိုက်တာ ကောင်းဆုံးပဲဆိုတဲ့ သင်ခန်းစာတစ်ခုရတာပေါ့” မြင်းကုန်းနှီးပြုလုပ်ရောင်း ချသည့် လုပ်ငန်းရှင်ကြီးတစ်ဦးက ဝင်ရောက်မှတ်ချက်ချသည်။ “ဈေးတော်နေပြီ၊ အမြတ်အစွန်းသေချာ နေပြီဆိုရင် ဘာထပ်ပြီးရှည်နေစရာ အကြောင်းရှိသလဲ၊ အဲဒါကိုယ့်အားနည်းချက်ကို ကိုယ်အလိုလိုက် နေတာ၊ ဒါမျိုးကို တားဆီးကာကွယ်ရမယ်၊ တခြားလူကိုသတိထားသလို ကိုယ့်အားနည်းချက်ကိုလည်း ကိုယ်သတိထားရမယ်၊ လူဆိုတာ ခုတစ်မျိုး တော်ကြာတစ်မျိုး စိတ်ပြောင်းသွားတတ်တဲ့ သဘောရှိ

တယ်၊ အဲဒီလိုပြောင်းတာမှာမှ ပိုဆိုးတဲ့အချက်က မှန်နေတာကနေ အမှားဘက်ကိုပြောင်းတာဗျ၊ မှားနေပြီဆိုရင် တော်တော်နဲ့ မပြောင်းဘူး၊ ခေါင်းမာမာနဲ့ ပေကပ်ခံနေတာ၊ ဂနာမငြိမ်တဲ့လူတွေမှာ စောစောကပြောသလို မှန်နေပြီးသားက အမှားဘက်ပြောင်းသွားတာမျိုးတွေများတယ်၊ ရစရာရှိတဲ့အခွင့် အရေးဟာ အဲဒီမှာသွားတာပဲ၊ ကျွန်တော်ဆိုရင် ပထမဆုံးချလိုက်တဲ့ဆုံးဖြတ်ချက်ဟာ အကောင်းဆုံး ဆုံးဖြတ်ချက်ဖြစ်တတ်တာထုံးစံပဲ၊ ဒါပေမယ့် အရောင်းအဝယ် တစ်ခုလုပ်တော့မယ်ဆိုရင် ကိုယ့် ဘက်ကသာနေလျှက်နဲ့ ကျွန်တော်အမြဲ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်တယ်၊ စောစောက သုံးဝယ်တဲ့ပုဂ္ဂိုလ် ဖြစ်တာဒါပဲ၊ ဒါအားနည်းချက်၊ တစ်နည်းပြောရင် မကောင်းတဲ့အကျင့်လေး၊ ဒါပေမယ့်နောက်ပိုင်းကျ တော့ အဲဒီကိုယ့်အားနည်းချက်ကို ကိုယ်မြင်ပြီး ကျွန်တော်ကကွယ်တယ်၊ အဲဒါကဘာလဲဆိုတော့ တိတိကျကျပြောဆိုပြီးတာနဲ့ ချက်ချင်း စရံငွေကောက်ပေးလိုက်တဲ့နည်းပဲ၊ ဒီနည်းနဲ့ ကိုယ့်အားနည်း ချက်ကို ကိုယ်ကာကွယ်တော့မှ နောက်ပိုင်းမှာ ကံကြမ္မာကောင်းတွေ လက်ထဲရောက်ပြီးမှ ခုန်ထွက်
သွားတယ်ဆိုတဲ့ နှမြောစရာဖြစ်ရပ်မျိုးတွေနဲ့ ကင်းဝေးသွားတော့တာပဲ၊"

"ကျေးဇူးတင်ပါတယ်ခင်ဗျား၊ ကျွန်တော့်ကို နောက်တစ်ကြိမ်
စကားပြောခွင့်ပြုကြပါအုံး၊"
ဆီးရီးယားလူမျိုးက ထလာပြန်သည်။ "အခု ကြားခဲ့ရတဲ့ ဇာတ်လမ်းတွေက တစ်ဆင်တည်းချည်းပါပဲ၊ အခွင့်အရေး လက်လွတ်ဆုံးရှုံးရတဲ့ အကြောင်းရင်းတွေက အတူတူပါ၊ စောစောက ကျွန်တော်တို့ ပြောခဲ့ကြတဲ့ ဖင့်နွဲ့မှု၊ အချိန်ဆွဲမှုပါပဲ၊ ရောက်လာတာက တစ်ကယ့်အခွင့်အရေး၊ တကယ့်ကံကြမ္မာ ကောင်း၊ ဒါပေမယ့် လက်ခံသူက အချိန်ဆွဲသမားဖြစ်နေတယ်၊ လက်ငင်းအချိန်ဟာ အကောင်းဆုံး
အချိန်ပဲဆိုပြီး အမိအရ ဖမ်းမယူလိုက်ဘူး၊ အဲဒီတော့မရဘူး၊
မအောင်မြင်ဘူးပေါ့"

"ဟုတ်ပါတယ်၊ မိတ်ဆွေပြောတဲ့စကားတွေက
အမြော်အမြင်ရှိတဲ့စကားတွေပါ" ကျွဲနွားကုန်
သည်ကဆိုသည်။ "စောစောက အဖြစ်အပျက်နှစ်ရပ်လုံးမှာ ကံကြမ္မာကောင်းတွေဟာ အချိန်ဆွဲမှုရဲ့ လက်က ထွက်ပြေးခဲ့တာချည်းပါပဲ၊

ဒါပေမယ့် ဒါဆန်းသလားဆိုတော့ မဆန်းဘူးဗျ၊ ကျွန်တော်တို့ အားလုံးမှာ အချိန်ဆွဲးတတ်တဲ့ စိတ်သဘာဝကိုယ်စီ ရှိနေကြတယ်၊ ချမ်းသာတာတော့ ကျွန်တော်တို့ အားလုံး ချမ်းသာချင်တဲ့လူချည်းပဲ၊ ဒါပေမယ့် ချမ်းသာဖို့ အခွင့်အလမ်းပေါ်လာပြီဆိုတာနဲ့ ကျွန်တော် တို့ကိုယ်ထဲက အချိန်ဆွဲးတတ်တဲသဘာဝက နိုးကြားထကြွလာပြီး လုပ်စရာရှိတဲ့အလုပ်ကို နေ့ရွှေ့ ညရွှေ့ ရွှေ့ခိုင်းတော့တာပဲ၊ သူ့စကားနားထောင်တဲ့အခါ ကျွန်တော်တို့မှာ ရန်သူ့စကား နားထောင်
သလိုဖြစ်တာပဲ၊ ရန်သူမှာမှ အဆိုးဝါးဆုံး ရန်သူလိုဖြစ်နေတယ်၊

"ကျွန်တော်ငယ်ငယ်တုန်းက ဒီသဘောကိုမသိဘူး၊
ဆီးရီးယားကမိတ်ဆွေ သိပ်သဘောကျတဲ့
ဖင့်နွဲ့တယ်၊ အချိန်ဆွဲးတယ်ဆိုတဲ့ စကားလုံးမျိုးတွေနဲ့ ဆက်စပ်မစဉ်းစားမိဘူး၊ ကျွန်တော့်စိတ်မှာ စောစောက အရောင်းအဝယ်ကိစ္စလို ကျွန်တော်မအောင်မြင်ခဲ့တဲ့ဟာတွေအတွက် ကျွန်တော့်ရဲ့ ဆုံးဖြတ်ချက်လွဲမှားမှုကိုပဲ အပြစ်တင်နေမိတတ်တယ်၊ ငါဆုံးဖြတ်ချက် မှားသွားတယ်၊ ဒါပဲ၊ နောက်ကျတော့
တစ်မျိုးပြောင်းစွပ်စွဲးပြန်တယ်၊ ငါခေါင်းမာတာ၊ အလွယ်တကူ
အလျှော့မပေးတတ်တာ၊ အဲဒီလို၊
ဒီအထိလဲ မှားနေတာပေါ့လေ၊ နောက်ဆုံးကျတော့မှ အဖြစ်မှန်ကို ကျွန်တော်ရှင်းရှင်းမြင်တယ်၊ ထလုပ်ရမယ့်အချိန်မှာမလုပ်ဘဲ ရွှေ့ဆိုင်းနေတတ်တဲ့ ငါ့အကျင့်ကြီး ငါ့ချို့ယွင်းချက်ကြီးကြောင့် အခွင့်

အရေးတွေ ငါဆုံးရှုံးနေတာ၊ ဒါငါ့အပြစ်လို့ အမှန်အတိုင်းမြင်တဲ့အချိန်မှာ ကိုယ့်ကိုကိုယ် အကြီး အကျယ် ဒေါသဖြစ်တာ၊ ဒါပေမယ့် အဲဒီဒေါသစိတ် အဲဒီကိုယ့်အပြစ်ကြီး ကိုယ်မုန်းတီးတဲ့စိတ်တွေ ပြင်းထန်တဲ့အတွက်ကြောင့်ပဲ ကျွန်တော့်ကိုယ်ကျွန်တော် ပြတ်ပြတ်သားသားကြီး ပြင်ဆင်ဖြစ်ခဲ့တယ်၊ အဲ့ဒီစိတ်တွေ တွန်းပို့တဲ့အားနဲ့ပဲ အောင်မြင်မှုလမ်းကြောင်းပေါ် ကျွန်တော်ရောက်ခဲ့တယ်။”

“ကျေးဇူးပြုပြီး ပထမဇတ်လမ်းပြောခဲ့တဲ့ မိတ်ဆွေကုန်သည်ကြီးကို မေးခွန်းတစ်ခုလောက်မေး ခွင့်ပြုပါ” ဆီးရီးယားမှ ပုဂ္ဂိုလ်ကပင် စကားစပြန်သည်။ “မိတ်ဆွေကြီးခင်ဗျား၊ မိတ်ဆွေကြီးကြည့်ရ တာ အင်မတန်မှ သပ်ရပ်သားနားမှုရှိပါတယ်၊ စကားပြောဆိုပုံကလည်း အောင်မြင်ကြီးပွားနေတဲ့ ပုဂ္ဂိုလ်တယောက်ရဲ့ လက္ခဏာများအပြည့်ပါပဲ၊ ကျေးဇူးပြုပြီး အချိန်ဆွဲးတဲ့ကိစ္စနဲ့ပတ်သတ်ပြီး ပြောစမ်း ပါ၊ ဒီကနေ့ကာလမှာ မိတ်ဆွေကြီးရဲ့အတွင်းစိတ်က နည်းနည်းဆိုင်းစမ်းပါဦးကွလို့ တီတိုးပြောလာတဲ့ အခါ မိတ်ဆွေကြီးနားထောင်သေးသလားခင်ဗျာ၊”

“မထောင်တော့ပါဘူးခင်ဗျာ၊ ကျွန်တော်လည်းပဲ စောစောက ကျွဲးနွား ကုန်သည်ကြီးပြောသွား သလို အချိန်ဆွဲးတတ်တဲ့ ကျွန်တော့်အကျင့်ဆိုးကို ကျွန်တော့်ဘာသာသိမြင်ပြီး ပြင်ခဲ့ပါတယ်၊ ဒီ အကျင့်ဆိုးကို အနိုင်ယူနိုင်ခဲ့ပါတယ်၊” ဝတ်ရုံဖြူနှင့်ကုန်သည်ကြီးကဖြေသည်။ “တစ်ချိန်တုန်းကတော့ ဒီအကျင့်ဆိုးဟာ ကျွန်တော့်ကိုနှိပ်စက်နေတဲ့ ရန်သူကြီးတစ်ယောက်ပေါ့၊ ကျွန်တော်ပျက်စီးရာ ပျက်စီး ကြောင်းတွေ ဖန်တီးဘို့ အမြဲအကွက်ချောင်းနေတာ၊ ကျွန်တော်ကိုယ်တွေ့ ကြုံခဲ့တာ စောစောက ကျွန်တော်ပြောခဲ့တဲ့ ဇတ်လမ်းတစ်ပုဒ်ထဲမဟုတ်ပါဘူး၊ အလားတူ ဆင်တူရိုးမှား အဖြစ်အပျက်ပေါင်း များစွာကြုံခဲ့ပါတယ်၊ အခွင့်အရေးတွေ ကြိမ်ဖန်များစွာ မောင်းထုတ်ခံခဲ့ရပါတယ်၊ ဒါပေမယ့် ဒါ ဒီလိုဖြစ်တာပါလား၊ ငါဒီလိုတွေ ဆုံးရှုံးနစ်နာနေခဲ့ရတာပါလားလို့ သေသေချာချာ သဘောပေါက် ပြီးတဲ့နောက်မှာတော့ သူ့ကိုအနိုင်ယူဘို့ ဘာမှမခဲယဉ်းတော့ပါဘူး၊ ကိုယ့်စပါးကျီဝင်ခိုးနေတဲ့ သူခိုးကို သိလျက်နဲ့တော့ ဘယ်ပိုင်ရှင်က ခွင့်ပြုနေမလဲ၊ ကိုယ့်ဆိုင်လာဝယ်မယ့် ဖောက်သည်တွေကို နှင်လွှတ်နေတဲ့လူမျိုး၊ ကိုယ့်အမြတ်အစွန်းတွေ

အလစ်သုတ်နေတဲ့ လူမျိုးကိုလည်း တကယ်အကြောင်း သိပြီဆိုရင်တော့ ဘယ်လက်ခံထားတော့မလဲ၊ ဒီအတွင်းရန်သူအကြောင်း ကောင်းကောင်းသိတာနဲ့ တပြိုင်နက် သူ့ကိုကျွန်တော်အပြတ်ရှင်းတာပဲ၊ ဒီလိုပဲ ဘောဘီလုံမှာရှိတဲ့ ကြွယ်ဝတဲ့ ဓနဥစ္စာ ရတနာ တွေကို ကိုယ့်အတွက် တစ်ဖို့တစ်စု ရချင်တဲ့လူတိုင်း ဦးစွာပထမ ကိုယ့်မှာရှိနေတဲ့ အချိန်ဆွဲးတတ်ခြင်းဆိုတဲ့ အတွင်းရန်သူကို အရင်အနိုင်ယူဘို့ လိုလိမ့်မယ်လို့ ကျွန်တော်ပြောချင်တယ်၊ ကံအာခတ် ကောာ ပြောစမ်းပါအုံး၊ ခင်ဗျားက ဘောဘီလုံမှာ အချမ်းသာဆုံးပုဂ္ဂိုလ်ဆိုတော့ အများက ခင်ဗျာကို ကံအကောင်းဆုံးပုဂ္ဂိုလ်၊ အလုပ်လုပ်ရာမှာ ကံအလိုက်ဆုံးပုဂ္ဂိုလ်အဖြစ် သတ်မှတ်နေကြတယ်၊

ကျွန်တော်ပြောတဲ့ အတွင်းရန်သူကိစ္စမှာ ခင်ဗျားအမြင်ကို ကြားစမ်းပါရစေ၊”

“နောင်ကြီးအယူအဆနဲ့ တစ်သားတည်းပါပဲ” အာခတ်ကဖြေသည်။

“ကျွန်တော့်ဘဝသက်တမ်း

တလျှောက် လူပေါင်းမြောက်များစွာကို မျိုးဆက်နဲ့ချီပြီး ကျွန်တော် စောင့်ကြည့်ခဲ့ဘူးပါတယ်၊ ကုန် သည်တွေ၊ အတတ်ပညာလိုက်စားသူတွေ၊ အသိပညာရှင်တွေ၊ လုပ်ငန်းစုံနယ်စုံပါပဲ၊ အဲဒီပုဂ္ဂိုလ်တွေ သူတို့ဘဝနယ်ပယ်အသီးသီးမှာ လှုပ်ရှားကြတဲ့အခါ သူတစ်ပါထက် ထူးခြားအောင်မြင်မှုရဘို့ အခွင့်

အလမ်းတွေ လူတိုင်းကိုယ်စီ ကြုံကြတွေ့ကြရတာပါပဲ၊ အဲဒီမှာ တချို့က ကြုံသမျှအခွင့်အရေးကို အမိ အရယူတယ်၊ ကိုယ့်ရည်မှန်းချက် ကိုယ့်အလိုဆန္ဒပြည့်ဝဖို့အတွက် အစဉ်တစိုက် အားထုတ်ကြတယ်၊ အဲဒီတော့ ဒီလူတွေ အောင်မြင်သွားကြတယ်၊ လူအများစုကတော့ အခွင့်အရေးကိုယူရမှာ မဝံ့မရဲသလို တွန့်ဆုတ်တွန့်ဆုတ် လုပ်ကြတယ်၊ စဉ်းစားသလို ချင့်ချိန်သလို နှောင့်နှေးကြန့်ကြာအောင် လုပ်ကြ တယ်၊ ဒီလူတွေဟာ တဖြည်းဖြည်း နောက်ကျကျန်ရစ်ပြီး အောင်မြင်မှုနဲ့ အလှမ်းဝေးသွားကြတယ်၊”

ထို့နောက်အာခတ်က ယက်ကန်းလုပ်ငန်းရှင်ဘက်သို့ လှည့်၍ဆိုသည်။ “ကဲ ကံကြမ္မာကောင်း အကြောင်းဆွေးနွေးဘို့ စအကြံပေးခဲ့တဲ့ပုဂ္ဂိုလ်ကြီး၊ ခင်ဗျားသဘောထားပြောစမ်းပါအုံး၊ စောစောက ဆွေးနွေးကြတာတွေ နားထောင်ပြီးတဲ့နောက် ခင်ဗျားခေါင်းထဲမှာ ဘယ်လိုကောက်ချက် ချမိသလဲဗျာ”

“ကံကြမ္မာကောင်းဆိုတာကို ကျွန်တော် ရှုထောင့်တစ်မျိုးကမြင်လာပြီ ဆိုရမှာပေါ့ခင်ဗျာ၊ နဂို တုန်းကတော့ ကံကောင်းမှုဆိုတာ ကိုယ့်ဘက်က ဘာအားထုတ်မှုမှ ပြုလုပ်စရာမလိုဘဲနဲ့ လူ တယောက် အလိုလိုရရှိလာနိုင်တဲ့ အင်မတန်နှစ်သက်စရာ အခြင်းအရာတစ်ခုလို့ မြင်ခဲ့တယ်၊ အခု တော့ ကံကြမ္မာကောင်းဆိုတာ ထိုင်စောင့်နေယုံသက်သက်နဲ့ ဖြစ်လာတာမျိုးမဟုတ်ဘူး၊ ကံကြမ္မာ ကောင်းကြုံချင်ရင် ပေါ်လာတဲ့အခွင့်အရေးကို အမိအရယူရလိမ့်မယ်၊ ထထကြွကြွ လုပ်ရလိမ့်မယ်ဆို တာ ကျွန်တော်သဘောပေါက်သွားပြီ၊ နောင်ဆိုရင် အခွင့်အရေးတွေကို ကျွန်တော့်အတွက် အကောင်း ဆုံးကံကြမ္မာတွေအဖြစ် ပြောင်းလဲပစ်ဘို့ ကျွန်တော်ကြိုးစားတော့မယ်”

“သိပ်ကောင်းတယ်ဗျာ၊ ဆွေးနွေးပွဲက ထွက်ပေါ်လာတဲ့ သဘောတရားအမှန်ကို ခင်ဗျားဆုပ် ကိုင်မိသွားတာပဲ” အာခတ်ကမှတ်ချက်ချသည်။ “ကံကြမ္မာကောင်းဆိုတာ အခွင့်အရေးရဲ့ နောက်က လိုက်ပါစမြဲဖြစ်တယ်၊ သူ့ဘာသာရှေ့က

လာလေ့မရှိဘူးဆိုတာ ကျွန်တော်တို့အခု တွေ့ခဲ့ရပြီ၊ ဒီမှာ သာဓကနှစ်ခု ကျွန်တော်တို့ မြင်ခဲ့ရတယ်၊ ကျွန်တော်တို့မိတ်ဆွေ ကုန်သည်ကြီးဟာ ကံကြမ္မာစောင့် နတ်သမီးက သူ့ကိုမြေရိုင်းဖေါ်တဲ့လုပ်ငန်းအသွင်နဲ့ အခွင့်အရေးပေးလာစဉ်က ယူလိုက်မိရင် ကံကြမ္မာ ကောင်း ကြုံခဲ့ရမှာပဲ၊ အခွင့်အရေးကိုမယူတော့ ကံကောင်းခွင့် ဆုံးရှုံးခဲ့ရတယ်၊ အလားတူ သိုး ကုန်သည်ကြီးဟာလည်း သိုးတစ်အုပ်ကို အင်မတန်သက်သာတဲ့ဈေးနှုန်းနဲ့ ဝယ်ယူခွင့်ရတယ်၊ ဒါပေ မယ့် အခွင့်အရေးကို အမိအရမယူဘူး မလိုအပ်ဘဲ နှောင့်နှေးခဲ့တယ်၊ ဒါ့ကြောင့်ကံကြမ္မာကောင်းတစ်ခု လက်လွှတ်ခဲ့ရတယ်၊ ဒီသာဓကတွေကနေ ထင်ထင်ရှားရှား ထွက်ပေါ်လာတဲ့အချက်က ခုနမိတ်ဆွေ ရှုမြင်သွားသလို ကံကြမ္မာကောင်းတွေသည် အခွင့်အရေးကို အမိအရဖမ်းယူခြင်းဖြင့်သာ ကြုံကြိုက် ရရှိနိုင်တယ် ဆိုတဲ့ မှန်ကန်ချက်ပဲ၊

“အခွင့်အရေးကို အမိအရယူဘို့ နိုးကြားတက်ကြွနေတဲ့ ပုဂ္ဂိုလ်တိုင်းဟာ ကံကြမ္မာစောင့်နတ် သမီးရဲ့ အာရုံစိုက်မှုကို ခံရစမြဲပဲ၊ ကံကြမ္မာစောင့်နတ်သမီးဟာ ဒီလိုပုဂ္ဂိုလ်မျိုးတွေကို စောင့်ရှောက်ကူ ညီဖို့ အမြဲအဆင်သင့်ရှိနေတယ်၊ ထကြွနိုးကြားသူတွေကို နှစ်သက်တယ်၊

“ထကြွနိုးကြားမှု၊ အခွင့်အရေးကို မပြတ်ရှုမြင်ပြီး အလျင်မြန်ရယူတတ်မှုအားဖြင့်သာ ကံကြမ္မာကောင်းတွေ အဆက်မပြတ် ကြုံကြိုက်နိုင်တယ်၊ အောင်မြင်ကြီးပွားသူတစ်ဦး ဖြစ်လာနိုင်တယ်”

# အခန်း (၅)

## ခနဉပဒေသငါးရပ်

“ရွှေအပြည့်နဲ့ အိတ်တစ်လုံးရယ်၊ အဘိုးတန်အသိတရားတွေပါတဲ့ စာတချပ်ရယ် ကြိုက်ရာ ရွေးကြဆိုရင် မင်းတို့ဘာကိုရွေးမလဲ” ခါလဗတ်က မေးလိုက်သည်။

သဲကန္တာရတစ်နေရာမှာ ညဘက်စခန်းချရပ်နားရင်း သူတို့ စကားဝိုင်းဖွဲ့နေကြခြင်းဖြစ်သည်။ မီးဖိုမှ အလင်းရောင်တဖျပ်ဖျပ်က သူတို့မျက်နှာတွေပေါ် အရောင်ဟပ်နေသည်။ နေလောင်ထားသော

မျက်နှာများ။ စိတ်အားထက်သန်သောမျက်နှာများ။

"ရွှေအိတ်ကိုယူမယ်" ခါလဗတ်၏ လုပ်သားနှစ်ဆယ့်ခုနှစ်ယောက်လုံး တစ်ညီတစ်ညွတ်တည်း အဖြေပေးကြသည်။

ခါလဗတ်ပြုံးသည်။ သည်အဖြေကို သူမျှော်လင့်ပြီးသားဖြစ်သည်။

"နားထောင်စမ်းဟေ့" ခါလဗတ်က လက်ကိုမြှောက်၍ဆိုသည်။

"ခွေးအတွေ့အော်သံ ကြားကြ ရဲ့လား၊ ဒီကောင်တွေ ဘာကြောင့်အူနေကြတာလဲ၊ အစာငတ်နေလို့မဟုတ်လားကွ၊ ဘယ်တော့မှ ဝဝ လင်လင် မစားရတော့ ဒီကောင်တွေကြည့်လိုက်ရင် ပိန်ပိန်လှီလှီနဲ့၊ ဒါပေမယ့် သူတို့ကို သွားအစာ ကျွေးကြည့်ရင် ဘာဖြစ်မယ်ထင်သလဲ၊ တကောင် တကောင်ကိုက်မယ် ခဲမယ်၊ လုမယ်၊ အစာရ သွားတဲ့အကောင်က မာန်ဖီမယ်၊ အစာဝသွားတဲ့အကောင်က ကြွားကြွားကြွားကြွား လျှောက်သွားမယ်၊ မနက်ဖြန် ငါဘာသွားစားမလဲ လုံးဝမစဉ်းစားဘူး၊ ဒါပေမယ့် ခွေးမှာဘာမှမစဉ်းစားတာလားဆိုတော့ မဟုတ်ဘူး၊ လူမှာလည်းပဲ ထိုနည်းငှင်းတွေ အများကြီးပဲ၊ ဥစ္စာနဲ့ ပညာ ဘယ်ဟာရွေးမလဲဆိုရင်

ဥစ္စာကို အပြေးအလွှားရှေးတယ်၊ ပညာမရှိတော့ ဥစ္စာက ကြာကြာမခံဘူး၊ နောက်တစ်နေ့ ဒီဥစ္စာကုန် တော့ အစာငတ်တဲ့ ခွေးအများလို ညည်းကြညူကြ အူနေကြပြန်တာပဲ၊

"ဓနဥစ္စာဆိုတာ သူ့ရဲ့သဘောသဘာဝ သူ့ရဲ့ဥပဒေသတွေကို သိနားလည်တဲ့ လူများနဲ့သာ ထိုက်တန်တယ်၊ သူတို့ဆီမှာပဲ တည်မြဲတယ်၊"

ခါလဗတ်က ဝတ်ရုံဖြူကို သူ့ခြေထောက်တွေပါလုံအောင် ရစ်ပတ်လိုက်သည်။ ကန္တာရက ညတွင်ဧမြသည်။ လေဝှေ့လိုက်သည့်အခါ ပို၍ အေးစိမ့်သွားတတ်သည်။

"မင်းတို့ကို ငါဒီနေ့ည ရွှေထက်အဖိုးတန်တဲ့ အသိပညာတစ်ခု ပေးခဲ့ဘို့ ရည်ရွယ်ထားတယ်၊ ဒါကလည်းပဲ အခုခရီးရှည်ကြီးတစ်လျှောက်လုံး မင်းတို့ငါ့အပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်လာခဲ့ ကြလို့ပဲ၊ ကုလားအုတ်တွေကို ကောင်းကောင်းဂရုစိုက်ကြတယ်၊ ပူပြင်းလှတဲ့ ဒီကန္တာရကြီးကို မင်းတို့ မညည်းမညူဖြတ်သန်းကြတယ်၊ ကုန်ပစ္စည်းတွေကို ဓါးပြတွေဝင်လုတော့လည်း မင်းတို့အားလုံး ရဲရဲဝံဝံ ခုခံကာကွယ်ပေးကြတယ်၊ ဒါကြောင့်မို့ ဒီညမှာတော့ မင်းတို့တစ်သက်တာမှာ တစ်ခါမှ ကြားဘူးခဲ့မှာ မဟုတ်တဲ့ ဓနဥပဒေသ ငါးရပ်အကြောင်း ပုံပြင်ကို ငါပြောပြမယ်၊

"ဒီစကားတွေကို မင်းတို့ဂရုစိုက် နားထောင်မှတ်သားကြပါ၊ သေသေချာချာ နားလည်သဘော ပေါက်ပြီး တကယ်လက်တွေ့လိုက်နာ ဆောင်ရွက်တဲ့လူတွေအတွက် ဒီစကားတွေဟာ မကုန်ခမ်းနိုင်တဲ့ ရွှေအိတ်တစ်ခုလို တန်ဘိုးကြီးမားလိမ့်မယ်၊"

သည်လိုပြောပြီး သူခေတ္တရပ်နေသည်။ ဘေဘီလိုနီးယားဒေသ၏ ကြည်စင်သော ကောင်းကင်ပြင်၌ ကြယ်ကလေးများ လင်းလက်လျှက်ရှိနေသည်။ သူတို့နောက်ဘက်နားဆီတွင် ရွက်ဖျင်တဲများကို ထိုး ထိုးထောင်ထောင်မြင်ရသည်။ ကန္တာရမုန်တိုင်းတွေ အချိန်မရွေးကျရောက်နိုင်သဖြင့် တဲတွေကို တခုနှင့် တခု နီးနီးကပ်ကပ် နေရာချကာ ခိုင်ခိုင်မြဲမြဲ ချည်နှောင်တုပ်ဆိုင်းထားရသည်။ တဲတွေနဘေးမှာတော့ တိရစ္ဆာန်သားရေများနှင့် ကျစ်လျစ်စွာ ချည်နှောင်ထုပ်ပိုးထားသည့် ကုန်ပစ္စည်းထုပ်တွေကို စီရရီဆင့်၍ ထားသည်။ အနီးတဝိုက်တွင်မူ သဲပြင်မှာ ခြေဆန့်လက်ဆန့်အနားယူနေသော ကုလားအုတ်များကို မြင်ရသည်။ တစ်ချို့က ပါစပ်တလှုပ်လှုပ်စမြုံ့ပြန်လျက်၊ တစ်ချို့က

ဟောက်သံပေးအိပ်စက်လျက်။

"ဆရာခါလဗတ် ကျွန်တော်တို့ကို သိပ်စိတ်ဝင်စားစရာ ကောင်းတဲ့ ပုံပြင်တွေ အများကြီး ပြောခဲ့ပြီးပါပြီ၊" သူ၏အစေအပါးအုပ်စုမှ အကြီးအကဲလုပ်သူက ခါလဗတ်အား စကားထောက်လိုက် သည်။ "အခုကျွန်တော်တို့ကို နောင်တစ်သက်တာအတွက် လမ်းညွှန်ဩဝါဒတွေ ပေးသွားမယ်ဆိုရင် ကျွန်တော်တို့ ဝမ်းမြောက်ဝမ်းသာ ခံယူဘို့အသင့်ပါပဲ၊ ဘာကြောင့်လဲဆိုတော့ မနက်ဖြန်ဆိုရင်ပဲ ဆရာ့ အတွက်ထမ်းဆောင်ရတဲ့ ကျွန်တော်တို့တာဝန်တွေ ပြီးဆုံးတော့မှာကိုး၊"

"ဟုတ်တယ်၊ ဒါကြောင့်မို့ အရင်ညတွေတုန်းက မင်တို့ကို ငါ့အတွေ့အကြုံတွေ ဝေးလံခေါင် ဖျား အရပ်ဒေသတွေမှာ ငါကြုံခဲ့တဲ့စွန့်စားခန်းတွေ ပြောခဲ့ပေမယ့် ဒီညအဖို့မှာတော့ ပညာရှိသူဌေးကြီး အာခတ်ရဲ့ ခနကြွယ်ဝရေးအတွေးအခေါ်တွေပဲ မင်းတို့ကို ပြောမယ်လို့ ငါစဉ်းစားထားတာပဲ၊"

"ဟုတ်ကဲ့၊ ကျွန်တော်တို့လည်း သူ့အကြောင်း တဆင့်စကား ပြောကြဆိုကြတာ တွေတော့ ကြားဘူးကြပါတယ်၊ ဘေဘီလုံမှာ အချမ်းသာဆုံးပုဂ္ဂိုလ်ဆိုတော့ လူတိုင်းစိတ်ဝင်စားကြတာကိုး၊" တပည့်ကြီးက ဆိုသည်။

"အေး၊ ဟုတ်တယ်၊ ဒါပေမယ့် ငါပြောမယ့်အကြောင်းက မင်းတို့ကြားနေကျတွေနဲ့ တူမှာ မဟုတ်ဘူး၊ မင်းတို့ကြားဘူးမှာက သူနေပုံထိုင်ပုံ သုံးစွဲပုံတွေ၊ ဘယ်လောက်ဘယ်ရွေ့ ချမ်းသာတယ် ဆိုတာတွေ ဖြစ်လိမ့်မယ်၊ ငါပြောမှာက သူပေးတဲ့ချမ်းသာရေးနည်းလမ်း၊" ဟူ၍ ခါလဗတ် အစချီ လိုက်သည်။

"အာခတ်ဟာ ဘေဘီလုံမှာ အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်လာရတဲ့ အကြောင်းရင်းက ခနဉစ္စာ ရှာ ဖွေတဲ့အတတ်ကို သူမတူအောင် တတ်မြောက်ကျွမ်းကျင်ခဲ့လို့ပဲ၊ အခုငါပြောမယ့်အကြောင်းက ဟိုလွန်ခဲ့ တဲ့နှစ်ပေါင်းများစွာက သူ့သား နိုမာဆားကိုယ်တိုင် နင်နီဗေးမြို့မှာ ငါ့ကို ပြောပြခဲ့တာ၊ အဲဒီတုန်းက ငါတောင် လူငယ်လေးပဲ ရှိသေးတယ်၊

"ငါက ကော်ဇောကုန်သည်ကြီးတယောက်ဆီမှာ တပည့်အဖြစ်နဲ့ လိုက်နေတဲ့အချိန်ပေါ့၊ နင်နီဗေးမှာရှိတဲ့ နိုမာဆားရဲ့ စံအိမ်ကြီးမှာ တို့ကော်ဇောတွေ သွားပြကြတယ်၊ နိုမာဆားက ကော်ဇော တွေ စိတ်တိုင်းကျရွေးတယ်၊ ငါက ဆရာ့ကိုကူပြီး အထုပ်တွေဖြန့်ပြ ပြန်လိပ်နဲ့ အတော်ကြီးညဉ့်နက် တော့မှ ကိစ္စကပြီးတယ်၊ သူလိုချင်တဲ့ အရောင်အသွေးတွေ စုံစုံလင်လင်ရတော့ နိုမာဆားလည်း စိတ် ကျေနပ်သွားပြီး တို့ကို သူနဲ့အတူ စားဘို့သောက်ဘို့ခေါ်တယ်၊ အဲဒီမှာ ရှားပါးပေ့ အနံ့အရသာ

ကောင်းပေ့ဆိုတဲ့ ဝိုင်အရက် အကောင်းစားတွေ တို့ကိုတိုက်တယ်၊ ပြီးတော့မှ

စားရင်းသောက်ရင်းနဲ့

သူ့အဖေအာခတ်ရဲ့ ဉာဏ်ပညာ အမြော်အမြင်ကြီးမားပုံ အကြောင်းတွေ

ပြောပြတယ်၊

"မင်းတို့သိတဲ့အတိုင်း ဘေဘီလုံမှာ သူဌေးသားတွေက အိမ်မှာ အမြိုင့်သားထိုင်စားပြီး အချိန် တန်ရင်ရမယ့် မိဘအမွေအနှစ်ကို မျှော်နေတတ်ကြတာ ထုံးစံမဟုတ်လား၊ အာခတ်က အဲ့ဒီထုံးစံကို မကြိုက်ဘူး၊ ဒါကြောင့်မို့ သူ့သားနိုမာဆား လူလားမြောက်တဲ့

အချိန်ကျတော့ သူကတစ်မျိုးစီစဉ် တယ်၊ တစ်နေ့မှာ သူ့သားကိုခေါ်ပြီး အလေးအနက်ပြောတယ်၊

“ ‘ငါ့သား၊ အဖေ့အနေနဲ့ သားကို အဖေမရှိတော့တဲ့အချိန်မှာ အဖေပိုင်ဆိုင်ခဲ့သမျှ ဥစ္စာပစ္စည်းတွေ ကို အမွေဆက်ခံစေချင်တဲ့ ဆန္ဒရှိတယ်၊ ဒါပေမယ့်လို့ သားအနေနဲ့ ဒီအမွေအနှစ်တွေကို ဆက်ခံထိုက် တဲ့ အရည်အချင်းရှိသူတစ်ဦးဖြစ်ကြောင်း ပြသစေချင်တယ်၊ ဒီလိုပြသနိုင်ဘို့အတွက် သားကိုအဖေ လူ့ လောကကြီးထဲ သားဘာသာ လှုပ်ရှားရုန်းကန်ဘို့ လွှတ်လိုက်မယ်၊ သားဘာသာ ကိုယ့်အားကိုယ်ကိုး နဲ့ စီးပွားဥစ္စာ ရှာနိုင်စွမ်းရှိတယ်၊ လူအများကြား လေးစားခံရသူတစ်ဦးဖြစ်အောင် သားကိုယ်သား ထူ ထောင်နိုင်စွမ်းရှိတယ်ဆိုတာ ပြစမ်းပါ၊

“ ‘သားဘဝကိုစတင်ရာမှာ အထောက်အကူပြုနိုင်ဘို့ ပစ္စည်းနှစ်ခု အဖေပေးလိုက်မယ်၊ အဖေ့ တုန်းက မရခဲ့တဲ့ပစ္စည်းတွေပါ၊ သားသိတဲ့အတိုင်း အဖေက လက်ဖဝါး ခြေဖဝါးကနေ အခုအခြေ အနေထိရောက်အောင် တည်ဆောက်ခဲ့ရတာ၊

“ ‘သားကိုပေးမယ့်ပစ္စည်းတစ်ခုက ဟောဒီမှာ၊ ရွှေဒင်္ဂါးအပြည့်ပါတဲ့ အိတ်တစ်အိတ်၊ လိမ်လိမ် မာမာနဲ့ သုံးစွဲမယ်ဆိုရင် ကြီးပွားချမ်းသာဘို့အတွက် အတော်ကြီးမားတဲ့အခြေခံတစ်ခုပဲ၊ နောက်တခု ကတော့ ဟောဒီမှာ၊ ရွံ့စေးစာချပ်တစ်ခု၊ ဒီအပေါ်မှာ ရေးထွင်းထားတာက ဓနဉစ္စာနဲ့ဆိုင်တဲ့ အရေး

ကြီးဆုံး ဥပဒေသငါးရပ်၊ ဒီဟာတွေကို သေသေချာချာဖတ်၊

ဉာဏ်နဲ့ဆင်ခြင်ပြီး လက်တွေ့အသုံးချရင်

သားအတွက် ဓနဉစ္စာနဲ့ပတ်သတ်လို့ လုံလောက်တဲ့ အသိဉာဏ်နဲ့ စီးပွားရေး လုံခြုံမှုကို ပေးလိမ့်မယ်၊

“ ‘ဒီကနေ့ကနေ နောက်ဆယ်နှစ်တိတိ ကြာတဲ့အချိန်မှာ သားအိမ်ကို ပြန်လာခဲ့ပါ၊ ပြီးတော့ သားရဲ့အတွေ့အကြုံတွေ ပြောပြပါ၊ တန်ဘိုးရှိသူ ထိုက်တန်သူတစ်ဦးအနေနဲ့ ပြန်ရောက်လာခဲ့ရင် အဖေပိုင် ဉစ္စာပစ္စည်းအားလုံးရဲ့ အမွေခံအဖြစ် သားကို အသိအမှတ်ပြုမယ်၊ အကယ်၍ အမွေခံထိုက် သူတဦးဖြစ်ကြောင်း မပြသနိုင်ခဲ့ရင်တော့ အဖေ့ဉစ္စာပစ္စည်းအားလုံးကို ဘာသာ သာသနာရေးအတွက် သုံးစွဲဖို့ ဘုန်းတော်ကြီးတွေလက်ထဲပဲ အဖေ လွှဲအပ်လှူဒါန်းခဲ့မယ်၊’

“အဖေလုပ်သူက အဲ့ဒီလိုစီစဉ်တော့ နိုမာဆားလည်း

ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြဘို့ အိမ်

ကထွက်ခဲ့ရတယ်၊ အဝတ်တစ်ထည် ကိုယ်တစ်ခုတော့

လုံးဝမဟုတ်ဘူးပေါ့၊

ရွှေထုပ်ကတစ်ထုပ်၊

ပိုးသားစနဲ့ ကျကျနန ထုပ်ပိုးထားတဲ့ သြဝါဒစာကတစ်ချပ်၊ ပြီးတော့ ကျွန်တစ်ယောက်ရယ် မြင်းနှစ် စီးရယ်နဲ့ပေါ့၊

“အဲဒီလို အိမ်ကထွက်သွားပြီး ဆယ်နှစ်တိတိကြာတဲ့အခါ သူ့အဖေ အမှာစကားအတိုင်း နိုမာဆား အိမ်ပြန်ရောက်လာတယ်၊ သားပြန်လာတော့ အဖေက ဆွေမျိုးတွေ မိတ်သင်္ဂဟတွေပါ ဖိတ် ကြားပြီး အိမ်မှာ ဧည့်ခံပွဲကြီးကျင်းပတယ်၊ အားလုံးစားသောက်ပြီးစီးကြပြီဆိုတော့မှ

အဖေနဲ့အမေက ရှင်ဘုရင့်နန်းတော်က ရာဇပလ္လင်လားအောက်မေ့ရတဲ့ သားသားနားနား နေရာထိုင်ခင်းမျိုးမှာ ကျကျနန ထိုင်ပြီး သူ့သားအစီအရင်ခံတာကို ကြားနာကြတယ်၊

"ညဘက်ရောက်ပြီဆိုတော့ ဧည့်ခန်းမကြီးထဲမှာ ဆီမီးခွက်တွေ အစီအရီ ထွန်းညှိထားတယ်၊

ဆီမီးခွက်ကလွင့်ပျံတဲ့ မီးခိုးငွေ့တွေက အခန်းထဲဝေ့နေတယ်၊ အကျီဖြူဝတ်ထားတဲ့ အိမ်စေတွေက
ယပ်တောင်ရှည်ကြီးတွေ ခပ်ပေးနေကြတယ်၊ နိုမာဆားက သူ့အဖေအမေရှေ့ မလှမ်းမကမ်းမှာ မတ်
တပ်ရပ်လို့၊ သူ့ဇနီးနဲ့ ကလေးနှစ်ယောက်က နောက်ဘက်နားဆီမှာ ကော်ဇောပေါ်ထိုင်လို့၊ မိတ်ဆွေ
တွေ ဆွေမျိုးသားချင်းတွေကလည်း ကိုယ့်နေရာအသီးသီးထိုင်ပြီး နားစွင့်လို့ပေါ့လေ၊

"နိုမားဆားကစပြီးပြောတယ်၊ 'အဖေ' တဲ့၊ သူ့အဖေကို ရိုရိုသေသေခေါ်တယ်၊ 'အဖေရဲ့ ဉာဏ် အမြော်အမြင်ကြီးမားမှုကို ကျွန်တော်အရိုအသေပြုပါတယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကာလ ကျွန်တော် လူလားမြောက်စအချိန်မှာ အဖေကျွန်တော့်ကို အိမ်မှာမှီခိုကပ်ရပ်မနေပဲနဲ့ လူအများကြား ကိုယ့်စွမ်း

ကိုယ့်အားနဲ့ ရပ်တည်နိုင်အောင် ကြိုးစားဘို့လွှတ်ခဲ့တဲ့ အဖေ့အစီအစဉ်ကို ကျွန်တော် ချီးကျူးချင်တာ ပါ၊

"အဖေကျွန်တော့်ကို ငွေအရင်းအနှီးလည်း အလုံအလောက်ပေးခဲ့တယ်၊ လမ်းညွှန်စကားတွေ

လည်း ပြည့်ပြည့်ဝဝပေးလိုက်ပါတယ်၊ ဒါပေမယ့် အဖေပေးလိုက်တဲ့ငွေက၊ ......ကျွန်တော်ကိုင်တွယ်ပုံ လုံးဝအသုံးမကျခဲ့ဘူးဆိုတာ ဝန်ခံရပါလိမ့်မယ်၊ ဒီငွေတွေဟာ ကျွန်တော့်လက်ထဲ ကြာကြာမခံပါဘူး၊ ယုန်လိုက်တဲ့ သူငယ်ကိုမြင်မိတဲ့ ယုန်တစ်ကောင်လို လှစ်ကနဲပါပဲ၊'

"ဒီလိုပြောတော့ သူ့အဖေကပြုံးတယ်၊ 'အသေးစိတ်ကလေးတွေ ပြောစမ်းပါအုံးသားရဲ့' တဲ့၊ အဖေကဆိုတယ်၊'

" 'ကျွန်တော် အိမ်ကထွက်လာပြီးတဲ့နောက် နင်နီဗေးကိုသွားဘို့ ရွေးချယ်ခဲ့တယ်၊ နင်နီဗေးက ဖွံ့ဖြိုးစည်ကားစ မြို့တစ်မြို့မဟုတ်လား၊ အဲဒီမှာ ကျွန်တော့်အတွက် ကြီးပွားချမ်းသာဘို့ အခွင့် အလမ်းတွေ တွေ့လိမ့်မယ်လို့ ကျွန်တော်တွက်မိတာကိုး၊ ခရီးသွားကုန်သည်အုပ်စုတစ်စုနဲ့ အတူလိုက် ပါသွားရင်း လမ်းမှာမိတ်ဆွေတွေ အများကြီးရခဲ့တယ်၊ ဒီအထဲမှာ အတော်စကားပြောကောင်းတဲ့

လူနှစ်ယောက်ကို ကျွန်တော်သွားသဘောကျတယ်၊ သူတို့နဲ့အတူ မြင်းဖြူကြီးတစ်ကောင်ပါတယ်၊

အင်မတန်မှကို အပြေးလျင်တဲ့ မြင်းကြီးပဲ၊ လေလိုလျင်တယ်ဆိုတာမျိုး၊ လှစ်ကနဲ လှစ်ကနဲ နေတယ်၊

" 'ခရီးသွားရင်း တစ်ယောက်နဲ့တစ်ယောက် ပိုပြီးခင်မင်ရင်နှီးလာတဲ့အချိန်လောက်ကျတော့ သူတို့ က တစထက်တစ်စ ဘာဖွင့်ပြောသလဲဆိုတော့ နင်နီဗေးမှာ သူဌေးတစ်ယောက်ရှိတယ်တဲ့၊ အဲဒီသူဌေး က ပြိုင်မြင်းဝါသနာပါတယ်၊ သူ့မှာ အင်မတန်မြန်တဲ့မြင်းတစ်ကောင်ရထားတာမို့ လာသမျှမြင်းနဲ့ ပြိုင်ပြေးနေတယ်၊ အခုထိပြိုင်သမျှ သူနိုင်နေတာမို့ ဘာဘီလုံပြည်တစ်ခွင်မှာ သူ့မြင်းထက်မြန်အောင် ပြေးနိုင်တဲ့မြင်းမရှိဘူးလို့ အထင်ရောက်နေတယ်၊ အခုကျွန်တော့်မိတ်ဆွေတွေရဲ့ မြင်းဖြူကြီးက အဲဒီ သူဌေးရဲ့မြင်းထက် အပြတ်အသတ်မြန်တယ်၊ သူတို့ကဟိုမြင်းပြေးတာ မြင်ဘူးလို့ ကောင်းကောင်းသိ တယ်၊ ဒါကြောင့်မို့ သူတို့အခု နင်နီဗေးရောက်ရင် အဲဒီသူဌေးရဲ့မြင်းနဲ့ သွားပြိုင်မယ်၊ လောင်းကြေး

ကြီးကြီးထပ်မယ်၊ ကျွန်တော့်ကိုလည်း ခင်မင်နေသူမို့လို့ အခွင့်အရေးပေးတယ်၊ သူတို့မြင်းဘက်က လောင်းချင် ဝင်လောင်းပါလို့ ဆိုတယ်၊

" 'အဲဒါနဲ့ ကျွန်တော်လည်းပါသွားတာပေါ့လေ၊ တကယ်တမ်းပြိုင်တော့ ကျွန်တော်တို့မြင်းက ရှုံးလိုက်တာ အပြတ်အသတ်ပါပဲ၊ ကျွန်တော့် ရွှေဒင်္ဂါးအတော်များများ အဲဒီအထဲပါသွားတယ်ပဲ၊' တဲ့၊ သူပေးလိုက်တဲ့ပိုက်ဆံ သူ့သားဖြုန်းတီးပုံနားထောင်ပြီး အဖေကရယ်နေတယ်၊ နိုမာဆားက ဆက်ပြော တယ်၊

" 'ဒီလူတွေ ကျွန်တော့်ကို သေသေချာချာ အကွက်ချပြီး လိမ်သွားတဲ့အကြောင်း နောက်ကျ တော့မှ ကျွန်တော်သိတယ်၊ သူတို့က ဒီလိုပဲ ခရီးသွားအုပ်စုတွေနဲ့ရောလိုက်ပြီး အချဉ်ဖမ်းမယ့်လူ ရှာနေကျကိုး၊ နင်နီဗေးက သူဌေးဆိုတာက သူတို့ပါတနာ၊ သူတို့နဲ့ ဝေစားမျှစား၊ အဲဒီတစ်ချီ

ခံလိုက်ရပြီးတဲ့နောက် ကျွန်တော်သင်ခန်းစာတစ်ခုရတယ်၊ လူတွေကို သတိထားရမယ်၊ အရမ်းယုံလို့ မဖြစ်ဘူး၊ ဒီလိုပေါ့လေ၊ ဒါပေမယ့် သင်ခန်းစာက ဒါနဲ့တင် မလုံလောက်သေးဘူး၊

“နောက်ထပ် ခါးသီးတဲ့သင်ခန်းစာတစ်ခု များမကြာခင် ကျွန်တော်ထပ်ရတယ်၊ အဲဒီခရီးသွား အုပ်စုမှာပဲ နောက်ထပ်လူငယ်တစ်ယောက် ပါလာသေးတယ်၊ သူနဲ့လည်း ကျွန်တော် ရင်းနှီးခင်မင် သွားတယ်၊ ဒီလူငယ်ကလည်း ကျွန်တော့်လို ချမ်းသာတဲ့မိဘက မွေးတာပါပဲ၊ သူက နင်နီဗေးမှာ လုပ်ငန်းကိုင်ငန်းလုပ်ဘို့ အကွက်အကွင်းလာကြည့်တာလို့ဆိုတယ်၊ နင်နီဗေးကိုရောက်ပြီး များမကြာခင် မှာ သူကကျွန်တော့်ဆီလာပြီး၊ မြို့ထဲက ကုန်သည်တယောက်ကွယ်လွန်လို့ ဆိုင်တစ်ဆိုင် ကုန်ပစ္စည်း အပြည့်နဲ့ ကျန်ရစ်တဲ့အကြောင်း၊ ဆိုင်ကဝယ်သူအတော်များတဲ့ဆိုင်မို့လို့ တန်ဘိုးရှိတဲ့အကြောင်း၊ အခု အဲဒီဆိုင်ကို ဈေးချိုချိုချောင်ချောင်ရနိုင်တဲ့ အနေအထားရှိတဲ့အကြောင်းပြောပြီး သူနဲ့ကျွန်တော် စပ်တူ လုပ်ကြဘို့ အဖော်ညှိတယ်၊ အဲဒီနောက် ဒီဆိုင်လက်လွတ်မသွားအောင် လောလောဆယ် ကျွန်တော့် ဆီမှာရှိတဲ့ငွေနဲ့ ယူထားဘို့၊ သူ့ဝေစုအတွက်တော့ လောလောဆယ် သူ့လက်ထဲပိုက်ဆံများများမရှိဘူး၊ ဘောဘီလုံပြန်ပြီး အိမ်ကပိုက်ဆံယူမယ်၊ သူ့ငွေကိုတော့ ဆိုင်တိုးချဲ့ဘို့၊ ကုန်ပစ္စည်းသစ်တွေ ထပ်ဝယ် ဘို့ဘက်မှာ သုံးမယ်ဆိုပြီး ကျွန်တော်တို့ သဘောတူထားလိုက်ကြတယ်၊

“ ‘ဒါပေမယ့် ကိုယ့်လူက ဘောဘီလုံကိုပြန်ဘို့ကို နေ့ရွှေ့ညရွှေ့နဲ့အချိန်ဆွဲနေတယ်၊ ဒီကာလ အတွင်းမှာပဲ သူ့အကြောင်း ကျွန်တော်သဘောပေါက်လာတယ်၊ လူက အသုံးအဖြုန်းကြီးတဲ့လူ၊ အရောင်းအဝယ်လည်း နားလည်တာမဟုတ်ဘူး၊ အဲဒါနဲ့ နောက်ဆုံးကျတော့ ဒီလူ့ကို ခွာထုတ်လိုက်ရ တယ်၊ ဒါပေမယ့် အဲဒီအချိန် ဆိုင်မှာက ရောင်းမစွံတဲ့ ပစ္စည်းတစ်ချို့ပဲ ကျန်တော့တယ်၊ ပစ္စည်းသစ် တင်ဘို့လည်း ငွေကြေးမရှိတော့ဘူး၊ ဆိုင်ကို ကျွန်တော် အစ္စရေးတစ်ယောက်လက်ထဲ နှစ်ပြားတစ်ပဲနဲ့ ထိုးပေးလိုက်ရတယ်၊

“ ‘အဲဒီနောက်ပိုင်းကတော့ ကျွန်တော့်ဘဝမှာ တကယ့်ကို ကြမ်းတမ်းခက်ထရော်တဲ့ ကာလ တွေပေါ့၊ ထမင်းတစ်လုပ်အတွက် အလုပ်ရှာရပြီ၊ ဒါပေမယ့် ဘာလုပ်ငန်းပညာမှ တတ်မထားတော့ အလုပ်တစ်ခုမရနိုင်ဘူး၊ အဲဒါနဲ့ပထမဆုံး မြင်းတွေချရောင်း၊ နောက်တော့

တစ်ဦးတည်းသော ကျွန်ုပ် တော်ကိုပါရောင်းလိုက်ရတယ်၊ အဲဒီနောက်တော့ အဝတ်အစားတွေပါ ချရောင်းပေါ့၊ တနေ့ထက်တနေ့ ထမင်းစားဘို့ အိပ်စရာတစ်နေရာရဘို့ဟာ ခက်ခဲသထက် ခက်ခဲလာတယ်၊

“ ‘ဒါပေမယ့် ခါးသီးတဲ့ဒီကာလအတွင်းမှာပဲ အဖေ့စကားတွေ ကျွန်တော်ပြန်ကြားယောင်လာ တယ်၊ အဖေကျွန်တော့်ကို လူ့လောကကြီးထဲ ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်အောင် ကြိုးစားဘို့ လွှတ်လိုက်တာပဲဆိုတာ စဉ်းစားမိပြီး၊ အဖေမျှော်မှန်းတဲ့အတိုင်း ဖြစ်အောင်ကြိုးစားမယ်လို့ ကျွန်တော် သံန္နိဋ္ဌာန်ချခဲ့တယ်၊’

“ဒီစကားတွေ သူပြောနေတဲ့အချိန် အမေလုပ်သူကတော့ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ငိုနေ ပြီ၊ အာခတ်ကတော့ သူ့သားစကားကို အာရုံစူးစိုက်လျက်ပဲ၊

“ ‘အဖေပေးလိုက်တဲ့ အဖိုးတန်စာချပ်ကိုလည်း အဲဒီလိုဒုက္ခရောက်နေတဲ့အချိန်ကျမှ ကျွန်တော် သတိရပြီး သေသေချာချာပြန်ဖတ်မိတယ်၊ ဒီလိုဖတ်မိကာမှ ငါဒီစာကို စောစောက မဖတ်မိလေခြင်းလို့ နောင်တရပြီး ဆုံးရှုံးခဲ့တဲ့ ကျွန်တော့်ရွှေဒင်္ဂါးတွေကို နှမြောမိတယ်၊ နှမြောလေ ပြန်ဖတ်လေနဲ့ နောက်ပိုင်ကျတော့ ဒီစာကို ကျွန်တော်အလွတ်ရခဲ့တယ်၊ ဒီစာမှာ ပါတဲ့အချက်တွေဟာ အတွေ့အကြုံကြီးမားတဲ့ လူကြီးသူမများရဲ့ အမြော်အမြင်စကားတွေပဲ၊ အခုရောက်ရှိနေကြတဲ့ ပုဂ္ဂိုလ်တွေအားလုံး ကြားနာကြရအောင် ကျွန်တော်ဖတ်ပြပါ့မယ်

ဓနဥပဒေသငါးရပ်–

၁။ ဓနဥစ္စာဟူသည် မိမိရရှိသောဝင်ငွေ၏ ဆယ်ပုံတစ်ပုံထက် မနည်းသောငွေကို မိမိနှင့်မိသားစု၏ အနာဂတ်အတွက် ချန်လှပ်သိမ်းဆည်းတတ်သူထံသို့သာ ဝမ်းမြောက်ပျူငှာစွာ ရောက်ရှိလာတတ်မြဲဖြစ် သည်။

၂။ ဓနဥစ္စာဟူသည် ယင်းအား အကျိုးဖြစ်အောင် ခိုင်းစေတတ်သောသူအတွက် ကျိုးနွံ့ကျေနပ်စွာ အားထုတ်လုပ်ကိုင် ပေးစမြဲဖြစ်၍၊ ထိုသူ၏လက်၌ သိုးအုပ်နွားအုပ်များသဖွယ် အဆတိုးပွား များပြားလာတတ်သော သဘောရှိပေသည်။

၃။ ဓနဥစ္စာဟူသည် ယင်းအားဂရုတစိုက် ရင်းနှီးမြှုတ်နှံမှုပြုသူ၊ ကျွမ်းကျင်လိမ္မာသောသူတို့၏ အကြံဉာဏ်ကို ရယူလုပ်ကိုင်သူများထံ၌သာ တွယ်ကပ်ခိုလှုံနေတတ်ကြသည်။

၄။ ဓနဥစ္စာဟူသည် မိမိလည်းမကျွမ်းကျင်၊ ကျွမ်းကျင်သူတို့လည်း

အားမပေးသော အလုပ်မျိုးတွင် ရင်နှီးမြှုတ်နှံသောသူတို့ထံမှ လျော့ကျပျောက်ကွယ် သွားတတ်စမြဲဖြစ်သည်။

၅။ ခနဉစ္စာဟူသည် ယင်းမှလွန်ကဲလှသော အမြတ်အစွန်းမျိုးကို မျှော်မှန်းသူများ၊ လူလိမ်လူညာတို့၏ ဖြားယောင်းသွေးဆောင်မှုနောက် လိုက်ပါနာယောင်တတ်သူများ၊ အတွေ့အကြုံနည်းပါးကာ စိတ်ကူး ယဉ်ယဉ်ဖြင့် မဆင်မခြင် ရင်းနှီးမြှုတ်နှံမှုပြုသူများထံမှ ရှောင်ခွာထွက်ပြေးသွားတတ်စမြဲဖြစ်သည်။

“ ‘ဒါတွေက လွန်ခဲ့တဲ့ဆယ်နှစ်ကာလ ကျွန်တော်အိမ်က ထွက်ခွာစဉ်အချိန်မှာ အဖေပေးလိုက် တဲ့ ဩဝါဒစာချပ်ထဲမှာ ဖော်ပြပါရှိတဲ့ ဓနဥပဒေသ ငါးရပ်ပါဘဲ၊ ဒီလမ်းညွှန်စာဟာ သူနဲ့အတူ အဖေပေးခဲ့တဲ့ရွှေဒင်္ဂါးထုပ်ထက်ပိုပြီး အဘိုးတန်ခဲ့တယ်လို့ ကျွန်တော်ဆိုလိုက်ချင်ပါတယ်၊ ဘာကြောင့် ဒီလိုဆိုရသလဲ ထင်ရှားအောင် ကျွန်တော့် ဇာတ်လမ်းကို ကျွန်တော် ဆက်ပြောပါ့မယ်၊’

“အဲဒီနောက် နိုမာဆားက သူ့အဖေဘက်မျက်နှာမူပြီး ဆက်ပြောပြန်တယ်၊ ‘အတွေ့အကြုံနည်း အသိဉာဏ်မြော်အမြင် နည်းခဲ့တဲ့အတွက် ကျွန်တော် ဆင်းရဲဒုက္ခရောက်ခဲ့ရတဲ့အကြောင်း ပြောပြီးပါပြီ၊ ဒါပေမယ့် ကံကြမ္မာဆိုးဆိုတာလဲ အချိန်တန်တော့ အဆုံးသတ်ရစမြဲပါ၊ ကျွန်တော်အလုပ်တစ်ခု ရလာပါတယ်၊ နင်နီဗေးမြို့တော်ရဲ့ အပြင်မြို့ရိုးသစ် တည်ဆောက်တဲ့နေရာမှာ ကျွန်လုပ်သားတစ်စုကို ကြီးကြပ်ခိုင်းစေပေးရတဲ့ အလုပ်ပါ၊

“ ‘ဒီအချိန်မှာတော့ အဖေပေးလိုက်တဲ့ ဓနဥပဒေသ အမှတ်(၁) ကို သိထားပြီးဖြစ်လေတော့ ကျွန်တော်ပထမဆုံးလုပ်ခငွေထဲက ကြေးနီပြားတစ်ပြားတပြား စပြီးစုပါတယ်၊ အဲ့ဒီနောက် အခွင့်သာ တိုင်း ဒီစုငွေမှာထပ်ပြီး ဖြည့်တင်းတဲ့အခါ ငွေဒင်္ဂါးတစ်ပြား စုမိလာပါတယ်၊ အဲဒီလောက်အထိဖြစ်ဖို့ ဟာ အချိန်အတော်ကြီးကြာပါတယ်၊ ဘာကြောင့်လဲဆိုတော့ ထမင်းစားဘို့ကလည်း လိုသေးတာကို၊ ဒါပေမယ့် ဆယ်နှစ်ပြည့်လို့အိမ်ပြန်ရင် အနည်းဆုံးအဖေပေးလိုက်တဲ့ ရွှေထုပ်လောက်တော့ ပြန်ပါမှ ဖြစ်မယ်လို့ စိတ်ထဲပြဋ္ဌာန်းထားတာဆိုတော့ ကျွန်တော် ပိုက်ဆံကို တတ်နိုင်သမျှ စေးစေးကုပ်ကုပ် သုံးစွဲးပါတယ်၊

“ ‘တစ်နေ့မှာတော့ ကျွန်တော်တို့အလုပ်ခွင် အကြီးအကဲလုပ်သူက ကျွန်တော့်ကိုပြောတယ်၊ သူနဲ့ကျွန်တော်က အတော်လည်း ရင်းနှီးနေကြပြီ၊ သူကနိုမာဆား၊ မင်းဟာလူငယ်တယောက်ဖြစ် ပေမယ့် အသုံးအစွဲး အင်မတန်ကျစ်လျစ်တယ်၊ ခုလောက်ဆိုတော့ မင်းမှာ အတော်အတန် စုပြီး ဆောင်းပြီးရှိရောပေါ့တဲ့၊ သူကမေးတယ်၊

“ ‘ဟုတ်ပါတယ်၊ ကျွန်တော့်မှာ အဖေပေးလိုက်တဲ့ငွေတွေ အချည်းအနှီး ဖြုန်းတီးပစ်မိလို့ အခု အဲဒါပြန်ပြည့်အောင် ကြိုးစားဖြည့်နေရတယ်၊ လို့ပြန်ဖြေတော့၊ သူက၊

“ ‘အေး၊ ကောင်းပါတယ်ကွာတဲ့၊ ဒါပေမယ့် ပိုက်ဆံဆိုတာ

ဒီအတိုင်းသိမ်းထားတာထက် သူ့ကိုခိုင်းစေရင် အကျိုးအမြတ် ရှိလာနိုင်တယ်၊ စုထားတာထက် ပိုတိုးပွားလာနိုင်တယ် မဟုတ်လား တဲ့၊ သူကဆိုတော့၊

“ ‘ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်မှာ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သတ်ပြီး အတော်ခါးသီးတဲ့ အတွေ့အကြုံလေးတွေ ရှိနေတော့ အခုကိုယ့်ဘာသာ ရှာဖွေစုဆောင်းထားတာလေး ကို စမ်းကြည့်ရမှာ သိပ်ကြောက်နေတယ်၊

“ ‘ဒီအခါသူကဆိုတယ်၊ မင်းငါ့ကိုယုံကြည်ရင်တော့ ငါနဲ့အတူလုပ်ကြည့်ပါ၊ ငွေကိုအကျိုးရှိ အောင် ရင်းနှီးမြှုပ်နှံပုံ အတွေ့အကြုံတစ်ခု မင်းရသွားမှာပါတဲ့၊ ပြီးတော့ သူ့အစီအစဉ်ကိုပြောပြတယ်၊

“ ‘နောက်တစ်နှစ်အတွင်းမှာ ဒီအပြင်မြို့ရိုးကြီး ပြီးစီးသွားလိမ့်မယ်၊ မြို့ရိုးပြီးရင် ဂိတ်ပေါက် တွေမှာ တံခါးကြီးတွေတပ်ရမယ်၊ တံခါးတွေလုပ်ဘို့အတွက် ကြေးဝါသတ္တုတွေ အမြောက်အများလို လာမယ်၊ နင်နီဗေးမြို့မှာ ကြေးဝါ အဲဒီလောက်များများစားစား မရှိဘူး၊ အဲဒီတော့ ငါ့အကြံအစည်က တို့လူတွေ ကိုယ်ရှိတဲ့ပိုက်ဆံစုပြီး ကြေးနီတွင်း သံဖြူတွင်းတွေဆီ သွားဝယ်ထားရင် မြို့တံခါးတွေလုပ် တော့လို့ ဘုရင်မင်းမြတ် အမိန့်တော်ချမှတ်တဲ့အချိန်ကျတော့ သတ္တုကတို့ဆီမှာဘဲရှိတာ၊ တို့ကြိုက်ဈေး ခေါ်ပြီးရောင်းလို့ရမယ်၊ အကယ်၍ အကြောင်းကြောင်းကြောင့် ရှင်ဘုရင်ဆီမသွင်းရတောင် အပြင်မှာ သင့်တင့်တဲ့အမြတ်အစွန်းနဲ့တော့ ရောင်းလို့ရတာပါပဲတဲ့၊

“ ‘သူ့စကားကို ကျွန်တော်အလေးအနက် စဉ်းစားတယ်၊ ဒါအခွင့်အရေးပဲ၊ ဒါဟာ ဥပဒေသ အမှတ်(၃)နဲ့လည်း ညီညွတ်တယ်၊ ကိုယ့်ရဲ့စုဆောင်းငွေကို နားလည်တတ်ကျွမ်းသူနဲ့ ပူးတွဲပြီး ရင်းနှီး မြှုပ်နှံတာပဲ၊ ဒါလုပ်သင့်တယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်၊ အဲဒီအတွက် ကျွန်တော် စိတ် မပျက်ခဲ့ရပါဘူး၊ ကျွန်တော်တို့ စုပေါင်းလုပ်ငန်းအစီအစဉ် အောင်မြင်သွားခဲ့တယ်၊ ဒီအလုပ်ကြောင့် ကျွန်တော့်ငွေထုပ်သေးသေးဟာ ငွေထုပ်ကြီးကြီးတစ်ခု ဖြစ်လာခဲ့တယ်၊

“ ‘နောက်ပိုင်း သူတို့လူစုထဲမှာ ကျွန်တော်အမြဲတမ်းအဖွဲ့ဝင်တစ်ယောက် ဖြစ်လာတယ်၊ တခြားလုပ်ငန်းတွေမှာလည်း ပူးတွဲလုပ်ခဲ့တယ်၊ ဒီလူစုက လုပ်ငန်းကိစ္စနဲ့ပတ်သတ်ရင် အင်မတန် စေ့စပ်သေချာတဲ့လူတွေပဲ၊ တစ်ယောက်က အစီအစဉ်တစ်ခုတင်လာရင် အဲဒါကိုအသေးစိတ် ဝိုင်းပြီး ဆွေးနွေးသုံးသပ်ကြတယ်၊ မတော်တဆ ရှုံးချင်လည်းရှုံးသွားနိုင်တယ် ဆိုတဲ့အလုပ်မျိုးကို ဘယ်တော့မှ မလုပ်ဘူး၊ တော်တော်နဲ့ အကျိုးအမြတ်ပေါ်မှာမဟုတ်ဘူး ငွေရင်းက အကြာကြီးမြှုပ်နေမှာဆိုတဲ့ အလုပ်မျိုးကိုလည်း ရှောင်တယ်၊ ကျွန်တော်အရင် ရူးရူးမိုက်မိုက်လုပ်ခဲ့မိတဲ့ မြင်းပြိုင်ပွဲဝင်လောင်းတာ တို့၊ ပိုက်ဆံမပါတဲ့ ဟိုချာတိတ်နဲ့ ဈေးဆိုင်စပ်တူဝယ်တာတို့လို ဟာမျိုးတွေက သူတို့တစ်ခါတစ်လေ ယောင်မှားစဉ်းစားတဲ့အထဲတောင်မပါဘူး၊

“ ‘ဒီပုဂ္ဂိုလ်တွေနဲ့ ပေါင်းသင်းမိတဲ့အတွက် ကျွန်တော် လုပ်ငန်း လုပ်တတ်လာတယ်၊ ငွေကို အကျိုးအမြတ်ရှိအောင် ဘယ်လိုရင်းနှီးမြှုပ်နှံရတယ်ဆိုတာ သိလာတယ်၊ နောက်ပိုင်း နှစ်ကာလတွေ အတွင်းမှာတော့ ကျွန်တော့်ငွေရင်းဟာ ပိုပိုပြီး လျင်မြန်တဲ့ နှုန်းထားတွေနဲ့ တိုးပွားလာခဲ့တယ်၊ အရင် ဆုံးရှုံးခဲ့သမျှကို ပြန်ရရုံမက အဲဒီထက်အများကြီး

ပို့ပြီး စုဆောင်းမိလာတယ်၊

“ ‘ဒုက္ခတွေ၊ အခက်အခဲတွေ၊ အောင်မြင်မှုတွေ စတဲ့အနေအထားမျိုးစုံနဲ့ ကြုံရစဉ်ကာလ တလျှောက်လုံးမှာ အဖေရဲ့ ဓနဥပဒေသငါးရပ်ကို ကျွန်တော်ချိန်ထိုးအကဲဖြတ်ခဲ့တယ်၊ တကြိမ်တခါမှာ မှ ဒီဥပဒေသတွေဟာ လက်တွေ့နဲ့ကွာဟတယ်၊ လွဲမှားတိမ်းချော်တယ်လို့ မရှိခဲ့ဘူး၊ ဒီဥပဒေသတွေကို သိနားလည်ခြင်းမရှိတဲ့ ပုဂ္ဂိုလ်ဆီကို ဓနဥစ္စာတွေ ရောက်လာခဲ့တယ်၊ အကယ်၍ ရောက်ခဲ့ရင်လည်း ကြာရှည်မနေ၊ အလျှင်အမြန် ထွက်ခွာပြေးတယ်၊ ဒီဥပဒေသငါးရပ်အတိုင်း လိုက်နာကျင့်သုံးတတ်တဲ့ ပုဂ္ဂိုလ်တွေဆီကိုတော့ ဓနဥစ္စာတွေ ချောမွေ့လွယ်ကူစွာ ရောက်လာတတ်ကြတယ်၊ သူတို့အတွက် သစ္စာရှိ ကျွန်ယုံတော်များအဖြစ်လည်း အလုပ်အကျွေးပြုတတ်ကြတယ်၊’

"အဲဒီလိုပြောပြီးတဲ့နောက် နိုမာဆားက ခန်းမကြီးထောင့်တစ်နေရာက စောင့်ကြည့်နေတဲ့ သူ့ ကျွန်ယုံတော်တယောက်ဆီကို လှမ်းပြီး အချက်ပြလိုက်တယ်၊ ကျွန်ယုံတော်က အတော်လေးလံတဲ့ သားရေအိတ် သုံးလုံးကိုမပြီး ယူလာတယ်၊ နိုမာဆားက အိတ်တစ်လုံးကိုယူပြီး သူ့အဖေရှေ့ကြမ်းပြင် ပေါ်မှာချတယ်၊

" 'ကျွန်တော်အိမ်ကထွက်တော့ အဖေ ရွှေအိတ်တစ်အိတ် ပေးလိုက်ပါတယ်၊ ဘောဘီလုံရွှေပါ၊ ကျွန်တော်အခု အဲဒီရွှေနဲ့ အလေးချိန်ချင်းတူညီတဲ့ နင်နီဗေးရွှေကို ပြန်ပေးပါတယ်၊

" 'နောက်တစ်ခုက အဖေကျွန်တော့်ကို အဖေရဲ့ဉာဏ်ပညာ အမြော်အမြင်တွေ အနှစ်ချုပ်ထုတ် ပြီးရေးထားတဲ့ ရွှံ့စေးစာချပ်တစ်ချပ် ပေးလိုက်ပါတယ်၊ အဲဒီအတွက် ကျွန်တော် စောစောကရွှေအိတ်နဲ့ အလေးချိန်ချင်းတူညီတဲ့ ရွှေအိတ်နှစ်အိတ် ပြန်ပေးပါတယ်၊ သည်လိုပြောပြီး ကျွန်ယုံတော်ဆီက ရွှေအိတ်နှစ်အိတ်ကိုယူပြီး သူ့အဖေ ရှေ့မှာ ချတယ်၊

" 'ဒီလိုပေးရခြင်းအကြောင်းက အဖေ့ရဲ့ ဉာဏ်အမြော်အမြင်ကို အဖေ့ရွှေထုပ်ထက် ကျွန်တော် တန်ဖိုးထားတဲ့အကြောင်း သိစေချင်လို့ပါ၊ တကယ်တော့ ဉာဏ်ပညာ အမြော်အမြင်ဆိုတာ ရွှေနဲ့တိုင်း တာချိန်စက်လို့ မရပါဘူး၊ ဉာဏ်မရှိတဲ့လူလက်ထဲ ရွှေဘယ်နှစ်အိတ်ရောက်သွားသွား၊ ခဏနဲ့ကုန်သွား မှာပါပဲ၊ ဉာဏ်ပညာရှိတဲ့လူကတော့ ရွှေလိုချင်ရင် အချိန်မရွေး ရယူနိုင်စမြဲပါ၊ ကျွန်တော်အခု ဒီရှေ့ မှာလာချတဲ့ ရွှေအိတ်သုံးအိတ်ဟာ သက်သေပါပဲ၊

"အဖေပေးခဲ့တဲ့ ဉာဏ်အမြော်အမြင်ကြောင့် ဒီကနေ့ ကျွန်တော် ကိုယ့်ထူးကိုယ်ချွန် ကြီးပွား အောင်မြင်ခဲ့ပါပြီ၊ လူအများကြား လေးစားသိမှတ် ခံရသူတစ်ဦးလည်း ဖြစ်ခဲ့ပါပြီ၊ အခုလို ကျွန်တော့် ဘဝဇာတ်လမ်းကို အများရှေ့မှာရပ်ပြီး ရဲရဲဝံ့ဝံ့ပြောဆိုနိုင်တဲ့ အခြေအနေမျိုးရောက်အောင် ကြိုးပမ်းနိုင် ,ခဲ့တဲ့အတွက် ကျွန်တော် အတိုင်းမသိ ဝမ်းမြောက် ကျေနပ်မိရပါတယ်၊'

"ဒီအခါ အဖေအာခတ်ဟာ သူ့နေရာကထလာပြီး နိုမာဆားရဲ့ခေါင်းကို ကြင်ကြင်နာနာနဲ့ ပွတ်သပ်တယ်၊ ငါ့သား၊ မင်းဟာ ဘဝသင်ခန်းစာတွေအားလုံး ကြေညက်ခဲ့ပြီပဲ၊ အဖေသိပ်ဝမ်းသာ တယ်၊ အဖေ့ရဲ့ အမွေအနှစ်တွေကို စိတ်ချလက်ချ , လွှဲအပ်နိုင်မယ့် သားတစ်ယောက်ရတာ အဖေသိပ် ကံကောင်းတာပဲ၊' လို့ အားပါးတရ ပြောလိုက်တယ်၊"

ခံစားမှုတွေ ဖြစ်ပေါ်သလဲ၊” ခါလဗတ်ကမေးသည်။ “မင်းတို့အထဲမှာ ကိုယ့်အဖေရှေ့ ဒါမှမဟုတ် ယောက္ခမရှေ့မှာ ကိုယ်ငွေကြေးရှာဖွေသုံးစွဲမှုနဲ့ ပတ်သတ်လို့ ရဲရဲဝံ့ဝံ့ ဖွင့်ဟပြောဆိုနိုင်တဲ့သူ ဘယ်နှစ် ယောက်ရှိသလဲ၊ ‘ကျွန်တော်လည်း နေရာအနှံ့သွားလာရှာဖွေတော့ ရွှေစငွေစရပါတယ်၊ ဒါပေမယ့်

လက်ထဲအဖတ်မတင်ဘူး၊ ရတဲ့ငွေတစ်ချို့တော့ လိမ်လိမ်မာမာ
သုံးဖြစ်ပါတယ်၊ ဒါပေမယ့် မဆင်မခြင်
သုံးမိတာတွေက ပိုများပါတယ်' ဆိုတာမျိုး သွားပြောတော့ သူတို့က
ဘယ်လိုမှတ်ချက်ချမလဲ၊

"မင်းတို့စိတ်ထဲမှာ တစ်ချို့လူတွေချမ်းသာပြီး တစ်ချို့လူတွေ အမြဲမွဲတေနေတာ ကံကြမ္မာက မျက်နှာလိုက်တဲ့အတွက်ကြောင့်လို့ ယူဆနေကြသေးသလား၊ အဲဒါဆိုရင်တော့ မင်းတို့မှားနေပြီ၊ ချမ်းသာသွားကြတဲ့လူတွေဟာ စောစောကပြောခဲ့တဲ့ ဓနဥပဒေသတွေကို သိရှိပြီး အဲဒီအတိုင်း လိုက်နာကျင့်ကြံကြသူတွေပဲ၊

"ငါဆိုရင်လည်း ထိုနည်းငှင်းပဲ၊ ဒီဥပဒေသငါးရပ်ကို ငယ်ငယ်ကတည်းက ကြားဘူးပြီး၊ အဲဒီ အတိုင်းလိုက်လုပ်လို့ အခုလို ကုန်သည်ကြီးတစ်ယောက်ဖြစ်လာတာ၊ ကုသိုလ်ကံကောင်းလို့ ရွှေထုပ်ကောက်ရပြီး ချမ်းသာလာတာမဟုတ်ဘူး၊ ကောက်ရတဲ့ပိုက်ဆံလို အလွယ်တကူဝင်လာတဲ့ဟာမျိုးဟာ အလွယ်တကူပဲ ပြန်ထွက်တယ်၊ ဘယ်တော့မှ ကြာကြာမခံဘူး၊

"ကြာကြာခံတဲ့ ဓနဥစ္စာ၊ ပိုင်ရှင်ကို စိတ်ချမ်းသာမှု ကျေနပ်မှု ကြာရှည်ပေးတဲ့ဥစ္စာဆိုတာ တဖြည်းဖြည်းချင်း စုဝေးလာတတ်တဲ့အရာမျိုး၊ ထက်သန်စွဲမြဲတဲ့ ရည်မှန်းချက်ရှိသူ ဓနဥစ္စာ ရှာဖွေ ရေးနဲ့ပတ်သတ်တဲ့ ဉာဏ်အမြော်အမြင်ရှိသူများသာ ရေရှည်တည်တံ့တဲ့ ဓနဥစ္စာထုတစ်ခု စုစည်းရရှိနိုင် တယ်၊

"အဲဒါကြောင့် မင်းတို့အနေနဲ့ ဓနဥစ္စာကြွယ်ဝချင်တယ်ဆိုရင် ဆိုခဲ့တဲ့ ဓနဥပဒေသငါးရပ်ကို သေသေချာချာ သုံးသပ်လိုက်နာပါ၊ မင်းတို့အတွက် အကျိုးထူးလိမ့်မယ်လို့ ငါပြောချင်တယ်၊ ငါ့အဘိုးကတော့ ဒီဥပဒေသတွေကို ငယ်စဉ်ကတည်းက အကြိမ်ကြိမ်အဖန်ဖန်ဖတ်ခဲ့လို့ အလွတ်ရနေပြီ၊ ဒီဥပဒေသတစ်ခုချင်းမှာ လေးနက်တဲ့ အဓိပ္ပါယ် ကိုယ်စီရှိတယ်၊ အပေါ်ယံ ရုပ်ပြီး မမှတ်စေချင်ဘူး၊ တစ်ခုချင်းကိုငါရှင်းပြမယ်၊

ပထမဥပဒေသ

" 'ဓနဥစ္စာဟူသည် မိမိရရှိသောဝင်ငွေ၏ ဆယ်ပုံတစ်ပုံထက်
မနည်းသောငွေကို မိမိနှင့် မိသားစု၏ အနာဂတ်အတွက်
ချန်လှပ်သိမ်းဆည်းတတ်သူထံသို့သာ ဝမ်းမြောက်ပျူငှာစွာ ရောက်ရှိ

လာတတ်မြဲဖြစ်သည်။’ တဲ့။

“ ‘ကိုယ်ရရှိတဲ့ဝင်ငွေရဲ့ ဆယ်ပုံတစ်ပုံစီ အမြဲဖဲ့ပြီးစုဆောင်းမယ်၊ အတန်အသင့်စုမိတဲ့အချိန်က စပြီး ဒီငွေကို လိမ်လိမ်မာမာ ရင်းနှီးမြှုပ်နှံမှု ပြုမယ်ဆိုရင် ဘယ်သူမဆို သူ့အတိုင်းအတာအလျောက် ကြီးမားတဲ့ခနေ့ အစုအဝေးတစ်ခု ရရှိလာမှာပဲ၊ နောက်ကျတော့ ဒီခနေကသူ့အတွက် မသေးငယ်တဲ့ ပုံမှန် ဝင်ငွေတစ်ခု ဖန်တီးပေးလာမယ်၊ မတော်တဆ ကွယ်လွန်သွားခဲ့ရင်တောင်မှ ကျန်ရစ်သူ မိသားစု အတွက် ငွေကြေးအရ လုံခြုံမှုရှိသွားမယ်၊ အဲဒီလို စုဆောင်းတတ်တဲ့ လူမျိုးဆီကို ခနေဥစ္စာတွေ ဝမ်း

မြောက်ဝမ်းသာ ရောက်လာတတ်တယ်လို့ ဥပဒေသထဲမှာဆိုထားတယ်၊ ဒါလည်းအမှန်ပဲ၊ ငါ့ကိုယ် တွေ့ပဲ၊ ပိုက်ဆံကများများရလေ နောက်ထပ် ဒီထက်မကပိုပြီး လိုက်လာလေပဲ၊ ဘာကြောင့်လဲဆိုတော့ နဂိုမူလရနေတဲ့ဝင်ငွေအပြင် စုဆောင်းထားတာတွေ ရင်းနှီးမြှုပ်နှံရာကလည်း ဝင်ငွေတွေက ထပ်ပြီးဆင့် ပွားတိုးလာနဲ့ ဆင့်ကဲဆင့်ကဲ ဖြစ်လာတာကိုး၊ ပထမဥပဒေသက လက်တွေ့ဘဝမှာ အဲဒီပုံစံနဲ့ဖြစ်ပေါ် နေတာ၊

ဒုတိယဥပဒေသ

" 'ဓနဥစ္စာဟူသည် ယင်းအားအကျိုးဖြစ်အောင် ခိုင်းစေတတ်သောသူအတွက် ကျိုးနွံကျေနပ် စွာ အားထုတ်လုပ်ကိုင် ပေးစမြဲဖြစ်၍ ထိုသူ၏လက်၌ သိုးအုပ်နွားအုပ်များ,သဖွယ် အဆတိုးပွား များပြားလာတတ်သော သဘောရှိပေသည်၊'

" 'ငွေဆိုတာ တစ်ကယ့်ကို စိတ်အားထက်သန်တဲ့ အလုပ်သမားတစ်ယောက်ပဲကွ၊ သူက အခွင့်အရေးပေးတာနဲ့ အဆတိုးပွားဘို့ အသင့်ချောင်းနေတာ၊ လူတစ်ယောက်မှာ ရင်နှီးလုပ်ကိုင်ဘို့ ငွေကြေးတစုံတစ်ရာ သီးသန့်ရှိနေပြီဆိုတာနဲ့ တစ်ပြိုင်နက် သူ့အတွက် အကျိုးအမြတ် အများဆုံးရ အောင် အသုံးပြုနိုင်မယ့် အခွင့်အလမ်းဟာ အလိုလိုပေါ်လာတာပဲ၊ လိမ္မာစွာသာ ရင်းနှီးမြှုပ်နှံမှုပြုမယ် ဆိုရင် ဒီငွေတွေဟာ နှစ်ကာလ အတော်အတန်ကြာတဲ့ အချိန်အတွင်းမှာ အံ့သြစရာကောင်းလောက် အောင် တိုးပွားလာလိမ့်မယ်၊

တတိယဥပဒေသ

"ဓနဥစ္စာဟူသည့် ယင်းအားဂရုတစိုက် ရင်းနှီးမြှုပ်နှံမှုပြုသူ၊ ကျွမ်းကျင် လိမ္မာသောသူတို့၏ အကြံဉာဏ်ကိုရယူလုပ်ကိုင်သူများထံ၌သာ တွယ်ကပ် ခိုလှုံနေတတ်ကြသည်။"

"ငွေဆိုတာ ဂရုမစိုက်တဲ့ပိုင်ရှင်ဆီက ထွက်ပြေးပြီး တန်ဖိုးထားတဲ့ သူဆီမှာ တွယ်ကပ်နေ တတ်တာ သဘာဝပဲ။ ရင်နှီးမြှုပ်နှံရာမှာလည်း လုပ်ငန်းအတွေ့အကြုံရှိသူ နားလည်တတ်သိသူတွေဆီ က အကြံဉာဏ်ရယူပြီး အလုပ်လုပ်တဲ့အခါ အချည်းအနှီးပျက်စီးရတာမျိုးမရှိဘူး၊ ဆုံးရှုံးမှာကို တွေးပူ နေစရာမလိုပဲ

အကျိုးအမြတ် မှန်မှန်ကြီး တိုးပွားလာမှုကိုသာ ကျေကျေနပ်နပ် ခံစားရလိမ့်မယ်၊

စတုတ္ထဥပဒေသ

“ခနေဥစ္စာဟူသည် မိမိလည်းမကျွမ်းကျင်၊ ကျွမ်းကျင်သူတို့လည်း အားမပေးသော
အလုပ်မျိုးတွင် ရင်နှီးမြှုပ်နှံသောသူတို့ထံမှ လျောကျပျောက်ကွယ် သွားတတ်စမြဲ ဖြစ်သည်။”

“တစ်ချို့လူတွေမှာ တစ်နည်းနည်းနဲ့ ငွေကြေးဥစ္စာ ရလာခဲ့တယ်၊ ဒါပေမယ့် ဒီငွေကို မကိုင် တွယ်တတ်ဘူး၊ စနစ်တကျ မသုံးစွဲတတ်ဘူး၊ ဒါပေမယ့် သူတို့စိတ်မှာ ဒီငွေနဲ့ ရင်နှီးလုပ်ကိုင်လိုက်ရ ရင် အကြီးအကျယ် စီးပွားဖြစ်ထွန်းမှာလို့ မြင်နေတာမျိုးတွေ အများကြီးရှိနေတတ်တယ်၊ နားလည်တဲ့ လူအမြင်မှာ အကျိုးအမြတ် သိပ်မရှိနိုင်ဘူး ဆုံးရှုံးနိုင်တဲ့ အန္တရာယ်ကြီးမားတယ်ဆိုတဲ့ အလုပ်မျိုးတွေ ကို သူတို့သွားမျက်စိကျနေတတ်တယ်၊ ဒီလူတွေဟာ အတွေ့အကြုံလည်းမရှိ၊ နားလည်းမလည်ဘဲနဲ့ လုပ်ငန်းတွေ ရမ်းသမ်းလုပ်တဲ့အခါကျတော့ ဆုံးဖြတ်ချက်မှားယွင်းမှုဒဏ်ကို ငွေပေးပြီးခံရတယ်၊ ဒါကြောင့်မို့ စဉ်းစားဆင်ခြင်ဉာဏ်ရှိတဲ့လူတွေက တတ်ကျွမ်းတဲ့လူ အတွေ့အကြုံရှိတဲ့လူ တွေဆီက အကြံဉာဏ်ယူပြီး အလုပ်လုပ်ကြတာ၊”

ပဥ္စမဥပဒေသ

“ခနေဥစ္စာဟူသည် ယင်းမှလွန်ကဲလှသော အမြတ်အစွန်းမျိုးကို မျှော်မှန်းသူများ၊ လူလိမ် လူညာတို့၏ ဖြားယောင်းသွေးဆောင်မှုနောက် လိုက်ပါနားယောင်တတ်သူများ၊ အတွေ့အကြုံနည်းပါး ကာ စိတ်ကူယဉ်ယဉ်ဖြင့် မဆင်မခြင် ရင်းနှီးမြှုပ်နှံမှုပြုသူများထံမှ ရှောင်ခွာထွက်ပြေး သွားတတ် စမြဲဖြစ်သည်။”

“ငွေထုပ်ကလေးရစလူများဆီကို အင်မတန်ရင်ခုန်စရာ မက်မောစရာလုပ်ငန်းအကြံအစည်တွေ ဟိုကသည်က ရောက်လာတတ်ကြတယ်၊ ဘယ်လုပ်ငန်းထဲဝင်လုပ်လိုက်ရင်တော့ သူ့ငွေထုပ်ကလေး ဟာ ဧရာမငွေထုပ်ကြီး ဖြစ်သွားမှာ သေချာပေါက်ပဲဆိုတဲ့ သွားရေကျစရာ အကြံအစည်မျိုးတွေပေါ့၊ ဒါပေမယ့် အဲဒါမျိုးတွေဟာ တကယ်လက်တွေ့ကျတော့ ဖြစ်မလာကြဘူး၊ ဒါတွေမှာ သွားရင်းနှီးတဲ့

လူဟာ ဆုံးရှုံးမှုနဲ့သာ ရင်ဆိုင်ရစမြဲပဲ၊ အဲဒါကြောင့် ရုတ်တရက် ထကြီးပွားသွားနိုင်တယ်ဆိုတဲ့ လုပ်ငန်းအကြံအစည်တိုင်းရဲ့ နောက်ကွယ်မှာ စီးပွားပျက်သွားနိုင်တဲ့ အန္တရာယ်တွေ အမြဲပုန်းခိုနေတတ် တယ်ဆိုတာ မင်းတို့ မှတ်သားကြစေချင်တယ်၊

“နိမာဆားအကြောင်း ပြောစဉ်က သူနဲ့လက်တွဲခဲ့တဲ့ နှင်နီဖေးက စီးပွားရေးသမားတစ်စု အကြောင်း သတိထားမိကြလိမ့်မယ်၊ ရှုံးနိုင်တဲ့လုပ်ငန်းမျိုး ဘယ်တော့မှမလုပ်ဘူး၊ ငွေမြုပ်နေမယ့် အလုပ်မျိုးကိုတောင် ရှောင်တယ်ဆိုတာ၊ အဲဒါမှတ်ထား၊ အဲဒါဟာရေရှည်မှာ သေချာပေါက်အောင်မြင် ကြီးပွားမယ့် ပုဂ္ဂိုလ်တွေရဲ့ လက္ခဏာတစ်ခုပဲ၊

"ဓနဥပဒေသငါးရပ်အကြောင်း ပုံပြင်ကတော့ ဒီလောက်ပါပဲ၊ ဒီပုံပြင်ကို မင်းတို့ကိုပြောပြတာ ဟာ ငါ့ရဲ့ အောင်မြင်ကြီးပွားမှုသော့ချက်၊ တစ်နည်းအားဖြင့် ကြီးပွားချမ်းသာသူတို့ရဲ့ လျို့ဝှက်ချက်ကို ဖွင့်ပြလိုက်တာပဲ၊

"လျို့ဝှက်ချက်လို့ဆိုပေမယ့် ဒါတွေဟာ တစ်ကယ်တော့ ဘယ်သူ့ကြွယ်ကမှ ဖုံးကွယ်သိုဝှက် ထားတာ မဟုတ်ပါဘူး၊ ဖုံးကွယ်ထားလို့လည်းမရဘူး၊ ဒါတွေဟာ တစ်ကယ်လုပ်ရင် တစ်ကယ်ဖြစ်

နိုင်တဲ့ နည်းလမ်းစဉ်တွေ အမှန်တရားတွေဆိုတာ သဘောပေါက်ဘို့လိုတယ်၊

အဲဒါမှ ဆင်းရဲမွဲတေတဲ့၊

တစ်နေ့လုပ်စာ တစ်နေ့ရှာစားရတဲ့ သာမန်လူထုကြီးထဲက

ထိုးထွက်လာနိုင်လိမ့်မယ်၊

"မနက်ဖြန်ဆိုရင် တို့ ဘေဘီလုံ ရွှေမြို့တော်ထဲဝင်တော့မယ်၊ ကြည့်စမ်း ဘဲလ်နတ်ကွန်းမှာ ပူဇော်ထားတဲ့ ထာဝရမီးတောက် အလင်းရောင်တောင် လှမ်းမြင်နေရတယ်၊ နက်ဖြန်ကျရင် မင်းတို့ အားလုံးဟာ အခုရီးစဉ်တစ်လျှောက် ကျေပွန်စွာ တာဝန်ထမ်းဆောင်ခဲ့မှုအတွက် ထိုက်တန်တဲ့ အခ

ကြေးငွေတွေ ကိုယ်စီကိုယ်ငှ ရကြတော့မယ်၊ ဒီငွေကို မင်းတို့ဘယ်လိုစီမံ ခန့်ခွဲကြမလဲ၊ ဒီကနေ့

ကနေ နောက်ဆယ်နှစ်ကြာတဲ့အချိန်မှာ ဒီငွေနဲ့ပတ်သတ်လို့မေးရင်

မင်းတို့ဘယ်လို ဖြေချင်ကြမလဲ၊

"မင်းတို့ထဲက ဘယ်သူဘယ်ဝါမဆို ဒီငွေရဲ့ တစ်စိတ်တစ်ဒေသကို နောင်တစ်နေ့ အရင်းအနှီး ပြုဘို့အတွက် သိမ်းဆည်းမယ်၊ အာခတ်ရဲ့ ဓနဥပဒေသငါးရပ်ထဲကအတိုင်း ဓနဥစ္စာကို တိုးပွား

အောင်ပြုမယ်ဆိုရင်တော့ နောင်ဆယ်နှစ်အကြာမှာ အဲဒီပုဂ္ဂိုလ်ဟာ

အာခတ်ရဲ့သား နိုမာဆားနည်းတူ

ချမ်းသာကြွယ်ဝသူတစ်ဦး၊ လူအများကြား လေးစားခံရသူတစ်ဦး ဖြစ်နေမှာ

မြေကြီးလက်ခတ်မလွဲပဲ၊

"လူရဲ့ အမြော်အမြင်ရှိတဲ့ လုပ်ရပ်တွေဟာ တစ်သက်တာပတ်လုံး သူ့နောက် တကောက်ကောက်လိုက်ပြီး ဖေးမကူညီတယ်၊ စိတ်ချမ်းသာမှုပေးတယ်၊

အလားတူပဲ မှားယွင်းတဲ့လုပ်ရပ် အမြော် အမြင်နည်းတဲ့ လုပ်ရပ်တွေဟာလည်း အဲဒီလူနောက် တကောက်ကောက်လိုက်ပြီး နှိပ်စက်တယ်၊ နောက်ယှက်ဖျက်ဆီးတယ်၊ နှစ်ပေါင်းများစွာ ကြာသည့်တိုင် ဒါတွေကို မေ့ပျောက်လို့မရနိုင်ဘူး၊ နှစ် ရှည်လများ လူကိုနှိပ်စက်တတ်တဲ့ အရာများထဲမှာ ကိုယ့်ဆီဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါလျက် ကိုယ်မယူလိုက်မိလို့ လက်လွှတ်ခဲ့ရတဲ့ အခွင့်အရေးတွေအတွက် နှမြောတသဖြစ်ရတဲ့စိတ်ဟာ အဆိုး ဝါးဆုံးပဲ၊

“ဘောဂီလုံဟာ ခနဉစ္စာ အလွန်ကြွယ်ဝတဲ့မြို့ပါ၊ ဘောဂီလုံရဲ့ခနကို ရွှေဒင်္ဂါးပမာဏနဲ့ တိုင်း တာတွက်ချက်ပြဘို့တောင် မဖြစ်နိုင်သလောက်ခက်တယ်၊ တစ်နှစ်ထက်တစ်နှစ် ဘောဂီလုံဟာ ကြီးပွား သထက် ကြီးပွားလာနေတယ်၊ ဘောဂီလုံရဲ့ခနဟာ ကြီးပွားချမ်းသာလိုသူ ရည်မှန်းချက်ရှိသူတိုင်းကို သူ့စွမ်းအားရှိသလောက်ယူငင်ဘို့ လမ်းဖွင့်ပေးထားတဲ့ ခနသိုက်ကြီးပါပဲ၊

“အရေးကြီးဆုံးက အောင်မြင်ကြီးပွားချင်တဲ့ ဆန္ဒရှိဘို့ပဲ၊ ထက်သန်ပြင်းပြတဲ့ အလိုဆန္ဒဟာ မင်းတို့ဘဝကို ပြောင်းလဲပစ်မယ့် တန်ခိုးစွမ်းအားတစ်ခု ဖြစ်လာလိမ့်မယ်၊ ဒီတန်ခိုးစွမ်းအားနဲ့

ခနဥပဒေသတွေကိုသိတဲ့ ဉာဏ်အမြော်အမြင် ပေါင်းစပ်နိုင်မယ်ဆိုရင် ဘောဂီလုံရဲ့ ခနဥစ္စာသိုက်ကြီး ထဲက မင်းတို့အတွက် ထိုက်တန်တဲ့ ဝေစုကိုယ်စီရကြဘို့ သေချာနေပြီလို့ ငါပြောခဲ့ချင်တယ်၊

# အခန်း(၆)

## ဘောဘီလုံက ဘဏ်သူဌေး

ရွှေဒင်္ဂါးပြားရေ ငါးဆယ်တိတိတဲ့။ နည်းသည့်ငွေမဟုတ်။ မှန်သည်။ ရိုဒန်၏ သားရေပိုက်ဆံ အိတ်ထဲတွင် ရွှေဒင်္ဂါးပြားငါးဆယ်တိတိ ရှိနေသည်။

ပန်းပဲဆရာ ရိုဒန်၏ဘဝမှာ တစ်ခါမျှ မမျှော်လင့်ဘူးသည့်ငွေ။ မျှော်လင့်နိုင်စရာလည်း မရှိ သည့်ငွေ။

အလွန်မှပင် ရက်ရောသဘောကောင်းလှသည့် ဘုရင်မင်းမြတ်၏ ရွှေနန်းတော်မှ ပြန်လာရာ လမ်းတလျှောက် ရိုဒန် အကြီးအကျယ်ပင် ပျော်ရွှင်ကြည်နူးလာခဲ့သည်။ သူခြေလှမ်းသွက်သွက်လှမ်း လိုက်တိုင်း သူ့ခါးပတ်မှာချိတ်ထားသည့် အသပြာအိတ်က ရွှေဒင်္ဂါးသံ တချွင်ချွင် မြည်သည်။ သူ့ ဘဝတသက်တာ ကြားရဘူးသမျှ တေးဂီတသံများထက် သာယာနာပျော်ဘွယ် ကောင်းလှသည့်အသံ။

ရွှေဒင်္ဂါး ငါးဆယ်ပြားလုံးသည် သူ့အတွက်ချည်းဖြစ်သည်တဲ့။ အားလုံး ရိုဒန်ပိုင်ဖြစ်သည်တဲ့။ သူ့ကံကြမ္မာကို သူ့ဘာသာ မယုံနိုင်လောက်အောင် ဖြစ်နေသည်။

ချွင်ချွင်မြည်သည့် သည်ဒင်္ဂါးပြားတွေက တန်ခိုးသြဇာ ကြီးမားလွန်းလှသည်။ သည်ဟာတွေ ဖြင့် သူ့လိုချင်သည့် ဘယ်အရာကိုမဆို ဝယ်နိုင်မည်။ မြေဝယ်မည်လား၊ အိမ်ကြီးရချင်လား၊ ကျွဲးအုပ် နွားအုပ်လား၊ ကုလားအုတ်၊ မြင်း၊ မြင်းရထား ကြိုက်ရာသာပြော၊ ချက်ချင်းလက်ငင်း ဝယ်ယူ၍ရနိုင် ပြီ။

ဝယ်နိုင်သည်ကဟုတ်ပြီ။ ဘာတွေဝယ်မည်လဲ၊ သည်ငွေကို ဘယ်လိုသုံးစွဲမည်လဲ၊ ဒါက ပြဿနာ။

အဲ့သည်နေ့ ညနေဘက် ဘေဘီလုံလမ်းသွယ်တစ်ခုထဲရှိ သူ့ညီမအိမ်သို့ ရောက်ခဲ့ပြီးသည့် နောက်တွင်တော့ သည်ငွေကိုသုံးစွဲဖို့အရေးထက် မပျောက်ပျက်အောင် ဘယ်လိုထိမ်းသိမ်းမလဲ ဟူ သည်က သူ့အတွက် အထူးပင် အရေးကြီးလာခဲ့တော့သည်။

နောက်သုံးလေးရက်အကြာ တစ်ခုသောညနေ၌ ရိုဒန်တစ်ယောက် မာသွန်၏ဆိုင်သို့ မသာ မယာ မျက်နှာနှင့် ဝင်ရောက်လာခဲ့သည်။ မာသွန်က ကျောက်မျက်ရတနာနှင့် ရှားပါးအဝတ်အထည် များ ရောင်းဝယ်သည့် ကုန်သည်ကြီးတစ်ယောက်ဖြစ်သလို ငွေတိုးချေးသည့်လုပ်ငန်းကိုလည်း တဖက် က လုပ်ကိုင်နေသူဖြစ်သည်။ ရှေ့ဖက်ပိုင်းရှိ ဈေးဆိုင်ခန်းထဲတွင် ခင်းကျင်းပြသထားသည့်များကို လုံးဝစောင်းငဲ့မကြည့်ပဲ ဆိုင်နောက်ဘက်ရှိ နေအိမ်ခန်းဆီသို့သာ ရိုဒန်တန်းတန်းမတ်မတ် လျှောက်ဝင် သွားသည်။

သားသားနားနား ဝတ်စားထားသည့်မာသွန်က
ကော်ဇောတစ်ချပ်ပေါ်တွင်ထိုင်ကာ လူမည်း ကျေးကျွန်တယောက်
တည်ခင်းပြင်ဆင်ပေးသည့် ညစာကို စားသုံးလျက်ရှိ၏။
"ခင်ဗျားနဲ့ တိုင်ပင်စရာရှိလို့လာတာဗျာ၊ ကျွန်တော့်ကိစ္စတစ်ခု
ဘယ်လိုဖြေရှင်းရမှန်းမသိ ဖြစ် နေတယ်" ရိုဒန်က မာသွန်ရှေ့တွင်
မတ်တပ်ရပ်လျက်ပင် သူ့ပြဿနာကို ဟောဟောဒိုင်းဒိုင်း ပြောချ
လိုက်သည်။
သည်။

မာသွန်က မော်ကြည့်ပြီး ပြုံးသည်။ ရိုဒန်က သူနှင့်ရင်းနှီးခင်မင်သော

မိတ်ဆွေတစ်ဦးပင်ဖြစ် "ဘယ်လိုလဲ ကိုယ့်လူ၊

ဘာတွေမဟုတ်တာလုပ်ပြီး ပြဿနာတက်လာတာလဲ၊ အံ့စာဝိုင်းမှာ

ရှုံးလာတာလား၊ ဒါမှမဟုတ် အပျံစား အနိပ်စား အမျိုးသမီးတစ်ယောက်နဲ့ ငြိလာပြီထင်တယ်၊ မင်းနဲ့ ပေါင်းလာတာ နှစ်ပေါင်းများစွာကြာပြီ တစ်ခါမှပြဿနာတက်တယ်၊ ငွေလိုတယ်မကြားဘူးပါဘူး၊ အခု ဘယ်လိုဖြစ်တာလဲ၊"
"ခင်ဗျားထင်သလို မဟုတ်ဘူးဗျ၊ ကျွန်တော်ပိုက်ဆံချေးဘို့လာတာ
မဟုတ်ဘူး၊ ခင်ဗျားဆီက အကြံဉာဏ်တောင်းမလို့လာတာ"
"ဟာ ဟာ ဘယ်လိုကွာ၊ မင်းဘယ်လိုပြောလိုက်တာလဲ၊
ငွေတိုးချေးစားတဲ့လူဆီမှာ အကြံ ဉာဏ်လာတောင်းတယ်လို့ တစ်ခါမှ
မကြားဘူးဘူး၊ ငါ နားကြားများ လွဲရော့သလား" မာသွန်က အဆင်အပြင် သားနားသလို အပြောအဆိုမှာလည်း အမူအရာပိုသူဖြစ်၏။

“မလွဲပါဘူးဗျ”

“ဟုတ်သလား၊ မလွဲဘူးလား၊ ပန်းပဲဆရာရှိဒန်၊ ဓါးတွေ လုံတွေလုပ်တဲ့နေရာမှာ နာမည် ကျော်တဲ့ရှိဒန်၊ ဟာ မင်း တော်တော်ဉာဏ်များတဲ့ ပုဂ္ဂိုလ်ပဲ၊ မာသွန်ဆီလာပြီး ပိုက်ဆံမချေးဘူး၊ အကြံဉာဏ်ပဲ လိုချင်သတဲ့၊ တော်တဲ့လူကွာ၊ လူတကာ ငါ့ဆီလာကြတယ်၊ မဟုတ်တာတွေလုပ်ပြီး

အဲ့ဒီအတွက် ပိုက်ဆံလိုတော့ ငါဆီကချေးကြတာ၊ အကြံဉာဏ်တော့

ဘယ်သူမှမတောင်းကြဘူး၊

သူတို့စိတ်ထဲ လိုတယ်လဲ မထင်ဘူးလေ၊ ဒါပေမယ့် မင်းစဉ်းစားကြည့် ဒုက္ခရောက်တဲ့လူပေါင်းများစွာ အားကိုးပြုရတဲ့ „မာသွန်လိုပုဂ္ဂိုလ်ထက် သူတပါးကို အကြံဉာဏ်ပေးနိုင်မယ့်သူ ရှိဦးမလား၊”

သည်လိုပြောပြီးသည့်နောက် သူကရိဒန်ကိုလောကဝတ်ပြုသည်။ "ကဲ ငါနဲ့အတူ စားစမ်းပါ ကွာ၊ ဒီညနေတော့ မင်းကငါ့ဧည့်သည်ပေါ့ ရိဒန်ရာ၊ ဟော့ အန်ဒို" သူက လူမည်းကျေးကျွန်ကိုလှမ်း ခေါ်သည်။ "ငါ့သူငယ်ချင်း ရိဒန်အတွက် ကောဇောတစ်ချပ်ခင်းစမ်းဟေ့၊ ဓားလုံ လက်နက်လုပ်တဲ့နေရာမှာ နာမည်ကြီးတဲ့ ပန်းပဲဆရာကြီးကွ၊ ငါ့ဆီကိုအကြံဉာဏ်လာတောင်းတာ၊ ဒီနေ့အဘို့ ငါ့အတွက် ဂုဏ်ထူးဆောင်ဧည့်သည်ပဲ၊ စားကောင်းသောက်ဖွယ်တွေပြင်ခဲ့ကွာ၊ သူ့အတွက် အကြီးဆုံးခွက်တခွက် ယူခဲ့၊ အကောင်းဆုံးဝိုင်ကို ရွေးခဲ့၊ ကျကျနန သောက်ရအောင်" သည်လိုမှာပြီးနောက် ရိဒန်ဘက်သို့ လှည့်သည်။

"ကဲပြောစမ်းပါဦး၊ ဘာပြဿနာတွေများတုန်း"

"ဘုရင်မင်းမြတ်က ဆုတော်လာဘ်တော် ချီးမြှင့်တယ်ဗျာ"

"ဆုတော်လာဘ်တော်၊ ဘုရင်မင်းမြတ်က မင်းကို ဆုတော်လာဘ်တော် ချီးမြှင့်တဲ့ကိစ္စ မင်းမှာ ပြဿနာတက်နေတယ်၊ ဟုတ်လား၊ ဘယ်လို ဆုလာဘ်မျိုးဖြစ်နေလို့လဲ"

"ကျွန်တော်ဘုရင့် ကိုယ်ရံတော် တပ်သားတွေအတွက် လှံတံအသစ်တွေ လုပ်ပြီး နန်းတော်ကို သွင်းရတယ်၊ အဲဒါ ကျွန်တော်နောက်ဆုံးတီထွင်လိုက်တဲ့ လှံသွားဒီဇိုင်းကို ရှင်ဘုရင်က အရမ်းသဘော ကျသွားပြီး ကျွန်တော့်ကို ရွှေဒင်္ဂါး ငါးဆယ်ဆုချတယ်၊ အဲဒီအတွက် ကျွန်တော်မှာ ပြဿနာလာ တက်တယ်၊ အခုဆိုရင် ကျွန်တော့်ရွှေဒင်္ဂါးကို ဝေစုခွဲးချင်လို့ လာကြတဲ့လူတွေ တနေ့တနေ့ ရေလို့ မကုန်နိုင်ဘူးဖြစ်နေတယ်၊"

"ဟ ဒါသဘာဝပဲကွ၊ လူတိုင်းငွေလိုချင်ကြတယ်၊ ဒါပေမယ့် မရကြဘူး၊ အဲ့ဒီတော့ တစ်နည်း နည်းနဲ့ ရလာတဲ့လူရှိရင် အဲဒီလူ့ဆီက အလွယ်တစ်ကူ ဝေမျှယူလို့ရမလား မျှော်လင့်ကြတယ်၊ အဲဒါ ဘာဖြစ်လဲ၊ မပေးနိုင်ဘူးလို့ ငြင်းလိုက်လေကွာ၊ မင်းကလက်သီးပြင်းသလောက် စိတ်ကျတော့ မပြင်း ဘူးလား"

"လူအတော်များများကတော့ အလွယ်တစ်ကူငြင်းလို့ရပါတယ်၊ တချို့ကျတော့ ငြင်းရတာထက် ခေါင်းညိတ်လိုက်တာက ပိုသက်သာမလို ဖြစ်နေတယ်၊ ဥပမာဆိုပါတော့ဗျာ၊ ကျွန်တော့်နှမက အပူ ကပ်လာတာမျိုးကို ကျွန်တော်ဘယ်လိုလုပ် ငြင်းမလဲ"

မလား” “ဒါပေမယ့် မင်းနှမက မင်းစည်းစိမ်ဆုံးရှုံးမှာကိုတော့ လိုလားမှာ မဟုတ်ဘူးပေါ့၊ ဟုတ်တယ်

“အင်းအခုဟာက သူ့ယောကျ်ားအာရမန်းကို သူက ကုန်သည်ကြီး သိပ်ဖြစ်စေချင်နေတယ်၊ သူ့ယောကျ်ားဟာ အခွင့်အရေး လမ်းစမရလို့ အခုအတိုင်းဖြစ်နေရတာ၊ ကျွန်တော့်ရွှေဒင်္ဂါးတွေသာ သူ့ကိုချေးငှားလိုက်ရင် ကုန်သည်အလုပ်နဲ့ သူအများကြီး ချမ်းသာကြီးပွားလာနိုင်တယ်၊ ကျွန်တော့် ရွှေတွေကို သူ့အမြတ်အစွန်းထဲကနေ ပြန်ဖဲ့ပြီးပေးသွားနိုင်မယ်၊ သူက အဲ့ဒီလိုမြင်နေတယ်”

“သူငယ်ချင်း မင်းပြဿနာကတော့ တကယ့်ကို ဆွေးနွေးသင့်တဲ့ကိစ္စပဲကွ” မာသွန်ကဆိုသည်။

“ဓနဥစ္စာဆိုတာ သူ့ကိုပိုင်ဆိုင်မယ့်လူအတွက် တာဝန်တွေယူလာတတ်တယ်၊ ဓနဥစ္စာ ပိုင်ဆိုင် လိုက်တာနဲ့ တစ်ပြိုင်နက် လူတစ်ယောက်ရဲ့ အခြေအနေတွေဟာ ပြောင်းလဲသွားတယ်၊ သူနဲ့တခြားလူ တွေ ပက်သက်ဆက်စပ်နေပုံ အနေအထားတွေဟာ ပြောင်းလဲသွားတယ်၊ သူနဲ့တခြားလူတွေ ပတ် သက်ဆက်စပ်နေပုံ အနေအထားတွေဟာ တစ်မျိုးတစ်ဖုံ ဖြစ်လာတယ်၊ ငွေရှိလာတဲ့လူတစ်ယောက်ဟာ ဒီငွေပျောက်ပျက်ဆုံးရှုံးမှာ၊ တခြားလူတွေက လှည့်ဖြားယူငင်မှာလည်း ကြောက်လာတတ်တယ်၊ တချိန် တည်းမှာပဲ သူဟာ ကိစ္စအတော်များများကို စီမံဖန်တီးနိုင်စွမ်းရှိသူ၊ သူတပါး ကောင်းရာကောင်းကျိုး တွေ လုပ်ကိုင်ပေးနိုင်သူတစ်ဦးအဖြစ်နဲ့ သူ့ကိုသူ ကျေနပ်အားရစိတ် ဖြစ်ပေါ်နိုင်တယ်၊ သို့သော် တဖက်ကလည်းပဲ ရည်ရွယ်ချက်ကောင်းတွေနဲ့ ဆောင်ရွက်ရင်း ပြဿနာတွေ အခက်အခဲတွေ သွားကြုံ ရတာမျိုးလည်း ရှိတတ်တယ်၊

“နင်နီဗေးက လယ်သမားကြီးတစ်ယောက်အကြောင်း မင်းကြားဖူးသလား မသိဘူး၊ မာဂဓ စကားတတ်တယ်ဆိုတဲ့ လယ်သမားကြီးနဲ့ သူ့တိရစ္ဆာန်တွေအကြောင်း ပုံပြင်လေ မင်းတို့ပန်းပဲသမား တွေ ပြောလေ့ရှိတဲ့ ပုံပြင်မဟုတ်ဘူးထင်တာပဲ၊ ငါပြောပြမယ်၊ ဒီပုံပြင်ကို နားထောင်လိုက်ပြီးရင် ငွေချေးတယ်ဆိုတာ လူတစ်ယောက်နဲ့တစ်ယောက် ပိုက်ဆံအလွှဲအပြောင်း လုပ်ရုံသက်သက် မဟုတ် ဘူးဆိုတာ မင်းသဘောပေါက်သွားမယ်၊

“ဒီလိုကွ အဲဒီလယ်သမားက မာဂဓစကားနားလည်သူဖြစ်လေတော့ ညနေပိုင်းရောက်ရင် အိမ်ခြံထဲထိုင်ပြီး သူမွေးထားတဲ့ တိရစ္ဆာန်တွေ ပြောကြဆိုကြတာတွေကို နားစွင့်လေ့ရှိတယ်၊ တနေ့ည တော့ နွားက သူ့ဘဝ ဒုက္ခဆင်းရဲ ကြီးမားလှပုံအကြောင်း မြည်းကို ညည်းညည်းညူညူနဲ့ ပြောပြနေသံ သူကြားရတယ်၊ ‘ငါ့မှာ တနေကုန်တနေ့ခမ်း ပင်ပန်းကြီးခံပြီး ထွန်တုံးကိုဆွဲရတယ်၊ နေပူလို့ လည်းမနား‌ရ၊ ခြေကုန်လက်ပမ်းကျလို့လည်း ခဏအမောမဖြေရ၊ လည်ကုပ်တွေဆိုတာ ပေါက်ပြဲနေပြီ၊ ဒါလည်းအလုပ်အလုပ်ပဲ၊ မင်းကျတော့ သက်သာလိုက်တာကွာ၊ သခင်သွားစရာ လာစရာရှိမှ ရောင်စုံ ခြုံလွှာလှလှလေး ကျောပေါ်ခင်းပြီး ကြော့ကြော့မော့မော့ သွားရတယ်၊ သခင်ဘယ်မှမသွားဘူးဆိုရင်

မြက်စိမ်းစိမ်းနုနုတွေစားပြီး အားအားယားယား နားပေတော့” တဲ့

“အဲဒီတော့ မြည်းကလည်း စိတ်တိုတဲ့အခါသာ ခွါနဲ့ပေါက်တတ်ပေမယ့် ပင်ကိုက သဘော ကောင်းတဲ့သူဖြစ်လေတော့ နွားကြီးကိုသနားသွားတယ်၊ ‘အေးဗျာ၊ ခင်ဗျားတော်တော်ပင်ပန်းတာပဲ၊ ခင်ဗျားသက်သာသွားအောင် ကျွန်တော်ကူညီမှုဖြစ်မယ်၊ ဒီလိုလုပ်ဗျ၊’ ဆိုပြီး နွားကြီးကို တစ်နေကုန် အနားရအောင် ဉာဏ်ဆင်ဖို့နည်းလမ်းပေးတယ်၊ ‘နောက်နေ့မနက် ခင်ဗျားကို လယ်ထွန်ဖို့လာခေါ်တဲ့ အချိန် ခင်ဗျား မြေကြီးပေါ်လှဲအိပ်ပြီး အော်နေဗျာ၊ အဲဒါဆိုရင် လယ်ထွန်သားက ခင်ဗျားနေမကောင်း ဘူး၊ လယ်ထွန်နိုင်မှာမဟုတ်ဘူးလို့ ဆိုလိမ့်မယ်’ တဲ့၊

"ဒါနဲ့ နွားကြီးလည်း မြည်းအကြံပေးတဲ့အတိုင်း မနက်အိပ်ယာထ လယ်လုပ်သားလာတဲ့အချိန် နေမကောင်းချင်ယောင်ဆောင်နေတော့ လုပ်သာက လယ်သမားကြီးကို အကျိုးအကြောင်း သွားပြော တယ်၊

"အဲဒီအခါ လယ်သမားကြီးက ဘာပြန်ပြောသလဲဆိုတော့ 'လယ်က နားထားလို့မဖြစ်ဘူးကွ၊ နွားနေမကောင်းလို့ မထွန်နိုင်ရင် မြည်းကိုတပ်ပြီး ထွန်ကွာ' တဲ့၊

ဒါနဲ့မြည်းဟာ တစ်နေ့လုံးလယ်ထွန်ရတယ်၊ သူ့မိတ်ဆွေ သက်သာစေချင်တဲ့ဆန္ဒနဲ့ ကူညီ လိုက်တာ နောက်ဆုံးတော့ နွားအလုပ် သူဝင်လုပ်ရတဲ့ကိန်းဆိုက်သွားတာပဲ၊ ညဘက်ထွန်ကဖြုတ်လို့ အိမ်ပြန်ရတဲ့အချိန် တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲပြီး လည်ကုပ်ကလဲ ကြိုး 'စား' လို့ပြဲနေပြီ၊ အဲ– စိတ်လည်းအတော်တိုနေပြီပေါ့၊

"အဲဒီညဘက် သူတို့ဘာတွေပြောကြသလဲ လယ်သမားကြီးက အသာ နားစွင့်ပြန်တယ်၊"

"နွားကအရင်ပြောတယ်၊ 'သူငယ်ချင်း မင်းဟာမိတ်ဆွေကောင်း ပီသပါပေတယ်ကွာ၊ မင်း
အကြံဉာဏ်ကောင်းတဲ့အတွက် ငါတနေ့လုံးအားအားယားယား သက်သောင့်သက်သာနေရတယ်ကွ' တဲ့၊

"ဒီလိုဆိုတော့ မြည်းက လေသံပြတ်ပြတ်နဲ့ပြန်ပြောတယ်၊ 'အေး မင်ကသက်သာတယ်၊ ငါ မသက်သာဘူးကွ၊' တဲ့၊ 'ထုံးစံအတိုင်း သဘောကောင်းတဲ့လူက ခံရတာပဲ၊ မိတ်ဆွေမို့လို့ ကူညီပါ တယ်၊ နောက်ဆုံးတော့ သူများဝန်ထုပ် ကိုယ့်ဝန်ထုပ်ဖြစ်တယ်၊ တော်ပြီ၊ နောက်ကို မင်းထွန်တုံး မင်းပဲဆွဲတော့၊ မဆွဲလို့လည်းမဖြစ်ဘူး၊ သူရင်းငှား တစ်ယောက်ကို သခင်ပြောနေတာ ငါကြားတယ်၊ အဲဒီနွား နောက်တစ်ခါနေမကောင်းဖြစ်ရင် သားသတ်ရုံပို့လိုက်တဲ့၊ ဟုတ်လည်းဟုတ်တယ်၊ မင်းက လည်း အလုပ်လုပ်ချင်တဲ့ကောင်မှမဟုတ်တာ' တဲ့၊ အဲ့ဒီနောက်ပိုင်းမှာ မြည်းနဲ့နွား စကားမပြောကြ တော့ဘူးတဲ့၊ တစ်ချီတည်း ဇတ်လမ်းပြတ်တာပဲ၊ ကဲ ပုံပြင်နားထောင်ပြီး မင်းဘာသင်ခန်းစာရသလဲ ရိဒန်" မာသွန်က တစ်ဆက်တည်းမေးသည်။

"ပုံပြင်က နားထောင်လို့တော့ ကောင်းပါတယ် ဒါပေမယ့်

သင်ခန်းစာဆိုတာတော့ ကျွန်တော် မမြင်တတ်ဘူးဗျ” ရိုဒန်ကဖြေသည်။
“အင်းလေ၊ ငါလည်း မင်းမြင်မယ်မထင်ပါဘူး ဒါပေမယ့် သင်ခန်းစာကပါနေတယ်၊ အရှင်း လေးပဲ မင်းမိတ်ဆွေအပေါင်းအသင်းကို ကူညီချင်တယ်ဆိုရင်ကူညီပါ၊ သို့သော်သူ့ကျောပေါ်ကဝန်ထုပ် ကိုယ့်ကျောပေါ် ပြောင်းတင်တာမျိုးတော့ မဖြစ်စေနဲ့ ဆိုတဲ့သင်ခန်းစာပဲပေါ့ကွ
“အေးဗျာ ကျွန်တော်မတွေးမိဘူး၊ ဒါသိပ်ကောင်းတဲ့ သင်ခန်းစာပဲ၊ မှန်တယ်၊ ကျွန်တော့် ယောက်ဖဝန်ထုပ်ကို ကျွန်တော်မထမ်းနိုင်ဘူး၊ ဒါပေမယ့်ဗျာ၊ ခင်ဗျား လူတစ်ကာကို ငွေချေးနေတယ် မဟုတ်လား၊ အဲဒီလူတွေက ခင်ဗျားကို ပြန်မဆပ်ကြဘူးလား၊”

သည်လိုမေးတော့ မာသွန်ကပြုံးသည်။ အတွေ့အကြုံ

ကြွယ်ဝလှသူ၏အပြုံး။

"ဒီမှာ ရှိဒန်၊ အကယ်၍ မြီးစားတစ်ယောက်ဟာ သူ့ကြွေးကို ပြန်မဆပ်နိုင်ဘူးဆိုပါတော့၊ ဒီ လူကို ချေးငှားခဲ့ခြင်းဟာ သင့်တော်မှန်ကန်တယ်လို့ ဆိုနိုင်မလား၊ မြီးရှင်တစ်ယောက်အနေနဲ့ ကိုယ် ချေးလိုက်တဲ့ငွေဟာ မြီးစားအတွက် တကယ်အကျိုးပြုနိုင်မပြုနိုင်၊ ဒီငွေကို ဒီလူပြန်ဆပ်နိုင်မယ့်အလား အလာ ရှိမရှိဆိုတာကို ကြိုတင်ပိုင်းခြားဝေဖန်ဖို့ မသင့်ဘူးလား၊ အဲဒီလိုပိုင်းခြားဝေဖန်နိုင်တဲ့ အစွမ်း သတ္တိကော သူ့မှာ ရှိဖို့မလိုဘူးလား၊ အကယ်၍ လိမ်လိမ်မာမာ မသုံးစွဲတတ်တဲ့လူကို ပိုက်ဆံသွား ချေးမယ်၊ ဒီလူကသုံးဖြုန်းပစ်လို့ ကုန်သွားမယ်ဆိုရင် သူ့မှာ ပြန်မဆပ်နိုင်တဲ့ ကြွေးမြီးတစ်ခု တိုးလာ

တာပဲရှိမှာပေါ့၊ ငွေချေးခြင်းဟာ သူ့အတွက် ကောင်းကျိုးမဖြစ်ဘူး၊

ဆိုးကျိုးပဲဖြစ်မယ်၊ မင်းကိုငါပြမယ်၊

ငါ့ဆီမှာ အပေါင်သဘော ကတိကဝတ်သဘော ပေးထားခဲ့ကြတဲ့ ပစ္စည်းတွေ၊ တစ်ခုစီမှာ ဇာတ်လမ်း တွေရှိတယ်၊ ငါပြောပြမယ်၊"

သည်လိုပြောပြီး မာသွန်က အခန်းထဲသို့ သေတ္တာကြီးတစ်လုံး

မ,ယူလာသည်။ သေတ္တာက

အနီရောင်သားရေဖြင့်ချုပ်ထားပြီး ကြေးနီသထ္ထုဖြင့်

ဒီဇိုင်းအကွက်ဖော်၍ကွပ်ထားသည်။ သူကသေတ္တာ

ကို ကြမ်းပြင်မှာချကာ သေတ္တာရှေ့မှာ ထိုင်လိုက်သည်။ သူ့လက်နှစ်ဘက်က

သေတ္တာအဖုံးပေါ်မှာ။

သူကသေတ္တာကို အရင်မဖွင့်သေးဘဲ သူ့လုပ်နည်းလုပ်ဟန်တွေ

အရင်ရှင်းပြနေသည်။

"ငါငွေထုတ်ချေးလိုက်ရတဲ့ လူတိုင်းဆီက အထိမ်းအမှတ်ပစ္စည်းတခုတော့ ဟောဒီကတိကဝတ် သေတ္တာအတွက် ငါတောင်းယူစမြဲပဲ၊ ချေးငွေပြန်ဆပ်တဲ့အချိန်အထိ ဒီပစ္စည်းဟာ ဒီသေတ္တာထဲမှာ ရှိနေရမယ်၊ ငွေပြန်ဆပ်ရင် ပြန်ပေးလိုက်မယ်၊ ဘယ်တော့မှ ပြန်မဆပ်ဘူးဆိုရင်တော့ ကတိမတည်သူ ဖြစ်ကြောင်း သက်သေအဖြစ် သူ့ပစ္စည်းက ဒီမှာထာဝရ တည်နေလိမ့်မယ်၊

"ဒီ ကတိကဝတ်သေတ္တာရဲ့ ပြောပြချက်အရ ငါသိလာရတဲ့ အချက်တစ်ခုက၊ စိတ်အချရဆုံး ချေးငွေဆိုတာဟာ အဲဒီငွေပမာဏထက် ကြီးမားတဲ့ဥစ္စာစီးပွားရှိသူကို ထုတ်ပေးလိုက်တဲ့ ချေးငွေပဲ၊ မြေယာပိုင်တယ်၊ ကုလားအုတ်တွေပိုင်တယ်၊ ရွှေငွေရတနာရှိတယ်ဆိုတဲ့ လူမျိုးတွေ၊ တစ်နည်းပြောရ ရင် ပစ္စည်းရောင်းပြီး ကြွေးဆပ်နိုင်တဲ့လူတွေ၊ ဒီလူမျိုးတွေကို ချေးတဲ့အခါ တချို့က ချေးငွေထက် အများကြီးတန်ဖိုးရှိတဲ့ လက်ဝတ်ရတနာပစ္စည်းကို အပေါင်သဘောပေးတယ်၊ တချို့ကအကယ်၍ချေးငွေ မဆပ်နိုင်ရင် ဘယ်မြေယာကို ပေးပါ့မယ်လို့ ကတိကဝတ်ပြုပြီး လက်မှတ်ရေးထိုးပေးထားတယ်၊ ဒီလိုချေးငွေမျိုးကျတော့ အမြဲအကျိုးအမြတ်ရတယ်၊ အရင်းဆုံးမှာမပူရဘူး၊ သူက ပစ္စည်းပိုင်ဆိုင်မှုပေါ် အခြေခံပြီးချေးတာကိုး၊

"နောက်အမျိုးအစားတစ်ခုက၊ ဥစ္စာဓနမကြီးမားဘူး၊ သို့သော် ပုံမှန်ဝင်ငွေရှိသူ ဝင်ငွေရှာနိုင်သူ တွေ၊ ဥပမာ မင်းလိုပေါ့ကွာ၊ အလုပ်လုပ်တတ်တယ်၊ အဲဒီကဝင်ငွေရတယ်၊ ဒီလူမျိုးတွေဟာလည်း ရိုးသားဖြောင့်မတ်သူဖြစ်မယ်၊ ကိုယ်ငွေချေးထားပြီးကာမှ ကံဆိုးမိုးမှောင် မကျဘူးဆိုရင် အတိုးရော အရင်းပါ ကျေအောင်ဆပ်နိုင်ကြပါတယ်၊ ဒီငွေကတော့ လူရဲ့ အရည်အသွေးပေါ် ခြေခံပြီးချေးတာ၊

“ကျန်တာကတော့ ဥစ္စာပစ္စည်းလည်းမရှိ၊ ပုံမှန်ဝင်ငွေလည်းမရှိတဲ့လူတွေပဲ၊ လူ့ဘဝဆိုတာက လည်း သိပ်တော့မလွယ်ကူဘူးကွ၊ ဒီအထဲမှာ သဟဇာတဖြစ်အောင်မနေတတ်တဲ့ လူတွေအများကြီးရှိ တယ်၊ ဒီလူမျိုးကို ပိုက်ဆံသွားချေးမိရင် ချေးငွေက တပြားနှစ်ပြား ဖြစ်ချင်ဖြစ်ပစေ သူ့ကတိပစ္စည်း ကတော့ ဒီသေတ္တာထဲမှာ ထာဝရနေပြီး ငါ့ကို အပြစ်တင်နေတော့မှာပဲ၊ အဲ သူတို့ကိုယ်စား အာမခံ တဲ့ မိတ်ကောင်းဆွေကောင်းတွေပါလာရင်တော့လည်း တစ်မျိုးပေါ့ကွာ၊”

သည့်လို့ပြောပြီး မာသွန်က သားရေသေတ္တာကိုဖွင့်သည်။ ရိဒန်က ကြည့်လိုဇောနှင့် ရှေ့သို့ တိုးလာသည်။

သေတ္တာပေါ်ဆုံးတွင် မြင်ရသည်က ကြက်သွေးရောင်အဝတ်တစ်ခုပေါ်တွင် တင်ထားသည့် ကြေးဝါသတ္တုဖြင့် ပြုလုပ်ထားသော ကော်လာကွင်းတစ်ခုဖြစ်သည်။ မာသွန်ကကြေးဝါပစ္စည်းလေးကို ကောက်ယူကာ နှစ်သက်စွာ ကိုင်တွယ်ကြည့်နေသည်။

“ပိုင်ရှင်က တမလွန်ဘဝကို ကူးပြောင်းသွားပြီဆိုတော့ ဒီဟာလေးက ကိုယ့်သေတ္တာထဲ အမြဲ ရှိနေတော့မှာပါ၊ ငါဒီပစ္စည်းလေးကို တန်ဘိုးထားပါတယ်၊ သူငယ်ချင်းအရင်းအချာရဲ့ ပစ္စည်းကိုး၊ သူထားသွားတာ၊ သူ့အတွက်အမှတ်တရပေါ့၊ သူနဲ့ငါ အတူတစ်ကွ ကုန်စည်ကူးသန်းရောင်းဝယ်ခဲ့ကြ တယ်၊ အများကြီးအောင်မြင်ခဲ့တယ်၊ တစ်နေ့မှာတော့ သူကအရှေ့ပိုင်းဒေသက မိန်းမတစ်ယောက်ကို ယူပြီး ပြန်ရောက်လာတယ်၊ ဒီမိန်းမနဲ့ လက်ထပ်တယ်၊ ဒီမိန်းမက တစ်ကယ်လဲချောပါတယ်၊ ဒါပေမယ့် တို့မိန်းမတွေနဲ့မတူဘူး၊ အရမ်းဆင်တယ် ပြင်တယ်ဝတ်စားတယ်၊ မြင်ရတဲ့လူ မျက်စိကျိန်း လောက်အောင်ကို အရမ်းတောက်ပတယ်၊ ငါ့သူငယ်ချင်းက ဒီမိန်းမအလိုဆန္ဒရှိသမျှ အကုန်လုံးလိုက် လျောတယ်၊ ရှိသမျှပိုက်ဆံ ထုတ်ပေးထားတယ်၊ ပေးတော့ကုန်တာပေါ့၊ ကုန်တဲ့အခါ ငါ့ဆီရောက်လာ တယ်၊ ငါလည်းသူ့ကို အကြံဉာဏ်ပေးတယ်၊ အကျိုးအကြောင်းပြောပြတယ်၊ သူသာ ထိန်းထိန်းသိမ်း သိမ်းနဲ့လုပ်မယ်ဆိုရင် အရင်အနေအထားမျိုး ပြန်ရောက်အောင် ထူထောင်နိုင်ဘို့ ငါအကူအညီပေးမယ် လို့ ကတိပေးလိုက်တယ်၊ သူကလည်းစိတ်ချ၊ အရင်ပုံစံအတိုင်း ပြန်ကြိုးစားမယ်ဆိုတာ ကျိန်တွယ်ပြီး ပြောတယ်၊ ဒါပေမယ့် တစ်ကယ့်လက်တွေ့မှာ ဖြစ်မလာဘူး၊ မိန်းမကို သူမထိန်းနိုင်ဘူး၊ တစ်ကြိမ်မှာ လင်မယား စကားများကြတော့ မိန်းမက

ဓါးနဲ့ထိုးမယ်လုပ်တယ်၊ အဲဒီမှာသူက မင်းထိုးရဲလို့ကတော့ ငါအသေခံရဲတယ်ဆိုပြီး ရင်ကော့ပေးတော့ ဟိုကစွပ်ကနဲ ထိုးချလိုက်တာ ပွဲချင်းပြီးပဲ၊"

"အဲဒီတော့ မိန်းမကဘာဖြစ်သွားသလဲ" ရိဒန်ကမေးသည်။

"ဟောဒီမှာ၊ ဒါသူ့ပစ္စည်းပဲ" မာသွန်က ကြက်သွေးရောင် အဝတ်စကိုကိုင်၍ဆိုသည်။ "အမျိုး သမီးက ယောကျ်ားကို ဓါးနဲ့ထိုးမိပြီးမှ နောင်တသံဝေဂတွေရ သောကဗျာပါဒမီးတွေလောင်မြိုက်ပြီး ယူဖရေးတီးမြစ်ထဲ ခုန်ချသေသွားတယ်၊ သူတို့နှစ်ယောက်ရဲ့ ကတိပစ္စည်းလေးတွေ ငါ့ဆီကျန်ရစ် တယ်၊ ကြွေးကတော့ဆုံးပေါ့၊ စိတ်လှုပ်ရှားထကြွလွန်းသူ ပူလောင်ပြင်းပြသူတွေဟာ၊ ငွေတိုးချေးသမား အတွက်တော့ စိတ်ချရတဲ့ ဖောက်သည်တွေမဟုတ်ဘူးဆိုတာ ဒီသေတ္တာက ပြနေတာပဲ၊

“ဟောဒီမှာ၊ ဒါကျတော့ သူတို့နဲ့မတူဘူးကွ၊” မာသွန်က နွားရိုးဖြင့် ပြုလုပ်ထားသည့် လက်စွပ်ကလေးတစ်ကွင်းကို ယူ၍ပြသည်။ “ဒါ လယ်သမားတယောက်ပိုင်တာ၊ ငါကသူ့အမျိုးသမီးဆီ က ကော်ဇောတွေ ဝယ်လေ့ရှိတယ်၊ တကြိမ်မှာတော့ သူတို့လယ်တွေထဲ ကျိုင်းကောင်တွေ တအားကျ တော့ သီးနှံတွေပျက်စီးပြီး စားစရာမရှိဖြစ်တဲ့အခါ ငါ့ဆီလာတယ်၊ ငါလည်းကူညီလိုက်တယ်၊ နောက် တကြိမ်သီးနှံပေါ်တော့ ချေးထားတာပြန်ဆပ်တယ်၊ တကြိမ်ကျတော့ သူရောက်လာပြန်တယ်၊ အတော် ဝေးတဲ့အရပ်ဒေသတစ်ခုကို ခရီးသွားပြီး ပြန်ရောက်လာတဲ့ လူတစ်ယောက်က သူ့ကိုပြောတယ်တဲ့၊ အဲဒီမှာ အမွေးရှည်တဲ့ ဆိတ်ကြီးတွေ သူတွေ့ခဲ့တဲ့အကြောင်း၊ အမွေးက ရှည်လျားရုံမက အသွေလည်း ကောင်း သိပ်လည်းနူးညံ့တဲ့အတွက် အဲဒီဆိတ်မွေးနဲ့သာကော်ဇောလုပ်လိုက်ရင် ဘောဘီလုံမှာ တခါမှ မမြင်ဘူးသေးတဲ့ ကော်ဇောအကောင်းစားတွေ ရနိုင်တဲ့အကြောင်း စသဖြင့်ပေါ့၊ ဒီသတင်းကြားတော့ လယ်သမားက အဲဒီဆိတ်တွေ သွားဝယ်ချင်တယ်၊ သို့သော်ငွေကမရှိဘူး၊ ဒါနဲ့ငါ့သူ့ကို အဲဒီခရီးသွား ပြီးဆိတ်ဝယ်ဘို့ ငွေထုတ်ချေးလိုက်တယ်၊ အခုဆိုရင် သူ့ဆိတ်အုပ်က အတော်များနေပြီ၊ နောက်နှစ် ဆိုရင် ဘောဘီလုံက သူဌေးသူကြွယ်တွေကို ဈေးအကြီးဆုံးဆိုတဲ့ ကော်ဇောတွေ ငါရောင်းတော့မယ်၊ အကောင်းဆုံးဆိုတာတွေ သူတို့သုံးရတော့မယ်၊ မကြာခင် ဒီလက်စွပ်ကို ပိုင်ရှင်လက်ထဲ ပြန်အပ်ရ တော့မယ်၊ သူကလည်း အမြန်ဆုံးပြန်ရွေးချင်လှပြီ၊”

“တစ်ချို့မြီးစားတွေက အဲ့ဒီလို သဘောမျိုးရှိသလား၊”

ရိဒန်ကမေးသည်။

“မှန်တယ်၊ ငွေပြန်ရဘို့ ရည်ရွယ်ချက်နဲ့ ငွေချေးငှားတဲ့လူတွေကတော့ ဒီသဘောရှိတတ်ကြ တယ်၊ ဆင်ကန်းတောတိုး လျှောက်လုပ်ပြီး အခက်အခဲကြုံလာလို့ ငွေချေးတဲ့သူများကျတော့ သတိ ထားကွ၊ မင်းငွေပြန်ရဘို့ သိပ်မသေချာဘူး”

“ဟောဒီပစ္စည်းအကြောင်း ပြောစမ်းပါအုံး”

ကျောက်မျက်ရတနာများ စီချယ်ထားသည့် ရွှေလက်ကောက်ကြီးတစ်ကွင်းကို ကောက်ကိုင်ကာ ရိဒန်မေးသည်။ လက်ကောက်ဒီဇိုင်းက ခပ်ဆန်းဆန်း။

“ငါ့သူငယ်ချင်းက အမျိုးသမီးအရေးကိုစွ စိတ်ဝင်စားပုံရတယ်”

မာသွန် ကနောက်သည်။

“ကျွန်တော်က ခင်ဗျားထက် အများကြီး ငယ်သေးတယ်လေဗျာ” ရိုဒန်ကလည်း အားကျမခံ ပြန်ပြောသည်။

“ဟုတ်ပါတယ်၊ ဒါပေမယ့် အခုကိစ္စမှာတော့ အချစ်ဇတ်လမ်း

ဆန်းဆန်းတပုဒ် ကြားရဘို့

မျှော်လင့်ထားမယ်ဆိုရင် မင်းမှားသွားပြီကွ၊ ဒီလက်ကောက်ပိုင်ရှင်က ဝဝဖိုင့်ဖိုင့် အမျိုးသမီးကြီး

တယောက်ပဲ၊ စကားကသိပ်များတာ၊ ဘာမဟုတ်တာတွေကို မဆုံးနိုင်အောင် လျှောက်ပြောနေတတ်တဲ့ အမျိုးအစား၊ သူလာရင် ငါရှူးချင်တယ်၊ ဒီမိန်းမကြီးက အစကတော့ အတော်ချမ်းသာပါတယ်၊ ငါနဲ့အများကြီးဆက်ဆံဘူးတဲ့ ဖောက်သည်ဟောင်းတွေပါပဲ၊ ဒါပေမယ့် နောက်ပိုင်းသူတို့မိသားစုတွေ တောက်လျှောက် ဒုက္ခရောက်ကြတယ်၊ မိန်းမကြီးက သူ့သားကို ကုန်သည်တယောက်ဖြစ်စေချင်တယ်၊

ငါ့ဆီက ပိုက်ဆံလာချေးတယ်၊ ပြီးတော့သူ့သားကို ဝန်တင်ကုလားအုတ်တန်းကြီးနဲ့ မြို့စဉ့်လျှောက် လှည့်ပြီး ကုန်စည်ဖလှယ်တဲ့ ကုန်သည်တယောက်ဆီမှာ စီးပွားစပ်တူလုပ်ဘို့ ထည့်လိုက်တယ်၊ ဒါပေ မယ့် အဲ့ဒီကုန်သည်က တကယ့်လူလိမ် လူဆိုးပဲ၊ ချာတိတ်ကို ဝေးဝေးလံလံ မြို့တမြို့မှာ တစိမ်းတွေ ကြားထဲ ပိုက်ဆံတစ်ပြားမှမပါဘဲ ချန်ထားခဲ့တယ်၊ ကောင်လေးအိပ်ယာကမထခင် အစောကြီးလစ် ထွက်သွားခဲ့တာ၊ ဒီကောင်လေးကြီးလာတဲ့အချိန်ကျရင် သူ့အတွက်ယူတဲ့ကြွေးကို သူပြန်ဆပ်ချင်ဆပ်နိုင် မှာပေါ့လေ၊ ဒီကြားထဲမှာတော့ အတိုးလေးတောင်မရဘူးကွ၊ အဘွားကြီးဆီက ညည်းညူသံတွေပဲ ကြားနေရတယ်၊ ဒါပေမယ့် သူ့အပ်ထားတဲ့ပစ္စည်းကတော့ ချေးငွေထက် အများကြီး အဘိုးတန်ပါ တယ်”

လားဗျ၊“ငွေချေးတုန်းက ခင်ဗျားဆီမှာ ဒီအမျိုးသမီးကြီး

’ အကြံဉာဏ်တွေဘာတွေ တောင်းသေးသ

“ဘယ်တောင်းမလဲကွာ၊ သူ့အာရုံထဲမှာ သူ့သားကို ဘေဘီလုံမှာ အချမ်းသာဆုံး ဩဇာရှိန်ဝါ အကြီးဆုံး သူဌေးကြီးဖြစ်လာမယ့်သူအဖြစ် မြင်ယောင်ထားတာကိုး၊ သူ့စိတ်ကူးအတိုင်း ဖြစ်ချင်မှဖြစ် မယ်၊ ဘယ်လိုအခက်အခဲတွေ ကြုံရနိုင်တယ်ဆိုတာမျိုး သူမကြားချင်ဘူးလေ၊ တယောက်ယောက်က အဲ့ဒါမျိုးပြောရင် သူ့ဒေါသထွက်မှာ၊ ငါတောင်စကားရိပ်သန်းမိလို့ အဟောက်ခံလိုက်ရသေးတယ်၊ ဘာမှအတွေ့အကြုံမရှိတဲ့ ချာတိတ်လက်ထဲ ဒီလောက်ငွေတွေအများကြီး အပ်လိုက်ရင် ဒုက္ခရောက် မယ်ဆိုတာ ငါမြင်နေတာကိုး၊ ဒါပေမယ့် သူက အပေါင်ပစ္စည်း ထိုက်ထိုက်တန်တန် ပေးပြီးချေးတာ ဆိုတော့ ငါလည်း မငြင်းနိုင်ဘူးပေါ့၊

“ဒီဟာကတော့ ကုလားအုတ်ကုန်သည် နီဗာတူရဲ့ ပစ္စည်းကွ၊” မာသွန်ကကြိုးထုံးတစ်ထုံးကို ယူ၍ပြသည်။ “နီဗာတူက ကုလားအုတ်တွေ များများကြီးဝယ်ချင်လို့ ငွေမနိုင်တဲ့အခါမျိုးကျရင် ငါ့ဆီ လာပြီး သူလိုသလောက် ချေးတယ်၊ ပြီးတော့သူ့ငွေချေးထားတဲ့အမှတ်အသားအဖြစ်နဲ့ ဒီကြိုးထုံးပေးခဲ့လေ့ရှိတယ်၊ သူက အရောင်းအဝယ် သိပ်ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ဆိုတော့ သူ့ကိုငါစိတ်ချတယ်၊ လွတ်လွတ်လပ်လပ် ချေးငှားလေ့ရှိတယ်၊ နီဗာတူလိုပဲ ဘေဘီလုံမှာ ငါစိတ်ချလက်ချချေးလိုက်နိုင်တဲ့ တခြားကုန်သည်တွေရှိပါတယ်၊ အများကြီးပါပဲ၊ လုပ်ငန်းကျွမ်းကျင်တယ်၊ ပြီးတော့ ကတိလည်းတည် တဲ့ပုဂ္ဂိုလ်တွေ၊ သူတို့ဆီက အမှတ်အသားပစ္စည်းတွေကတော့ ငါ့သေတ္တာထဲ ဝင်လိုက်ထွက်လိုက်ပေါ့၊

ဒီကုန်သည်ကြီးတွေဟာ ဘေဘီလုံမြို့ကြီး သာယာဝပြောအောင် ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေ၊ သူတို့ အရောင်းအဝယ် လွယ်ကူချောမွေ့အောင် ကူညီတဲ့အတွက် ငါလည်းအများကြီး အကျိုးကျေးဇူး ခံစားရ တယ်၊”

မာသွန်က စိမ်းပြာရောင်တာကွိုက်ကျောက်ဖြင့် ပြုလုပ်ထားသည့် ရွှေပိုးကောင် ရုပ်ကလေး တခုကို ထုတ်ယူပြီး ကြမ်းပေါ်ပစ်ချလိုက်သည်။

“အဒါ၊ အီဂျစ်ပြည်က ရွှေပိုးကောင်ကွ၊ ပစ္စည်း ပိုင်ရှင်ချာတိတ်က ကိုယ်ချေးထားတဲ့ငွေ ကိုယ်ပြန်ဆပ်ရကောင်းမှန်းသိတဲ့ လူစားမျိုးမဟုတ်ဘူး၊ ပြော ပြန်ရင်လည်း မကြိုက်ဘူး၊ ‘ကျွန်တော့်မှာ ဒီလောက်ဒုက္ခရောက်နေတာ ခင်ဗျားငွေ ဘယ်လိုလုပ်ပြီး ပြန်ပေးနိုင်မလဲ၊ ကိုယ်လည်းတအားချမ်းသာနေပြီးတော့’ တဲ့၊ သူကတောင်ပြန်ဟောက်ချင်သေးတယ်၊

စာအုပ်လင့်ပေါင်းစုံ

ငါဘာတတ်နိုင်မလဲ၊ ရွှေပိုးကောင်က သူ့အဖေပစ္စည်း၊ ဒီလူကမချမ်းသာပေမယ့် လူကောင်းပါ၊ သား ပိုက်ဆံချေးတော့ သူက သူပိုင်မြေယာနဲ့ ကျွဲနွားကို အာမခံထားပေးတယ်၊ ကောင်လေးကအစပိုင်းမှာတော့အတန်အသင့်အောင်မြင်ပါတယ်၊ ဒါပေမယ့်လူက လောဘကြီးတယ်၊ နေ့ချင်းညချင်း ချမ်းသာ ချင်နေတယ်၊ တစ်ကယ်တမ်း လုပ်ငန်းဗဟုသုတ ပြည့်ပြည့်ဝဝရှိတာမှုတ်ဘူး၊ နောက်တော့ အကုန်လုံး ရှုံးရောဆိုပါတော့လေ၊

"လူငယ်တွေက တစ်ခါတစ်လေ ချမ်းသာချင်စိတ် သိပ်လွန်ကဲတယ်၊ သိပ်အရင်လိုတယ်၊ အဲဒီ အခါ ဖြတ်လမ်းနည်းတွေသုံးလာတယ်၊ ငွေကိုမစဉ်းမစား အလွန်အကျွံ ချေးငှားတာတွေလုပ်လာတယ်၊ မနိုင်တဲ့အကြွေးတစ်ခုဟာ လူကို ဘယ်လောက်နှိပ်စက်နိုင်တယ်ဆိုတာ သူက မကြုံဘူးတော့မသိဘူး၊ ကြွေးတွင်းထဲးကျသွားပြီဆိုတဲ့အခါ ပြန်တက်ဖို့မလွယ်တော့ဘူး၊ များများချေးမိရင် ပိုနက်တဲ့တွင်းထဲကျ တယ်၊ နေမမြင်လမမြင်အောင် နက်တဲ့တွင်းမျိုး၊ အလင်းရောင်မမြင်ရ မျှော်လင့်ချက်မရှိတဲ့ဘဝ၊ တွေး မိတိုင်းဝမ်းနည်းစရာ နှမြောတသစရာတွေဖြစ်ပြီး မအိပ်နိုင် မစားနိုင်နဲ့ နှစ်ပေါင်းများစွာ ဒုက္ခခံပေရော့ ပဲ၊ ဒီလိုပြောတဲ့အတွက် ငါကပိုက်ဆံလာချေးတဲ့သူတိုင်းကို စိတ်ပျက်အောင်လုပ်သလားဆိုတော့ မလုပ် ပါဘူး၊ ငါအားပေးပါတယ်၊ ဒါပေမယ့် အမြော်အမြင်ရှိတဲ့အလုပ် အကျိုးအမြတ်ရှိမယ့်အလုပ်မျိုး ဖြစ်စေဖို့တော့ ငါသတိထားတယ်၊ အဲဒါမျိုးဆိုရင် ငါထောက်ခံတယ်၊

ငါကိုယ်တိုင် ကုန်သည်ဘဝစဝင်

တုန်းကလည်း သူများဆီကချေးငွေနဲ့ပဲ အရင်တည်ခဲ့ရတာပဲ၊ အဲဒါနဲ့စပြီး အောင်မြင်မှုရခဲ့တာပဲ၊

"ဒါပေမယ့် စောစောကကိစ္စမျိုးကျတော့ မြီးရှင်ဖြစ်တဲ့ငါ့အနေနဲ့ ဘယ်လိုလုပ်မလဲ၊ ချာတိတ် က အရှိန်တက်နေတုန်းကတက်ပြီး အခုတော့စိတ်ဓာတ်ကျနေပြီ၊ ဘာအလုပ်မှ ဖြစ်ဖြစ်မြောက်မြောက် မလုပ်နိုင်တော့ဘူး၊ ကြွေးပြန်ဆပ်ဖို့ကို သူနည်းနည်းမှ မကြိုးစားတော့ဘူး၊ သူ့အဖေဆီကမြေနဲ့ ကျွဲ နွား တွေသိမ်းဖို့ကျတော့လည်း ငါမလုပ်ရက်ဘူး၊"

"အင်းခင်ဗျားစကားတွေနားထောင်ရတာ စိတ်ဝင်စားစရာပဲဗျာ၊" ရိဒန်ကဆိုသည်။ "ဒါပေမယ့် ကျွန်တော့်မေးခွန်းအတွက် အဖြေမရသေးဘူးဗျ၊ ကျွန်းတော်ရွှေဒင်္ဂါး အပြားငါးဆယ်ကို ကျွန်တော့် ယောက်ဖကို ချေးသင့်မချေးသင့်ဆိုတဲ့ကိစ္စ၊ ဒီဟာက ကျွန်တော့်အတွက်

သိပ်တန်ဘိုးကြီးတဲ့ ပစ္စည်း ဖြစ်နေတယ်၊”

“အေး၊ မင်းနှမဟာလည်း တစ်ကယ်အရည်အချင်းရှိတဲ့အမျိုးသမီးတစ်ယောက်ပါ၊ ငါလေးစားမှု ရှိပါတယ်၊ ဒါပေမယ့် သူ့ယောက်ျားက ငါ့ဆီလာပြီး ရွှေဒင်္ဂါးငါးဆယ် ချေးမယ်ဆိုရင်တော့ သူ ဒီငွေကို ဘာအတွက် ဘယ်လိုအသုံးပြုမလဲ ငါမေးရမယ်၊ အကယ်၍ သူက သူလည်းပဲ ငါ့လို ကုန်သည်တယောက်ဖြစ်ချင်ပါတယ်၊ ကျောက်မျက်ရတနာတွေ အထက်တန်းစား အဝတ်တန်ဆာတွေ ရောင်းချချင်ပါတယ်လို့ ပြောမယ်ဆိုပါတော့၊ ငါထပ်မေးမယ် ‘မင်းမှာကုန်သွယ်မှုနဲ့ ပတ်သတ်လို့ ဘယ်လိုဗဟုသုတမျိုးရှိသလဲ၊’ ‘ဒီပစ္စည်းတွေကို ဘယ်နေရာမှာအသက်သာဆုံးဈေးနဲ့ ဝယ်လို့ရနိုင်သလဲ မင်းသိသလား၊’ ‘ဒါတွေကို ဘယ်နေရာတွေမှာ အမြင့်ဆုံးဈေးနဲ့ ရောင်းထုတ်နိုင်မလဲ မင်းသိသလား’ စသဖြင့်၊ အဲဒီတော့ ငါဒီလိုမေးရင် သူရေရေရာရာ ဖြေနိုင်မလား မင်းပြောစမ်းပါအုံး၊”

“ဘယ်ဖြေနိုင်မလဲ” ရိဒန်ကဆိုသည်။ “သူက ကျွန်တော့် ပန်းပဲဖိုမှာ အဓိကကူလုပ်နေတာပဲ၊
တခြားဆိုင်တွေ ဘာတွေမှာလည်းအနည်းအပါးတော့
ကူလုပ်ဖူးတယ်ပေါ့လေ၊”
“ဒါဆိုရင်တော့ သူ့ရည်ရွယ်ချက်က အမြော်အမြင်ရှိရှိ ချမှတ်ထားတဲ့ ရည်ရွယ်ချက်မျိုးလို့ ငါမဆို နိုင်ဘူး၊ ဒါသူ့ကိုငါဖွင့်ပြောရမယ်၊ ကုန်သည်ဆိုတာလည်း သူ့လုပ်ငန်းသူကျွမ်းကျင်အောင် လေ့လာရ သေးတယ်၊ သူ့ရည်မှန်းချက်က ကြီးတာမှန်ပါတယ်၊ ဒါပေမယ့် လက်တွေ့မကျဘူး၊ ဖြစ်မှာမဟုတ် ဘူး၊ ငါသူ့ကို ပိုက်ဆံမချေးနိုင်ဘူး၊
“ဒါပေမယ့်၊ အကယ်၍ ငါမေးတဲ့အခါ သူဖြေနိုင်တယ်ဆိုပါတော့၊ ‘ဟာ၊ ကျွန်တော်ကုန်သည်တွေ ဆီမှာ အများကြီး ကူညီလုပ်ကိုင်ပေးဘူးတယ် ဆမာနာမှာ အိမ်ရှင်မတွေ ကိုယ့်အိမ်ကိုယ်နေရင်း တနိုင်ယက်တဲ့ကော်ဇောတွေ ဈေးပေါပေါနဲ့ ကျွန်တော် သွားဝယ်လို့ရတယ်၊ အဲဒါတွေကို ဈေးကောင်း ကောင်းနဲ့ လိုက်ရောင်းလို့ရမယ့် ဘေဘီလုံက သူဌေးအတော်များများလည်း ကျွန်တော်သိထားတယ်၊’ စသဖြင့်ပေါ့၊ အဲဒီလိုဆိုရင်တော့ ငါတစ်မျိုးပြောရမယ်၊ ‘မင်းရည်ရွယ်ချက် ကောင်းပါတယ်ကွာ၊ အကြံဉာဏ်လည်းမဆိုးပါဘူး၊ အောင်မြင်နိုင်ပါတယ်၊ ရွှေဒင်္ဂါးငါးဆယ် မင်းကိုငါချေးမယ်၊ သို့သော် ငါ့ရွှေ အတွက် စိတ်ချရအောင် အပေါင်ပစ္စည်းတစ်ခုခုတော့ ပေးထားပါ၊’ ဒီလိုပြောမယ်၊ ဒီအခါသူက ‘ပေါင်စရာတော့မရှိဘူး၊ ကျွန်တော့်သစ္စာ သမာဓိကိုပဲ အာမခံထားနိုင်မယ်၊ ကျွန်တော်ခင်ဗျားချေးငွေကို ကျေတဲ့အထိဆပ်ပါ့မယ်လို့ ကတိပေးပါတယ်’ လို့ ဆက်ပြီးပြောလာမယ်ဆိုပါတော့၊ အဲဒီလိုတော့မဖြစ် နိုင်ပါဘူးဗျာ၊ ကျွန်တော့်ပိုက်ဆံကို ကျွန်တော်အင်မတန် တန်ဖိုးထားပါတယ်၊ အကယ်၍ မတော်တဆ ခင်ဗျား ဆမာနာကအပြန်လမ်းမှာ ကော်ဇောတွေ ခိုးသားဓါးပြ လုယက်သွားပြီဆိုပါတော့၊ ခင်ဗျား ကျွန်တော့်ကို ဘယ်လိုပြန်ဆပ်မလဲ၊ အဲဒါဆိုကျွန်တော်ဆုံးပြီဗျ၊’ လို့ ငါပြန်ပြောလိုက်မယ်၊
“ဒီမှာ ရိဒန်၊ ငွေဆိုတာ ငွေတိုးချထားသူတွေရဲ့ အရင်းအနှီး ကုန်ပစ္စည်းပဲကွ၊ ချေးရတာသိပ် လွယ်တယ်၊ ဒါပေမယ့် စဉ်းစဉ်းစားစား ချေးငှားတာမျိုးမဟုတ်ရင် ပြန်ရဖို့ သိပ်ခက်သွားတတ်တယ်၊ ဒါကြောင့် မြော်အမြင်ရှိတဲ့ ငွေချေးစားသူများဟာ ဘယ်တော့မှမစွန့်စားဘူး၊ သေချာတာကိုပဲ ချေးငှား
လေ့ရှိတယ်၊ ……အေး၊ အခက်အခဲကြုံနေတဲ့လူကို ကူညီတယ်ဆိုတာ

ကောင်းတာပေါ့ကွာ၊ ကံကြမ္မာရဲ့ ဖိစီးနှိပ်စက်မှု ခံနေရတဲ့လူကို သက်သာအောင် ဖေးမထောက်ကူတာ ဘာမကောင်းစရာရှိသလဲ၊ ကိုယ့် ဘဝ တိုးတက်မြင့်မားအောင်၊ ကိုယ့်မြို့ ကိုယ်နိုင်ငံအတွက် တန်ဖိုးရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်အောင် စတင်ကြိုးစားနေသူမျိုးကိုလည်း အားပေးသင့်တာပဲပေါ့၊ ဒါပေမယ့် သူတစ်ပါးကို ကူညီတယ်ဆိုတာ ပညာသတိလေးနဲ့ ကူညီရတယ်၊ မစဉ်းမစားသွားလုပ်ရင် ဟိုပုံပြင်ထဲးကမြင်းလို သူများဝန်ထုပ်ကို ကိုယ့်ဝန်ထုပ်အဖြစ် လွှဲပြောင်းယူလိုက်ရတာမျိုး ဖြစ်သွားတတ်တယ်၊

“ပြောရင်းနဲ့ ဘေးချော်သွားပြန်ပြီထင်တယ်၊ ကဲဒီတစ်ခါတော့ မင်းမေးခွန်းကို တည့်တည့်ပဲ ဖြေလိုက်တော့မယ်၊ ဒီမှာရှိဒန် မင်းရှေ့ဒင်္ဂါးငါးဆယ်ကို မင်းထိန်းရမယ်ကွ၊ မင်းလုပ်အားကြောင့်ရတဲ့ ပိုက်ဆံ၊ မင်းရဲ့ လုပ်ရည်ကိုင်ရည်ကို သဘောကျလို့ ဆုတော်လာဘ်တော်အဖြစ် ချီးမြှင့်တဲ့ပိုက်ဆံ၊ ဒါဟာ မင်းပိုက်ဆံစစ်စစ်ပဲကွ၊ ဘယ်သူ့ကိုမှ ခွဲဝေပေးဖို့တာဝန်မရှိဘူး၊ မင်းဘာသာစေတနာပေါက်လို့ လျှောက်ဝေပေးချင်ရင်တော့လဲဝေပေါ့၊ ဒါပေမယ့် အကျိုးအမြတ်ရအောင်လုပ်မယ်၊ ဒီငါးဆယ်ထက်

ပိုတိုးပွားအောင် ချေးငှားမယ်ဆိုရင်တော့ သတိဝီရိယ ထားရလိမ့်မယ်၊ ပြီးတော့ နေရာအများအပြား ဖြန့်ခွဲပြီး ချေးရလိမ့်မယ်၊ ငါက ပိုက်ဆံကို ဒီအတိုင်းသိမ်းထားတာ လုံးဝမကြိုက်ဘူး၊ ငွေဆိုတာ ရှင်သန်တိုးပွားနေရမယ်၊ ဒါပေမယ့် ရှင်သန်အောင် လုပ်တဲ့နေရာမှာ သိပ်စွန့်စားရမှာမျိုးကိုတော့ ငါ လုံးဝမလိုလားဘူး၊

"အဲဒီတော့ငါမေးမယ်၊ မင်းဒီလိုတံတွေ သွန်းလုပ်တဲ့အလုပ်

လုပ်လာတာ ဘယ်နှစ်နှစ်ရှိပြီလဲ" "သုံးနှစ်တင်းတင်း ပြည့်ပါပြီ"

"အခု ဆုတော်လာဘ်တော် ချီမြှင့်ခံရတာကိုဖယ်လို့

မင်းမှာဘယ်လောက် စုဆောင်းမိခဲ့သလဲ" "ရွှေဒင်္ဂါးသုံးပြားပါ"

"သုံးနှစ်မှာ သုံးပြား တစ်နှစ်လုံးအလုပ်လုပ်ပြီး ခြိုးခြိုးခြံခြံ သုံးစွဲးတဲ့အခါ ရွှေဒင်္ဂါးတပြား စုမိတဲ့သဘောပေါ့"

"ဟုတ်ပါတယ်"

"ဒါဆိုရွှေဒင်္ဂါးအပြားငါးဆယ် စုမိအောင်ဆိုရင် နှစ်ပေါင်းငါးဆယ်လုံးလုံး အလုပ်လုပ်ရမယ် ခြိုးခြံချွေတာရမယ်ဆိုတဲ့ သဘောပေါ့"

"မှန်ပါတယ်၊ တစ်သက်လုံးလုပ်မှ ရမှာပါ"

"ဒါဆို မင်းနှစ်ပေါင်းငါးဆယ်လုံးလုံး ကြေးရည်ကျိုတဲ့ဖိုမှာ ချွေးတစ်လုံးလုံးလုပ်ပြီး ခြိုးခြံ ချွေတာ စုဆောင်းလာတဲ့ငွေကို မင်းနှမက သူ့ယောကျ်ား ကုန်သည်ကြီးဖြစ်နိုင်မဖြစ်နိုင် စမ်းသပ်ဖို့ အရေးအတွက်ယူပြီး စွန့်စားချင်တဲ့ဆန္ဒ ရှိနိုင်ပါ့မလားကွ"

"ခင်ဗျားအခုပြောတဲ့ စကားလုံးတွေအတိုင်း ကြားရရင်တော့

သူလဲဘယ်ယူချင်ပါ့မလဲ"

"ဒါဖြင့် သူ့ဆီသွားပြီးပြောကွာ၊ ငါသုံးနှစ်လုံးလုံး မနက်ကနေဝင်ထိ အလုပ်လုပ်တယ်၊ အခါကြီးရက်ကြီးကလွဲလို့ တစ်ရက်မှမနားဘူး၊ စားချင်တိုင်းလဲမစား သုံးချင်တိုင်းလဲမသုံးဘဲ ခြိုးခြံ စုဆောင်းတယ်၊ အဲဒီလိုလုပ်တော့မှ ငါ့မှာတစ်နှစ်ကို ရွှေဒင်္ဂါးတစ်ပြားနှုန်းလောက် စုမိတယ်၊ ဒါပေ
မယ့် မင်းဟာ ငါအင်မတန်ချစ်မြတ်နိုးတဲ့ နှမလေးပဲ၊ မင်းယောကျ်ား

လုပ်ငန်းကိုင်ငန်းလုပ်ပြီး

ကြီးပွားချမ်းသာတာ ငါလည်းမြင်ချင်တယ်၊ အဲ့ဒီတော့ ငါ့ကို သူ့လုပ်ငန်းအစီအစဉ်တွေကို ပြောခိုင်း၊ ဒီအစီအစဉ်ဟာ တကယ်အောင်မြင်နိုင်သလား၊ မအောင်မြင်နိုင်ဘူးလား၊ ငါ့သူငယ်ချင်း မာသွန်ကို ငါ မေးကြည့်မယ်၊ မာသွန်က လုပ်သင့်တဲ့အစီအစဉ်လို့ ထောက်ခံရင် မင်းယောကျ်ား စမ်းသပ်ကြိုးစား ကြည့်နိုင်ဖို့အတွက် ငါ့ရဲ့ တနစ်စာစုဆောင်းငွေကို ငါဝမ်းသာအားရ ထုတ်ချေးလိုက်မယ်၊ အဲဒီလိုပြော ပေါ့၊ သူသာအကယ်၍ လုပ်ငန်းလုပ်ချင်စိတ် တစ်ကယ်ထက်သန်သူမှန်ရင် ဒီငွေနဲ့သူစကြိုးစားပေါ့၊

ဒီငွေရင်းနဲ့ လုပ်လို့ရတဲ့ အတိုင်းအတာအတွင်းမှာ အောင်မြင်အောင်လုပ်နိုင်တဲ့အကြောင်း အရင်ဆုံး သက်သေပြပေါ့၊ အကယ်၍ မအောင်မြင်ခဲ့ဘူးဆိုရင်လည်း မင်းအပေါ်တင်တဲ့အကြွေးဟာ သူကြိုးစား ပြီးဆပ်မယ်ဆိုရင် တစ်နေ့ကျေနိုင်တဲ့ ပမာဏလောက်ပဲရှိမယ်ပေါ့၊

“ဒီလိုကွ ရိဒန်၊ ငါဘာကြောင့် ငွေတိုးချေးသမားဖြစ်နေလဲဆိုတော့ ငါ့မှာရှိတဲ့ငွေတွေက ငါအရောင်းအဝယ်လုပ်ငန်းမှာ သုံးနိုင်တာထက်ပိုနေတယ်၊ ဒီပိုနေတဲ့ငွေကို လုပ်ငန်းလုပ်မယ့် တခြားလူတွေ ယူသုံးကြ၊ သုံးပြီးတော့ အဲဒီကအကျိုးအမြတ်ရ၊ အဲဒါကို သူတို့လည်းခံစား၊ ငါလည်းခံစား အဲဒီလိုဖြစ်စေချင်တယ်၊ ဒါပေမယ့် ငါထုတ်ပေးလိုက်တဲ့ငွေ ပျောက်ပျက်ဆုံးရှုံးသွားမှာတော့ ငါမလို လားဘူး၊ ကိုယ်ချွေးတာစုဆောင်းခဲ့တဲ့ ပစ္စည်းဆိုတော့ နှမြောတယ်၊ အဲဒီတော့ ငါမစွန့်စားဘူး၊ စိတ်ချ လက်ချပြန်ရနိုင်တဲ့ အနေအထားမျိုးကလွဲရင် ငါမချေးဘူး၊ ဒီငွေကနေ ငါ့အတွက် အကျိုးအမြတ်တွေ ထပ်ပြီးရရှိလာဘို့ မသေချာဘဲနဲ့ ငါမချေးဘူး၊

“ဒီမှာ ရိဒန် မင်းကိုငါ့သေတ္တာထဲက ပစ္စည်းတစ်ချို့ရဲ့ ဇတ်လမ်းတွေကို ပြောပြပြီးပြီ၊ လူတွေရဲ့ ချို့ယွင်းအားနည်းချက်တွေ၊ ကိုယ်ပြန်ပေးဆပ်နိုင်စရာနည်းလမ်း ရေရေရာရာမရှိဘဲ အတင်း ချေးချင် ငှားချင်တတ်တဲ့ လူ့သဘာဝအကြောင်းလည်း မင်းသိတန်သလောက် သိခဲ့ပြီးပြီ၊ ငွေရင်းသာ ရှိခဲ့ရင် ဘယ်လောက်မြတ်အောင်စွန်းအောင် ချမ်းသာအောင်လုပ်နိုင်မယ်လို့ သူတို့ အထင်ကြီးထင်ကြ ပေမယ့် တစ်ကယ်တမ်းကျတော့ သူတို့မှာ ထင်သလောက်ဖြစ်အောင် ဆောင်ရွက်နိုင်တဲ့ အစွမ်းသတ္တိ မရှိကြဘူး၊ လုပ်ငန်းအတွေ့အကြုံလဲ မရှိကြဘူး၊

“အခု မင်းမှာ ငွေရှိနေပြီ၊ ဒီငွေကနေ နောက်ထပ်တိုးပွားလာအောင် မင်းလုပ်ရတော့မယ်၊ မင်းလည်းပဲ ငါ့နည်းတူ ငွေတိုးချေးသမားတစ်ယောက် ဖြစ်လာတော့မယ်၊ ဒီငွေကိုထိန်းသိမ်းနိုင်မယ်၊ အတိုးအညွန့်ပွားအောင် လုပ်နိုင်မယ်ဆိုရင် တစ်သက်လုံးအကျိုးအမြတ်ခံစားရပြီး စိတ်ချမ်းချမ်းသာသာ မင်းနေသွားနိုင်မယ်၊ ဒါပေမယ့် အကယ်၍ဒီငွေကို လက်လွှတ်ဆုံးရှုံးခဲ့မယ်ဆိုရင်တော့ တသက်ပတ်လုံး မင်းအတွက် စိတ်မချမ်းသာစရာ၊ တွေးမိတိုင်း ဝမ်းနည်းစရာဖြစ်ရလိမ့်မယ်၊

“အဲ့ဒီတော့ မင်းအိတ်ထဲက ရွှေဒင်္ဂါးတွေ

မင်းဘာဖြစ်စေချင်သလဲ ပြောစမ်းပါအုံး” “လုံးဝ မပျောက်ပျက်အောင်ထိန်းသိမ်းချင်တယ်”

“သိပ်မှန်တယ်” မာသွန်က အားပါးတရပြောဆိုသည်။ ဒီငွေနဲ့ပတ်သတ်တဲ့ မင်းရဲ့အဓိက အကျဆုံးဆန္ဒက မပျောက်ပျက်ရေးပဲ၊ မင်းယောက်ဖလက်ထဲး ဒီငွေအပ်ထားလိုက်ရင် ပျောက်ပျက် မသွားဘူးလို့ အာမခံနိုင်မလား၊ မင်းစဉ်းစား”

“မသေချာဘူး၊ စိတ်မချရဘူး၊ သူကငွေကြေးထိန်းသိမ်း သုံးစွဲးဘူးသူမှ မဟုတ်တာ”

“ဒါဆိုရင် အပိုဆာဒါးခံစားမှုတွေ ပွားမနေနဲ့၊ ကိုယ့်ရတနာထုပ်ကို သူများလက်ထဲးအပ်ဖို့ စဉ်းစားမနေနဲ့၊ မင်းဆွေမျိုးသားချင်းဖြစ်စေ၊ မိတ်ဆွေအပေါင်းအသင်းဖြစ်စေ ကူညီချင်ရင် တခြား

နည်းလမ်းနဲ့ကူညီ၊ ကိုယ့်စီးပွားပျက်သွားနိုင်တဲ့ နည်းလမ်းမျိုးနဲ့မကူညီနဲ့၊ ပိုက်ဆံဆိုတာကောင်းကောင်း မထိမ်းသိမ်းတတ်သူလက်ထဲက အလွယ်တကူ လျှောကျပျောက်ကွယ် သွားတတ်စမြဲပဲကွ၊ အဲဒါ ဘယ်တော့မှမမေ့နဲ့ ကိုယ့်ပိုက်ဆံ သူများကြောင့် ဆုံးရှုံးသွားမယ့်အစားတော့ ကိုယ့်ဘာသာ ဖြုန်းတီးရတာ ကမှ နည်းနည်းအရသာရှိလိမ့်ဦးမယ်၊ ကဲထားပါတော့၊ မင်းပိုက်ဆံ မပျောက်မပျက်အောင် ထိန်းသိမ်း ချင်တဲ့ ဆန္ဒအပြင် ဒီပိုက်ဆံနဲ့ ပတ်သတ်လို့ ဘာများ ဖြစ်စေချင်သေးသလဲ"

"အခုထက်ပိုပြီး တိုးပွားလာစေချင်တယ်"

"ဟုတ်ပြီ၊ ဒါလည်း အမြော်အမြင်ရှိတဲ့စကားပဲ၊ ဒီငွေနဲ့ငွေရှာရမယ်၊ ဒီငွေဟာ ကြီးထွားလာရ မယ်၊ ငွေကို လိမ်လိမ်မာမာ ချေးငှားတတ်မယ်ဆိုရင် ဒီငွေဟာ မင်းအသက်မကြီးခင် နှစ်ဆတိုးပွား လာနိုင်တယ်၊ ရမ်းပြီးစွန့်စားရင်တော့ အခုရှိပြီးသားရော နောက်ထပ်တိုးလာမယ့်ဟာတွေပါ ဆုံးပါး သွားနိုင်တာပေါ့၊ အဲဒါကြောင့်မို့ မင်းငွေနဲ့သာလုပ်ကိုင်လိုက်ရင် ဘယ်လောက်ထိ မြတ်စွန်းသွားနိုင် တယ်လို့ တကယ်လက်တွေ့မရှိတဲ့ စိတ်ကူးယဉ်သမားတွေက လွန်လွန်ကျူးကျူး ပြောလာတာမျိုးကို နားမယောင်နဲ့၊ သူတို့က စိတ်ချရတဲ့ကုန်သွယ်မှု ဥပဒေသတွေကို သိတာ နားလည်တာမဟုတ်ဘူး၊ ငွေရှင်တစ်ယောက်အနေနဲ့ ကိုယ့်ငွေ မဆုံးရှုံးစေချင်ရင် ဒီငွေတစ်နေ့တစ်ခြား တိုးပွားလာတာ မြင်ချင် ရင် သူ့ဆီက အကျိုးအမြတ်ကို အလွန်အကျွံ မတောင်းဆိုတာ အကောင်းဆုံးပဲ၊ အတိုးအညွန့်တွေ မတန်တဆ ရပါစေ့မယ်ဆိုတဲ့ အာမခံချက်မျိုးကို ယုံကြည်ပြီး ချေးငှားလိုက်မိရင် ဆုံးရှုံးမှုကို ဖိတ်ခေါ်တာနဲ့ အတူတူဖြစ်သွားလိမ့်မယ်၊

"ဒါ့ကြောင့် လုပ်ငန်းကိစ္စမှာ ကျွမ်းကျင်သူတွေ၊ အောင်အောင်မြင်မြင် လုပ်ကိုင်ဆောင်ရွက်နေ တဲ့သူတွေနဲ့ ပေါင်းဖော်ပါ၊ သူတို့ရဲ့ကျွမ်းကျင်မှု သူတို့ရဲ့အကြံဉာဏ်နဲ့ သူတို့နည်းနာတွေကို ခံယူသုံး စွဲပြီး မင်းရဲ့ငွေစာရင်းကို စောင့်ရှောက်ပါ တိုးပွားအောင်လုပ်ကိုင်ပါလို့ အကြံပေးချင်တယ်၊ အဲဒါဆို ရင် ကုသိုလ်ကံအခြေခံကောင်းလို့ ရွှေထုပ်လက်ထဲရောက်လာပြီးမှ မလုပ်တတ် မကိုင်တတ်လို့ လက်လွှတ်ဆုံးရှုံးသွားရတယ်ဆိုတဲ့ တချို့သော လူငယ်လူရွယ်များရဲ့ ကံကြမ္မာဆိုးမျိုးက မင်းကင်းဝေး လိမ့်မယ်"

ရှိဒန်က မိတ်ဆွေကြီးမာသွန်အား အကြံကောင်း

ဉာဏ်ကောင်းပေးခြင်းအတွက် ကျေးဇူးတင်

စကားဆိုသည်။ မာသွန်က သူမှာကြားချင်သည်များကိုသာ နိဂုံးချုပ်သဘော ထပ်ပြောနေသည်။

“ရှင်ဘုရင့် ဆုတော်လာဘ်တော်ငွေဟာ မင်းကိုသင်ခန်းစာတွေ အများကြီးပေးလိမ့်မယ်၊ ဒီငွေ ကြောင့်မင်းဟာ ဉာဏ်အမြော်အမြင်တွေ အများကြီး တိုးတက်လာလိမ့်မယ်၊ ဘာ့ကြောင့်လဲဆိုတော့ ဒီငွေမပျောက်ပျက်အောင် ထိန်းသိမ်းနိုင်ဘို့အတွက်ကိုပဲ မင်းမှာ သတိဝီရိယတွေအများကြီး ထားဘို့ လိုလာပြီးကိုး၊ ဒီငွေကိုဟိုလိုသုံးလိုက်ချင်၊ ဒီလိုသုံးလိုက်ချင်တဲ့ စိတ်ဓာတ်တွေက ဖျားယောင်းမြူဆွယ် နေလိမ့်မယ်၊ ဘာတွေလုပ်လိုက်ပါလား၊ ဘယ်လုပ်ငန်းမှာ ရင်းနှီးမြုပ်နှံလိုက်ပါလား စသဖြင့် အကြံ ဉာဏ်ပေးတာတွေလည်း အများကြီးကြားရလိမ့်မယ်၊ အကျိုးအမြတ် ကြီးကြီးမားမား ရမယ်ဆိုတဲ့ လုပ်ငန်းပေါင်းများစွာမှာ ပူတွဲးပါဝင်ဖို့ ဖိတ်ခေါ်ကြလိမ့်မယ်၊ အဲဒီအခါမျိုးမှာ ငါ့သေတ္တာထဲက

ပစ္စည်းတွေကိုသတိရ၊ မင်းပိုက်ဆံ မင်းအိတ်ထဲးပြန်ဝင်လာဘို့ မသေချာဘဲနဲ့တော့ တစ်ပြားတစ်ချပ်မှ အထွက်မခံနဲ့၊ အဲ့ဒါပဲ ကြပ်ကြပ်သတိထား နောက်ထပ်ငါ့ဆီက အကြံဉာဏ်လိုချင်တယ်ဆိုရင် အချိန်မရွေးလာခဲ့၊ ငါပေးဘို့ အဆင်သင့်ပဲ၊

“ကဲနောက်ဆုံးအနေနဲ့ မင်းမပြန်ခင် ငါ့သေတ္တာအဖုံးရဲ့ အတွင်းထဲးမှာ ရေးထွင်းထားတဲ့

ဟောဒီစာလေးကို သေသေချာချာဖတ်သွား၊ ဒါမြီးရှင်ရော

မြီးစားများအတွက်ပါ သတိပေးတဲ့စာပဲ၊ “နောက်တကြိီးစွာမရမိစေရန်

ကြိုတင်စဥ်းစားမှု အနည်းငယ်ပြုပါ၊” တဲ့၊

# အခန်း (၇)

## ဘောဘီလုံ၏မဟာတံတိုင်း

ဗန်ဇားက အသက်အတော်ကြီးရင့်လှပြီဖြစ်သည့် စစ်သားကြီးတယောက်ဖြစ်သည်။ ကာယစွမ်း ရည်ပြည့်ဝသည် တစ်ချိန်ကမူ ရှေ့ဆုံးတန်းတွင် အကြမ်းပတမ်း တိုက်ခိုက်နေကျဖြစ်သည်။ သည်က နေ့မှာတော့ နောက်ဖက်နားဆီက အစောင့်စစ်သည်တဦးအဖြစ်သာ သူတာဝန်ထမ်းဆောင်နိုင်တော့ သည်။ သူအစောင့်တာဝန်ကျသည့်နေရာက ဘောဘီလုံမြို့ရိုးတံတိုင်းကြီးပေါ်သို့ စစ်သည်များတက် ရောက်မည့် စကြံလမ်း၏ထိပ်မှာဖြစ်သည်။ မြို့ရိုးထက်ဆီတွင် သူ့ရဲကောင်းစစ်သည်များစွာတို့ တဖက် ခြမ်းမှတက်ရန် နည်းမျိုးစုံကြိုးပမ်းနေသည့် ရန်သူများအား ရှုပ်ရှုပ်ချွံချွံ ခုခံတွန်းလှန်လျှက် ရှိကြ သည်။ ဘောဘီလုံမြို့တော်ကြီး မကျဆုံးမပျက်သုဉ်းရေး၊ ထောင်ပေါင်းများစွာသော မြို့သူမြို့သားတို့၏ အသက်အိုးအိမ် တည်မြဲရေးတို့သည် မြို့ရိုးကြီးပေါ်မှ ကာကွယ်နေသည့် စစ်သည်တို့၏လက်တွင် တည်ရှိနေပေသည်။

မြို့ရိုးတံတိုင်းအပြင်ဘက်ဆီမှ ရန်သူတို့၏ ကြွေးကြော်သံများ

မြင်းစီးစစ်သည်တို့၏ ထောင်း ထောင်းညံ့သော ခွာသံများ၊ ကြေးဝါဖြင့်ပြုလုပ်ထားသည့် မြို့တံခါးကြီးကို ဧရာမသစ်လုံးကြီးများဖြင့် ထိုးဆောင့်တိုက်ဖျက်နေသည့် အသံများကို မြို့သူမြို့သားတို့ ကြောက်မက်ဖွယ် ကြားနေကြရသည်။

မြို့တံခါး၏ အတွင်းဘက်ဆီ၌ လုံကိုင်စစ်သည်တို့ အသင့်စောင့်ဆိုင်းနေကြ၏။ အကယ်၍ တံခါးကြီးပြိုသဖြင့် ရန်သူများ အတင်းတိုးဝင်လာခဲ့သော် ဆီး၍ထိုးနှက်ရန်ဖြစ်သည်။ သို့သော် ဝင်လာမည့်ရန်သူနှင့်စာလျှင် သူတို့၏ဦးရေက အလွန်နည်းပါး၍နေသည်။

လောလောဆယ် ဘောဘီလုံမြို့မှာ စစ်သည်များများစားစားမရှိ။ အဓိကတပ်မကြီးတွေသည် အရှေ့ဘက်ဒေသရှိ ရန်သူတော်အီလန်မိုက်တို့ကိုတိုက်ခိုက်ရန်အတွက် ဘုရင်မင်းမြတ်နှင့်အတူ ချီတက် လိုက်ပါသွားခဲ့ကြသည်။ သည်အချိန်မျိုးတွင် ရန်သူတစ်စုံတစ်ယောက် ဘောဘီလုံကို အလစ်ဝင်ရောက် တိုက်ခိုက်နိုင်သည်ဟု မည်သူမျှမယူဆခဲ့၊ တိုက်ခိုက်နိုင်သူဟုလည်း မည်သူ့ကိုမျှမမြင်ခဲ့။ ထို့ကြောင့် ပင် နေပြည်တော်၌ အစောင့်စစ်သည် အနည်းငယ်သာ ချန်ထားရစ်ခဲ့ခြင်းဖြစ်သည်။ ယခုမထင်မှတ်ပဲ မြောက်ဘက်မှ အဆီးရီးယန်းတို့က အင်ကြီးအားကြီးဖြင့် ထိုးနှက်လာခဲ့ပြီ။ ခိုင်မာသော မြို့ရိုးတံတိုင်း ကြီးကို အားကိုးပြုကာသာ အင်အားနည်းပါးသော ဘောဘီလုံစစ်သည်တို့ မိမိတို့မြို့နိုင်ငံကို ကာကွယ် ကြရတော့မည်။

မြို့တံတိုင်းကြီးသာ ကြံ့ကြံ့မခံနိုင်က သည်ဒေသတစ်ခွင်တစ်ပြင်တွင် အချမ်းသာအကြွယ်ဝဆုံး ပါဟုဆိုသည့် ကြီးကျယ်စည်ကားလှသော ဘောဘီလုံမြို့ကြီး မုချပျက်သုန်း ချုပ်ငြိမ်းရတော့မည်ဖြစ် သည်။

စစ်သည်ကြီးဗန်ဇားအနီးတွင် မြို့သူမြို့သားများ ဝိုင်းဝိုင်းလည်နေသည်။ အားလုံးပင်ထိတ် လန့်တုန်လှုပ်ကာ မျက်နှာတွေ ဖြူဖတ်ဖြူရော်နှင့်။ စစ်ပွဲအခြေအနေ နောက်ဆုံးသတင်းတွေ သူတို့ သိချင်နေကြသည်။ ဒဏ်ရာရသူ ကျဆုံးသူတွေကို စကြံန်အတိုင်း အဆက်မပြတ် သယ်ထုတ်လာနေရ တာ စိတ်ခါတ်ကျဖွယ် သူတို့မြင်နေရသည်။

တိုက်ပွဲက အထွတ်အထိပ်အချိန်ရောက်နေချေပြီ။ အဆီးရီးယန်းတွေသည် မြို့ကိုသုံးရက်တိတိ ဝိုင်းရံထားပြီးသည့်နောက် ယခုမြို့တံခါးနေရာမှ ရွေးချယ်တိုက်ခိုက်ကြခြင်းဖြစ်သည်။ မြို့ရိုးလောက် မြင့်သည့် ငြမ်းစင်ကြီးတွေဆောက်ကာ မြို့ရိုးနား ယှဉ်ပြိုင်ချဉ်းကပ်လာကြ၏။ တချို့က လှေကား ရှည်ကြီးတွေထောင်ကာ ဒလကြမ်းတက်ကြ၏။ မြို့ရိုးပေါ်တက်လာနိုင်ရန် ကြိုးပမ်းသူတွေကို အပေါ်မှ ဆီပူတွေနှင့်လောင်း မြားနှင့်ပစ် လှံနှင့်ထိုး အမျိုးမျိုးခုခံကြ၏။ မြို့ရိုးပေါ်ရှိ ဘောဘီလုံစစ်သည်များဆီ သို့လည်း ထောင်ပေါင်းများစွာသော ရန်သူလေးသည်ကျော်များက ကြောက်မက်ဖွယ် မြားမိုးကြီး အဆက်မပြတ် ရွာချနေ၏။

စစ်သည်ကြီးဗန်ဇားက စစ်ပွဲနောက်ဆုံးအခြေအနေတွေကို
မပြတ်သိရှိနိုင်သည့် အချက်အချာ နေရာမှာရှိနေသည်။
ရန်သူတွေတကြော့တိုက်ပြန်ပြီ၊ ဟော နောက်ဆုတ်သွားပြန်ပြီ စသည်ဖြင့် သူသိ နေရသည်။

ဈေးသည်အဖိုးအိုတယောက် သူ့အနားကပ်လာသည်။ လက်တွေက တုန့်တုန့်ယင်ယင်။ အဘိုး အိုက တောင်းပန်တိုးလျှိုးပြီးမေးသည်။

"ပြောစမ်းပါအုံးကွာ၊ ပြောစမ်းပါအုံး၊ ရန်သူတွေမဝင်နိုင်ဘူး

မဟုတ်လား၊ အဘသားတွေက ဘုရင်မင်းမြတ်နဲ့ပါသွားတယ်၊ အိမ်မှာ အဖွားကြီးတစ်ယောက်တည်း၊ စောင့်ရှောက်မယ့်လူမရှိဘူး၊ ဒီကောင်တွေဝင်လာရင် ဆိုင်ကပစ္စည်းတွေအကုန်ယူမှာ၊ စားစရာ သောက်စရာလည်း တစ်ခုမှချန်မှာမဟုတ်ဘူး၊ အဘတို့ အိုလှပြီကွာ၊ ကိုယ့်ကိုကိုယ် မကာကွယ်နိုင်တော့ဘူး၊ ရန်သူက ကျွန်အဖြစ်ခိုင်းလို့ရတဲ့ အရွယ်လည်းမဟုတ်တော့ဘူး၊ အစာရေစာငတ်ပြီးသေရမှာ၊ ပြောစမ်း ပါအုံးကွာ၊ ဒီကောင်တွေ ဝင်မလာနိုင်ဘူးမဟုတ်လား၊"

"စိတ်အေးအေးထားပါ အဘ၊" ဗန်ဇားကနှစ်သိမ့်သည်။

"ဘေဘီလုံမြို့ရိုးကြီးဟာ သိပ်တောင့် တင်းပါတယ်၊ ဈေးကိုသာ အဘအေးအေးဆေးဆေးပြန်၊ အဘရဲ့ဇနီးကိုလည်းပြော၊ ဘေဘီလုံမြို့ တံတိုင်းကြီးဟာ ဘုရင့်ရွှေနန်းတော်ကြီးကို ကာကွယ်စောင့်ရှောက်သလို အဘတို့ အသက်အိုးအိမ် စည်းစိမ်အားလုံးကိုလည်း ကာကွယ်စောင့်ရှောက်ပေးပါလိမ့်မယ်လို့၊ ကဲ ကိုယ့်နေရာကိုယ် အေးအေး ဆေးဆေးပြန်၊ မြားတွေက ဒီဘက်ထိလည်း ကျော်ပြီးရောက်ရောက်လာတယ်၊ မတော်တဆ မှန်နေဦး မယ်၊ မြို့ရိုးနား ကပ်ပြီးသွား၊"

ကလေးချီထားသည့် မိန်းကလေးတစ်ယောက် ရောက်လာပြန်သည်။

"ဆာဂျင်ကြီး၊ မြို့ရိုးထိပ်က ဘာသတင်းရသလဲရှင်၊ ကျွန်မကိုလည်းပြောစမ်းပါ၊ ကျွန်မ ယောကျ်ားက ဒဏ်ရာပြင်းတော့ အဖျားဝင်ပြီး အိပ်ယာထဲလဲနေတယ်၊ လူကမထနိုင်ပေမယ့် ကျွန်မနဲ့ ကလေးကိုစိတ်မချလို့ လှံပေးပါ ဒိုင်းပေးပါနဲ့ တိုက်မယ်ခိုက်မယ် တကဲကဲလုပ်နေတယ်၊ ရန်သူတွေဝင် လာရင် အကုန်လုံး လုမှာ ယက်မှာ သတ်ပစ်မှာဆိုပြီး ရတက်မအေးနိုင်ဖြစ်နေတယ်၊"

"ဘာမှမပူနဲ့ ကလေးမ၊ မင်းယောကျ်ားနဲ့ ကလေးကိုသာဂရုစိုက်၊ ဘေဘီလုံမြို့တံတိုင်းဟာ ကလေးသူငယ်ရော သက်ကြီးရွယ်အိုပါမကျန် မြို့သူ မြို့သားအားလုံးကို အကာအကွယ်ပေးသွား လိမ့်မယ်၊ ကြည့်စမ်း၊ ဘယ်လောက်မြင့်မားခိုင်ခန့်တဲ့ မြို့ရိုးကြီးလဲ၊ မြို့ရိုးပေါ်က ခုခံကာကွယ်နေတဲ့ စစ်သည်တွေရဲ့ အသံကိုလဲနားစွင့်ကြည့်အုံး၊ လှေကားထောင်ပြီးတက်လာတဲ့ အကောင်တွေကို ဆီပူနဲ့ လောင်းချနေကြတာ၊"

"ဒါပေမယ့် မြို့တံခါးကြီးကို အဒိုင်းဒိုင်းထုနေတဲ့ အသံတွေလည်း ကြားနေရတယ်မဟုတ် လား၊ ဒီတံခါးတွေ ခံနိုင်ပါ့မလား၊"

"မပူနဲ့မိန်းကလေး၊ မင်းယောကျ်ားဆီသာပြန်၊ ဂိတ်တံခါးတွေဟာ သိပ်ခိုင်တယ်၊ တိုင်တုံးကြီး တွေနဲ့ ထုတာဆောင့်တာကို လုံးဝမဖြုန်ဘူးဆိုတဲ့အကြောင်း ပြောပြလိုက်၊ မြို့ရိုးပေါ် ချိတ်တက်လာတဲ့အကောင်တွေလည်း ဆီပူနဲ့လောင်းချ၊ ထိပ်နားထိရောက်လာရင် လှံနဲ့ထိုးချနေတယ်၊ ဒီကောင်တွေ ဘာမှမတတ်နိုင်ဘူးဆိုတာ သူစိတ်အေးအောင်ပြောပြလိုက်၊"

သည့်အခိုက်မြို့ရိုးထိပ်မှာ အင်အားဖြည့်ရန်အတွက်
လက်နက်အပြည့်အစုံနှင့် စစ်သည်အများ ရောက်လာသည်။
သူတို့ချီတက်နိုင်ရန်အတွက် ဗန်ဓားဘေးဘက်ကပ်ကာ
လမ်းဖယ်ပေးလိုက်သည်။

ဒိုင်းလုံလေးမြားတွေနှင့် သူတို့ဖြတ်သန်းသွားနေဆဲ မိန်းကလေးငယ်တစ်ယောက် သူ့ခါးပတ်ကိုလာဆွဲ သည်။

“ဘဘစစ်သားကြီး၊ သမီးတို့ ဘေးရန်ကင်းပါ့မလားဟင်၊ အသံတွေကလည်းဆူညံနေလိုက်တာ ကြောက်စရာကြီး၊ စစ်သားတွေမှာလည်း ဒဏ်ရာတွေနဲ့ သွေးတွေချည်းပဲ၊ သမီးတော့သိပ်ကြောက်နေပြီ၊ သမီးတို့မိသားစုတွေ ဒုက္ခရောက်ကြတော့မလားဟင်၊ သမီးတို့မှာ အမေရယ် မောင်လေးရယ် ပေါက်စ လေးတယောက်ရယ်ပဲရှိတာ၊”

စစ်သားကြီးဗန်ဇား ကလေးမကိုကြည့်ပြီး သနားသွားသည်။

“ဘာမှမပူနဲ့ကလေးရ၊ သမီးတို့ လုံးဝကြောက်စရာမလိုဘူး၊” သူကအားပေးသည်။ “ဘေဘီလုံ ရဲ့ မြို့ရိုးတံတိုင်းကြီးတွေက သမီးတို့မိသားစုကို အကာအကွယ်ပေးသွားလိမ့်မယ်၊ သမီးတို့လို တိုင်းသူပြည်သားလူအများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ဘို့အတွက် ဘုရင်မကြီး ဆယ်မီရာမိ(စ)က ဟိုး နှစ်ပေါင်းတရာကျော်က ဒီမြို့ရိုးကြီးကို အခိုင်အမာတည်ဆောက်ခဲ့တာ၊ ဘယ်တုန်းကမှ ဒီမြို့ရိုးကြီးကို ရန်သူတွေမဖြိုနိုင်ကြဘူး၊ သမီးအမေကိုပြော၊ မောင်လေးရော ပေါက်စလေးကိုပါပြော၊ ဘေဘီလုံမြို့ရိုး ကြီးက သမီးတို့ကို စောင့်ရှောက်ကာကွယ်ပေးထားတယ်၊ သမီးတို့ ဘာမှကြောက်စရာမလိုဘူးလို့၊ ဟုတ်လား၊”

ထို့နောက် နေ့စဉ်ရက်ဆက်ပင် ဗန်ဇားသည် သူတာဝန်ကျရာနေရာ၌ အစောင့်တာဝန်ကို ထမ်းဆောင်နေခဲ့သည်။ သူ့ရှေ့မှဖြတ်ကာ အကူစစ်သည်တွေ စကြံလမ်းအတိုင်း မြို့ရိုးပေါ်သို့ တသုတ် ပြီးတသုတ် တက်သွားကြတာ သူမြင်ရသည်။

မြို့ရိုးပေါ်မှာတိုက်ကြခိုက်ကြပြီး

ဒဏ်ရာနှင့်ဖြစ်စေ

အသက်မပါပဲဖြစ်စေ အောက်သို့ပြန်ရောက်လာကြတာ သူမြင်ရသည်။ သူ့အနီးမှာတော့ မြို့ရိုးကြီး ကြွ ကြွခိုင်ပါ့မလားတွေးပူကာ ရင်တမမဖြစ်နေကြသည့် မြို့သူမြို့သားများက စိုးရိမ်ထိတ်လန့်သော မျက်နှာများဖြင့် မပြတ်ဝိုင်းရံလျှက်ရှိသည်။ သူ့အား တိုက်ရိုက်မေးမြန်းလာသူများကိုမူ သူက ဝါရင့်

စစ်သားတစ်ဦး၏ ရဲရင့်ဝံ့စားသော အမူအယာဖြင့်ပင်
ဘောဘီလုံမြို့ရိုးကြီးသည် ၎င်းတို့အား ကာကွယ်
စောင့်ရှောက်ပေးလိမ့်မည်ဖြစ်ကြောင်း ပြတ်ပြတ်သားသား
ပြောကြားနေခဲ့သည်။

ရက်သတ္တသုံးပတ်နှင့် ငါးရက်တိတိရှိခဲ့ပြီ၊ ထိုးစစ်က တစိုးတစိမျှ လျော့ပါးသွားခြင်းမရှိသေး။ ဗန်ဇားး၏ မျက်နှာအမူအယာက တင်းမာသထက် တင်းမာလာသည်။ သူ့အနီးတဝိုက်ရှိ မြေပြင်မှာ လူပေါင်းများစွာတို့ ဖြတ်သန်းသွားလာမှုကြောင့် ထသောဖုံများ ဒဏ်ရာရစစ်သည်တို့ထံမှ စီးယိုကျ သည့်သွေးများကြောင့် သွေးရွံ့စေးပြင်ကြီးဖြစ်နေပြီ။ အပြင်ဘက်ဆီ၌လည်း နေ့စဉ်ပင် ဘောဘီလုံစစ်သည်တို့ ခုခံတိုက်ခိုက်မှုကြောင့် အတုံးအရုံးကျဆုံးကြသည့် ရန်သူ့အလောင်းတို့မှာ မြို့ရိုးခြေရင်းတွင် စုပုံလျက်ရှိသည်။ ညဘက်ရောက်လျှင် ကျန်ရဲဘော်ရဲဘက်များက သည်အလောင်းတွေကို သယ်ယူကာ မြေမြှုပ်သဂြိုဟ်ကြသည်။

ထိုစတုတ္ထရက်သတ္တပတ်၏ ပဉ္စမညတွင်လည်း ညီနောင်သားချင်းများ အပေါင်းအသင်းရောင်း ရင်းများ၏အလောင်းကို တွင်းတူးမြှုတ်နှံရသည့်ဒုက္ခကြီးက မပြီးဆုံးသေး။

သို့သော် နောက်နေ့မနက် နေအရှဏ်တက်ချိန်၌မူ မြို့တံခါးအနီးတွင် တိတ်ဆိတ်၍နေပြီး၊ ဟိုးအဝေးဆီ၌သာ ဆုတ်ခွါသွားသော ရန်သူတပ်များကြောင့် ထသည့်ဖုန်မှုန့်အလိပ်များကို ထွက်ပြူစ နေခြည်အောက်၌ လှမ်းမြင်ကြရလေသည်။

မြို့ရိုးပေါ်ရှိ စစ်သည်များထံမှ အောင်ပြီဟူ၍တခဲနက် ကြွေးကြော်သံကြီး ပေါ်လာသည်။ ချက်ခြင်းပင် မြို့ရိုးအောက်ဘက်နားရှိ စစ်သည်များလည်း သံတူလိုက်၍ဟစ်ကြွေးကြသည်။ ထိုနောက် တွင်မူ အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာစွာ ဟစ်အော်ကြွေးကြော်ကြသည့်အသံများမှာ မုန်တိုင်း တ‌ေ့လိုက်သည့်ပမာ ဘေဘီလုံတစ်မြို့လုံးသို့ တမုဟုတ်ချင်းပြန့်နှံကာ အုံးအုံးကျွက်ကျွက် ညံ၍သွားလေ သည်။

နေအိမ်များထဲမှ လူတွေပြေးထွက်လာကြသည်။ လမ်းမများပေါ်တွင် သဲသဲရုတ်ရုတ် လူအုပ် တွေနှင့် ပြည့်နှက်သွားသည်။ ရက်သတ္တလေးပတ်ခန့် ကိန်းအောင်းနေခဲ့သော ကြောက်စိတ်များသည် ပျော်သံမြူးသံ ဟစ်အော်သံများအဖြစ် လွင့်ထွက်လာကြသည်။ ဘဲလ်ဗိမာန်တော်ရှိ မျှော်စင်ကြီး၏ ထိပ်မှနေ၍ အောင်ပွဲအထိမ်းအမှတ် မီးလျှံတခုထွက်ပေါ်လာသည်။ မီးတောက်မှထွက်သည့် ပြာလဲ့လဲ့ မီးခိုးတန်းက ကောင်းကင်တွင်ဖြတ်သန်းကာ ဘေဘီလုံ၏ အောင်ပွဲသတင်းကို ဖြန့်ကျက်ပေးပို့နေလေ သည်။

ဘေဘီလုံ၏ မြို့ရိုးတံတိုင်းကြီးကား အလွန်ခွန်အားကြီး၍ ကြောက်မက်ဖွယ်ကောင်းလှသည့် ရန်သူတော်တစ်ယောက်ကို တွန်းလှန်နိုင်ခဲ့ပြန်ပြီတည်း။ ဘေဘီလုံ၏ စည်းစိမ်ဥစ္စာ ရတနာများ သိမ်းပိုက်ခံရမည့် အန္တရာယ်၊ ဘေဘီလုံသူ ဘေဘီလုံသားတို့ လုယက်ဖျက်ဆီးခံရမည့်ဘေးများမှ ကင်းဝေးအောင် ကာကွယ်ပေးခဲ့ပြန်ပြီတည်း။

ဤသို့လျှင် ရာစုနှစ်ပေါင်းများစွာကြာအောင် ဘေဘီလုံသည် ကြံ့ကြံ့ခံနိုင်ခဲ့၏။ အကြောင်း ကား ဘေဘီလုံသည် မိမိကိုယ်ကို ကာကွယ်နိုင်ရန် ဘက်ပေါင်းစုံမှ အပြည့်အစုံ ပြင်ဆင်ထားခဲ့ခြင်း ကြောင့်ဖြစ်၏။ ကာကွယ်ရေးအစီအစဉ်များ အမြော်အမြင်ကြီးစွာ မထားရှိဘဲကား မည်သည့်နည်းနှင့်မျှ ရပ်တည်နိုင်လိမ့်မည်မဟုတ်။

အလားတူပင် လူတိုင်းလူတိုင်း၌လည်း အနာဂတ်တွင် ကြုံတွေ့ရနိုင်သည့် အတိမ်းအစောင်း အပြောင်းအလဲများကို ခုခံကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ကြောင်း ဘောဘီလုံ၏တံတိုင်းများက နမူနာပြလျက်ရှိသည်။

စင်စစ် လူတိုင်း၌ပင် လုံခြုံမှုရှိလိုသောဆန္ဒများ ရှိစမြဲဖြစ်သည်။ ဤသည်မှာ လူသား၏ မွေးရာပါဆန္ဒတစ်ခုဖြစ်သည် ဟုဆိုနိုင်ပါသည်။ သည်ဆန္ဒသည် ရှေးလူများမှာရှိခဲ့သလို ယနေ့ခေတ် လူများ၌လည်း ပြင်းပြင်းပြပြရှိမြဲရှိနေသည်။ ယနေ့ခေတ်လူများမှာ ထူးခြားလာသည်က ဘဝနောင်ရေး

စိတ်အေးရရန်အတွက် လုံခြုံရေးအစီအမံတွေ ရှေးယခင်လူများထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် ချမှတ် လာကြခြင်းဖြစ်သည်။

အသက်အာမခံဆိုတာရှိသည်၊ ဈေးတာစုဆောင်းရေး ဘဏ်တွေရှိသည်၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တွေရှိလာသည်။ မမျှော်လင့်သော ကံကြမ္မာဆိုးတွေ တံခါးပေါက်က အမှတ်မဲ့ဝင်လာကာ အိမ်မှ မခွာတမ်းပေကပ်နေသည့်မျိုး မဖြစ်ရအောင် တားဆီးကာကွယ်နိုင်မည့် နည်းလမ်းအကြံအစည်တွေ ကျွန်တော်တို့မှာ များစွာရှိနေပြီ။ အရေးကြီးသည်က သည်ဟာတွေကို ထိထိရောက်ရောက် အသုံးချဘို့ ပင်။

နောင်ရေးစိတ်အေးလိုသူမှန်သမျှ အနာဂတ်ဘေးရန်များအတွက် ကြိုတင် ကာကွယ်မှုပြုရလိမ့် မည်။ ကြိုတင်ကာကွယ်မှုမရှိဘဲကား မည်သူမျှ ရေရှည်ရပ်တည်နိုင်လိမ့်မည်မဟုတ်။

# အခန်း (၈)

## ဘေဘီလုံမှကုလားအုတ်ကုန်သည်

ဗိုက်ဆာလေလေ ဦးနှောက်ကပိုကြည်လင်လေ
စားကောင်းသောက်ဖွယ် အနံ့တွေကို ပိုပြီး

အာရုံခံစားမိလေပဲ။

အဲသည်လို တာခက်တွေးနေမိသည်။

အဇူးယာ၏သား တာခက်။

တာခက် အလွန်အမင်း ဆာလောင်မွတ်သိပ်နေသည်။ သူအစားမစားရတာ နှစ်ရက်လုံးလုံး ရှိခဲ့ပြီ။ စောစောက ဟိုအိမ်တအိမ် ခြံစည်းရိုးပေါ်ကျော်ပြီး ခိုးဆွတ်ခဲ့တဲ့ သဖန်းသီးနှစ်လုံးကလွဲလျှင် ပေါ့။ နောက်တစ်လုံးခူးမည်အပြု အိမ်ရှင်မိန်းမမြင်ပြီးလှမ်းဆဲသဖြင့် ဒလကြမ်းပြေးခဲ့ရသည်။ ဟိုမိန်းမ က လမ်းထဲးထွက်လိုက်လာသေးသည်။ အသံကျယ်ကျယ်နှင့် တအားကုန်းအော်နေသည့် ထိုမိန်းမ၏

အသံက သူဈေးထဲးရောက်သည်အထိ နားထဲညံနေဆဲဖြစ်သည်။

စင်စစ် သည်ဆဲသံ နာခံခဲ့ရသဖြင့်သာ ဈေးသည်မတွေ၏တောင်းထဲးက သစ်သီးလှလှပပ တွေကို မနှိုက်မိအောင် သူထိန်းထားနိုင်ခြင်းဖြစ်သည်။
ယခုမှပင် ဈေးထဲးမှာ စားသောက်ဖွယ်ရာတွေ

များပြားလှပုံနှင့် အနံ့အသက်တွေ မွှေးပျံ့လှခြင်းကို သူအထူးသတိပြုနေမိတော့သည်။ အဲသည်နောက် ဈေးအနီး စားသောက်ဆိုင်ရှေ့ သူရောက်လာသည်။ အသိအကျွမ်း တစုံတစ်ယောက် တွေ့လိုတွေ့ငြား ခေါက်တုန့်ခေါက်ပြန်လျှောက်သည်။ ကြေးပြားတစ်ပြားလောက် ချေးငှားမည့်သူတွေ့လျှင် ဆိုင်ထဲဝင် သွားမည်။ ကြေးပြားသာပါလျှင် သဘောမကောင်းသည့် အဲသည်ဆိုင်ရှင်က အပြုံးနှင့်ကြိုကာ သူ့ကို ထမင်းပွဲဟင်းပွဲ ချပေးလိမ့်မည်။ ငွေလက်ငင်းမပါလျှင်တော့ ဝင်ဘို့မစဉ်းစားနှင့်။ သည်လူက အင်

မတန်ရိုင်းသည့်ပုဂ္ဂိုလ်။

သည့်လို တွေးတွေးငေးငေးသွားနေဆဲ သူမတွေ့ချင်ဆုံး ပုဂ္ဂိုလ်တယောက်နှင့် တည့်တည့် ကြီးတိုးသည်။ ကုလားအုတ်ကုန်သည် ဒါဗာဆား။ အရပ်ရှည်ရှည် အရိုးအဆစ်ကြီးကြီးနှင့်ပုဂ္ဂိုလ်။ တာခက် ပိုက်ဆံအနည်းအပါးစီ ချေးငှားသုံးစွဲဘူးသော အသိမိတ်ဆွေ အတော်များများရှိသည့်အနက် ဒါဗာဆားက မလွယ်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။ သူ့ပိုက်ဆံကို ကတိအတိုင်း ပြန်မဆပ်သေးသည့်ကိစ္စ အတွက် ဒါဗာဆားနှင့်တွေ့တိုင်း တာခက်အပြောအဆိုခံနေရသည်။ တဖက်သားစိတ်ညစ်အောင် အလွန်

နှိပ်စက်တတ်သည့်ပုဂ္ဂိုလ်။

ဒါဗာဆားမျက်နှာကတော့ သူ့ကိုမြင်သည်နှင့် လင်း၍သွားသည်။ "ဟား၊ တာခက်ပါလား ကွ၊ ငါလိုက်ရှာနေတဲ့ပုဂ္ဂိုလ်ပဲ၊ ပြီးခဲ့တဲ့လတုန်းက ကြေးနီပြားနှစ်ပြား၊ ဒီအရင်က ငွေဒင်္ဂါးတပြား ချေး သွားတဲ့ပုဂ္ဂိုလ်၊ တကယ့်ကိုအဆင်သင့်ပဲကွာ၊ အဲဒီပိုက်ဆံတွေ ဒီနေ့ပြန်ရရင် အဘိုးတန်တာပဲ၊ သုံးစရာ

လေးတွေ ရှိနေတယ်ကွ၊ ဘယ်လိုလဲကိုယ့်လူ၊ ဘယ်လိုလဲ၊"

တာခက် အကြီးအကျယ်ရက်ကာ မျက်နှာကြီးနီမြန်းသွားသည်။ သူဘာပြန်ပြောရမှန်းမသိ။ အထူးသဖြင့် ဗိုက်ထဲမှာ အစာမရှိသည့် ယခုလိုအချိန်မျိုးတွင် စကားသွက်လှသူ ဒါဗာဆားနှင့် အချေ

အတင်ပြောနိုင်စွမ်း သူ့မှာလုံးဝမရှိ။

"ဆောရီးပဲဗျာ၊ ကျွန်တော်တောင်းပန်ပါတယ်" ဟူ၍ပဲ လေသံပျော့ပျော့နှင့် သူပြောမိသည်။

“ဒီနေ့တော့ ကျွန်တော့်အိတ်ထဲ ကြေးနီပြားလည်းမရှိလို့ ကျွန်တော် မပေးနိုင်သေးပါဘူးဗျာ၊”

“မရှိရင်လည်း ရှိအောင်လုပ်ပေါ့ကွာ၊” ဒါဗာဆားက လျှော့မပေး။ “ကြေးနီပြားနှစ်ပြား ငွေဒင်္ဂါးတပြားလောက်ကတော့ ရအောင်ရှာရင် ရတာပေါ့ကွာ၊ ရှာပြီးရင် သူများဆီက ချေးထားတာ ပြန်ဆပ်ပေါ့၊ ကိုယ့်အဖေရဲ့ မိတ်ဆွေလည်းဖြစ်၊ ကိုယ်အလိုရှိချိန်မှာ ရက်ရက်ရောရော သဘောကောင်း

ကောင်းနဲ့ ကူညီထားတဲ့လူတယောက်ကို ကိုယ့်ဘက်က

ပြန်သိတတ်ရမှာပေါ့၊”

“ကုသိုလ်ကံက တချက်ကလေးမှ မျက်နှာသာမပေးတော့ ကျွန်တော်ဘက်က ဘယ်လိုလုပ်

ပြန်သိတတ်နိုင်မလဲဗျာ၊”

“ဟ၊ ကုသိုလ်ကံကို လွှဲမချနဲ့လေကွာ၊ ကိုယ့်ချို့ယွင်းချက်ကြောင့် ဖြစ်တဲ့ကိစ္စကို မဆိုင် တာသွားအပြစ်ဖို့မနေပါနဲ့၊ ချေးပြီးသားပိုက်ဆံ ပြန်မဆပ်ဘဲ နောက်ထပ်ချေးဘို့ ငှားဘို့ပဲ၊ အာရုံစိုက် နေတဲ့လူနောက်ကို ကံကောင်းတွေ ဘယ်တော့မှမလာဘူး၊ ကံကြမ္မာဆိုးတွေပဲ တကောက်ကောက်လိုက်

နေလိမ့်မယ်၊ ကဲ၊ ကဲ၊ လာစမ်းပါ ကိုယ့်လူ၊ ငါဗိုက်ဆာနေပြီ၊ တခုခုစားရင်း
မင်းကို ပုံပြင်တပုဒ်

ငါပြောပြမယ်၊”

အားမနာပါးမနာ အပြောအဆိုခံရခြင်းအတွက် တာခက် အတော်ကြီး
အခံရခက်နေသည်။ သို့သော် သူသိပ်ဝင်ချင်နေသည့်
စားသောက်ဆိုင်ထဲလိုက်ပါရန် ဖိတ်ခေါ်ခံရသည်ဆိုတော့ တော်ပေ

သေးသည်ဟု ဆိုရမည်ပေါ့။

ဒါဗာဆားက သူ့အား ဆိုင်ခန်းထောင့်တနေရာသို့ ခေါ်သွားသည်။
အဲသည်မှာ ကော်ဇော

ငယ်ကလေးကိုယ်စီနှင့် သူတို့ထိုင်နေကြသည်။

ဆိုင်ရှင် ကောက်စကော ပြုံးရွှင်စွာဖြင့်ရောက်လာသည်။ ဒါဗာဆားကတော့
ထုံးစံအတိုင်း ရင်းရင်းနှီးနှီး အားမနာပါးမနာပင် နှုတ်ဆက်သည်။ “ဟေ့
ကန္တာရဖွတ်ကြီး၊ ငါ့အတွက် ဆိတ်ခြေ ထောက်တချောင်းယူခဲ့ကွာ၊
အသားများများ အဆီများများ၊ ပြီးတော့ပေါင်မုန့်ပေး၊ အသီးအရွက်ရှိသမျှ
အစုံချ၊ ဆာလှပြီကွ၊ ကောင်းကောင်းစားပစ်မယ်၊ ဟောဒီက
ငါ့မိတ်ဆွေဘို့လည်း မမေ့နဲ့၊ သူ့အတွက်

ရေတစ်ချိုင့်ယူခဲ့၊ အေးပစေကွနော်၊ ရာသီဥတုက သိပ်ပူတာ၊”

တာခက် စိတ်ဓါတ်ကျသွားသည်။
သူဆိတ်ခြေထောက်တစ်ချောင်းလုံး ထိုင်စားနေသည်ကို

ကိုယ်ကရေသောက်ပြီး ထိုင်ကြည့်နေရမည့်အဖြစ်။

ဘာစကားမျှ သူမဆိုနိုင်။ ဆိုစရာစကားလည်း သူ့မှာမရှိ။

ဒါဗာဆားကတော့ နည်းနည်းလေးမျှပင် နှုတ်ဆိတ်နေတတ်သူမျိုးမဟုတ်။
ဆိုင်ထဲမှာရှိနှင့် သည့် အခြားစားသောက်သူများကို ပြုံးကာရယ်ကာ
လက်ဖေ့ယမ်းကာဖြင့် ပြောဆိုနုတ်ဆက်နေသည်။

သူနှင့်မသိသူဟူ၍လည်း မရှိသလောက်ပင်။

အဲသည်နောက် တာခက်ကို စကားပြန်စသည်။

"အုရ်ဖာဘက်က ပြန်ရောက်လာတဲ့ ခရီးသည်တစ်ယောက်ပြောတာ ငါကြားရတယ်၊ အဲဒီက သူဌေးတယောက်အိမ်မှာ ထူးခြားတဲ့ကျောက်တမျိုးကို ပါးပါးလွှာလွှာလေးဖြစ်အောင် လှီးပြီးအိမ်ပြတင်း ပေါက်မှာ အချပ်လိုက်ကပ်ထားတာ သူတွေ့ခဲ့တယ်တဲ့၊ မိုးရွာတဲ့အခါ အိမ်ထဲးမိုးမပက်အောင်ပေါ့ကွာ၊ ဒီကျောက်ချပ်က အပြင်ကိုလည်း ထွင်းဖောက်ပြီး မြင်နိုင်တယ်တဲ့၊ ဒါပေမယ့် သူ့အရောင်က အဝါ ရောင်ဖြစ်နေတော့ ဒီပြတင်းပေါက်က အပြင်ကိုလှမ်းကြည့်လိုက်ရင် မြင်ရပုံက တကယ့်ပကတိအရှိနဲ့ မတူဘဲ တစ်မျိုးကြီးဖြစ်နေတယ်တဲ့၊ အဲဒါ မင်းဘယ်လိုမြင်သလဲတာခက်၊ လူတစ်ယောက်ရဲ့မျက်စိမှာ

ကမ္ဘာလောကကြီးဟာ သူ့သဘာဝအတိုင်းမရှိဘဲ တစ်မျိုးတစ်မည်

ဖြစ်နေနိုင်သလား၊"

“ဖြစ်နိုင်တာပေါ့၊” တာခက်ကဖြေသည်။ သို့သော် မေး၍သာဖြေရသည်၊ သူ့အာရုံက ဒါဗာ ဆား၏စကားထက် သူ့ရှေ့မှာချထားသည့် အဆီများအသားများသော ဆိတ်ခြေထောက် ထွားထွားကြီး

ပေါ်မှာ ပို၍စူးစိုက်နေသည်။

“မှန်တယ် တာခက်၊ ဘာကြောင့်ဒီလို ပြောနိုင်သလဲဆိုတော့ ငါကိုယ်တိုင် ကမ္ဘာလောက ကြီးကို သူ့အရှိအမှန်မဟုတ်တဲ့ အရောင်အသွေးပေါင်းစုံနဲ့ ကြည့်ခဲ့မြင်ခဲ့ဘူးလို့ပဲ၊ ငါအခုပြောမှာက

ပထမဆုံးအကြိမ် အသွေးအရောင်အမှန်အကန်နဲ့ ပြန်မြင်မိလာခဲ့တဲ့ ငါ့ရဲ့

ကိုယ်တွေ့ဇာတ်လမ်းပုံပြင်၊”

“ဒါဗာဆားပုံပြောမလို့တဲ့၊” နားစွန်နားဖျား ကြားသူတစ်ယောက်က သူ့အနီးရှိ ပုဂ္ဂိုလ်အား တီးတိုးပြောဆိုသည်။ သူတို့ ကော်ဇောတွေရွှေ့လာကြသည်။ တခြားစားသောက်နေသူ များလည်းကြား သိကာ ဒါဗာဆားအနီးမှာ စက်ဝိုင်းခြမ်းပုံ ဝန်းရံလာသည်။ သူတို့ဆီက စားသံဝါးသံတွေ တာခက် နားမှာ ဆူညံနေသည်။ ဆိတ်ခြေထောက်တွေ ဆိတ်ပေါင်တွေ သူ့အနီးမှာ ဖေ့ကာယမ်းကာရှိနေသည်။ သူတစ်ယောက်တည်းသာ စားစရာမရှိ။ ဒါဗာဆားကလည်း နည်းနည်းစားပါဟူ၍ တစ်ခွန်းမျှမပြော။

သူဖွဲ့၍ပွဲကျသည့် ပေါင်မုန့်စကိုပင် မေးငေ့မပြ။

“ငါ အခုပြောမယ့်ပုံပြင်က၊” ဟူ၍ အစချီလိုက်ပြီးနောက် ဒါဗာဆားက ဆိတ်ပေါင်ကို တကိုက် ကိုက်သည်။ “ငါ့ဘဝ စောစောပိုင်းနဲ့ဆိုင်တယ်၊ ငါကုလားအုတ်ကုန်သည်တယောက်ဖြစ်လာ ခဲ့ပုံအကြောင်း ဆိုပါတော့ကွာ၊ ငါဟာတခါတုန်းက ဆီးရီးယားမှာ ကျွန်တယောက် ဖြစ်ခဲ့ဘူးတယ်ကွ၊

အဲဒါ မင်းတို့ကြားဘူးကြသလား၊”

အံ့အားသင့်သည့်အသံများ ပရိတ်သတ်ကြားတွင် ပြန့်ပွားသွားသည်။ သည်အသံတွေနား

ထောင်ပြီး ဒါဗာဆားက ကျေနပ်ဟန်ဖြင့် ခေါင်းတညိတ်ညိတ်

လုပ်နေသည်။

"ငါငယ်ငယ်တုန်းက" ဒါဗာဆားက ဆိတ်ပေါင်ကိုနောက်တကိုက် ကိုက်လိုက်ပြီး သူ့စကား ကိုဆက်သည်။ "ငါ့အဖေရဲ့ လုပ်ငန်းကိုသင်တယ်၊ ကုန်းနီးတွေ လုပ်တဲ့လုပ်ငန်းပေါ့ကွာ၊ အဖေ့အလုပ် ကို ဝင်ကူလုပ်ရင်းနဲ့ အိမ်ထောင်ကျတယ်၊ လူကငယ်သေးတယ် လုပ်ငန်းပိုင်းမှာလည်း သိပ်ကျွမ်းကျင် တာမဟုတ်တော့ ဝင်ငွေကများများမရဘူးပေါ့၊ မိန်းမနဲ့ အသင့်အတင့် နေနိုင်စားနိုင်ရုံလောက်ပဲရတယ်၊ ဒါပေမယ့် လူကအကောင်းကြိုက်တယ်၊ ကောင်းတာတွေလိုချင်တယ်၊ ကိုယ့်ဝင်ငွေနဲ့ အလှမ်းမမှီတဲ့ဟာ တွေ၊ အဲဒီအချိန်မှာ ဒီလိုကောင်မျိုးကို အားပေးအားမြှောက်လုပ်တဲ့ဈေးသည်တွေနဲ့ သွားတွေ့တယ်၊ လက်ငင်းမပေးနိုင်လည်း ကိစ္စမရှိဘူး၊ ယူသွား၊ နောက်မှပေး၊ အဲဒါမျိုးတွေ၊ လူကငယ်တယ် အတွေ့ အကြုံကလည်း မရှိဘူးဆိုတော့ အကြွေးရတိုင်းယူတာ ကိုယ့်ဝင်ငွေထက် ပိုသုံးတာဟာ မွဲဆေးဖော်တာ၊ နောင်တစ်နေ့ ဒုက္ခလှလှကြီးရောက်ဖို့ကိစ္စကို ဖန်တီးနေတာဆိုတဲ့အကြောင်း ငါသဘောမပေါက်ခဲ့ဘူး၊ ဝတ်ကောင်းစားလှမြင်ရင်ဝယ်၊ ဇိမ်ခံပစ္စည်းတွေ အိမ်အတွက် မိန်းမအတွက်ဝယ်၊ အကုန်လုံး အကြွေး

နဲ့ချည်းပေါ့လေ၊"

“အစပိုင်းတော့ ဟုတ်နေသေးတယ်၊ ဟိုလူ့ကြွေးလေး ဖွဲ့ပေးလိုက်၊ ဒီလူ့ကြွေးလေး ဖွဲ့ဆပ် လိုက်၊ နောက်ကျတော့ ကြွေးကတဖြည်းဖြည်း ပတ်ချာလည်လာပြီ၊ ကိုယ်ရတဲ့ဝင်ငွေက ကြွေးတွေသာ နှံအောင်ဆပ်နေရင် တပြားမှ ကျန်မှာမဟုတ်ဘူး၊ လက်ငင်း စားရေးနေရေးက ရှိသေးတယ်၊ အဲဒီတော့ ကြွေးရှင်တွေကို ရှောင်လာရတယ်၊ သူတို့ကလည်းကိုယ့်နောက်လိုက်၊ တဂျီဂျီတောင်း၊ စိတ်ညစ်စရာ ဖြစ်လာတယ်၊ ဆိုင်ကြွေးတွေမပေးနိုင်တော့ သူငယ်ချင်းတွေဆီကချေး၊ သူတို့ကြွေးတွေလည်းမဆပ်နိုင်၊ မုန့်လုံးစက္ကူကပ်ဖြစ်ပြီး ပြဿနာက ပိုဆိုးလာတယ်၊ အခြေအနေမသာယာတော့ မိန်းမက သူ့အဖေ အိမ်ပြန်ပြေးတယ်၊ ငါလည်းတယောက်တည်း ကြွေးပတ်လည်ဝိုင်နေတဲ့အကောင်ဖြစ်လာတော့၊ ကဲ– တရွာမပြောင်း သူကောင်းမဖြစ်ဘူးဆိုပြီး ဘေဘီလုံကခွာဘို့ ဆုံးဖြတ်တယ်၊ တခြားမြို့မှာ ကြီးပွား

အောင်ကြံမယ်ပေါ့၊

“အဲဒီနောက် နှစ်နှစ်လုံးလုံး ငါဟာ ဝန်တင်ကုလားအုတ်တွေနဲ့ ခရီးလှည့်လည် ကုန်သွယ် ကြတဲ့ပုဂ္ဂိုလ်တွေဆီမှာ အလုပ်လုပ်ခဲ့တယ်၊ ခြေသလုံးအိမ်တိုင်ဘဝ အောင်မြင်မှုလည်း လုံးဝကင်းမဲ့ခဲ့ တဲ့ဘဝပေါ့၊ ဒီဘဝကိုငြီးငွေ့တော့ ဒီထက်ဆိုးတဲ့ဘဝထဲ ငါရောက်သွားပြန်တယ်၊ ဓါးပြဖြစ်သွားတာ၊

သဲကန္တာရထဲ လက်နက်မပါဘဲ ဖြတ်သန်းမိတဲ့ ကုန်သည်

ကုလားအုတ်တန်းတွေကို ဟိုနေရာ

ဒီနေရာတွေက စောင့်ပြီးလုယက်ကြတဲ့ တောပုန်းခပြေအုပ်စုတစုထဲ ငါရောက်သွားတာ၊ ငါ့အဖေသာသိ ရင် ခေါင်းမဖော်ရဲအောင် ရှက်မိမဲ့အလုပ်မျိုးပေါ့၊ ဒါပေမယ့် ငါကတော့ အဲ့ဒီအချိန်မှာ လောကကြီးကို အရောင်ပါတဲ့မှန်နောက်က ကြည့်နေရတာဖြစ်လေတော့ အမှန်အတိုင်း မမြင်ဘူး၊ ကိုယ့်ဘဝဘယ်

လောက်အထိ ပျက်စီးကျဆင်းနေသလဲ မသိနိုင်ခဲ့ဘူး။

“ဓါးပြတိုက်ကြတော့ ပထမအကြိမ်မှာ အတော်လေးပွတယ်၊ ရွှေဒင်္ဂါးတွေ ပိုးထည်တွေ တခြားအဖိုးတန်ကုန်ပစ္စည်းတွေ အများကြီးရတယ်၊ တိုက်ရာပါပစ္စည်းတွေ ဂျီနီယာမြို့ကို သယ်ပြီး ထုခွဲရောင်းတယ်၊ ရသမျှပိုက်ဆံကို ဝေစုခွဲပြီး သုံးကြဖြုန်းကြတယ်၊ ငွေကုန်တော့

နောက်တကြိမ် တိုက်တယ်၊ ဒါပေမယ့် ဒုတိယအကြိမ်မှာ ကံမကောင်းဘူး၊ တိုက်ပြီး လုပြီးတဲ့အချိန်မှာ ကိုယ့်ထက် အင်အားကြီးတဲ့ အုပ်စုကြီးတစု ဓါးလှံလေးမြားတွေနဲ့ရောက်လာတယ်၊ ဒီလူတွေက တို့တိုက်တဲ့နယ်မြေ က ဒေသခံတိုင်းရင်းသားအုပ်စု၊ ကုန်သည်တွေက သူတို့ကိုကာကွယ်စောင့်ရှောက်ဘို့ အခကြေးငွေပေး ပြီးငှါးထားတာ၊ အဲဒီကာကွယ်ရေးအုပ်စုလက်မှာ တို့ခေါင်းဆောင်နှစ်ယောက် အသတ်ခံရတယ်၊

ကျန်တဲ့တို့အားလုံးကိုတော့ ဒမတ်စကပ်ကိုခေါ်သွားပြီး အဲဒီမှာ ကျွန်အဖြစ်နဲ့

လေလံပစ်ရောင်းတယ်၊

"ငါ့ကို ဆီးရီးယားလူမျိုး သဲကန္တာရဒေသလူမျိုးစု ခေါင်းဆောင်တယောက်က ငွေဒင်္ဂါး နှစ်ပြားနဲ့ဝယ်တယ်၊ ဆံပင်ကို ခေါင်းတုံးရိတ်လိုက်ပြီး ဝတ်စရာနံငယ်ပိုင်းတခုပဲ ပေးထားတယ်၊ တခြားကျွန်ပေါင်းများစွာနည်းတူပေါ့၊ အဲဒီအချိန်အထိ ငါသိပ်မဖြုန်သေးဘူး၊ တနေ့ကျပြန်လွတ်မှာပဲ လောလောဆယ် တွေ့သမျှကြုံသမျှဟာ ဘဝစွန့်စားခန်းတွေ၊ နောင်တနေ့ ပြန်ပြောလို့ကောင်းမယ့် အတွေ့အကြုံတွေ၊ ဒီလိုပဲသဘောထားတယ်၊ ငါ့သခင်က ငါ့ကိုသူ့မိန်းမလေးယောက်ဆီ ခေါ်သွားပြီး၊ ဟောဒီမှာ ကျွန်တယောက်ငါဝယ်လာတယ်၊ နင်တို့လိုချင်တယ်ဆိုရင် ဒီကောင့်ကို သင်းကွပ်ပြီးပေး

ထားမယ်လို့ပြောတော့မှ ငါအကြီးအကျယ် ချောက်ချားသွားတယ်၊

"ဟာ–ငါ့ဘဝတော့ တကယ့်ကိုတွင်းဆုံးထဲကျပြီလို့ တွေးလိုက်မိတယ်၊ အဲဒီသဲကန္တာရသား တွေက အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့လူတွေ၊ ငါ့မှာ ခုခံစရာလက်နက်မရှိ၊ လွတ်မြောက်စရာ လမ်းလဲမရှိ၊ သူတို့လုပ်သမျှခံရမယ့် အခြေအနေဖြစ်နေတယ်၊ ကြောက်ကြောက်နဲ့ငါဒီမိန်းမလေးယောက် အရိပ်အကဲကို ကြည့်တယ်၊ ကြင်နာသနားမယ့်လက္ခဏာများ တစွန်းတစတွေ့ရလေမလားပေါ့၊ မယား ကြီးဖြစ်တဲ့ ဆီရာဆိုတာက ကျန်တာတွေထက် နည်းနည်းအသက်ကြီးတယ်၊ ငါ့ကိုကြည့်တဲ့ သူ့မျက်နှာမှာ ဘာခံစားမှုမှ မမြင်ရဘူး၊ မျှော်လင့်ချက်ကင်းစွာနဲ့ သူ့ဆီကခွာပြီး နောက်တယောက်ကို ကြည့်တယ်၊ မိန်းမက အတော်ချောတယ်၊ ဒါပေမယ့် တကယ့်မာနအတုံးအခဲပုံမျိုး၊ ငါ့ကိုခွေးတကောင် ကြောင်တကောင်လောက်တောင် စိတ်ဝင်စားပုံမပြဘူး၊ အငယ်မနှစ်ယောက်ကတော့ မျောက်ပွဲကြည့်

နေရသလို ခိုးခိုးခစ်ခစ်နဲ့၊

"အဲဒီမှာ စီရင်ချက်ကိုစောင့်စားနေရတဲ့ အချိန်ပိုင်းကလေးဟာ တကမ္ဘာလောက်ကြာတယ် ထင်ရတယ်၊ မိန်းမတွေက ဆုံးဖြတ်ချက်ချဘို့ကိစ္စ တယောက်ကိုတယောက် လွှဲနေကြတယ်၊ နောက်

ဆုံးတော့ ဆီရာဆိုတဲ့မိန်းမက အေးစက်စက်လေသံနဲ့ပြောတယ်၊

" 'သင်ကွပ်တွေက ကျွန်မတို့ဆီမှာ အများကြီးရှိနေပြီပဲ၊ ကုလားအုတ်ထိန်းသမားသာလိုနေ တာ၊ ရှိတာတွေက တယောက်မှ အသုံးမကျဘူး၊ ဒီနေ့ပဲ ကျွန်မအမေနေမကောင်းလို့ သွားမလို့ဟာ ကုလားအုတ်ထိန်းဘို့အတွက် ဘယ်ကျွန်တယောက်မှ အားကိုမရလို့ စိတ်ညစ်နေတယ်၊ သူ့ကိုမေးကြည့် စမ်းပါ၊ ကုလားအုတ် ကောင်းကောင်းကိုင်တတ်သလားလို့' ဆိုတော့ သခင်ကငါ့ကိုမေးတယ်၊ 'မင်း

ကုလားအုတ် ကိုင်တတ်သလား' တဲ့၊

"ငါ အကြီးအကျယ်ဝမ်းသာသွားတာကို ဖုံးဖိပြီးဖြေရတယ်၊ 'ဟုတ်ကဲ့၊ ကျွန်တော် ကုလား အုတ်ကို ဒူးထောက်ခိုင်းတတ်ပါတယ်၊ ဝန်တင်ဝန်ချလုပ်တတ်တယ်၊ ခရီးရှည်သွားရင်လည်း အရမ်း မပင်ပန်းအောင် ထိန်းခေါ်သွားတတ်ပါတယ်၊ လိုအပ်ရင် ကုန်နှီးတို့ ကကြိုးတန်ဆာတို့ကိုလည်း ပြင် ပေးနိုင်ပါတယ်' ဆိုတော့ ငါ့သခင်က 'ဒီကောင်မဆိုးဘူးဆီရာ၊ စကားလည်းရှင်းအောင်ပြောတတ်

တယ်၊ ကဲမင်းလိုချင်ရင် ဒီကောင့်ကိုကုလားအုတ်ထိန်းဖို့ယူလိုက်၊’ လို့

အမိန့်တော်မြွတ်ချမှတ်တယ်၊

“ဒါနဲ့ ဆီရာ့လက်ထဲရောက်တယ်၊ အဲ့ဒီနေ့ပဲ နေမကောင်းတဲ့ သူ့အမေဆီသွားတဲ့အခါ သူ့ကုလားအုတ်ကို ရှေ့ကကြိုးဆွဲပြီး လိုက်ပို့ရတယ်၊ လမ်းမှာ သူ့ကိုငါပြောပြတယ်၊ သူကယ်ဆယ် လိုက်တဲ့အတွက် ကျေးဇူးတင်တဲ့အကြောင်း၊ ငါကမွေးရာပါ ကျွန်မဟုတ်ဘူး၊ လွတ်လပ်သူတယောက် က မွေးဖွားခဲ့သူဖြစ်တဲ့အကြောင်း၊ ငါ့အဖေဟာ ဘေဘီလုံမှာ ဂုဏ်သရေရှိတဲ့ ကုန်းနှီးလုပ်ငန်းရှင်တယောက်ဖြစ်ကြောင်းတွေ ပြည့်ပြည့်စုံစုံ ပြောလိုက်တယ်၊ ဒါတွေနားထောင်ပြီး သူပြန်ပြောလိုက်တဲ့ မှတ်ချက်စကားကြားရတော့ ငါအတော်ကြီး ဒုက္ခရောက်သွားတယ်၊ သူ့စကားတွေက ငါ့အတွက် တကယ်အလေးအနက် စဉ်းစားရမယ့်ဟာတွေဖြစ်နေတယ်၊ တကယ့်ကို အတွေးအခေါ် ပြည့်ဝတဲ့

စကားတွေ၊

“ ‘မင်းမှာရှိတဲ့ ချို့ယွင်းအားနည်းချက်တွေကြောင့် ဒီဘဝအထိ မင်းရောက်လာခဲ့တာမဟုတ် လား၊ အဲဒီတော့ မင်းကိုယ်မင်း နဂိုတုန်းက လွတ်လပ်သူပါလို့ ဘယ်လိုပြောနိုင်ပါ့မလဲ’ တဲ့။ ‘လူတစ်ယောက်ရဲ့ ဝိညာဉ်ထဲ အတွင်းသဏ္ဌာန်ထဲမှာ ကျွန်စိတ်စွဲးကပ်ပါလာခဲ့ရင် အဲဒီလူဟာ ကျွန်က မွေးမွေး သခင်ကမွေးမွေး တနေ့မှာ ကျွန်ဘဝကျရောက်မှာပဲ၊ စိတ်ဓါတ်က အဆင့်အတန်းနိမ့်တော့ လူကိုယ်တိုင်လည်း နိမ့်တဲ့အဆင့်ဆီ လျှောဆင်းသွားတာ၊ လွတ်လပ်တဲ့စိတ် သခင်စိတ် ပြည့်ဝ ထက်သန်တဲ့လူကျတော့ ဘယ်လိုဒုက္ခအခက်အခဲတွေ ကံကြမ္မာဆိုးတွေ ကြုံရပါစေ၊ သူ့မြို့သူ့ရွာမှာ

ဂုဏ်သရေရှိသူတဦးအဆင့် ရောက်အောင် တက်လာမှာပဲ’ တဲ့၊

သူပြောခဲ့တယ်၊

“ဒီလိုနဲ့ တနှစ်ကျော်လောက် ငါကျွန်ဘဝမှာကျင်လည်ခဲ့ရတယ်၊ ဒါပေမယ့် ကျွန်တွေကြား မှာသာနေတယ်၊ သူတို့နဲ့ တသားတည်းမဖြစ်ခဲ့ဘူး၊ တနေ့ဆီရာကငါ့ကိုမေးတယ်၊ ‘ညနေပိုင်း အလုပ် အားတဲ့အချိန် တခြားကျွန်တွေအချင်းချင်း ရောရောနှောနှော ပျော်ပျော်ပါးပါးနေကြတယ်၊ မင်းက ဘာ

ကြောင့်တဲထဲမှာ တစ်ယောက်တည်း ထိုင်နေရတာလဲ’ တဲ့

“ငါကပြန်ဖြေတယ်၊ ‘ကျွန်တော်ခင်ဗျားပြောတဲ့စကားတွေ စဉ်းစားနေတာပါ၊
အကယ်၍ ကျွန်တော့်မှာ ကျွန်စိတ်ရှိခဲ့ရင် ကျွန်တွေနဲ့
ရောရောနှောနှောနေမိမှာပေါ့၊ အခု ကျွန်တော် မနေနိုင်ဘူး၊

ဒါကြောင့် သီးခြားခွဲထိုင်နေရတာ၊’ ဆိုတော့၊

“ ‘ငါလည်းတသီးတခြားသမားပဲ’ တဲ့၊

သူကတီးတိုးဖွင့်ပြောတယ်၊

‘ငါမိဘကချမ်းသာ

တယ်၊ ငါ့အတွက် မင်္ဂလာခန်းဝင်ပစ္စည်း အများကြီးပေးနိုင်တယ်၊ ဒီယောကျ်ားက ငါ့ကိုယူတာချစ်လို့ မဟုတ်ဘူး၊ ပစ္စည်းမက်လို့ယူတာ၊ မိန်းမဆိုတာ ယောကျ်ားရဲ့ ချစ်ခင်နှစ်သက်မှုကို လိုချင်တာပဲ၊ အခုငါ့မှာ ယောကျ်ားရဲ့မေတ္တာကိုလည်းမရဘူး၊ သားသမီးလဲ မထွန်းကားဘူးဆိုတော့ ငါလည်းမင်းလို တယောက်တည်းသမားဖြစ်နေတယ်၊ ဒါပေမယ့်

ငါသာယောကျ်ားတယောက် ဖြစ်မယ်ဆိုရင်တော့

အသေသာခံချင်ခံသွားမယ်၊ မင်းလိုတော့ ကျွန်ဘ၀မှာ နေနေမှာမဟုတ်ဘူး၊'

လို့ဆိုတယ်၊

"'အခုလောလောဆယ် ခင်ဗျားကျွန်တော့်ကို ဘယ်လိုမြင်သလဲ၊ ကျွန်တော့်မှာ လွတ်လပ် သူတယောက်ရဲ့ စိတ်ထားမျိုးရှိသလား၊ ဒါမှမဟုတ် ကျွန်တယောက်ရဲ့ စိတ်ထားမျိုး ရှိနေသလား'

ငါကောက်မေးလိုက်တော့၊

"သူက မေးခွန်းနဲ့ပဲ ပြန်တုန့်ပြန်တယ်၊ 'ဘေဘီလုံမှာ မင်းတင်ခဲ့တဲ့အကြွေးတွေကို မှန်မှန်

ကန်ကန် ပြန်ဆပ်ချင်တဲ့စိတ် မင်းမှာရှိသလား' တဲ့၊

"'ဆပ်ချင်ပါတယ်၊ ဒါပေမယ့် ဆပ်မှမဆပ်နိုင်တာ' ဆိုတော့ သူက "ပြန်ဆပ်ချင်တယ်လို့ မင်းဆိုတယ်၊ ဒါပေမယ့် တကယ်တမ်းထိထိရောက်ရောက်မကြိုး စားဘူး၊ ဒါကြောင့်မို့ နှစ်ကာလတွေသာ ကုန်ခဲ့ပြီး မဆပ်နိုင်ခဲ့ဘူးဆိုတော့ မင်းမှာသခင်စိတ် ရှိတယ် ဘယ်ပြောနိုင်ပါ့မလဲ၊ ကျွန်ဖြစ်မယ့်စိတ်မျိုးပဲ မွေးထားတယ်လို့ ဆိုရမှာပေါ့၊ မင်းမှာ ကိုယ့်ကိုကိုယ်

လေးစားမှုမှမရှိတာ၊ ကိုယ့်ကတိသစ္စာကို ကိုယ်တန်ဖိုးထားတဲ့စိတ်မှ မရှိတာ၊ ကိုယ့်ကိုကိုယ် လေးစား

သူဟာ ကိုယ်ယူထားတဲ့ကြွေးကို ကျေအောင်ပြန်ဆပ်ရတယ်၊' လို့ဆိုတယ်၊

ငြင်းတော့" 'ဆီးရီးယားမှာ ကျွန်ဖြစ်နေတဲ့လူ ဘေဘီလုံကကြွေးကို ဘယ်လိုဆပ်နိုင်မှာလဲ၊' ငါက

တဲ့၊ " 'ဒါဆိုလဲ ဆီးရီးယားမှာဘဲ တသက်လုံး ကျွန်ဘဝနဲ့နေတော့ပေါ့၊ မင်းကလူပျော့လူညံ့ပဲ'

" 'ကျွန်တော် လူပျော့လူညံ့ မဟုတ်ဘူးဗျ' ဆိုတော့၊

" 'ဒါဖြင့် မညံ့ကြောင်း သက်သေပြလေ' တဲ့၊

" 'ဘယ်လိုပြရမလဲ' ငါကမေးတယ်၊

" 'မင်းတို့ဘေဘီလုံ ဘုရင်မင်းမြတ် သူ့ရန်သူတွေကိုတိုက်တဲ့အခါ ဘယ်လိုတိုက်သလဲ၊ ရှိ သမျှအင်အားကိုသုံး နည်းလမ်းမျိုးစုံထုတ်သုံးပြီး တိုက်တယ်မဟုတ်လား၊ အခုလဲ မင်းမှာကြွေးတွေဟာ ရန်သူတွေပဲ၊ ဒီရန်သူတွေမောင်းထုတ်လို့ ဘေဘီလုံက မင်းထွက်ပြေးလာရတာ၊ ကြွေးရန်သူကို ပြန်မတိုက်ဘဲ ရှောင်တိမ်းနေခဲ့တဲ့အတွက် ရန်သူက ပိုပိုပြီး အင်အားကြီးမားသွားတာ၊ ယောကျ်ားပီပီသသ သခင်စိတ်အပြည့်အဝနဲ့ ခုခံတိုက်ခိုက်ခဲ့မယ်ဆိုရင် ဒီရန်သူကိုနိုင်ရမှာပေါ့၊ အဲဒါဆိုရင် ကိုယ့်မြို့ ကိုယ့်ရွာမှာ ဂုဏ်သိက္ခာရှိသူတယောက်အဖြစ်နဲ့ ဆက်ပြီးရပ်တည်နေနိုင်မှာပေါ့၊ အခုတော့ ဒီလိုတိုက်ခိုက်ရဲတဲ့ စိတ်ဓာတ်မရှိခဲ့လို့ ဂုဏ်သိက္ခာ တဖြည်းဖြည်းလျော့ကျပြီး နောက်ဆုံး ဆီးရီးယားမှာ ကျွန်

လာဖြစ်တဲ့ကိန်း ဆိုက်တာပဲ' တဲ့၊

"သူ ရက်ရက်စက်စက်ပြောချလိုက်တဲ့စကားတွေကို အပြန်ပြန်ကြားယောင်ပြီး၊ သူ့ကိုချေပ တဲ့စကားလုံးတွေ၊ ငါဟာပင်ကိုယ်အားဖြင့် ကျွန်စိတ်ရှိသူတယောက်မဟုတ်ဘူးလို့

သက်သေထူနိုင်မယ့် အကြောင်းပြချက်တွေ ငါ့ရင်ထဲက အများကြီးထွက်လာတယ်၊ ဒါပေမဲ့ သူ့ကို ပြောခွင့်မကြုံခဲ့ဘူး၊

အဲဒီနောက် သုံးရက်လောက်ကြာတဲ့အခါမှာတော့ ဆီရာရဲ့လက်စွဲး

အစေခံမက ငါ့ကိုလာခေါ်တယ်၊

“ဆီရာနဲ့တွေ့တော့ သူက ‘ငါ့အမေ အသည်းအသန်ဖြစ်နေပြန်ပြီ’ တဲ့၊ ‘အိမ်မှာရှိတဲ့ ကုလားအုတ်တွေထဲက အကောင်းဆုံးနှစ်ကောင်ရွေးပြီး ကုန်းနှီးတင်၊ ရေအိတ်တွေ ရိက္ခာအိတ်တွေ အပြည့်တင်၊ ခရီးဝေးသွားရမှာ၊ စားဖို့ထဲမှာ ငါ့ကောင်မလေးရှိတယ်၊ စားနပ်ရိက္ခာ သူစီစဉ်ပေးလိမ့် မယ်’ လို့ ငါ့ကိုညွှန်ကြားတယ်၊ ကုလားအုတ်မှာ အထုပ်အပိုးတင်တော့ ကောင်မလေးပေးလိုက်တဲ့ ရိက္ခာတွေက များလှချည်လားလို့ ငါတွေးမိတယ်၊ ဆီရာ့အမေ နေတဲ့နေရာက သိပ်အဝေးကြီးမဟုတ် ဘူး၊ တစ်နေ့ခရီးတောင်မရှိချင်ဘူး၊ ခရီးသွားတော့ ဆီရာကရှေ့က ကုလားအုတ်ကိုစီး အစေခံမလေးက နောက်က ကုလားအုတ်ကိုစီး၊ ငါက ဆီရာကုလားအုတ်ကို ကြိုးဆွဲပြီး ရှေ့ကလျှောက်ရတယ်၊ ဆီရာ့

အမေအိမ်ရောက်တော့ နေဝင်ဖျိုးဖျပဲရှိသေးတယ်၊ ဆီရာက အစေခံမကို အလုပ်တခု ခိုင်းထားလိုက်ပြီး

နှစ်ယောက်တည်းရှိတော့မှ ငါ့ကိုပြောတယ်၊

"'ဒါဗာဆား၊ မင်းမှာ ကျွန်စိတ်ရှိသလား၊

လွတ်လပ်သူစိတ်ရှိသလား' တဲ့၊

"'လွတ်လပ်သူစိတ်ရှိပါတယ်' ငါပြတ်ပြတ်သားသားပြောတယ်၊ "'ဒါဖြင့် မင်းအခုသက် သေပြဘို့ အခွင့်အရေးရပြီ၊ ခုလောက်ရှိရင် မင်းသခင်ရော သူ့တပည့်တွေပါ အရက်အလွန်အကျွံမူးပြီး
လဲနေရော့မယ်၊ ဒီကုလားအုတ်နှစ်ကောင်ကိုယူပြီး မင်းပြေးပေတော့၊ ဒီအိတ်ထဲမှာ မင်းသခင်ရဲ့
အဝတ်တစုံပါတယ်၊ အဲဒါဝတ်ပြီးရပ်ဖျက်လိုက်ရင် မင်းကို ကျွန်မှန်းသိကြမှာမဟုတ်ဘူး၊ ငါ့ယောကျာ်း ကိုတော့ ငါ့အမေကိုပြုစုနေတုန်း မင်းကုလားအုတ်နှစ်ကောင်ခိုးပြီး ထွက်ပြေးတယ်လို့ ပြောလိုက်မယ်'

ဆိုတော့၊ ငါလည်းသူ့ကို၊

"'ခင်ဗျားကတော့ တကယ့်ကို တော်ဝင်ဘုရင်မစိတ်ထားမျိုးရှိတဲ့ အမျိုးသမီးတစ်ယောက် ပါပဲဗျာ၊ ခင်ဗျားစိတ်ချမ်းသာမှု ရဘို့အတွက်ဆိုရင် ကျွန်တော် အစွမ်းကုန် ဆောင်ရွက်ပေးချင်ပါတယ်'

လို့ပြောမိတယ်၊

"ဒါပေမယ့် သူကပြောတယ်၊ 'လင်ကိုပစ်ပြီးထွက်ပြေးတဲ့ မိန်းမတယောက်အတွက် ရပ်ဝေး မြေခြား တစိမ်းတရံဆံတွေကြားမှာလည်း စိတ်ချမ်းသာမှုကို ရှာတွေ့နိုင်မှာမဟုတ်ဘူး၊ မင်းလမ်းကိုပဲ မင်းသွားပါ၊ သဲကန္တာရနတ်တွေ မင်းကိုစောင့်ရှောက်ပါစေလို့ ငါဆုတောင်းလိုက်မယ်၊ မင်းသွားရမယ့်

ခရီးက သိပ်ဝေးတယ်၊ အစာမရှိ ရေမရှိတဲ့ခရီးကြမ်း' တဲ့၊

"ဒါနဲ့ ငါလည်းနှောင့်နှေးမနေတော့ပဲ သူ့ကိုသာ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်စကားဆိုပြီး အမှောင်ရိပ်နဲ့အတူ လစ်ထွက်လာခဲ့တယ်၊ ဖြတ်သန်းရမယ့်နယ်မြေက ငါလုံးဝမကျွမ်းတဲ့နယ်မြေ၊ ဘေဘီလုံက ဘယ်အရပ်မျက်နှာလောက်မှာရှိလိမ့်မယ်ဆိုတာ

မုန်းဆနိုင်ရုံလောက်ပဲရှိတယ်၊ ငါဦးတည် ရမယ့်လမ်းကြောင်းရဲ့ထိပ် ဟိုအဝေးဆီမှာ တောင်ကုန်းတွေရှိတယ်၊ ဒီတောင်တွေဆီဦးတည်ပြီး ကန္တာရ ထဲ ရဲရဲတင်းတင်း ဖြတ်သန်းလာခဲ့တယ်၊ ကုလားအုတ်တကောင်ကိုစီး၊ နောက်တကောင်ကို ကြိုးတန်း လန်းနဲ့ဆွဲးပေါ့၊ အဲ့ဒီညတညလုံး နောက်နေ့တစ်နေ့လုံး ခရီးနှင်တယ်၊ သခင့်ပစ္စည်းခိုးပြီး ထွက်ပြေးတဲ့ ကျွန်တွေကိုဖမ်းမိရင် ဘယ်လိုရက်ရက်စက်စက်စီရင်တတ်တယ်ဆိုတာလဲသိထားတော့ လမ်းတလျှောက်

လုံး တထိတ်ထိတ်တလန့်လန့်ပဲ၊

"အဲဒီနေ့ညနေပိုင်းလောက်ရောက်တော့ သဲကန္တာရပြင်ကြီးဆုံးသွားပြီး ကုန်းမြေအစပ်ရောက် တယ်၊ ဒါပေမယ့် ဒီနေရာကလည်း သဲကန္တာရလောက်ပဲဆိုးတဲ့နေရာ၊ အင်မတန်ကြမ်းတမ်းတဲ့ကုန်းမြေ၊ ကျောက်စိုင်ကျောက်ခဲ အချွန်အတက်တွေချည်းဆိုတော့ ကုလားအုတ်တွေလည်း ခြေထောက်တွေကွဲးကြ ရှကြတယ်၊ ပင်ပင်ပန်းပန်း တစ်ထစ်ချင်း တစ်လှမ်းချင်းနဲ့ပဲ အဲဒီနေရာကို ဖြတ်သန်းရတယ်၊ လမ်းမှာ လူလည်းမတွေ့ တိရစ္ဆာန်လည်းမတွေ့ရဘူး၊ ဘယ်တွေ့ပါ့မလဲ၊ ဘယ်သူမှကိုနေလို့မရတဲ့ အရပ်ကိုး၊ ဒီနေရာ ဒီဒေသကိုဖြတ်သန်းပြီး အသက်ရှင်လျက်နဲ့ ပြန်ထွက်လာနိုင်တဲ့ လူတောင်မှ ရှိဘူးရဲ့လား

မသိဘူး၊ ဒါပေမယ့် တရက်ပြီးတရက် ငါကတော့ဆက်ပြီး သွားနေတယ်၊ တဖြည်းဖြည်းရိက္ခာလဲကုန် ရေလဲကုန်သွားတယ်၊ နေကလည်းပူလိုက်တာ တစ်နေ့လုံး မီးမြိုက်ခံနေရသလိုမချိမဆန့်ပဲ၊ ကိုးရက် မြောက်တဲ့နေ့ ညပိုင်းကျတော့ ကုလားအုတ်ပေါ်ကဆင်းတဲ့အချိန်မှာ လူကလုံးဝ အားပြတ်သလောက် ဖြစ်နေပြီ၊ စိတ်ထဲမှာတော့ ကုလားအုတ်ကျောပေါ် နောက်တစ်ကြိမ်ပြန်တက်နိုင်မှာ မဟုတ်တော့ဘူး၊

လူသူကင်းမဲ့တဲ့ ဒီအခေါင်အဖျားအရပ်မှာ တစ်ယောက်တည်း

သေပွဲဝင်ရတော့မှာပဲလို့ တွေးမိတယ်၊

"ဒါပေမယ့် ကြာကြာမတွေးဖြစ်ဘူး၊ မြေကြီးပေါ်မှာ အိပ်ပျော်သွားလိုက်တာ မနက်နေ့ အရဏ်တက်မှနိုးတယ်၊ ဒါနဲ့ထထိုင်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်တယ်၊ မနက်စောစောဆိုတော့ လေက ဧမြေမြပဲ၊ ကုလားအုတ်တွေက မလှမ်းမကမ်းမှာ၊ သူတို့လည်း မှိုင်တွေနေကြတဲ့ပုံမျိုး၊ ပတ်ဝန်းကျင်ကြည့်လိုက်တော့ ကျောက်တုံးကျောက်ခဲတွေ သဲပြင်သဲကွက်တွေနဲ့ မညီညာတဲ့မြေပြင်
ကိုပဲ နိမ့်တဲ့နေရာနိမ့် မြင့်တဲ့နေရာမြင့်နဲ့ မျက်စိတစ်ဆုံးမြင်နေရတယ်၊
ဆူးပင်တစ်ချို့ကလွဲ

လို့
ဘာအပင်မှမရှိဘူး၊ ရေတပေါက်တစ်စက်လောက် တွေ့ရနိုင်တဲ့ လက္ခဏာလုံးဝမရှိ၊ တစ်ကယ့်ကို တိတ်ဆိတ်ငြိမ်သက်တဲ့ နေရာတခုပဲ၊ ဒါ ငါ့ဘဝ နိဂုံးချုပ်ရမယ့်နေရာလား၊ အဲသလိုငါတွေးမိတယ်၊ အဲဒီအချိန် ငါ့ဦးနှောက်က အရမ်းကြည်လင်နေတယ်၊ တသက်နဲ့တကိုယ် ဘယ်တုန်းကမှ ဒီလောက် မကြည်လင်ဖူးဘူး၊ ခန္ဓာကိုယ်ရဲ့ ကိစ္စတွေဟာလုံးဝအရေးမပါသလို ဖြစ်နေတယ်၊ ခြောက်သွေ့ကွဲအက် ပြီးသွေးထွက်နေတဲ့ နှုတ်ခမ်းတွေ၊ ယောင်ရမ်းနေတဲ့လျှာနဲ့ အစာမရှိတဲ့ ဝမ်းဗိုက်တွေအားလုံးမှာ မနေ့ကခံစားနေရတဲ့ အင်မတန်ပြင်းထန်တဲ့ ဝေဒနာတွေအားလုံးဟာ ဘယ်ရောက်ကုန်မှန်းမသိ၊

လုံးဝပျောက်ကွယ်သွားသလို ဖြစ်နေတယ်၊

"ရှုံ့ချင်ဖွယ်မရှိတဲ့ ဟိုအဝေးဆီကိုငေးမျှော်ရင်း ငါ့ခေါင်းထဲကို မေးခွန်းတခု ဝင်လာပြန် တယ်၊ 'မင်းဟာ ကျွန်စိတ်ရှိသူလား' ဆိုတဲ့မေးခွန်း၊ မေးခွန်းကရှင်းသလို အဖြေကလဲ ခေါင်းထဲမှာ ရှင်းရှင်းလင်းလင်းပဲ၊ ကျွန်စိတ်ရှိသူသာမှန်ရင် ဒီနေရာမှာတင် လက်လျှော့လိုက်တော့၊

ဒီမှာပဲလှဲအိပ် လိုက် အသေခံလိုက်တော့၊ ကန္တာရထဲ လဲသေတယ်ဆိုတာ သခင့်လက်ကထွက်ပြေးတဲ့ ကျွန်တွေရဲ့

သေရိုးသေစဉ်နည်းလမ်းပဲ၊

"အကယ်၍ သခင်စိတ်ရှိတဲ့လူ၊ အညံ့အခံ အရှုံးမပေးတဲ့လူမျိုးဆိုရင်ကော ဘာလုပ်မလဲတဲ့၊ ဘာမှအထူးစဉ်းစားနေစရာ မလိုဘူး၊ ဘေဘီလုံကို မရောက်ရောက်အောင်ပြန်၊ ကိုယ့်ကို ယုံယုံကြည် ကြည် ချေးငှားခဲ့တဲ့လူတွေကိုကြိုးစားပြီး ကြွေးပြန်ဆပ်၊ ကိုယ့်ကိုတကယ် ချစ်ခဲ့စုံမက်ခဲ့တဲ့ ဇနီးသည်နဲ့ ပြန်ပေါင်းသင်း၊ ချမ်းသာသုခပြည့်ဝတဲ့ အိမ်ထောင်တခုထူထောင်၊ စိတ်ညစ်ခဲ့ရတဲ့ကိုယ့်မိဘတွေလည်း

ကိုယ့်အတွက် စိတ်အေးချမ်းမှု့ရအောင် အားရကျေနပ်မှု့ရှိလာအောင်

ပြန်အားထုတ်၊ ဒါပဲပေါ့၊

" 'ကြွေးတွေဟာ မင်းရန်သူတွေပဲ၊ ဒီရန်သူတွေမောင်းထုတ်လို့ ဘေဘီလုံက မင်းထွက်ပြေး လာရတာ' ဆိုတဲ့ ဆီရာပြောခဲ့တဲ့စကား ပြန်ကြားယောင်တယ်၊ အဲဒီတုန်းက ငါဘာကြောင့် ယောကျ်ားပီပီသသ သခင်စိတ်အပြည့်အဝနဲ့ မခုခံခဲ့သလဲ၊ မိန်းမ သူ့အဖေအိမ်ဆင်းသွားတာ ငါဘာ လို့မတားခဲ့သလဲ ကိုယ့်ဘာသာ အံ့အားသင့်စွာနဲ့ ပြန်တွေးမိတယ်၊ အဲဒီအချိန်မှာ တကယ့်ကိုထူးထူး ဆန်းဆန်း အံ့သြစရာကိစ္စတခု ထဖြစ်တယ်၊ အဲဒါဘာလဲဆိုတော့ ပတ်ဝန်းကျင်လောကကြီးကို အရင်

တုန်းက တခါမှမမြင်ဘူးတဲ့ အသွင်အပြင်သစ်တခုနဲ့ ရုတ်တရက်ကြီးမြင်လိုက်ရတာ၊ အရင်တသက်လုံး အရောင်ပါတဲ့ မှန်တချပ်နောက်ကကြည့်နေခဲ့ရာက ရုတ်တရက် အဲဒီမှန်ကိုဖယ်ရှားလိုက်သလို လောက ကြီး လူ့ဘဝကြီးကို အရင်ကနဲ့လုံးဝကွဲပြားခြားနားတဲ့ အမြင်သစ် ရှု့ထောင့်သစ်နဲ့ ငါမြင်လိုက်ရတယ်၊

"အဲဒီနေရာမှာတင် အမြင်လဲပြောင်းစိတ်ဓါတ်လဲပြောင်းသွားတယ်၊ စောစောတုန်းက ဟောဒီ သဲကန္တာရအစပ်မှာ ငါသေတော့မလားတွေးနေတာ၊ အခုလုံးဝပြောင်းလဲသွားပြီ၊ ဒီနေရာမျိုးမှာ ငါလုံးဝ မသေဘူး၊ ငါ့မှာလုပ်စရာတွေရှိတယ်၊ အဲဒါတွေငါလုပ်မယ်၊ ပထမဆုံး ဘောဘီလုံကိုပြန်မယ်၊ ကြွေးရှင် တွေတယောက်ချင်းလိုက်တွေ့ပြီး အကျိုးအကြောင်းပြောပြမယ်၊ ငါနှစ်ပေါင်းများစွာ အရုပ်တကာ လျှောက်သွားရင်း ဘယ်လိုဘယ်လို ဒုက္ခမျိုးစုံတွေကြုံခဲ့တယ်၊ ဒါပေမယ့် အခုပြန်လာပြီ၊ ခင်ဗျားတို့ ကြွေးတွေ အားလုံးကြေတဲ့အထိ ပြန်ဆပ်မယ်၊ အမြန်ဆုံးကျေအောင်ဆပ်နိုင်ဘို့ ကျွန်တော်ကြိုးစားမယ်၊ စသဖြင့် ငါပြောမယ်၊ ပြီးတော့ မိန်းမနဲ့ပြန်ပေါင်းသင်းနိုင်အောင်၊ သူ့ကို အိမ်တဆောင် မီးတပြောင်နဲ့ တင့်တောင့်တင့်တယ်ထားနိုင်အောင် ငါကြိုးစားမယ်၊ ဘောဘီလုံမှာ ဂုဏ်သရေရှိပုဂ္ဂိုလ်တယောက် ငါ

ပြန်ဖြစ်လာစေရမယ်၊ ငါ့မိဘတွေ ငါ့အတွက် ဂုဏ်ယူဝင့်ကြွားနိုင်အောင်

ငါကြိုးစားမယ်၊

"ကြွေးတွေဟာ ငါ့ရန်သူတွေဆိုပေမယ့် ကြွေးရှင်တွေက ငါ့မိတ်ဆွေတွေ၊ အသိအကျွမ်းတွေ ပဲ၊ ငါ့ကိုယုံကြည်လို့ စိတ်ချလို့ ငွေထုတ်ချေးခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေ၊ သူတို့ယုံကြည်မှု့ပြန်ရအောင်သာ

ငါကြိုးစားရမယ်၊

"အဲဒီစိတ်ဓာတ်နဲ့ အားခဲပြီးငါထတယ်၊ ဒါပေမယ့် ခြေထောက်ကမခိုင် ဒယီးဒယိုင်နဲ့ပေါ့၊ ယိုင်နေတဲ့ကြားက ငါ့ကိုယ်ငါ အားပေးတယ်၊ အစာမစားရတော့ ဘာဖြစ်သလဲကွ၊ ရေမသောက်ရတော့ ဘာဖြစ်သလဲကွ၊ ဒါတွေဟာ ဘောဘီလုံကိုသွားတဲ့လမ်းခရီးမှာ တွေ့ရမယ့် အသေးအမွှားကိစ္စတွေ၊ ငါ့ရင်ထဲမှာ အဲသည်လိုကြံ့ခိုင်စိတ်တွေနဲ့ နိုးကြားတက်ကြွလာတယ်၊ ရန်သူကိုအနိုင်ယူမယ် မိတ်ဆွေ တွေကို

ကျေးဇူးတုန့်ပြန်မယ်ဆိုတဲ့ လွတ်လပ်သူရဲ့စိတ် သခင်တယောက်ရဲ့စိတ်ဓါတ်တွေ လှုပ်ရှားရိုက်

ခတ်လာတယ်၊

“ကုလားအုတ်တွေကို လှမ်းခေါ်လိုက်တဲ့အချိန် ငါ့အသံက သိပ်မပီချင်သေးဘူး၊ အက်ကွဲး နေဆဲပဲ၊ ဒါပေမယ် မနေ့ကနဲ့မတူဘဲ တက်ကြွတဲ့လေသံပါနေတာ ဒီကောင်တွေရိပ်မိတယ်၊ မှေးမှိန်နေ တဲ့ သူတို့မျက်လုံးတွေ အရောင်တောက်လာတယ်။ သူတို့ထဘို့ကြိုးစားကြတယ်၊ တကယ့်ကို ခွဲးကြီး တဲ့ကောင်တွေ၊ ထလိုက် ပြန်ခွေလဲကျသွားလိုက်နဲ့ အကြိမ်ကြိမ်ပဲ ကြည့်ရတာသနားစရာ၊ ဒါပေမယ့် မလျှော့ဘူး၊ ခြေထောက်လေးချောင်းပေါ်ရပ်နိုင်တဲ့အထိ မရအရကြိုးစားပြီး ထကြတယ်၊ ထလို့ရပြီ ဆိုတာနဲ့တပြိုင်နက် ငါ့စိတ်ထဲမှာ ဘောဘီလုံရှိတဲ့နေရာလို့ စွဲမှတ်ထားတဲ့ မြောက်အရပ်စူးစူးကို

ဦးတည်ပြီး ထွက်ခဲ့ကြတာပဲ၊

“နောက်ပိုင်းမှာ ရေတွေ့တယ်၊ မြက်ပင် သစ်သီးဝလံပင်ပေါက်တဲ့နေရာမျိုး မြေဆီလွှာရှိတဲ့ နေရာမျိုးကို ရောက်လာတယ်၊ လွတ်လပ်သူရဲ့စိတ်ဓာတ် အပြည့်အဝဝင်လာပြီဆိုတဲ့အခါ တွေ့ရသမျှ

အခက်အခဲတွေဆိုတာ ကြောက်ရွံ့နောက်တွန့်စရာမဟုတ်၊ ဖြေရှင်းစရာ ပြဿနာတွေလောက်ပဲဖြစ်လာ တယ်၊ ဒါတွေကိုဖြေရှင်းဖို့ နည်းလမ်းရှာတယ်၊ ကြိုးစားပြီးဖြေရှင်းတယ်၊ ကျေးကျွန်စိတ်ရှိတဲ့လူလို ကျွန်တော်ဘာမှ မတတ်နိုင်ပါဘူး၊ ကျွန်တော်က လူစဉ်မမှီတာ၊ ကျွန်တယောက်ပဲဟာ၊ ဆိုပြီး ညည်း တွားမနေဘူး၊ ထွက်ပြေးရှောင်တိမ်းတာမျိုး မလုပ်ဘူး၊ အခုလည်းပဲ ဘေဘီလုံကို ဘယ်လိုရောက်နိုင်

မလဲစူးစမ်းရင်း ရှာဖွေရင်း မေးမြန်းရင်းနဲ့ လမ်းစရတယ်၊ နောက်ဆုံးတော့

အိမ်ပြန်ရောက်တာပဲပေါ့၊

“အဲဒီတော့ မင်းကောဘယ်လိုလဲတာခက်၊ အခု မင်းဗိုက်ထဲ

ဟာလာဟင်းလင်းဖြစ်နေတဲ့

အချိန် ခေါင်းက အရမ်းကြည်လင်မနေဘူးလား၊ ကိုယ့်ကိုကိုယ်လေးစားတဲ့လမ်းကြောင်းပေါ် ပြန် လျှောက်ချင်တဲ့စိတ် ရှိမလာသေးဘူးလား၊ လောကကြီး လူ့ဘဝကြီးကို သူ့အသွေးအရောင် အမှန် အကန်အတိုင်း မြင်မလာသေးဘူးလား၊ ကြွေးတွေ ဘယ်လောက်များပစေ ဒီကြွေးကိုကျေအောင် ငါ ဆပ်မယ်၊ ဘေဘီလုံမှာ ဂုဏ်သရေရှိတဲ့ ပုဂ္ဂိုလ်တယောက် ပြန်ဖြစ်လာအောင် ငါကြိုးစားမယ်ဆိုတဲ့

စိတ်တွေ ဖြစ်ပေါ်မလာသေးဘူးလား၊”

တာခက် မျက်လုံးအစုံမှ မျက်ရည်များစို့လာသည်။ သူဒူးထောက်ပြီးထိုင်လိုက်သည်။ “ခင်ဗျားကျွန်တော့်ကို အမြင်သစ်တခု ပေးလိုက်တာပါပဲ၊ အခုပဲ ကျွန်တော့်ရင်ထဲမှာ လွတ်လပ်သူ

တယောက်ရဲ့ အနိုင်မခံ အရှုံးမပေးတဲ့စိတ်တွေ လှုပ်ရှားတက်ကြွနေပါပြီ”

ဟုသူဆိုလိုက်သည်။

စောစောက ဇာတ်လမ်းကို စိတ်ဝင်တစား နားထောင်နေခဲ့သည့် ပုဂ္ဂိုလ်တဦးက သူသိချင်

သည်ကို ဖြတ်၍မေးသည်။

“ဘေဘီလုံကို ရောက်ပြီးတဲ့နောက် ခင်ဗျားဘဝ ပြန်ထူထောင်ပုံလေး

ပြောပြစမ်းပါအုံး”

“ဖြစ်အောင်လုပ်မယ်လို့ သန္နိဋ္ဌာန်ချထားပြီးရင် နည်းလမ်းဆိုတာ တွေ့စမြဲပဲကွ” ဒါဗာဆား ကဖြေသည်။ “ဘေဘီလုံမှာ ငါ့ဘဝပြန်မြင့်မားလာရမယ်လို့ အခိုင်အမာ ဆုံးဖြတ်ပြီးပြီဆိုတဲ့နောက်မှာ စဉ်းစားမိတဲ့အလုပ်ကို အရင်ဆုံးကောက်လုပ်တာပဲ၊ ပထမဆုံး ငါ့ကြွေးရှင်တွေကို တယောက်ပြီးတယောက် လိုက်တွေ့တယ်၊ တောင်းပန်တယ်၊ ခင်ဗျားတို့ကြွေးတွေ ကျေအောင်ဆပ်ဘို့ ကျွန်တော် သံဒိဋ္ဌာန်ချထားပြီးပါပြီ၊ ကျွန်တော်ကြိုးစားရှာဖွေပြီး မှန်မှန်ဆပ်သွားပါ့မယ်၊ နည်းနည်း ကြာနေခဲ့သည်ရှိသော် သည်းခံကြပါ၊ အဲဒီလိုတွေ လိုက်ပြောတယ်၊ ဒီလိုပြောတော့ အများစုက ဝမ်းသာကြပါတယ်၊ ဆဲတဲ့လူတွေလဲရှိတာပေါ့ကွာ၊ အတော်များများကပဲ သူတို့ကူညီပါ့မယ်လို့ ပြော တယ်ကွ၊ အဲဒီအထဲမှာ တယောက်ကတော့ ငါ့မှာလိုအပ်နေတာကို တကယ်ထိထိရောက်ရောက် အကူ အညီပေးခဲ့တယ်၊ သူက ငွေတိုးချေးစားတဲ့ မာသွန်၊ ငါ့အကြောင်းတွေ သူမေးရင်နဲ့ငါဆီးရီးယားမှာ ကုလားအုတ်ထိန်းသမား လုပ်ခဲ့ဖူးတယ်ဆိုတာသိသွားတော့ ကုလားအုတ်ကုန်သည်ကြီး နီဗာတူးဆီ ငါ့ကိုပို့တယ်၊ အဘိုးကြီးက ဘုရင်မင်းမြတ်ချီတော်မူမယ့်အရေးအတွက် ကုလားအုတ် ကောင်းကောင်း သန့်သန့်တွေ အမြောက်အများဝယ်ယူပေးသွင်းဘို့ အမိန့်ရထားတာ၊ သူနဲ့ငါနဲ့က တကယ့်ကို အံဝင် ခွင်ကျဖြစ်သွားတယ်၊ တဖြည်းဖြည်းနဲ့ ငါချေးထားသမျှကြွေးတွေအားလုံး တပြားမကျန် ငါပြန်ဆပ်နိုင်

ခဲ့တယ်၊ ကြွေးကြွေတာနဲ့အမျှ လူကြားထဲမှာ ခေါင်းမော့ရပ်နိုင်လာတယ်၊ လူအများယုံကြည်စိတ်ချတဲ့

လူတစ်ယောက်ဘဝ ငါပြန်ရလာတယ်"

စကားဆုံးတော့ ဒါဗာဆား အစားအသောက်ဘက်ပြန်လှည့်သည်။ "ဟော့၊ ကောက်စကော၊ တကယ့်ပက်ကျိပဲကွာ၊ သိပ်နေးတဲ့အကောင်" သူကမီးဖိုထဲရှိ ကောက်စကောကြားအောင် လှမ်းအော်

သည်။ "မင်းဟင်းတွေက အေးစက်နေတာပဲ၊ ကင်ပြီးကာစ

အသားပူပူနွေးနွေး ပေးစမ်းပါကွ၊

ဟောဒီက တာခက်အတွက်လည်း လုပ်စမ်းပါ၊ နည်းနည်းမလုပ်နဲ့

များများလုပ်ခဲ့၊ ငါ့သူငယ်ချင်းရဲ့

သားကွ၊ သူလည်းဆာလှရော့မယ်၊ ငါနဲ့အတူစားရအောင်

မြန်မြန်ယူခဲ့စမ်းပါ"

ဘေဘီလုံမှ ကုလားအုတ်ကုန်သည်ကြီး ဒါဗာဆား၏ ဇတ်လမ်းပုံပြင်က သည့်တွင်ပြီးဆုံး သည်။ အမှန်တရားတရပ်ကို ပီပီပြင်ပြင် သိမြင်ပြီးသည့်နောက်တွင် သခင်ဘဝ လမ်းကြောင်းမှန်ပေါ်

သို့ သူပြန်လည် ရောက်ရှိသွားခဲ့သည်။ သည်အမှန်တရားကား သူ့အရင် ရှေးပဝေသဏီကပင်

ဉာဏ်အမြော်အမြင်ရှိသူတို့ သိမြင်ခဲ့ပြီးသော အရာတခုသာဖြစ်သည်။

သည်အမှန်တရားက လမ်းပြသဖြင့် ခေတ်အဆက်ဆက် မြောက်မြားစွာသောလူတို့ အခက် အခဲ အကျပ်အတည်းပေါင်းစုံက လွတ်မြောက်ကာ ဘဝအောင်မြင်မှု ရရှိခဲ့ကြသည်။ နောင်လာမည့် ခေတ်အဆက်ဆက်တွင်လည်း ယင်း၏တန်ခိုးစွမ်းအားကို သိမြင်သောသူတို့အား ယင်းက ဘဝအောင်

မြင်ရေးအတွက် ဆက်လက်လမ်းပြ ရှေ့ဆောင်သွားပေဦးမည်။

ယင်းအမှန်တရားကား–

"ဖြစ်မြောက် အောင်မြင်အောင် ဆောင်ရွက်ရန်
အဓိဋ္ဌာန်ပြတ်သားခိုင်မာပြီဆိုက ယင်းအား

အကောင်အထည်ဖော်ရန် နည်းလမ်းမှန်ကို ရှာတွေ့မြဲဖြစ်သည်” ဟူသော အချက်ပေတည်း။

# အခန်း (၉)

## ဘေဘီလုံမှ ရေးဟောင်းစာချုပ်များ

စိန့်ဆွစ်သင်းကောလိပ်

နေ့တင်ဂမ် တက္ကသိုလ်
နီဝပ်–အွန်–ထရင့်
နေ့တင်ဂမ်
၂၁ အောက်တိုဘာ ၁၉၃၄

ပါမောက္ခ ဖရန်ကလင်ကော့ဒဝဲလ်
တဆင့်/ ဗြိတိသျှ သိပ္ပံလေ့လာရေးအဖွဲ့
ဟီလာ၊ မက်ဆိုပိုတေးမီးယား

ပါမောက္ခကြီးခင်ဗျား

ဘောဘီလုံမြို့ဟောင်းနေရာမှ များမကြာမီက ပါမောက္ခကြီးတို့ တူးဖော်ရရှိခဲ့တဲ့ အုတ်ခွက်စာ၊ သို့မဟုတ် ရှုံ့စေးစာချပ်ငါးခုဟာ ပါမောက္ခကြီးရဲ့စာနဲ့ သင်္ဘောတခေါက်တည်း အတူပါလာပါတယ်၊ ကျွန်တော့်အတွက်တော့ အတိုင်းအဆမရှိ စိတ်ဝင်စားစရာအတိပါပဲ၊ ဒီစာချပ်တွေ ဘာသာပြန်ရတာ နာရီပေါင်းများစွာကြာပါတယ်၊ ဒါပေမယ့် တကယ့်ကို ပျော်စရာ စိတ်ဝင်စားစရာပါ၊ ပါမောက္ခကြီးရဲ့

စာကို ချက်ချင်းပြန်မယ်ဆိုရင် ပြန်နိုင်ပေမယ့် ဘာသာပြန်တွေပြီးတဲ့အထိ ကျွန်တော် စောင့်နေခဲ့မိ တယ်။

စာချုပ်တွေက မပျက်မစီး ရောက်လာပါတယ်၊ ထိန်းသိမ်းတဲ့ပစ္စည်းတွေ ဂရုတစိုက်သုံးထား တာ ထုပ်ပိုးပုံသိပ်ကောင်းတာတွေကြောင့်ပါပဲ၊

ဒီစာချုပ်တွေမှာပါတဲ့ ဇတ်လမ်းကိုဖတ်ရရင် ပါမောက္ခကြီးလဲ ကျွန်တော်တို့ သုတေသန ဓာတ်ခွဲခန်းက လူများလို အံ့ဩမိမှာပဲ၊ ရှေးခေတ်ကာလက လူတွေအကြောင်း မှတ်တမ်းစာဆိုရင် တထောင့်တစ်ညပုံပြင်များလို စွန့်စားခန်းတွေ ချစ်လျှို့ဝှက်ဇာတ်လမ်းတွေ ဖတ်ရလိမ့်မယ်လို့ အများ မျှော်လင့်ကြမှာပါ၊ ဒါပေမယ့် ဒီစာချုပ်တွေမှာဖတ်ရတာက ဒါဗာဆားဆိုတဲ့ ပုဂ္ဂိုလ်တယောက် သူ့ ကြွေးမြီးပြဿနာကို ဖြေရှင်းပုံအကြောင်း မှတ်တမ်းဖြစ်နေတယ်၊ ဒီစာတွေဖတ်ပြီး ဒီကမ္ဘာလောကကြီး ထဲက လူတွေရဲ့ဘဝဟာ နှစ်ပေါင်းငါးထောင်လောက် ကြာတဲ့ကာလအတွင်း ဘာမှပြောင်းလဲခြင်းမရှိခဲ့ ပါကလားလို့ တွေးမိရတယ်။

အတော်လေးထူးဆန်းတယ် ဆိုရမလားပဲ၊ ကျွန်တော့်တပည့်တွေ စကားအတိုင်းသုံးရရင် ဒီစာ တွေက ကျွန်တော့်ကို အတော်ပညာပေးလိုက်တယ်ခင်ဗျ၊ ပါမောက္ခတယောက်အနေနဲ့ ကျွန်တော်တို့က အစစအရာရာသိတဲ့လူ နှားလည်တဲ့လူတယောက်လို့ ထင်ရတာပေါ့ဗျာ၊ ဒါပေမယ့် ဘေဘီလုံရှေးမြို့ ဟောင်းရဲ့ အုတ်ကျိုးအုတ်ပဲ့တွေ ဖုံအထပ်ထပ်တွေကြားက ပေါ်လာတဲ့ဒီပုဂ္ဂိုလ်က ကျွန်တော့်ကြွေးတွေ

ကျေအောင်ဆပ်ဘို့သာမက ပိုက်ဆံအိတ်ထဲမှာ ငွေသံတချွင်ချွင်မြည်အောင် လုပ်ဘို့အတွက်ပါ

ကျွန်တော် တခါမှမကြားဘူး စဉ်းလဲမစဉ်းစားဘူးတဲ့ နည်းလမ်းတွေ ပေးလိုက်တယ်ခင်ဗျ။

ရှေးခေတ်က ဘေဘီလုံတုန်းက အသုံးဝင်ခဲ့တဲ့ ဒီနည်းလမ်းဟာ ဒီကနေ့လက်တွေ့ သုံးစွဲလို့ ရမရဆိုတာ အတော်စိတ်ဝင်စားစရာတခု ဖြစ်နေတယ်၊ ကျွန်တော်နဲ့ ကျွန်တော့်ဇနီးကတော့ ကျွန်တော် တို့ ငွေရေးကြေးရေးပြဿနာကို သူပေးတဲ့နည်းလမ်းနဲ့ ဖြေရှင်းလို့ရမရကို တကယ်စမ်းကြည့်ဘို့ ဆုံးဖြတ်ထားကြပြီးပါပြီ။

ပါမောက္ခကြီးရဲ့ လုပ်ငန်းအရပ်ရပ် အောင်မြင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းလိုက်ပါ

တယ်၊ နောက်ထပ် ကျွန်တော်ကူညီနိုင်တာရှိရင်လည်း

ဆောင်ရွက်ပေးဘို့ အသင့်ရှိကြောင်းပါ။ လေးစားခင်မင်စွာဖြင့်

အဲဖရက်အိပ်(ချ)ရှရူး(စ)ဘာ
ရှေးဟောင်းသုတေသနဌာန

## စာချုပ်အမှတ် (၁)

ဆီးရီးယားပြည်တွင် ကျွန်တယောက်အဖြစ်သို့ ကျရောက်ခဲ့ပြီး မကြာမီက တိုင်းပြည်သို့ ပြန် လည်ရောက်ရှိခဲ့သော ကျွန်ုပ်ဒါဗာဆားသည် ကျွန်ုပ်ကိုယ်တိုင် ကြွေးယူသဖြင့် တင်ရှိခဲ့သော ကြွေးမြီး များကို ပြန်လည်ပေးဆပ်လျှက် ကျွန်ုပ်ကိုယ်ကို ကျွန်ုပ်၏ဇာတိမြို့ ဘေဘီလုံတွင် လူအများ လေးစား ယုံကြည်သူတဦးအဖြစ် ပြန်လည်ထူထောင်ရန် ပြင်းပြသော အာသီသရှိသည့်အားလျော်စွာ ကျွန်ုပ်၏ အစီအစဉ်များကို စနစ်တကျ စီမံဆောင်ရွက်သွားနိုင်ရန်အတွက် ရွှံ့စေးစာချုပ်တွင် အရှည်တည်မည့် ဤမှတ်တမ်းအား ယခုလပြည့်နေ့တွင် ရေးထွင်းခဲ့ပါ၏။

ကျွန်ုပ်၏ မိတ်ဆွေကောင်းကြီး မာသွန်ပေးအပ်သည့်
တန်ဘိုးရှိလှသည့် အကြံဉာဏ်အတိုင်း
ကျွန်ုပ်အား ကြွေးမြီးညွှန်တွင်းမှလွတ်ကင်း၍ ဂုဏ်သိက္ခာရှိသောဘဝသို့ မြှင့်တင်နိုင်မည့် တိကျသော
ဤအစီအစဉ်အတိုင်း လိုက်နာဆောင်ရွက်ရန် ကျွန်ုပ်အလေးအနက် အဓိဋ္ဌာန်ပြုသည်။

ဤအစီအစဉ်တွင် ကျွန်ုပ်၏မျှော်မှန်းချက်နှင့် အလိုဆန္ဒများကို ထင်ဟပ်သည့် ဦးတည်ချက် သုံးရပ်ပါရှိ၏။

ပထမ–ဤအစီအစဉ်တွင် အနာဂတ်ကာလ ကျွန်တော်၏ ချမ်းသာကြီးပွားရေးအတွက် လုပ် ဆောင်ရန် အချက်တခုပါ၏။

ယင်းအချက်အရ ကျွန်တော်ရရှိသမျှဝင်ငွေ၏ ဆယ်ပုံတစ်ပုံကို
ရေရှည်ပိုင်ဆိုင်မှုအတွက်
ကျွန်တော် သိမ်းဆည်းရမည်ဖြစ်၏။ အမြော်အမြင်ရှိသောမာသွန်က ဤသို့ဆိုခဲ့သည်။

“မိမိ၏ အသပြာအိတ်ထဲ၌ လောလောဆယ်မိမိသုံးစွဲရန်မလိုသော ရွှေစငွေစကို ထည့်သွင်း သိမ်းဆည်း ထားနိုင်သူကား မိသားစုအတွက် ကောင်းကျိုးကို ဆောင်သူဖြစ်၏။ ဘုရင်မင်းမြတ်အပေါ် သစ္စာစောင့်သိ ရိုသေသူလည်းဖြစ်၏။

“အသပြာအိတ်ထဲ၌ ကြေးနီပြားအနည်းငယ်သာရှိသူသည် မိသားစုအတွက် မသိတတ်သူ ဘုရင်မင်းမြတ်ကိုလည်းလျစ်လျူရှုသူဖြစ်၏။

“အသပြာအိတ်ထဲ၌ အသပြာ တပြားတချပ်မျှမကပ်သူကား မိသားစုကိုလည်း မညှာတာ ဘုရင်မင်းမြတ်အပေါ်လည်း သစ္စာမစောင့်သိသူ ဖြစ်၏။ ထိုသူ၏နှလုံးသား၌ ခါးသည်းမှုအတိသာ ပြည့်နှက်လျက်ရှိ၏။

“ထို့ကြောင့် မိမိ၏နှလုံးသားတွင်း၌ မိသားစုအတွက် မေတ္တာဓာတ်များ ပြည့်လျှမ်းနေလိုသူ၊ မိမိအရှင် ဘုရင်မင်းမြတ်ကိုလည်း သစ္စာစောင့်သိရိုသေလိုသူသည် အလိုဆန္ဒပြည့်ဝရန် အရာရာ စွမ်းဆောင်အောင်မြင်ရန်အတွက် မိမိအသပြာအိတ်အတွင်း၌ ရွှေဒင်္ဂါး ငွေဒင်္ဂါးသံ ချွင်ချွင်မြည်အောင် မပြတ်ထည့်သွင်း သိမ်းဆည်းထားနိုင်ဘို့လိုပေသည်။”

ဒုတိယ- ဤအစီအစဉ်တွင် ကျွန်ုပ်၏ဇနီးသည်နှင့် စပ်လျဉ်းသည့် အချက်တစ်ခုလည်းပါ၏။ ဖခင်နေအိမ်မှ ကျွန်ုပ်ထံသို့ သစ္စာရှိစွာ ပြန်လည်ရောက်ရှိလာသော ကျွန်ုပ်၏ချစ်လှစွာသော ဇနီးသည် အား အဝတ်တန်ဆာမှအစ ပြည့်စုံအောင်ဖြည့်ဆည်းပံ့ပိုးရမည်ဖြစ်၏။ သစ္စာရှိသော ဇနီးမယားအား ကောင်းစွာစောင့်ရှောက်ခြင်းသည် ယောကျ်ားကောင်းတို့၏နှလုံးသား၌ မိမိကိုယ်ကို လေးစားယုံကြည် စိတ်များ ပြည့်ဝစေပြီး၊ မိမိ၏ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်မည့် သန္နိဋ္ဌာန်နှင့် သတ္တိစွမ်းအားများအားလည်း ထက်မြက်စေနိုင်ကြောင်း မာသွန်ကဆိုခဲ့သည်။

ထိုအတွက် ကျွန်ုပ်ရရှိသမျှဝင်ငွေ၏ ဆယ်ပုံခုနစ်ပုံကို မိသားစု သာယာချမ်းမြေ့မှုအတွက် စားဝတ်နေရေးနှင့် အခြားအထွေထွေကိစ္စများတွင် သုံးစွဲရန် သတ်မှတ်ခန့်ခွဲထားရမည်ဖြစ်၏။ အဆိုပါ ဆယ်ပုံခုနစ်ပုံထက် တစ်ပြားတစ်ချပ်မျှပင် ပို၍မသုံးစွဲမိအောင် စောင့်စည်းထိန်းသိမ်းရန်လည်း မိတ် ဆွေကြီးမာသွန်က အလေးအနက်ပြောဆို၏။ အစီအစဉ်၏ အောင်မြင်မှု မအောင်မြင်မှုသည် ဤ အချက်ပေါ်တွင်မူတည်ကြောင်း အခိုင်အမာသူဆို၏။ ဆယ်ပုံခုနစ်ပုံဟူသော အတိုင်းအတာအတွင်း၌ သာ ရပ်တည်နေထိုင်ရမည်၊ ယင်းထက်ကျော်လွန်၍ ဝယ်ခြမ်းခြင်း သုံးစွဲခြင်း လုံးဝမရှိစေရ။

## စာချုပ်အမှတ် (၂)

တတိယ- ဤအစီအစဉ်တွင် ကျွန်ုပ်၏ကြွေးမြီများအား ကျွန်ုပ်ရရှိသော ဝင်ငွေမှဖဲ့၍ဆပ်သွား ရန် အချက်တရပ်လည်း ပါဝင်၏။

ယင်းအချက်အရ တလပြည့်မြောက်သည့်အခါတိုင်း ကျွန်ုပ်ရရှိခဲ့သည့်ဝင်ငွေ၏ ဆယ်ပုံနှစ်ပုံကို ယူကာ ယင်းအား ကျွန်ုပ်အပေါ် ယုံကြည်စိတ်ချစွာ ချေးငှားခဲ့ကြသည့် ပုဂ္ဂိုလ်များသို့ အချိုးကျ ခွဲဝေပေးဆပ်ရမည်ဖြစ်၏။ ဤနည်းအားဖြင့် အချိန်တန်သော် ကျွန်ုပ်တင်ရှိသည့် ကြွေးမြီများအားလုံး ကျေလည်မည်ဖြစ်၏။

ယင်းအတွက် ဤနေရာ၌ ကျွန်ုပ်အပေါ် ကြွေးမြီတင်ရှိထားသူများ အမည်စာရင်းနှင့် တင်ရှိ သော ကြွေးမြီပမာဏတို့ကို အတိအကျ

ကျွန်ုပ်ရေးထိုးမှတ်သားအပ်ပါ၏။

ဖါးရှူး၊ ယက်ကန်းလုပ်ငန်းရှင်၊ ငွေဒင်္ဂါး ၂၊ ကြေးနီပြား ၆၊
ဆင်ဂျာ၊ ပရိဘောဂပြုလုပ်သူ၊ ငွေဒင်္ဂါး ၁၊
အာမား၊ သူငယ်ချင်း၊ ငွေ ၃၊ ကြေး ၁၊
ဇန်ကား၊ သူငယ်ချင်း၊ ငွေ ၄၊ ကြေး ၇၊
အက်(စ)ကမား၊ သူငယ်ချင်း၊ ငွေ ၁၊ ကြေး ၃၊
ဟာရင်ဆား၊ လက်ဝတ်ရတနာလုပ်ငန်း၊ ငွေ ၆၊ ကြေး ၂၊
ဒီယာဘေကာ၊ ဖခင်၏မိတ်ဆွေ၊ ငွေ ၄၊ ကြေး ၁၊

အယ်(လ)ကဟာတ်၊ အိမ်ပိုင်ရှင်၊ ငွေ ၁၄၊
မာသွန်၊ ငွေတိုးချေးသမား၊ ငွေ ၉၊
ဘီရယ်ဂျစ်၊ လယ်သမား၊ ငွေ ၁၊ ကြေး ၇၊

[မှတ်ချက်။ ။ အောက်ဖက်ပိုင်း၌ စာချုပ်မှာ ပျက်စီးနေသည်။ ဆက်ဖတ်၍မရ။]

## စာချုပ်အမှတ် (၃)

အဆိုပါမြီးရှင်များထံ ကျွန်ုပ်တင်ရှိသည့် ကြွေးမြီးစုစုပေါင်းမှာ ငွေဒင်္ဂါး ၁၁၉ ပြားနှင့် ကြေး နီပြား ၁၄၁ ပြားတိတိဖြစ်ပါသည်။ ထိုကြွေးမြီးပမာဏကို ပေးဆပ်ရန် နည်းလမ်းရှာမရဖြစ်နေကာ မိုက်မဲသောအမှုများ ကျွန်ုပ်ကျူးလွန်ခဲ့မိ၏။ ဇနီးသည်အား သူ့ဖခင်အိမ်သို့ပြန်ရန် ကျွန်ုပ်ခွင့်ပြုခဲ့သည်။ ကျွန်ုပ်ကိုယ်တိုင်လည်း အရပ်တပါးတွင် လွယ်ကူသောနည်းလမ်းများအားဖြင့် ဓနဥစ္စာ ရရှိနိုင်မည်ဟု ယူဆကာ ဇာတိမြို့ရွာမှခွါခဲ့သည်။ သို့သော် ဘေးဒုက္ခမျိုးစုံကြုံကာ သူတပါးထံ ကျွန်အဖြစ် ရောင်းချ ခံရသည်အထိ ကျွန်ုပ်၏ဘဝ ကျဆင်းသွားခဲ့၏။

ယခုမူ မာသွန်ညွှန်ပြသဖြင့် ကျွန်ုပ်၏ကြွေးမြီးများကို ကျွန်ုပ်၏ဝင်ငွေမှ အနည်းငယ်စီဖဲ့၍ ဆပ်ခြင်းဖြင့် ပြေနိုင်ကြောင်း သိရှိခဲ့ပြီ။ ကိုယ်တိုင် အသုံးအဖြုန်းကြီးခြင်းကြောင့် ဖြစ်ပေါ်သည့် ပြဿနာများမှ တိမ်းရှောင်ထွက်ပြေးခဲ့ခြင်းမှာ အလွန်အကျူး ရူးသွပ်မိုက်မဲခြင်းသာဖြစ်ကြောင်းလည်း မြင်ခဲ့ပြီ။

ထို့ကြောင့် ကြွေးရှင်များအားလုံးထံ ကျွန်ုပ်သွားရောက်ကာ ကျွန်ုပ်၌ လုပ်အားဖြင့် ဝင်ငွေရှာ ရန်မှအပ အခြားနည်းလမ်းမရှိကြောင်း၊ ဤနည်းဖြင့် ကြိုးစားရှာဖွေရရှိသည့် ဝင်ငွေ၏ ဆယ်ပုံနှစ်ပုံကို ကြွေးရှင်များအားလုံးသို့ မျှတခွဲဝေကာ လစဉ်မှန်မှန် ဆပ်သွားမည်ဖြစ်ကြောင်း၊ သည့်ထက်ပို၍ ပေးချေရန်ကာ။ ကျွန်ုပ်တတ်နိုင်မည်မဟုတ်သဖြင့် ၎င်းတို့အနေနှင့် စိတ်ရှည်သည်းခံကြစေလိုကြောင်း၊ တချိန်တွင်တော့ ကြွေးမြီးအားလုံး မုချကျေလည်ရမည်ဖြစ်ကြောင်း တင်ပြပြောဆိုသည်။

ကျွန်ုပ်၏ အခင်မင်ဆုံးမိတ်ဆွေဟု ယူဆထားခဲ့သော အာမားသည် ကျွန်ုပ်အား ခါးခါးသည်း သည်း ဆဲရေပြစ်တင်ပြောဆိုရာ ကျွန်ုပ်မှာ သူ့အိမ်မှ အလွန်စိတ်ပျက်ဝမ်းနည်းစွာ ပြန်လာခဲ့ရ၏။ လယ်သမားတဦးဖြစ်သူ ဘီရယ်ဂျစ်ကမူ

သူ့မှာငွေကြေးကြပ်တည်းလွန်းသည်ဖြစ်၍ သူ့ကြွေးမြီးများကို အရင်ဆုံးဆပ်ပေးရန်သာ ထပ်တလဲလဲ ပန်ကြားပြောဆိုခဲ့သည်။ အိမ်ပိုင်ရှင် အယ်(လ)ကဟတ်သည် လည်း လုံးဝညှိနှိုင်းရခက်သော ပုဂ္ဂိုလ်တဦးဖြစ်သည်။ သူ့ငွေကို အမြန်ဆုံး အကျေအလည်မပေးလျှင် ပြဿနာ ရှာမည်ဖြစ်ကြောင်း ကြိမ်းမောင်းပြောဆိုသည်။

သို့သော် ကျန်လူများအားလုံးကား ကျွန်ုပ်၏ အစီအစဉ်ကို လိုလိုလားလားပင် လက်ခံခဲ့ကြ သည်။ ကျွန်ုပ်အနေနှင့် ကြွေးကို ရှောင်တိမ်းထွက်ပြေးခြင်းထက် ကျေလည်အောင်ပေးဆပ်ခြင်းက ပို၍

သက်သာသေးကြောင်း လက်တွေ့သိရပြီးဖြစ်ရာ ယခုကဲ့သို့ ကြွေးရှင်များထံမှ ထောက်ခံအားပေးမှု့ ရရှိသည့်အခါ၌မူ အစီအစဉ်ကို ပြီးမြောက်အောင် အကောင်အထည်ဖော်လိုစိတ်များ ပို၍ ပြတ်သား ခိုင်မာလာခဲ့ရသည်။ အချို့သောကြွေးရှင်များ၏ လတ်တလောအလိုဆန္ဒများနှင့် တောင်းဆိုချက်များကို ကျွန်ုပ်လိုက်နာနိုင်မည်မဟုတ်ပါ။ သို့သော် အားလုံးအပေါ် မျှမျှတတ ဖြစ်အောင်ကား ကျွန်ုပ်အား ထုတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## စာချုပ်အမှတ် (၄)

နောက်တစ်ကြိမ် လပြည့်ပြန်ပြီ။ လွတ်လပ်သူတဦး၏စိတ်ဓာတ်ဖြင့် ကျွန်ုပ်ကြိုးပမ်းလုပ်ကိုင်ခဲ့ သည်။ ကျွန်ုပ်၏ ဇနီးသည်ကလည်း ကြွေးဆပ်ရေးအစီအစဉ်ကို ထောက်ခံအားပေးခဲ့သည်။ ပြီးခဲ့သည့် လအတွင်း ကုန်သည်ကြီးနီဗာတူးအတွက် ကြံ့ခိုင်သန်မာသည့် ကုလားအုတ်ကောင်းများ ဝယ်ပေးခြင်း အလုပ်မှ ငွေဒင်္ဂါး ဆယ့်ကိုးပြားတိတိ ကျွန်ုပ်ရရှိခဲ့သည်။

သည်ငွေကို မူလအစီအစဉ်အတိုင်း ကျွန်ုပ်ဝေပုံချသည်။ ဆယ်ပုံတစ်ပုံကို စုဆောင်းငွေအဖြစ် သိမ်းဆည်းထားလိုက်သည်။ ဆယ်ပုံခုနစ်ပုံကိုကား အိမ်စရိတ်အဖြစ် ဇနီးသည်နှင့်အတူ သုံးစွဲရန်ချန် သည်။ ကျန်နှစ်ပုံကိုမူ ကြေးနီပြားများအဖြစ် ဖလှယ်တွက်ချက်ကာ ကြွေးရှင်အသီးသီးသို့ အချိုးကျ ခွဲဝေသည်။

ကြွေးများကိုလိုက်ဆပ်သည့်အခါ အာမားကိုမတွေ့ရ။ သူ့ဇနီးထံ ပေးထားခဲ့ရသည်။ ဘီရယ် ဂျစ်ကား ဝမ်းမြောက်လွန်းသဖြင့် ကျွန်ုပ်၏လက်ကိုပင် နမ်းရှုပ်သည်။ အယ်(လ)ကဟတ်ကြီးတဦး တည်းသာ မြန်မြန်ကြေအောင်ဆပ်ရန် မြည်တွန်တောက်တီးပြောဆိုသည်။ ကျွန်ုပ်လည်း စိတ်အနှောက် အယှက်ကင်းစွာ လုပ်ကိုင်ရှာဖွေခွင့်ရမည်ဆိုကာ ယခုထက်မြန်မြန် ပေးဆပ်နိုင်မည်ဖြစ်ကြောင်း တုန့် ပြန်ပြောဆိုခဲ့သည်။ အခြားသောသူများက ကျွန်ုပ်ကို ကျေးဇူးတင်ကြပြီး ကျွန်ုပ်၏ အားထုတ်မှု့ အတွက်လည်း ချီးကျူးစကား ဆိုကြသည်။

သို့နှင့် ပထမတစ်လအကုန်မှာပင် ကျွန်ုပ်၏ကြွေးမြီးများထဲမှ ငွေဒင်္ဂါး လေးပြားနီးပါး လျော့ သွားခဲ့ပြီး၊ ကျွန်ုပ်၏ သီးခြားကိုယ်ပိုင်ဝင်ငွေအဖြစ်လည်း ငွေဒင်္ဂါးနှစ်ပြားနီးပါးမျှ စုဆောင်းမိခဲ့သည်။ နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် ပေါ့ပါးရွှင်လန်းမှု့အရသာကို ကျွန်ုပ်ဝမ်းမြောက်ကြည နူးစွာ ခံစားလိုက်ရသည်။

ဝိုင်းဝိုင်းစက်စက်လမင်း ထွန်းလင်းလာပြန်ပါပြီ။ သည်လလည်း ကျွန်ုပ် အလုပ်ကျိုးစားခဲ့ သည်။ သို့သော် အောင်မြင်မှုမရခဲ့။ ကုလားအုတ် များများစားစား ဝယ်၍မရနိုင်ခဲ့။ ထို့ကြောင့် လုပ်အားခအဖြစ် ငွေဒင်္ဂါး တဆယ့်တပြားသာရသည်။ သို့သော် ကျွန်ုပ်၏ ဇနီးသည်လည်း ကြံ့ကြံ့ ခံရှာပါသည်။ မူလအစီအစဉ်အတိုင်းပင် ကျွန်ုပ်တို့ ကြိုးစားရပ်တည်သည်။ အဝတ်အထည်သစ် လုံးဝ မဝယ်၊ အသားမစား ဟင်းသီးဟင်းရွက်သာ ဝယ်ခြမ်းစားသည်။ ငွေဒင်္ဂါး ဆယ့်တပြား၏ ဆယ်ပုံ ခုနစ်ပုံဖြင့်ပင် လောက်အောင်နေသည်။ ဆယ်ပုံတစ်ပုံကို စုသည်။ ဆယ်ပုံနှစ်ပုံကို ကြွေးဆပ်သည်။

ကျွန်ုပ်၏ ဆပ်ငွေလေး နည်းပါးလှသော်လည်း အာမားက ချီးကျူးစကားပြောဆိုရာ ကျွန်ုပ်အံ့အားပင် သင့်သွားမိရသည်။ ဘီရယ်ဂျစ်ကလည်း ထိုနည်းတူပင်။ အယ်(လ်)ကဟတ်ကတော့ နည်းသွားရ ကောင်းလားဟု ဒေါသထွက်ကာ ပြစ်တင်မောင်မဲ ပြောဆိုသည်။ နည်းလွန်း၍ မယူချင်လျှင်လည်း ပြန်ပေးလိုက်ပါဟု ပြောသည့်အခါ၌မူ နှုတ်ဆိတ်သွားသည်။ အခြားပုဂ္ဂိုလ် များကတော့ အေးအေး ဆေးဆေးပင်။

ယခုလပြည့်မှာတော့ ကျွန်ုပ် အကြီးအကျယ်ဝမ်းမြောက်ရပြီ။ အလွန် ထွားကြိုင်းလှပသည့် ကုလားအုတ်ကြီးတအုပ်တွေ့ရပြီး သည်အထဲမှ ကောင်းပေ့ ညွန့်ပေ့ဆိုသည်များကို ရွေးဝယ်နိုင်ခဲ့ရာ ငွေဒင်္ဂါး လေးဆယ့်နှစ်ပြားပင် ကျွန်ုပ်အတွက်ရခဲ့သည်။ ကျွန်ုပ်တို့ဇနီးမောင်နှံအတွက် အထူးလိုအပ်နေ သည့် ဖိနပ်နှင့် အဝတ်အထည်များ ဝယ်နိုင်ခဲ့သည်။ ကြက်သား အမဲသား ငါးများလည်း စား သောက်နိုင်ကြသည်။ ငွေဒင်္ဂါး ရှစ်ပြားကျော်မျှ ကြွေးဆပ်နိုင်ရာ ခါတိုင်း ပူညံပူညံလုပ်သည့် အယ်(လ)ကဟတ်ပင် သည်တစ်ကြိမ် ဘာမျှမပြောတော့။

အစီအစဉ်က ကောင်းလှသည်။ သည်အစီအစဉ်ကြောင့် ကျွန်ုပ်တို့ ကြွေးမြီးတွေလည်း ကုန်
အောင်ဆပ်နိုင်မည်။ တစ်ဖက်ကလည်း ဖြည်းဖြည်းချင်း
စုဆောင်းမိလာသည်။

ဤစာချုပ်၌ ဆက်လက်မရေးသားမိသည်မှာ သုံးလခန့်ပင်ရှိသွားပြီ။ ယင်းကာလအတွင်း လစဉ်ပင် ဆယ်ပုံတစ်ပုံ စုဆောင်းခြင်း၊ ဆယ်ပုံခုနှစ်ပုံကို စားသုံးခြင်း၊ ဆယ်ပုံနှစ်ပုံကို ကြွေးဆပ်ခြင်း များ တိတိကျကျ မှန်မှန်ကန်ကန်ပင် ဆက်လက်လုပ်ဆောင်ဖြစ်ခဲ့သည်။

ယခုဆိုလျှင် ကျွန်ုပ်၏ အသပြာအိတ်၌ ငွေဒင်္ဂါး နှစ်ဆယ့်တပြားမျှရှိခဲ့ပြီ။ ၎င်းတို့အားလုံးပင် ကျွန်ုပ်ပိုင်ငွေ စစ်စစ်ဖြစ်သည်။ အိတ်ထဲတွင် သည်ငွေရှိထားသဖြင့် လမ်းလျှောက်သည့်အခါ ခေါင်း မတ်မတ် ထားနိုင်သည်။ မိတ်ဆွေ သင်္ဂဟအများကြား ရဲရဲဝံ့ဝံ့ ဖြတ်သန်းသွားလာနိုင်သည်။ ကျွန်ုပ်
၏ဇနီးသည် နေအိမ်ကို တတ်နိုင်သမျှသပ်ရပ်အောင် ထိန်းသိမ်းပြုပြင်သည်။
သူကိုယ်တိုင်လည်း လှပ
တင့်တယ်စွာ ဝတ်စားဆင်ယင်နိုင်လာသည်။ ကျွန်ုပ်တို့အိမ်ထောင်ရေးဘဝ
သာယာချမ်းမြေ့လာသည်။

အစီအစဉ်ကား အဘိုးမဖြတ်နိုင်လောက်အောင် အကျိုးကျေးဇူးကြီးမားလှသည်ဟု ဆိုရပေမည်။ ကျွန်ုပ်ကဲ့သို့ ကျေးကျွန်ဘဝ ကျရောက်ခဲ့ပြီးသူတဦးကိုပင် လူအများအသိအမှတ်ပြုသည့် အဆင့်ရောက် အောင် ပြန်လည်မြှင့်တင် ပေးနိုင်ခဲ့သည်မဟုတ်လား။

## စာချုပ်အမှတ် (၅)

နောက်တစ်ကြိမ် လဝန်းရှန်းပပြန်ပါပြီ။ ရှံ့.စာချုပ်များမှာ ရေးထိုးမှတ်တမ်းတင်မှု မပြုခဲ့မိတာ ကာလကြာခဲ့ပြီ။ တိတိကျကျဆိုရသော် ဆယ့်နှစ်လမျှပင် ကျော်လွန်ခဲ့ပြီဟု ဆိုရလိမ့်မည်။ သည်ကနေ့ တွင်တော့ မှတ်တမ်းကို မရေး၍မဖြစ်တော့။ အကြောင်းမူ သည်ကနေ့သည် ကျွန်ုပ်၏ နောက်ဆုံးလက်

ကျွန် ကြွေးမြီးများ အပြီးသတ် ပေးဆပ်လိုက်နိုင်သည့်နေ့ ဖြစ်သောကြောင့်တည်း။ ကျွန်ုပ်၏ နှစ်သက်ဖွယ်ကောင်းလှသော ဇနီးသည်နှင့် မိမိကိုယ်တိုင်အပေါ် အထူးနှစ်ခြိုက်အားရနေမိသော ကျွန်ုပ်တို့နှစ်ဦးသားသည် ကျွန်ုပ်တို့၏အဓိဋ္ဌာန်ကြီး ပြီးမြောက်အောင်မြင်သည့် အထိမ်းအမှတ်အဖြစ် အမှတ်

တ-ညစာစားပွဲတစ်ခု အတူတကွ ယနေ့ဆင်နွှဲကြသည်။

နောက်ဆုံးအခေါက်အဖြစ် ကြွေးရှင်များထံ သွားရောက်ရာ၌လည်း ထူးထူးခြားခြား ပြောစ မှတ်ပြုစရာများ ကျွန်ုပ်ကြုံခဲ့၏။ အာမားက ကျွန်ုပ်အား ကြမ်းတမ်းသောစကားများ ဆိုခဲ့မိခြင်း အတွက် တောင်းပန်ပြီး၊ ကျွန်ုပ်သည် သူနှစ်သက်လိုလားဆုံး မိတ်ဆွေတဦးဖြစ်ပါကြောင်း ဖွင့်ဟပြောဆို၏။

အယ်(လ)ကဟတ်ကြီးလည်း ယခုမဆိုးတော့ပြီ။ သူက "တစ်ချိန်တုန်းက မင်းဟာရွံ့စေးပျော့ ပဲ၊ ဖိလိုက်ရင် ပြားသွားတယ်၊ ထုစရာထောင်းစရာ မလိုဘူး၊ လူတကာလက်နဲ့ အသာလေးပုံသွင်းလို့ ရတယ်၊ အခု မင်းဟာ ကြေးဝါတုံးတစ်တုံးလို မာကြောသွားပြီ၊ ထက်တဲ့ရှတဲ့ ဓားင်းရှိသွားပြီ၊

နောင်ကို မင်းအလိုရှိရင်လာပါ၊ ရွှေလိုသလား ငွေလိုသလား ငါကူညီဘို့အသင့်ပဲ" ဟုဆိုသည်။

ကျွန်ုပ်အား အထင်ကြီးလေးစားသွားသူမှာ သူတဦးတည်းသာမဟုတ်ပေ။ လူအများအပြားပင် ကျွန်ုပ်အား အရေးတယူ ဆက်ဆံပြောဆိုလာကြသည်။ ဇနီးသည်၏အကြည့်က တောက်ပရွှင်လန်း လာသည်။ ခင်ပွန်းသည်အား တန်ဘိုးထားသည့် နှစ်လိုဖွယ် အကြည့်မျိုး။ သည်အကြည့်မျိုးသည်

ခင်ပွန်းသည်တဦးအား မိမိကိုယ်ကို ယုံကြည်မှု စိတ်ဓာတ်များ ပြည့်ဝလာစေမြဲဖြစ်သည်။

ချုပ်၍ဆိုရလျှင်မူ ကျွန်ုပ်ယခုကဲ့သို့ အောင်မြင်မှုရရှိခဲ့ခြင်းသည် ကျွန်ုပ် တိတိကျကျ လိုက်နာ ဆောင်ရွက်ခဲ့သော အစီအစဉ် ကြောင့်သာဖြစ်သည်ဟု အလေးအနက်ဆိုရပေမည်။ သည်အစီအစဉ် ကြောင့် ကြွေးမြီးအားလုံး ကျေအောင်ဆပ်နိုင်ခဲ့သည်။ အိတ်ထဲတွင် လုပ်လိုက်တိုင်း

အသံမြည်သည့် ရွှေစ ငွေစများ ပြည့်တင်းအောင် ထည့်သွင်းနိုင်ခဲ့သည်။
ထို့ကြောင့် ကြီးပွားချမ်းသာလိုသူ မိမိဘ၀ တိုးတက်မြင့်မားလိုသူတိုင်းအား
ကျွန်ုပ်၏ အစီ အစဥ်အတိုင်း လိုက်နာကျင့်ကြံကြပါဟု ထောက်ခံ
အကြံပြုလိုပါသည်။ ကျွန်ုပ်ကဲ့သို့ ငွေ၀ယ်ကျွန်
ဟောင်း တစ်ယောက်ကိုပင် ကြွေးကျေအောင် ဆပ်နိုင်သူ၊
ပိုက်ဆံအိတ်ထဲတွင် ရွှေဒင်္ဂါးအပြည့်
ထည့်နိုင်သူတဦးဖြစ်အောင် ပြောင်းလဲပေးနိုင်သည်ဆိုက
တကယ်စိတ်အားထက်သန်သော မည်သည့်
ပုဂ္ဂိုလ်ကိုမဆို ကြီးပွားတိုးတက်အောင် မြှင့်တင်ပေးနိုင်မည်မှာ မုချမလွဲပေ။
ကျွန်ုပ်ကိုယ်တိုင်လည်း သည်အောင်မြင်မှုနှင့် တင်းတိမ်မည် မဟုတ်ပါ။
ဤအစီအစဉ်၏ တန်ခိုးစွမ်းအားကို ကိုယ်တွေ့ သိရှိထားပြီးဖြစ်ရာ
ရှေ့သို့ဆက်၍ လူချမ်းသာများအကြား အောင်မြင် ထင်ရှားသော
ပုဂ္ဂိုလ်တဦးဖြစ်အောင် မမိုတ်မသုံ အားထုတ် ကြိုးပမ်းသွားဦးမည်
ဖြစ်ပါသည်။

စိန့်ဆွစ်သင်းကောလိပ်
နော့တင်ဂမ်တက္ကသိုလ်
နီ ဝပ်–အွန်–ထရင့်

၇ နိုဝင်ဘာ ၁၉၃၆ ပါမောက္ခဖရန်ကလင်ကော့ဒဝဲလ်

တဆင့်/ဗြိတိသျှသိပ္ပံလေ့လာရေးအဖွဲ့
ဟီလာ၊ မက်ဆိုပိုတေးမီးယား

ပါမောက္ခကြီးခင်ဗျား

ဘေဘီလုံမြို့ဟောင်းကို ဆက်လက်တူးဖော်တဲ့နေရာမှာ အကယ်၍များ အဲဒီမှာ ဟိုးရှေးရှေးက နေထိုင်ခဲ့ဘူးတဲ့ ဒါဗာဆားဆိုတဲ့ ကုလားအုတ် ကုန်သည်ကြီးတဦးရဲ့ တစ္ဆေနဲ့တွေ့ခဲ့မိမယ်ဆိုရင် တခု လောက် ကျေးဇူးပြုပြီး ပြောပေးစမ်းပါ။ ရှေးပဝေသဏီကာလက သူရေးခဲ့တဲ့ ရွှံ့စေးစာချပ်တွေအတွက် ကို ဒီကနေ့ အင်္ဂလန်ပြည်မှာနေတဲ့ တက္ကသိုလ်ဆရာ လင်မယားက အစဉ်ထာဝရ ကျေးဇူးတင်နေပါ တယ်ဆိုတဲ့ အကြောင်းပါ။

ဒီပုဂ္ဂိုလ်ရဲ့ အစီအစဉ်အတိုင်း ကြွေးနွံထဲက လွတ်အောင် ရုန်းဘို့ တစ်ချိန်တည်းမှာ ပိုက်ဆံ အိတ်ထဲမှာလည်း ရွှေသံငွေသံ မြည်စေဘို့ ကျွန်တော်တို့ ဇနီးမောင်နှံ ကြိုးစားကြမယ်ဆိုတဲ့အကြောင်း အရင်တနှစ်ကရေးတဲ့ ကျွန်တော့်စာထဲမှာ ဖော်ပြခဲ့တာ ပါမောက္ခကြီး အမှတ်ရကောင်းရပါလိမ့်မယ်။ မိတ်ဆွေတွေကို ဖွင့်မပြောခဲ့ပေမယ့် ကျွန်တော်တို့မှာ အတော်လေး ငွေကြေးအကြပ်အတည်း ကြုံနေတဲ့ အကြောင်း ပါမောက္ခကြီးလည်း ရိပ်မိခဲ့မှာပါ။

ကျွန်တော်တို့ကို ကြွေးနှိပ်စက်နေခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ ကြွေးဟောင်းတွေက တဖြည်းဖြည်းတက်လာတော့ အကယ်၍ မကျေနပ်တဲ့ ကြွေးရှင်တယောက်ယောက်ကများ တိုင်လား တောလားလုပ်ရင် ဟိုးလေးတကြော်ကြော်ဖြစ်ပြီး တက္ကသိုလ်ကထွက်ရတဲ့အထိ ပြဿနာတက်မှာလည်း ကျွန်တော်တို့ အမြဲကြောက်နေခဲ့ရတယ်။ ရတဲ့ဝင်ငွေထဲက တတ်နိုင်သလောက်တော့ ဖဲ့ဖဲ့ပြီးဆပ်နေ တာပဲ။ ဒါပေမယ့် အဝင်နဲ့အထွက်မမျှဘူး။ နောက်ထပ်လိုအပ်တဲ့ပစ္စည်းကျတော့ မလွှဲမရှောင်သာ အကြွေးနဲ့ပဲ

ထပ်ယူရတယ်။ အဲဒီအခါ လက်ငင်းထက်ပိုကုန်ကျတော့ မလိုအပ်ဘဲ တစ်ဖက်က နှိပ်စက်ခံ နေရပြန်တယ်။

ကြိုးစားပမ်းစား ဖြေရှင်းတဲ့ကြားက ပြဿနာက လျော့ပါးမသွားဘူး။ ကြွေးသံသရာထဲ ပတ် ချာလည်ပြီး အခြေအနေသာဆိုးသထက် ဆိုးလာတယ်။ အိမ်ရှင်ဆီမှာ ကြွေးတင်နေတော့ သူ့ထက်စျေး သက်သာတဲ့အခန်းကိုလည်း ပြောင်းလို့မရဘူး။ တခြားလဲ ဒီလိုပဲ သက်သာရာ သက်သာကြောင်း

လုပ်လို့ရတဲ့ကိစ္စ ရှာမရသလို ဖြစ်နေတယ်။ ကျွန်တော်တို့အနေအထားက ထွက်ပေါက်မရှိတဲ့ ကြွေး ထောင်ချောက်ထဲ ပိတ်မိနေသလိုမျိုး။

အဲဒီအချိန်မှာ ပါမောက္ခကြီးနဲ့ ဆက်စပ်သိကျွမ်းရတဲ့ ရှေးခေတ် ဘေဘီလုံသား ကုလားအုတ် ကုန်သည်ကြီးက ကျွန်တော်တို့အတွက် လုံးဝအံဝင်ဂွင်ကျဖြစ်မယ့် အစီအစဉ်တခု ပေးလာတယ်။ သူ့ နည်းစနစ်ကို ကျွန်တော်တို့အရမ်းသဘောကျပြီး အဲဒီအတိုင်းလိုက်လုပ်ဖို့ ဆုံးဖြတ်ကြတယ်။ ကျွန်တော် တို့ တင်နေတဲ့ကြွေးတွေကို တိတိကျကျ စာရင်းချရေးတယ်။ ပြီးတော့ ကြွေးရှင်တွေဆီလည်ပြီး ဒီစာရင်းကိုပြတယ်။ သူတို့နဲ့ ဆွေးနွေးတယ်။

အခု ဒီပုံစံအတိုင်းဆက်စခန်းသွားနေရင် ဒီကြွေးတွေ ကျွန်တော်တို့ ဘယ်နည်းနဲ့မှကျေအောင် ဆပ်နိုင်မှာ မဟုတ်တော့ဘူးဆိုတာ ပြောပြတယ်။ စာရင်းကိုကြည့်ယုံနဲ့ သူတို့လည်း သဘောပေါက် တယ်။ အဲဒီနောက် သူတို့ကြွေးတွေကို ကျေအောင်ဆပ်ပေးနိုင်မယ့် တခုတည်းသောနည်းလမ်းက ကျွန် တော့်အနေနဲ့ လစဉ်ဝင်ငွေရဲ့ နှစ်ဆယ်ရာခိုင်နှုန်းကို သီးသန့်ဖဲ့ပြီး အဲဒါတွေကို ကြွေးရှင်တွေအားလုံး အတွက် အချိုးကျ မျှဆပ်တဲ့နည်းသာဖြစ်တယ်။ အဲဒီလိုဆပ်ရင် နှစ်နှစ်ကျော်လောက်အတွင်းမှာ ကြွေး

အားလုံး ကျေလိမ့်မယ်။ ဒီအတောအတွင်းမှာတော့ သူတို့ဆိုင်တွေက

မသုံးမဖြစ်တဲ့ ပစ္စည်းဝယ်ရင်

လက်ငင်းငွေချေစနစ်နဲ့ပဲ ဝယ်မယ်။ အဲဒီအစီအစဉ်ကို သူတို့လက်ခံပါလို့

ရှင်းလင်းပြောပြတယ်။

ဒီလူတွေအားလုံး ယဉ်ကျေးမှုရှိတဲ့ ပုဂ္ဂိုလ်တွေချည်းပါပဲ။ ပြောရမခက်ပါဘူး။ ကျွန်တော်တို့ ဝယ်နေကျ ကုန်စိမ်းဆိုင်ရှင်ဆိုရင် တော်တော် အမြော်အမြင်ရှိတဲ့ပုဂ္ဂိုလ်။ "နောက်ထပ်ဝယ်တာကို လက်ငင်းပေးမယ်။ အရင်ကြွေးဟောင်းလည်း နည်းနည်းချင်း ဖဲ့ဆပ်ဦးမယ်ဆိုရင်တော့ ဘာပြောစရာ ရှိသေးလည်းဗျာ၊ အရင်တုန်းကထက် အများကြီးကောင်းသွားတာပေါ့။ ခင်ဗျားကျုပ်ကို ပိုက်ဆံမပေး တာ သုံးနှစ်တောင်ရှိပြီဗျ၊" တဲ့။ သူပြောတဲ့စကားက တခြားလူတွေပါ အလွယ်တကူ သဘောပေါက် အောင် ကူရှင်းပေးနိုင်ခဲ့တယ်။

အဲဒီနောက် သူတို့နာမည်တွေအားလုံးပါဝင်တဲ့ သဘောတူညီချက်တစ်ခု ကျွန်တော် ညှိနှိုင်းယူ ခဲ့တယ်။ ကျွန်တော့်ဝင်ငွေရဲ့ နှစ်ဆယ်ရာခိုင်နှုန်းကိုသာ မှန်မှန်ဆပ်နေမယ်ဆိုရင် သူတို့ဘက်က ကျွန်တော်တို့ကို

ဘာအနှောက်အယှက်မှ မပေးဘူးဆိုတဲ့ ကတိပြုချက်နဲ့ပေါ့။ ဒီကတိရပြီးတဲ့နောက် ကျွန်တော်တို့ အစီအစဉ်တွေ တိတိကျကျချတယ်။ ဝင်ငွေရဲ့ ခုနှစ်ဆယ်ရာခိုင်နှုန်းနဲ့ လောက်အောင် သုံးစွဲနေထိုင်ဘို့၊ ဘယ်ရာခိုင်နှုန်းကိုတော့ ငွေသံ ရွှေသံကြားနေရအောင် အိတ်ထဲထည့် စုဆောင်းဘို့ စသဖြင့်ပေါ့။ နောင်တစ်နေ့မှာ ရွှေတွေငွေတွေ စုဆောင်းမိလာနိုင်တယ်ဆိုတာ စဉ်းစားမိယုံနဲ့တင် လူက အများကြီးအားတက်တယ်။

ငွေကြေးသုံးစွဲမှုနဲ့ပတ်သတ်တဲ့ အဲဒီအပြောင်းအလဲကြီးလုပ်လိုက်ရတာ စွန့်စားခန်းတစ်ခု ဆင်နွှဲ ရသလိုပါပဲ။ ခုနှစ်ဆယ်ရာခိုင်နှုန်းနဲ့ အဆင်ပြေအောင်နေဘို့ လင်မယားနှစ်ယောက် နည်းလမ်းတွေ ရှာကြတယ်။ တွက်ကြချက်ကြတယ်။ ပထမဆုံး အိမ်ငှားခ သက်သာဖို့ကိစ္စ စီမံကြတယ်။ အဲဒီနောက် လက်ဖက်ခြောက်ကအစ နာမည်ကြီး ဈေးကြီးတဲ့တံဆိပ်အစား ပစ္စည်းအရည်အသွေးလည်းမညံ့

ဈေးနှုန်းလဲသက်သာတဲ့ အမျိုးအစားတွေ ပြောင်းလဲသုံးစွဲကြတယ်။ တချို့ဆိုရင် နာမည်ကြီးတွေထက် အများကြီး ပိုကောင်းနေတာ အံ့သြစရာ သွားတွေ့ရတယ်။

စာထဲမှာ အသေးစိတ်တွေရေးရင် သိပ်ရှည်လျားနေလိမ့်မယ်။ ချုပ်ပြီးပြောရရင်တော့ သူ့ နည်းစနစ်ကို တကယ်လက်တွေ့ကျင့်သုံးရာမှာ အခက်အခဲ မကြုံရဘူးလို့ပဲ ဆိုရမှာပါ။ ကျွန်တော်တို့ စိတ်ချမ်းချမ်းသာသာနဲ့ပဲ အကောင်အထည် ဖော်နိုင်ခဲ့ကြတယ်။ ဒီအစီအစဉ်အတိုင်း လုပ်ခဲ့မိတဲ့အတွက် ကျွန်တော်တို့ အများကြီး စိတ်သက်သာ ပေါ့ပါးသွားခဲ့ရပြီ။ အရင်ကလို မကျေနိုင်တဲ့ ကြွေးတွေရဲ့ ခြိမ်းခြောက်နှိပ်စက်မှုဒဏ် မခံရတော့ဘူး။

ပိုက်ဆံအိတ်ကိုလုပ်ကြည့်ရင် အသံမြည်နေ့ရမယ်ဆိုတဲ့ သြဝါဒအတိုင်း စုဆောင်းခဲ့တဲ့ ဝင်ငွေ ရဲ့ ဆယ်ရာခိုင်နှုန်းအကြောင်း ပြောရအုံးမယ်။ အစပိုင်းတလျှောက်လုံးတော့ ကျွန်တော်တို့ တကယ် လည်း လုပ်ကြည့်နေခဲ့ကြတာပဲ။ မရယ်ပါနဲ့နော်။ အဲဒါက တကယ်လည်း စိတ်ချမ်းသာစရာ ကောင်း တာပါ။ လက်ငင်းသုံးစွဲစရာမလိုဘဲ အပိုဆာဒါး စုဆောင်းထားနိုင်တဲ့ ပိုက်ဆံလေးရှိနေတာ တကယ် ပျော်စရာ။ တိုးသထက် တိုးပွားလာတာလေးကို ရေတွက်နေရတာဟာ သုံးရတာထက်တောင် အရသာ ရှိပါသေးတယ်။

ပိုက်ဆံအိတ်ကို စိတ်ကျေနပ်အောင် လုပ်ကြည့်နေပြီးတဲ့နောက်မှာ ဒီစုငွေကို ပိုအကျိုးရှိအောင် အသုံးပြုဘို့နည်းလမ်း ကျွန်တော်တို့တွေ့ခဲ့တယ်။ လစဉ်ဝင်ငွေရဲ့ ဆယ်ရာခိုင်နှုန်းကိုပဲ မှန်မှန်ထည့်ဝင် သွားလို့ရတဲ့ ရင်းနှီးမြှုပ်နှံမှုတခု ကျွန်တော်တို့ပြုလုပ်ခဲ့တယ်။ ကျွန်တော်တို့ရဲ့ ပြန်လည်ထူထောင်ရေး အစီအစဉ်မှာတော့ ဒါက အားတက်စရာအကောင်းဆုံး အစိတ်အပိုင်ပဲ။ ဒါကျွန်တော့်ငွေနဲ့လုပ်တဲ့ ပထမဆုံး ရင်းနှီးမြှုပ်နှံမှုတခု ဆိုပါတော့။

အခုဆိုရင် ရင်းနှီးမြှုပ်နှံမှုအလုပ်က မှန်မှန်ကြီး ကြီးထွားတိုးတက်နေပြီ။ ဒါကိုသိနေရတဲ့ အတွက်လည်း ကျွန်တော်တို့မှာ အင်မတန် ကျေနပ်အားရနေရတယ်။ နောင်ရေးအတွက် စိတ်အေး နေရတယ်။ ကျွန်တော် အငြိမ်းစားယူတဲ့ အချိန်လောက်ရောက်ရင် ဒီငွေရင်းက အတော့်ကိုများနေ လောက်ပြီ။ သူကရတဲ့ဝင်ငွေနဲ့တင် ကျွန်တော်တို့ တသက်လုံး စိတ်အေးလက်အေး စားသောက် နေထိုင် သွားနိုင်လောက်ပြီ။

ကြည့်စမ်း၊ အဲဒါအားလုံးဟာ ကျွန်တော့်ငွေတွေချည်ပဲ။ ရုတ်တရက်ဆိုရင် ယုံနိုင်စရာတောင် မရှိဘူး။ ဒါပေမယ့် တကယ်အမှန်ပဲ။ လောလောဆယ် ကျွန်တော်တို့ ကြွေးတော်တော်များများ ကျေ သွားပြီ။ ကျန်တာတွေ မှန်မှန်ဆပ်နေနိုင်တယ်။ တချိန်တည်းမှာ ကိုယ်ပိုင်ငွေကလည်း တိုးပွားလာနေ တယ်။ ပြီးတော့ နေ့စဉ်နေထိုင်သုံးစွဲမှုဘဝကလည်း အရင်ကထက် အများကြီး ချောင်ချောင်လည် လည်ရှိတယ်။ ငွေကို စနစ်ဇယားမရှိ သုံးစွဲနေရာက စနစ်ဇယားချပြီး သုံးစွဲလိုက်တာနဲ့တင် ဖြစ်ပေါ် လာတဲ့ အပြောင်းအလဲက မယုံကြည်နိုင်လောက်စရာပဲ။

နောက်နှစ်ကုန်ရင် ကျွန်တော်တို့ ကြွေးအားလုံးကျေပြီ။ အဲဒါဆိုရင် စောစောကကြွေးဆပ်ဘို့ ဖယ်ရတဲ့ငွေကို ရင်းနှီးမြှုပ်နှံတဲ့အထဲထည့်နိုင်ပြီ။
အဲ၊ ခရီးတခေါက်တော့ ထွက်ကြအုန်းမယ်လို့ ကျွန်
တော်တို့ စဉ်းစားထားတယ်။ သို့သော် ကြွေးကြေသွားပြီးတဲ့နောက်မှာလည်း ပုံမှန်အသုံးစရိတ်ကို
ဝင်ငွေရဲ့ ခုနှစ်ဆယ်ရာခိုင်နှုန်းထက် မတိုးမြှင့်ဘို့တော့ ကျွန်တော်တို့ ဆုံးဖြတ်ထားပါတယ်။

ခုလောက်ဆိုရင်တော့ ကျွန်တော်တို့ဘာကြောင့် အဲဒီ ရှေးဘေဘီလုံသားကြီးကို ကျေးဇူးတင်ရ တယ်ဆိုတဲ့အကြောင်း ရှင်းလောက်ပါပြီ။ သူက ကျွန်တော်တို့ကို ကြွေးနွံထဲမှာ ဘဝဆုံးရတော့မယ့် အဖြစ်က ကယ်တင်ခဲ့တာပါ။

ကျွန်တော်တို့ရောက်ခဲ့တဲ့ အနေအထားရဲ့ ဆိုးရွားပုံကို သူအသိဆုံးပါ။ သူက ကျွန်တော်တို့
ထက်မကကြုံခဲ့ရတဲ့သူကိုး။ သူ့ရဲ့ခါးသည်းလှတဲ့ အတွေ့အကြုံတွေကနေ တခြားလူတွေ သင်ခန်းစာ
ယူစေချင်လို့ အရေးရခက်လှတဲ့ ရွှံ့စေးစာချပ်တွေမှာ အချိန်အများကြီးပေးပြီး သူရေးခဲ့တာ။

သူ့နည်းတူကြုံရမယ့် နောက်လူတွေအတွက် သူ့ရဲ့အသိပေးပြောကြားချက်တွေဟာ တကယ့်ကို တန်ဘိုးကြီးလှပါတယ်။ တန်ဘိုးကြီးလွန်း အရေးပါလွန်းလို့လည်း အခုလို နှစ်ပေါင်းငါးထောင်ကျော် ကြာပြီးတဲ့အချိန်မှာတောင် မြေကြီးထဲက ပြန်ထွက်လာရတာ။ ဘေဘီလုံရဲ့ အပျက်အစီးတွေကြားက
ပြန်လည်ဆယ်ယူရရှိခဲ့တဲ့ ဒီစာချပ်ပါ ရေးသားချက်တွေဟာ ပုဂ္ဂိုလ်ကြီးဒါဗာဆား ရေးထွင်းစဉ်က
အရေးပါခဲ့ မှန်ကန်ခဲ့သလို ဒီကနေ့မှာလည်း အရေးပါဆဲ
မှန်ကန်ဆဲပါပဲလို့ ဆိုလိုက်ချင်ပါတယ်။ လေးစားခင်မင်စွာဖြင့်

အဲဖရက်အိပ်(ချ)ရှရူး(စ)ဘာ
ရီ

ရှေးဟောင်းသုတေသနဌာန

# အခန်း (၁၀)

## ဘေဘီလုံမှာကံအကောင်းဆုံးပုဂ္ဂိုလ်

ဝန်တင်ကုလားအုတ်တန်းကြီး၏ထိပ်မှ ဂုဏ်ယူစွာ လိုက်ပါလာသူကား ဘေဘီလုံ၌ ကုန်သည် မင်းသားဟု ထင်ရှားသည့် ရှာရူးနာဒါ ဖြစ်သည်။ သူက ဝတ်ကောင်းစားလှ နှစ်သက်သူဖြစ်သည်။ အလွန်တန်ဘိုးကြီး၍ သားနားလှပသည့် အဝတ်တန်ဆာများ ဆင်ယင်ဝတ်စားလေ့ရှိသည်။ တိရိစ္ဆာန် ဆိုလျှင် မျိုးကောင်းမျိုးသန့်မှ သူရွေးသည်။ ယခုလည်း အလွန်ကြွကြွရွရွရှိလှသည့် အာရပ်မြင်းကြီး တစီးပေါ်မှာ သူသက်သောင့်သက်သာ လိုက်ပါလာခြင်းဖြစ်သည်။ အမှတ်တမဲ့ကြည့်လျှင် သူ့ကို

အသက်အရွယ် ကြီးရင့်သူတဦးဖြစ်ကြောင်း မှန်းဆမိရန်မလွယ်။ ဒါတွင်မက လောလောဆယ် သူ့စိတ်

ထဲမှာ ပြဿနာတစ်ခုကြောင့် အနှောင့်အယှက်ဖြစ်နေရကြောင်း

ခန့်မှန်းမိရန်က ပို၍ပင်မလွယ်။

ဒမတ်စကပ်မှ လာခဲ့သောခရီးသည် ရှည်လျားဝေးလံလွန်းလှသည်။ သဲကန္တာရတွင်းမှာ ကြုံ တွေ့ရသည့် အခက်အခဲတွေကလည်း ပြောမကုန်နိုင်အောင်ပင်။ သို့သော် သည်ဟာတွေကို သူအရေး မစိုက်။ ခရီးလမ်းတလျှောက်ရှိ အာရပ်မျိုးနွယ်စုတွေသည် ရက်စက်ကြမ်းကြုတ်သည်။ ချမ်းသာသော ကုန်သည်အုပ်စုတွေလာလျှင် လုယက်ရန် အမြဲချောင်းနေတတ်သည်။ သို့သော် နာဒါကမမှု။ သူ့မှာ အလွန်လျင်မြန်သည့် မြင်းစီးအစောင့် စစ်သည်တွေ အလုံလောက် ပါလာသည်။ သည်လူတွေက ဓါးပြရန်ကို ကောင်းစွာ ကာကွယ်စောင့်ရှောက်နိုင်သည်။

ယခု သူ့ခေါင်းထဲတွင် ပြဿနာတက်နေသည်က ဒမတ်စကပ်မှ သူခေါ်လာခဲ့သည့် ယခုသူ့ ဘေးမှ လိုက်ပါလာသူ လူငယ်အတွက် ဖြစ်၏။ လူငယ့်အမည်က ဟာဒန်ဂူလာဖြစ်သည်။ ဟာဒန်သည် သူနှင့်အတူ နှစ်ပေါင်းများစွာ အတူ တကွ စီးပွားရှာခဲ့သူ အာရတ်ဂူလာ၏ မြေးဖြစ်သည်။ အာရတ်၏ကျေးဇူးက သူ့အပေါ် တသက် ဆပ်မကုန်အောင် တင်ရှိခဲ့သည်။ ထို့ကြောင့်လည်း အာရတ်၏ မြေးဖြစ်သူ ဟာဒန်ဂူလာအတွက် တခုခု ဆောင်ရွက်ပေးလိုသောဆန္ဒ သူ့မှာ ပြင်းပြခဲ့ခြင်းဖြစ်သည်။ သို့သော် သည်အတွက် စဉ်းစားကြံဆလေ အခက်အခဲတွေသာ သူတွေးမိလေ ဖြစ်နေခဲ့သည်။

ပြဿနာက သည်လူငယ်နှင့်ပင်သက်ဆိုင်သည်။ လူငယ့်ကိုယ်ပေါ်တွင် လက်စွပ်တွေ နား ကွင်းတွေ အပြည့်ဆင်ယင်ထားတာ သူမြင်နေရသည်။ 'အင်း၊ မျက်နှာက သူ့အဖိုးရဲ့ ယောကျာ်းပီသ တဲ့ မျက်နှာမျိုး၊ ဒါပေမယ့် စိတ်ဓါတ်ချင်းက တစ်ခြားစီ၊ သူ့အဘိုးက အဝတ်အစား ပြိုးပြိုးပြောင် ပြောင်တွေ ဝတ်တဲ့လူစားမျိုးမဟုတ်ဘူး၊ သူကတော့ လက်ဝတ်ရတနာဆိုတာ ယောကျာ်းတွေအတွက်

အောက်မေ့တာ၊ အင်းလေ၊ သူ့ခြေထောက်ပေါ်သူရပ်တတ်အောင်ဆိုပြီး

ငါခေါ်ခဲ့တဲ့ကိစ္စပဲ၊ အမွေရတဲ့

ပိုက်ဆံတွေ ထိုင်ဖြုန်းနေတဲ့ သူ့အဖေလက်ထဲ ထားခဲ့ရင် ဒီကောင်လေးလည်း လုံးဝပျက်စီးမှာ၊'

ဟာဒန်ဂူလာ၏ အမေးစကားကြောင့် သူ့အတွေးစပြတ်သွားရသည်။

"အဘ ဘာကြောင့်

ဒီလောက် အလုပ်ပင်ပင်ပန်းပန်းလုပ်နေရတာလဲ၊

ဒီဝန်တင်တိရစ္ဆာန်တန်းကြီးနဲ့ ခရီးရှည်သွားရတာ

အဘမငြီးငွေ့ဘူးလား၊ တခါတလေ ဘဝမှာ ပျော်ပျော်နေဘို့

စိတ်မကူးဘူလား၊"

ရှာရူးနာဒါါကပြုံးသည်။ "ဘဝမှာ ပျော်ပျော်နေဘို့ ဟုတ်လား"

သူကဆိုသည်။ "ကိုင်း မေးပါ

ရစေကွာ၊ မင်းသာ ရှာရူးနာဒါ ဆိုရင် ဘဝမှာဘယ်လိုတွေ ပျော်ပျော်နေမယ်

စိတ်ကူးသလဲ”
“အဘလောက် ပိုက်ဆံချမ်းသာရင် ကျွန်တော် မင်းသားတပါးလို နေမှာပေါ့ဗျ။ ဒီလိုပူပြင်းတဲ့ သဲကန္တာရမျိုးကိုဖြတ်ပြီး ဘယ်ခရီးသွားနေပါ့မလဲ၊ ငွေဒင်္ဂါးတွေဆိုတာ အိတ်ထဲဝင်လာတာနဲ့ ချက်ချင်း သုံးပစ်မယ်၊ အပျံ့စားဆိုတဲ့ အဝတ်အစားတွေ အရှားပါးဆုံး လက်ဝတ်ရတနာတွေ ဈေးကြီးပေးပြီး
ဝယ်ဝတ်မယ်၊ ကျွန်တော်ကြိုက်တာ အဲဒီလိုဘဝမျိုးပဲ၊ အဲဒါမှ
တကယ်နေပျော်တဲ့ဘဝ၊” သူက သွက်
လက်စွာဖြေသည်။ သည်နောက် သူတို့နှစ်ယောက်လုံး အားရပါးရ
ရယ်လိုက်မိကြသည်။
“မင်းအဘိုးက လက်ဝတ်ရတနာ မဝတ်ဘူးကွ၊” ရှာရူးနာဒါက အမှတ်မဲ့ ပြောလိုက်မိသည်။ သည့်နောက်မှ ရယ်သလို မောသလိုနှင့်မေးသည်။ “အလုပ်လုပ်မယ့် အချိန်လေးဘာလေးကော မထား တော့ဘူးလားကွ၊”

“အလုပ်ဆိုတာ ကျွန်တွေအတွက်ပဲ”

ဟာဒန်ဂူလာကဆိုသည်။

ရာရှုနာဒါက ဘာမျှမပြော၊ နှုတ်ခမ်းကိုသာ ကိုက်နေလိုက်မိသည်။ တိတ်ဆိတ်စွာ ဆက်၍ခရီးနှင်ခဲ့ပြီးနောက်တွင် ကုန်းစောင်းတခု၏ ထိပ်သို့ရောက်လာသည်။ နာဒါက မြင်းကို ဇတ်သတ်ရပ်လိုက်ပြီး အောက်ဘက်ရှိ စိမ်းလန်းသော ချိုင့်ဝှမ်းလွင်ပြင်ဒေသကို ပြသည်။ "အဲဒါ ဘေဘီလုံချိုင့်ဝှမ်းလွင်ပြင်ပဲ၊ ဟိုအဝေးမှာ ဘေဘီလုံမြို့ရိုးကို ပျပျလေးမြင်ရမယ်၊ မျှော်စင်မြင့်ကြီးနဲ့ အဆောက်အဦးက ဘဲလ်ဗိမာန်တော်၊ မင်းမျက်စိကောင်းရင် မျှော်စင်ထိပ်မှာ ထွန်း ညှိထားတဲ့ ထာဝရမီးလျှံက မီးခိုးတန်းရေးရေးကို မြင်ရလိမ့်မယ်၊"

"ဩ၊ ဒါဘေဘီလုံပဲကိုး၊ ကမ္ဘာပေါ်မှာ အချမ်းသာ

အကြွယ်ဝဆုံးဆိုတဲ့မြို့၊ ကျွန်တော်ရောက်

ဖူးချင်ခဲ့တာကြာပြီ၊" ဟာဒန်ဂူလာက ဆိုသည်။ "ဘေဘီလုံဟာ

ကျွန်တော်တို့အဘိုးစပြီး စီးပွားရှာခဲ့တဲ့

မြို့ပဲ၊ ဒီမှာသူစချမ်းသာတာ၊ အဘိုးသာရှိသေးရင် ကျွန်တော်တို့

ခုလောက်ကျပ်တည်းမှာမဟုတ်ဘူး၊"

"သူလည်း သက်တမ်းရှိသလောက်သာ နေနိုင်မှာပေါ့ကွာ၊ ဘာကြောင့်ဒီထက်ပိုပြီး တောင်းဆို ချင်ရတာလဲ၊ မင်းနဲ့မင်းအဖေရှိသားပဲကွ၊ မင်းအဘိုးရဲ့ အခြေခိုင်ပြီးသားလုပ်ငန်းတွေကို မင်းတို့ ဆက် လုပ်ကြပေါ့၊" "ဟာ၊ ကျွန်တော်တို့သားအဖက အဘိုးရဲ့ပါရမီမျိုး တစက်မှမပါဘူးဗျ၊ ရွှေတွေငွေတွေ အလို အလျောက် တန်းစီပြီးဝင်လာအောင်ခေါ်ယူတဲ့ အဘိုးရဲ့ လျှို့ဝှက်နည်းလမ်းတွေ ကျွန်တော်တို့ သား အဖ မရလိုက်ကြဘူး၊" ရာရှုနာဒါက ဘာစကားမျှမဆို၊ မြင်းကိုသာဇက်ပေးကာ တောင်ကြားချိုင့်ဝှမ်းထဲ ဆင်းသည် လမ်းအတိုင်း တွေးတွေးငေးငေးဖြင့် ဆင်းလာခဲ့သည်။ သူတို့နောက်မှ ဝန်တင်ကုလားအုတ်တန်းက ထက်ကြပ်မကွာ လိုက်ပါလာသည်။ အတန်ကြာလျှင်ပင် ဘုရင့်လမ်းမကြီးပေါ်သို့ သူတို့ရောက်ရှိလာ ကြပြီး တောင်ဘက်သို့ ချိုးကွေ့ကြသည်။

လမ်းဘေးဝဲယာ၌ တူးမြောင်းများဖြင့် ရေသွယ်စိုက်ပျိုးသော လယ်ကွင်းပြင်များရှိသည်။ လယ် ကွင်းထဲ၌ အသက်အတော်ကြီးရင့်ပြီဖြစ်သော လူကြီးသုံးယောက် လယ်ထွန်နေကြတာ ရာရှုနာဒါ သတိပြုမိသည်။ သည်လူတွေ့ရပ်သွင်ကို သူမြင်ဘူးနေသည်။

အံ့တော့အံ့ဩစရာ၊ သည်နေရာကို လွန် ခဲ့သော နှစ်ပေါင်းလေးဆယ်လောက်က တကြိမ်သူဖြတ်သန်းဘူးသည်။ အဲသည်တုန်းက တွေ့ခဲ့ဘူး သည့် လယ်သမားတစုနှင့် ယခုလူစုသည် အတူတူဖြစ်နိုင်ပါ့မလား။ သို့သော် သူ့စိတ်ထဲမှာတော့ သေချာနေသည်။ သည်လူတွေပဲ။ အိုသွားတာတစ်ခုပဲရှိသည်။ ကျန်တာ ဘာမှမပြောင်းလဲ။ ထယ်ထိုး သည့်လူက လက်ကြောမတင်း။ ကိုင်ထားပုံက လျော့တိလျော့ရဲ။ နွားမောင်းသည့် လူနှစ်ယောက်က လည်း ပျင်းတိပျင်းတွဲ လေးလေးကန်ကန်။ စည်ပိုင်းသစ်သားခြမ်းမှ ဖွဲ့ထားသောတုတ်နှင့် မထိတချက် ထိတချက် ရိုက်လျက်။

လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်တုန်းကတော့ သည်လူတွေကို သူမနာလိုဖြစ်ခဲ့ဘူးသည်။ သူတို့နှင့် နေရာချင်းလဲခွင့် ရမည်ဆိုလျှင် ဝမ်းသာအားရ လဲခဲ့မိလိမ့်မည်။ ယခုတော့ အခြေအနေက လုံးဝခြားနားခဲ့ပြီ။ သူ့နောက်ဘက်က ပါလာသည့်ကုလားအုတ်တန်းကို နာဒါ ဂုဏ်ယူစွာ လှည့်ကြည့် မိသည်။ သည်အထဲမှာ မျိုးကောင်းမျိုးသန့် ကုလားအုတ်များအပြင် မြည်းတွေလဲပါသေးသည်။ သည် အကောင်တွေအားလုံး၏ ကျောပေါ်မှာ ဒမတ်စကပ်မှဝယ်လာခဲ့သည့် အဘိုးတန်ကုန်ပစ္စည်းတွေ

အပြည့်အမောက်တင်လျက်။ သည်ဟာတွေအားလုံးသည်

သူပိုင်ပစ္စည်းများဖြစ်သည်။ ပို၍ တိတိကျကျ

ဆိုရသော် ပစ္စည်းတွေသည် သူပိုင်ဓနဥစ္စာ မြောက်များစွာထဲမှ

အစိတ်အပိုင်းတစ်ခုမျှ ဖြစ်သည်။

သူကဟာဒန်အား လယ်ထွန်နေသူများကို ညွှန်ပြပြီး ပြောလိုက်သည်။

“အဲဒီလူတွေဟာ လွန်

ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်ကပုံစံအတိုင်း လုပ်နေကြတုန်းပဲကွ၊

ဘာမှမပြောင်းလဲသေးဘူး၊” “ဒီလူတွေ ဟုတ်လား၊ ဘာကြောင့်

မပြောင်းလဲဘူး ပြောနိုင်သလဲခင်ဗျ၊” “ငါကိုယ်တိုင်

တွေ့ခဲ့ဘူးတာကို၊” ရှုရှူးနာဒါကဖြေသည်။

သူ့ခေါင်းထဲတွင် အတိတ်ကဖြစ်ရပ်တွေ တိုးဝှေ့နေရာ ယူလာသည်။ ဘာကြောင့် ဒီအတိတ် တွေကို မေ့မထားနိုင်ရသလဲ၊ ပစ္စုပ္ပန်မှာပဲ နေပါရော့လား၊ သူ့ကိုယ်သူ ပြောမိသေးသည်။ သို့သော် အာရတ်ဂူလာ၏ ပြုံးနေသော မျက်နှာက ပေါ်လာသည်။ သည်မျက်နှာကို မြင်ယောင်လျှင်ပင် သူနှင့် သူ့အနီးရှိ လူငယ်လေးအကြား ခြားထားသည့် အတားအဆီးက ပျက်ပြယ်၍ သွားရသည်။

သို့သော် သည်လူငယ်ကို သူဘယ်သို့ ကူညီရမည်နည်း။ လူငယ်က စိတ်နေမြင့်သည်။ ပြီး ဘာကိုမျှ အလေးအနက်ထားသူမျိုးမဟုတ်။ သူ့မှာ ပိုက်ဆံသုံးချင်တာ ဖြုန်းချင်တာ လက်ဝတ်ရတနာ အဆင်တန်ဆာတွေကို

မက်တာပဲ ရှိသည်။ အလုပ်လုပ်ချင်စိတ် ရှိသူမျိုးဆိုလျှင်တော့ ပေးစရာအလုပ် တပုံတပင်ရှိသည်။ သို့သော် သည်လူငယ်က အလုပ်ဆိုတာ အနိမ့်စားသတ္တဝါတွေ လုပ်သည့်အရာ ဟု ယူဆနေသည်။

ဘာပဲဖြစ်ဖြစ် နာဒါအနေနှင့်က အာရတ်ဂူလာ၏ မျက်နှာကိုထောက်၍ တစုံတခု ပြုလုပ်ပေး ရန် တာဝန်ရှိနေသည်။ လုပ်ပြီဆိုလျှင်လည်း တဝက်တပျက်ဆိုတာမျိုးတော့မဖြစ်။ သူနှင့်အာရတ်က အလုပ်တခုကို စိတ်မပါတပါ လုပ်ရိုးထုံးစံမရှိ။ သူတို့က လုပ်မိလျှင် အပြည့်အဝ ဇောက်ချပြီး လုပ် တတ်သည့် လူစားမျိုး။

သူ့ခေါင်းထဲ စိတ်ကူးတခုပေါ်လာသည်။ ချက်ချင်းပင် သင့်တော်ပါ့မလားဆိုသော အတွေး တွေလည်း ဝင်လာသည်။ ကိုယ့်ရပ်တည်ချက်ရော ကိုယ့်မိသားစု၏ အနေအထားပါ စဉ်းစားရဦးမည်။ သူတို့အတွက် ရက်စက်ရာ ကျနေမည်လား၊ သူတို့အတွက် စိတ်ထိခိုက် ခံစားစရာတွေ ဖြစ်နေမည် လား။ သူစဉ်းစားသည်။

သို့သော် နာဒါက ဆုံးဖြတ်ချက် မြန်ဆန်သူဖြစ်သည်။ သို့လောသို့လောတွေ ဘေးဖယ်ကာ စိတ်ကူးအတိုင်း အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်သည်။

"မင်းအဘိုးနဲ့ငါနဲ့ သိပ်အကျိုးအမြတ်ရှိတဲ့ လုပ်ငန်းတခု စလုပ်ခဲ့ပုံအကြောင်း မင်းစိတ်ဝင်စား မလားမသိဘူး" သူက မေးလိုက်သည်။

"အဘတို့ ပိုက်ဆံတွေ ဘယ်လိုရသလဲဆိုတာသာ ပြောပါ၊ ကျွန်တော်က အဲဒီအပိုင်းပိုသိချင် တာ၊" လူငယ်ကဆိုသည်။

ရှာရူနာဒါက လူငယ့်စကားကို အလေးအနက်မထားဘဲ သူပြောလိုရာကိုသာ ဆက်ပြောသည်။

"စောစောက တွေ့ခဲ့တဲ့ လယ်ထွန်နေတဲ့လူတွေအကြောင်းက စပြောရမယ်ကွ၊ အဲဒီတုန်းက ငါ မင်းအရွယ်လောက်ပါပဲ၊ တို့လူတွေ အတန်းလိုက်ချီတက်လာတော့ တို့နဲ့အတူပါတဲ့ မယ်ဂစ်ဒို ဆိုတဲ့ လူကြီးက လယ်သမားဟောင်းဆိုတော့ ဟိုလူတွေလက်ကြောမတင်းပုံကိုကြည့်ပြီး ရယ်တယ်၊ မယ်ဂစ်ဒို က ငါ့ဘေးနားကပ်ရက် သံကြိုးတည်းထားတာ၊ 'ဟိုငပျင်းကောင်တွေကြည့်စမ်း၊ ထယ်ထိုးတဲ့အကောင် က နက်နက်ထိုးဘို့မကြိုးစားဘူး၊ နွားမောင်းတဲ့အကောင်တွေကလည်း ထယ်ကြောင်း ဖြောင့်ဖြောင့် သွားအောင် မောင်းမပေးဘူး၊ ဒီလိုထွန်ပုံမျိုးနဲ့ စပါးကောင်းကောင်း ဘယ်မှာရပ့်မလဲကွ' တဲ့ သူက ပြောတယ်။

"မယ်ဂစ်ဒိုက အဘဘေးကပ်ရက်သံကြိုးချည်ထားတယ်လို့ ဆိုတယ်နော်၊" ဟာဒန်ဂူလာက အံ့အားသင့်ဟန်ဖြင့် မေးသည်။

"ဟုတ်တယ်၊ လည်ပင်းမှာ ကြေးဝါနဲ့လုပ်တဲ့ လည်ပတ်ကြီးတွေ တပ်ထားပြီး၊ နှစ်ယောက် ကြားမှာ သံကြိုးကြီးတချောင်း ချည်ထားတယ်၊ သူ့ဟိုဘက်ဘေးမှာဆက်လျက်က သိုးသူခိုးဇဗါးဒိုး၊ ငါဟာရန်မှာသိဘူးခဲ့တဲ့လူ၊ ဇဗါးဒိုးဟိုဘက် တို့အတန်းရဲ့အစွန်ဆုံးပုဂ္ဂိုလ်က ပင်လယ်ဓါးပြလို့ ခေါ်ကြ တဲ့လူ၊ သူက နာမည်မပြောဘူး၊ ရင်ဘတ်မှာ သင်္ဘောသားများလို မြွေနှစ်ကောင်လိမ်နေတဲ့ပုံတပုံ ဆေးမင်ကြောင်ထိုးထားတာတွေ့လို့ သင်္ဘောသားဘဲ ဖြစ်ရမယ်ဆိုပြီး သတ်မှတ်ထားကြတာ၊ တို့ကို ခေါ်လာတော့ လေးယောက်တတန်းစီ လျှောက်လို့ရအောင်တွဲပြီး ခေါ်လာတာ၊"

"ကျွန်တွေကိုချည်သလို သံကြိုးနဲ့ ချည်လာတာပေါ့" ဟာဒန်ဂူလာက မယုံကြည်နိုင်ဟန်ဖြင့် မေးသည်။

“မင်းတို့အဘိုးက အင်မတန်မှယုံကြည်စိတ်ချရတဲ့ ပုဂ္ဂိုလ်တယောက်ပဲကွ၊ သိပ်နူတ်လုံတယ်၊ မင်းဟာလည်းပဲ ငါ ယုံကြည်စိတ်ချနိုင်လောက်တဲ့ လူတယောက်လို့ ငါမှတ်ထားတယ်ကွ၊ ငါထင်တာ မှားသလား၊” ရှာရူနာဒါက ဟာဒန့်မျက်နှာကို စေ့စေ့ကြည့်၍ ပြောလိုက်သည်။ “စိတ်ချပါ၊ ကျွန်တော် နူတ်လုံရပါစေ့မယ်၊ ဒါပေမယ့် အဘပြောတာကြားရတော့ ကျွန်တော် အံ့အားသင့်သွားတယ်၊ ဘယ်လို လုပ်ပြီး ကျွန်ဘဝရောက်သွားခဲ့သလဲ ပြောစမ်းပါအုံး၊” ရှာရူနာဒါက ပခုံးကိုတွန့်လိုက်သည်။ “ဘယ် သူမဆို ကျွန်ဘဝရောက်သွားနိုင်တာဘဲကွ၊ ငါဒုက္ခရောက်ရတဲ့ အဓိကတရားခံကတော့ ဘာလီဘီယာနဲ့ အံစာဝိုင်းပဲကွ၊ ငါကိုယ်တိုင် ကြောင့်တော့မဟုတ်ဘူး၊ ငါ့အစ်ကိုရဲ့ မိုက်မဲမှုဒဏ်ကို အချောင်ဝင်ခံရ တာပါ၊ အစ်ကိုက ဝိုင်းမှာ ရှန်းရင်းဆန်ခတ် ရန်ဖြစ်ကြရင်း သူ့လက်ချက်နဲ့ လူတယောက်သေသွား တယ်၊ သေသူက သူ့သူငယ်ချင်းတယောက်ပါပဲ၊ အဲဒီကိစ္စကို တဘက်က တရားစွဲဆိုမှာ ဥပဒေအရ စီရင်ခံရမှာကြောက်တော့ အဖေက သေသူ့ဇနီးနဲ့ညှိတယ်၊ သူ့ကို နစ်နာကြေး ထိုက်ထိုက်တန်တန်ပေး မယ်ပေါ့ကွာ၊ သို့သော် လောလောဆယ်မပေးနိုင်တော့ အပေါင်အဖြစ်နဲ့ ငါ့ကို ခဏအပ်ထားတယ်၊ စာချုပ်စာတမ်းနဲ့ပေါ့၊ ဒါပေမယ့် အဖေက ငါ့ကို ပိုက်ဆံပေး မရွေးနိုင်ဘူးကွ၊ ကြာလာတော့ ဟိုမိန်း မက ဒေါသထွက်ပြီး ကျွန်ကုန်သည်လက်ထဲ ရောင်းထည့်လိုက် တာပေါ့ကွာ၊”

“ဟာ၊ မတရားတာဗျာ” ဟာဒန်ဂူလာကဆိုသည်။ “အဲ့ဒီတော့ အဲဒီကနေ ဘယ်လိုပြန်လွတ် လာသလဲ၊ ပြောစမ်းပါအုံး၊”

“အဲဒီအကြောင်းလည်း ရောက်ပါလိမ့်မယ်၊ ခဏနေပါအုံး၊ စောစောက စကားအတိုင်းပဲ ဆက် ပြောရအောင်၊ တို့ကျွန်တွေ ခုနနေရာနား ဖြတ်လာတော့ လယ်ထွန်သားတွေက လှောင်ကြပြောင်ကြ တယ်၊ တယောက်ဆိုရင် သူ့ခေါင်းက ဦးထုပ်အစုတ်ကိုချွတ်ပြီး တို့ကို အရိုအသေပြုတဲ့ပုံစံမျိုးလုပ် ပြပြီး လှမ်းအော်တယ်၊ ‘ဘုရင်မင်းမြတ်ရဲ့ ဧည့်သည်တော်များခင်ဗျ၊ ဘေဘီလုံ ရွှေမြို့တော်က ကြိုဆို ပါတယ်ခင်ဗျ၊ ဘုရင်မင်းမြတ်က ခင်ဗျားတို့အတွက် မြို့ရိုးပေါ်မှာ ထမင်းစားပွဲကြီးတည်ခင်းပြီး အသင့်စောင့်ကြိုနေပါတယ်၊ ရွှံ့အုတ်နဲ့ ကြက်သွန်နီဟင်းချို ကျွေးမလို့ခင်ဗျ’ တဲ့။ သူအဲဒီလိုအော်တော့ ကျန်တဲ့လူတွေက တဟားဟား ရယ်ကြတယ်၊

“ပင်လယ်ခါးပြက ဒေါသထွက်ပြီး ရေရေလယ်လယ်ဆဲတာ၊ ဒါနဲ့

ငါသူ့ကိုမေးကြည့်တယ်၊ 'ရှင်ဘုရင်က ကျွန်တော်တို့ကို မြို့ရိုးပေါ်မှာ စောင့်နေတယ်ဆိုတာ ဘာအဓိပ္ပါယ်လဲဗျ' လို့၊

" 'ငါတို့ကို မြို့ရိုးဆောက်တဲ့နေရာမှာ အုတ်သယ်ခိုင်းလိမ့်မယ်လို့ ပြောတာ၊ အုတ်ခဲတွေ ခါး ကျိုးအောင် ထမ်းရတယ်၊ ခါးကျိုးပြီးမသေရင် အရိုက်ခံရပြီး သေလိမ့်မယ်၊ ငါ့ကိုတော့ ဒီကောင်တွေ ရိုက်လို့မရဘူး၊ ငါကသတ်မှာ၊' တဲ့၊ သူကဆိုတယ်၊

"အဲဒီအခါ မယ်ဂစ်ဒိုကပြောတယ်၊ 'အလုပ်ကြိုးကြိုးစားစားလုပ်တဲ့ကျွန်ကို သခင်ကသေအောင် ရိုက်သတ်တယ်ဆိုတာ ငါလက်မခံဘူးကွ၊ အဓိပ္ပါယ်မရှိဘူး၊ သခင်တွေက အလုပ်လုပ်တဲ့ ကျွန်ကောင်း တွေကို သဘောကျတယ်၊ ကောင်းကောင်းမွန်မွန် မွေးကျွေးပြီး ခိုင်းထားမှာပဲ၊' တဲ့၊

"သူ့အယူအဆကို ဇဗါးဒိုးက လက်မခံဘူး၊ 'ဘယ်သူက အလုပ်ပင်ပင်ပန်းပန်း လုပ်ချင်မှာလဲ' တဲ့၊ သူကဆိုတယ်၊ 'စောစောက လယ်ထွန်နေတဲ့ကောင်တွေ လုပ်တာမှန်တယ်၊ ဒီကောင်တွေ လူလည် တွေ၊ ဘယ်သူမှ ခါးကျိုးအောင် အလုပ်လုပ်မနေဘူး၊ ဝတ္တရားကျေပဲ၊'

"မယ်ဂစ်ဒိုက မလျှော့ဘူး၊ 'အလုပ်ကို ဝတ္တရားကျေလုပ်မယ်၊ လစ်ရင်လစ်သလို ခိုကပ်နေမယ် ဆိုရင်တော့ ဘယ်တော့မှ လူလူသူသူ ဖြစ်လာမှာမဟုတ်ဘူး' တဲ့၊ သူကဆိုတယ်၊ 'ဥပမာ၊ လယ်ထွန် တာပဲဆိုပါတော့၊ တနေ့ထွန်လို့ တစ်ဟက်တာပြီးတယ်ဆိုရင် ဒီကောင် အလုပ်ကောင်းကောင်း လုပ်တဲ့ လူဆိုတာ သခင်ကသိတယ်၊ တနေကုန်လို့မှ ဟက်တာတစ်ဝက် မပြီးချင်ဘူးဆိုရင် ဒီကောင်ခိုနေပြီ၊ သေသေချာချာ မလုပ်ဘူးဆိုတာသိတာပဲ၊ ငါကတော့ ဘယ်တော့မှ ရှေသာမခိုဘူး၊ ငါကအလုပ်ကိုချစ် တဲ့အကောင်၊ အလုပ်တခုကို သပ်သပ်ရပ်ရပ် ကျကျနနလုပ်ရမှ ကျေနပ်တဲ့ကောင်၊ ငါသိသမျှတော့ အလုပ်ဟာ လူတယောက်အတွက် အကောင်းဆုံး မိတ်ဆွေပဲကွ၊ လယ်တွေယာတွေ ကျွဲနွားတွေ ကောက်ပဲသီးနှံတွေစသဖြင့် ငါ့မှာရှိခဲ့တဲ့ ကောင်းတဲ့အရာမှန်သမျှ အလုပ်ကြောင့် ငါရခဲ့တာချည်းပဲ၊'

" 'ဟုတ်လား၊ အဲဒါတွေ အခုဘယ်ရောက်ကုန်ပြီလဲဗျ' ဇဗါးဒိုးက ငေါ့တယ်၊ 'ကျုပ်ကတော့ လျင်တဲ့အကောင်တွေ အလုပ်မလုပ်ဘဲစားရတဲ့ အကောင်တွေပဲ ပိုနိပ်တယ်လို့မြင်တယ်၊ ဟိုရောက်ရင် ခင်ဗျား သေသေချာချာစောင့်ကြည့်၊ ကျုပ်တို့အားလုံး မြို့ရိုးဆောက်တဲ့နေရာမှာ အလုပ်လုပ်ဘို့ရောင်း စားခံရရင်လည်း ကျုပ်က ထမင်းချက်ရေခပ်လို သက်သာတဲ့နေရာမျိုးကို ရောက်နေတာ ခင်ဗျား တွေ့ရလိမ့်မယ်၊ ခင်ဗျားတို့ အလုပ်သိပ်လုပ်ချင်ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ အုတ်သယ်တဲ့နေရာမှာ ခါး ကျိုးအောင်လုပ်ပေတော့၊' ဆိုပြီး ဒီကောင်က တဟားဟား ရယ်တယ်၊

"အဲဒီညမှာ ငါရှေ့ရေးတွေ တွေးကြောက်ပြီး အိပ်မပျော်ဘူး၊ အဲဒါနဲ့ စည်းကြိုးနား မသိမသာ တိုးရွှေ့ပြီးနေတယ်၊ ကျန်တဲ့လူတွေအားလုံး အိပ်ပျော်သွားတဲ့အချိန်ကျမှ အဲဒီည ပထမပိုင်း အစောင့် တာဝန်ကျတဲ့ ဂိုဒေါ့ဆိုကို ကိုယ့်ဆီလာအောင် မသိမသာလှည့်ပတ်ခေါ်ရတယ်၊ ဒီလူက မူလကအာရပ် ဓါးပြတစ်ယောက်ပဲ၊ ပိုက်ဆံအိတ်လုပြီးရင် လည်ပင်းပါလှီးခဲ့မှ ကိစ္စပြီးတယ်လို့ယူဆတဲ့ လူဆိုးလူ ကြမ်းမျိုး၊"

"သူ့ကိုပဲ အသာကပ်မေးရတယ်။ 'ဂိုဒေါ့ဆို၊ ကျွန်တော့်ကို ပြောစမ်းပါဗျာ၊ ဘောဘီလုံရောက်ရင် ကျွန်တော်တို့ကို မြို့ရိုးမှာ အလုပ်လုပ်ဘို့

ရောင်းမှာလား၊’

“ ‘ဘာလုပ်မလို့မေးတာလဲ’ တဲ့၊ သူကသတိထားတဲ့ပုံစံနဲ့ ပြန်မေးခွန်းထုတ်တယ်၊

“ ‘ခင်ဗျားစဉ်းစားကြည့်ပေါ့ဗျာ၊ ကျွန်တော့်အသက် ငယ်ငယ်လေးရှိသေးတယ်၊ လူ့ဘဝမှာ နေချင်သေးတာပေါ့၊ မြို့ရိုးမှာ သေအောင်လည်းမလုပ်နိုင်ဘူး၊ အရိုက်အနှက်ခံပြီးတော့လည်း မသေနိုင်ဘူး၊ သခင်ကောင်းကောင်းနဲ့တွေ့နိုင်မယ့် နည်းလမ်းရှိရင် ပြောစမ်းပါဗျာ’ လို့ တိုးတိုးလျှိုးလျှိုးပြော တော့၊

"သူကလည်းကျန်တဲ့သူတွေမကြားအောင် တိုးတိုးလေးပဲပြောတယ်၊ 'ငါပြောမယ်၊ မင်းကတခါမှ ဂဂျီဂျောင်မလုပ်တဲ့အကောင် ငါ့ကိုဒုက္ခမပေးတဲ့အကောင် ငါ့ကိုဒုက္ခမပေးတဲ့အကောင် မို့လို့ပြောတာ၊ ထုံးစံက တို့ကျွန်ဈေးကို အရင်ဆုံးတန်းသွားပြီး အဲဒီမှာရောင်းတယ်၊ မင်းမှတ်ထား၊ ဝယ်သူတွေလာတဲ့ အခါ ကျွန်တော်အလုပ်မပျင်းပါဘူး၊ သခင်စိတ်တိုင်းကျ အစွမ်းကုန်လုပ်ပေးပါ့မယ် စသဖြင့် သူတို့ ဝယ်ချင်လာအောင်ပြော၊ အဲဒီဈေးမှာ ဘယ်သူမှဝယ်မသွားရင်တော့ နောက်နေ့အုတ်ခဲထမ်းရမှာပဲ၊ နေပူ ကျဲကျဲမှာ တစ်နေကုန်လုပ်ရမှာ အကြီးအကျယ် ပင်ပန်းတဲ့အလုပ်' တဲ့၊

"အဲဒီနောက် သူထွက်သွားတယ်၊ ငါလည်း သဲပြင်နွေးနွေးမှာလှဲပြီး ကြယ်ကလေးတွေမော့ကြည့် ရင်းနဲ့ အလုပ်ဆိုတဲ့အကြောင်းကို တွေးနေမိတယ်၊ မယ်ဂစ်ဒိုက အလုပ်ဟာသူ့ရဲ့ အကောင်းဆုံး မိတ်ဆွေဖြစ်တယ်လို့ဆိုခဲ့တယ်၊ ငါ့အတွက်ကော သူ့နည်းတူမဖြစ်နိုင်ဘူးလား၊ အခုတွေ့အံ့ဆဲဆဲ အန္တရာယ် ကလွတ်မြောက်အောင် ကယ်တင်နိုင်မယ်ဆိုရင်တော့ အလုပ်ဟာ ငါ့မိတ်ဆွေကောင်းဖြစ်မှာ မုချပဲပေါ့၊

"မယ်ဂစ်ဒို နိုးလာတဲ့အချိန်ကျတော့ ငါကြားထားတဲ့ သတင်းကောင်းကို တိုးတိုးပြောပြလိုက် တယ်၊ တို့နှစ်ယောက်လုံးအတွက် မျှော်လင့်ချက်ရောင်ခြည်လေး ရေးရေးသန်းလာတဲ့ သဘောပဲ၊ ဘေဘီလုံဆီကို တို့ဆက်ပြီး တန်းစီချီတက်ကြရတယ်၊ မွန်းလွဲပိုင်းလောက်မှာ မြို့ရိုးနားရောက်လာကြ တယ်၊ အဲဒီမှာ အလုပ်လုပ်နေရသူတွေကို အတော်ဝေးဝေးကတည်းကပဲ တို့စမြင်နေရပြီ၊ ပုရွက်ဆိတ် အမည်းလေးတွေ ကျနေတာပဲ၊ တန်းစီပြီးတော့ မြို့ရိုးကြီးပေါ် တလှုပ်လှုပ်တက်သွားလိုက် ပြန်ဆင်း လာလိုက်၊ အနားရောက်လာတော့ ကြောက်လည်းကြောက်စရာ အံ့လဲအံ့သြစရာ၊ အလုပ်လုပ်နေကြတာ လူထောင်ပေါင်းများစွာပဲ၊ တချို့ကကျုံးတူးတဲ့ဆီမှာ၊ တချို့ကရွှံ့တွေနယ်ပြီး အုတ်ရိုက်နေကြတယ်၊ အများဆုံးကတော့ အုတ်ခဲတွေကို တောင်းကြီးတွေနဲ့ထမ်းပြီး မြို့ရိုးပေါ်ထက်က ပန်းရံဆရာတွေဆီ သယ်ပို့ပေးနေရတယ်၊ တက်ရတဲ့လမ်းကလည်း မတ်မတ်ကြီးပဲ၊"

[မှတ်ချက် ။ ။ ဘေဘီလုံရှေးမြို့တော်ဟောင်း၏ ကျော်ကြားလှသော မြို့ရိုးတံတိုင်းကြီး များ၊ ဗိမာန်တော်များ၊ ဥယျာဉ်ပုံများ၊ တူးမြောင်းကြီးများမှာ ကျွန်တို့၏လုပ်အားဖြင့် တည်ဆောက် ခဲ့ခြင်းဖြစ်သည်။ ကျွန်များမှာ အဓိကအားဖြင့် စစ်သုံ့ပန်းများဖြစ်ပြီး၊

ကျန်ပုဂ္ဂိုလ် အများအပြားမှာ ဘောဘီလုံနှင့် အနီးတခွင် မြို့ရွာများမှ ရောင်းစားခံရသူများဖြစ်၏။ ၎င်းအထဲတွင် အချို့မှာ ရာဇဝတ် မှုအတွက် အပြစ်ဒဏ်ပေးသည့်အနေဖြင့် ကျွန်အဖြစ် လေလံတင် ရောင်းချခံရသူများဖြစ်ကြပြီး၊ အချို့ မှာမူ ကြွေးတင်၍ ကျွန်ဖြစ်ကြသူများဖြစ်သည်။ ထိုခေတ်ဘောဘီလုံဒေသတွင် ငွေချေးငှားသည့်အခါ သို့မဟုတ် ဥပဒေကြောင်းနှင့် စပ်လျဉ်းသည့် အချို့ကိစ္စများ တာဝန်ယူရသည့်အခါ၌ မိမိကိုယ်တိုင်ကို
သော်၎င်း၊ သားသမီး ဇနီးမယား စသည်တို့ကိုသော်၎င်း၊ အပေါင်သဘော
ထားကြသည့်အလေ့ရှိရာ
ပေးရန် တာဝန်မကျေပွန်ပါက ထိုအပေါင်ထားခံရသူမှာ ကျွန်အဖြစ်
ရောင်းစားခံရလေ့ ရှိပေသည်။]

"အလုပ်လုပ်ရာမှာ နှေးကွေးနေတဲ့လူတွေကို ကြီးကြပ်သူတွေက ဆဲကြဆိုကြတယ်၊ အစီ အတန်းလိုက် ဆင်းတက်နေတဲ့အထဲမှာ သူများနဲ့အတူ တောက်လျှောက်လိုက်နေနိုင်မှ၊ ဘေးဘက်နည်း နည်းယိုင်ရွဲ့ထွက်လာရင် ကြာပွတ်နဲ့လှမ်းရိုက်တယ်၊ အားပြတ်ပြီး ဘယ်လိုမှမတတ်နိုင်တော့တဲ့ တချို့ လူတွေလည်း တောင်းကြီးတွေထမ်းရင်း ခွေလဲကျသွားတာမြင်ရတယ်၊ အဲဒါမျိုးဆိုရင် ကြာပွတ်နဲ့

နာနာရိုက်ပြီး ထခိုင်းတယ်၊ တအားလိမ့်ရိုက်နေတဲ့ကြားက ထမလာနိုင်တဲ့လူဆိုရင်တော့ ဘေးကိုတွန်း ဖယ်ထားလိုက်တာပဲ၊ သူ့ဘာသာတလူးလူးတလိမ့်လိမ့်နဲ့ နောက်ဆုံး အသက်ထွက်တဲ့အထိနေပေတော့၊ နောက်ကျမှ အကုန်လုံး သရဏဂုံမတင် ဘာမတင်နဲ့ စုပေါင်းပြီးမြှုပ်မှာပဲ၊ ကြောက်စရာကောင်းလှတဲ့ အဲဒီမြင်ကွင်းကိုကြည့်ပြီး ငါကျောချမ်းသွားတယ်၊ ကျွန်ဈေးမှာချရောင်းတဲ့အချိန်၊ သခင်ကောင်းကောင်း ဆီအဝယ်မခံရရင် ငါလည်း ဒီကံကြမ္မာမျိုး ကြုံရတော့မှာကိုး၊

“ဂိုဒေါ့ဆိုပြောတဲ့အတိုင်းပဲ၊ မြို့တံခါးကြီးထဲက ဖြတ်ဝင်လာပြီးတဲ့နောက် တို့ကို ကျွန်ထောင် ကိုပို့တယ်၊ အဲဒီမှာတစ်ညသိပ်ပြီး နောက်နေ့မနက်ကျတော့ ဈေးကိုခေါ်လာပြီး နွားခြံလိုဟာမျိုးတွေထဲ မှာ ထည့်ထားတယ်၊ အဲဒီမှာကျန်တဲ့လူတွေက အရောင်းခံရမှာစိုးလို့ တယောက်နဲ့တယောက် တိုးဝှေ့ ပူးကပ်ပြီးနေကြတယ်၊ ကျွန်ထိန်းတွေက ကြာပွတ်နဲ့ရိုက်ပြီး ဟိုကောင်ထွက်စမ်း၊ ဒီကောင်ထစမ်းဆိုမှ ထွက်လာ ထလာကြတယ်၊ မယ်ဂစ်ဒိုနဲ့ ငါနဲ့ကတော့ တို့အနားရောက်လာတဲ့လူ စကားလှမ်းပြောလို့ရ တဲ့လူမှန်သမျှကို လှမ်းပြီးပြောနေကြတယ်၊

“ကျွန်ကုန်သည်က ဘုရင့်အစောင့်တပ်ကစစ်သားတွေ ခေါ်လာတယ်၊
ပြီးတော့ တို့အုပ်စုထဲက
ပင်လယ်ခါးပြကိုရွေးထုတ်ပြီး သံခြေကျင်းတွေခတ်တယ်၊
သူကရုန်းရင်းဆန်ခတ်လုပ်တော့ ရိုက်ကြနှက်
ကြတယ်၊ သူ့ကိုခေါ်သွားတော့ တို့လည်း အတော်ကြီး
စိတ်မချမ်းမသာဖြစ်ပြီး ကျန်ရစ်ကြတယ်၊

“မယ်ဂဒ်ဒိုကတော့ တို့မကြာခင် တစ်ယောက်တစ်ကွဲဖြစ်တော့မယ်ဆိုပြီး စိတ်မကောင်းဘူး၊ ဝယ်သူတွေ အနီးအနားမှာမရှိတဲ့အခါတိုင်း ငါ့ကို အလုပ်ကြိုးစားလုပ်ဘို့အကြောင်း အလုပ်ဟာ နောင် တနေ့ ငါ့အတွက် အကြီးအကျယ် အကျိုးပြုလိမ့်မယ်ဆိုတဲ့အကြောင်းတွေ တတွတ်တွတ်ပြောနေတယ်၊ ‘တချို့လူတွေက အလုပ်ကို မုန်းကြတယ်ကွ၊ ရန်သူလို သဘောထားကြတယ်၊ အမှန်က မိတ်ဆွေလို သဘောထားတာ ကောင်းတယ်၊ အလုပ်ကိုချစ်တာ သာကောင်းတယ်၊ ပင်ပန်းတယ်ဆိုပြီး မညည်းနဲ့၊ စိတ်မပျက်နဲ့၊ ကိုယ်ဆောက်လိုက်တဲ့အိမ်ကြီး လှလှပပခမ်းခမ်းနားနားဆိုရင် တိုင်ကြီးတွေတန်းကြီးတွေ လေးလေးလံလံ ထမ်းရပိုးရတာတွေ အင်္ဂတေစပ်ဘို့ရေကို ဟိုအဝေးကြီးက

သယ်ရတာတွေဟာ ပြောပ လောက်စရာ ဒုက္ခတွေမဟုတ်တော့ဘူး၊ အဲဒီတော့ မင်းသခင်တစ်ယောက်ရမယ်ဆိုရင် အဲဒီသခင် အတွက် အလုပ်ကို အစွမ်းကုန်ကြိုးစားပြီးလုပ်ပါ၊ အဲဒါငါ့ကို ကတိပေး၊ မင်းအလုပ်လုပ်တာ မချီး မွမ်းဘူး အသိအမှတ်မပြုဘူးဆိုရင်လည်း ကိစ္စမရှိဘူး၊ အဲဒါအရေးမစိုက်နဲ့၊ အရေးကြီးတာ ကိုယ်လုပ်
တဲ့အလုပ်ကောင်းဘို့ပဲ၊ ကျကျနန လုပ်လိုက်တဲ့ အလုပ်တခုဟာ လုပ်သူကို တနည်းမဟုတ်တနည်း
ကောင်းကျိုးပြုတယ်၊ သူ့ကိုပိုပြီး အရည်အချင်းပြည့်ဝတဲ့
လူတယောက်လည်း ဖြစ်သွားစေတယ်၊
“သူအဲဒီလိုတွေပြောနေတုန်း ကိုယ်လုံးကိုယ်ဖန်ထွားထွားနဲ့ လူကြီးတယောက် ရောက်လာ တယ်၊ လယ်သမားမှန်း သိသာတဲ့ပုံမျိုး၊ သူက တို့ကိုထည့်ထားတဲ့ခြံနား ရောက်လာပြီး ခိုင်းနွား ကြည့်သလို စေ့စေ့စပ်စပ်ကြည့်တယ်၊ မယ်ဂစ်ဒိုက လယ်ယာအခြေအနေ စိုက်ပျိုးသီးနှံအခြေအနေ တွေမေးတယ်၊ ဒီကျွန်က စိုက်ပျိုးရေးကို စိတ်လဲဝင်စားတယ်၊ ကျွမ်းလဲ ကျွမ်းကျင်ပုံရတယ်ဆိုပြီး လယ်သမားကြီး သဘောကျသွားအောင် စည်းရုံးတာပေါ့လေ၊ တကယ်လည်း သဘောကျသွားပါတယ်၊ သူ့ကိုဝယ်မလို့ ဈေးလိုက်တယ်၊ ဈေးတော့ ကျွန်ကုန်သည်ဆီမှာ အကြိတ်အနယ် စစ်သေးတယ်၊ ပြီး

တော့မှ သူ့ဝတ်ရုံအောက်က ပိုက်ဆံအိတ် ဖောင်းဖောင်းကြီးထုတ်ပြီး ငွေရှင်းပေးတယ်၊ အဲဒီနောက် မယ်ဂစ်ဒိုလည်း သခင်အသစ်စက်စက်နောက် ပါသွားတော့တာပဲ၊

"အဲဒီမနက်ပိုင်း နောက်ထပ် ကျွန်နည်းနည်းပဲ ရောင်းရတယ်၊ မွန်းတည့်လောက်ကျတော့ ဂိုဒေါ့ဆိုက ငါ့ကိုတိုးတိုးလာပြောတယ်၊ ကျွန်ကုန်သည်က အရောင်းအဝယ်မကောင်းလို့ စိတ်တိုနေ တယ်၊ နောက်တနေ့အထိ ဆက်ရောင်းမှာမဟုတ်ဘူး၊ ညနေစောင်းတဲ့အထိ ရောင်မထွက်ပဲ ကျန်နေတဲ့ ကျွန်တွေကို ဘုရင့်အဝယ်တော်တွေလက်ထဲပဲ ရတဲ့ဈေးနဲ့ ရောင်းထည့်လိမ့်မယ်တဲ့၊ ငါလည်း အကြီး အကျယ် ထိတ်လန့်သွားတယ်၊ ကံအားလျော်စွာ အဲဒီအချိန်မှာပဲ လူဝဝတစ်ယောက်လာတယ်၊ စိတ် သဘော ကောင်းမယ့်ပုံမျိုး၊ သူကတို့အနားလာပြီး ဒီအထဲမှာ မုန့်ဖုတ်သမား တစ်ယောက်တလေ မပါဘူးလားလို့ မေးတယ်၊

"ဒါနဲ့ငါလည်း သူ့အနားကပ်ပြီးပြောတယ်၊ 'သခင်က ကိုယ်တိုင်မုန့်ကောင်းကောင်းဖုတ်တတ် နေတာပဲ၊ မတတ်တတတ်ဖုတ်မယ့်လူမျိုး ဘာလို့ရှာမှာလဲ၊ ကျွန်တော့်လို အလုပ်ကောင်းတဲ့ လူ တယောက်ခေါ်ပြီး သင်ပြပေးလိုက်ရင် သခင်စိတ်တိုင်းကျရမှာပေါ့၊ သခင်မြင်တဲ့အတိုင်း ကျွန်တော် ကျမ်းမာတယ်၊ အသက်လည်းငယ်သေးတယ်၊ အလုပ်ကိုလည်း အင်မတန်စိတ်ဝင်စားတယ်၊ ကျွန်တော့် ကိုသာဝယ်သွားပါ၊ သခင့်စီးပွားဥစ္စာ တိုးတက်အောင် ကျွန်တော် အစွမ်းကုန် ကြိုးစားပေးပါ့မယ်၊' ဆိုတော့ ဒီလူကသဘောကျသွားပြီး ကုန်သည်နဲ့ စကားပြောတယ်၊ တို့ကိုဝယ်လာတဲ့ ကုန်သည်က တလျောက်လုံး ငါ့ကို သေသေချာချာတောင် ဂရုစိုက်ကြည့်တာမဟုတ်ဘူး၊ အခုကျတော့မှ ငါကျမ်းမာ တာ၊ အားခွန်ဗလရှိတာ၊ သဘောကောင်းတာ၊ ဟာ ငါ့အရည်အချင်းတွေ မွမ်းနေလိုက်တာ၊ ငါ့ခမျာ နွားပွဲမှာချရောင်းခံရတဲ့ နွားချောနွားလှတစ်ကောင်အတိုင်းပဲ၊ နောက်ဆုံးတော့ အရောင်းအဝယ် တည့်သွားကြတယ်၊ သခင်အသစ်နောက်က လိုက်လာရတဲ့အချိန် ငါ့စိတ်ထဲမှာ ကိုယ့်ကိုကိုယ် ဘေဘီလုံမှာ ကံအကောင်းဆုံးပုဂ္ဂိုလ်လို့တောင် အောက်မေ့မိခဲ့တယ်၊

"သူ့အိမ်ရောက်သွားတော့လည်း ငါအတော်သဘောကျတယ်၊ ငါ့သခင် နာနာနေ့(ဒ်)က ငါ့ကို ကျောက်ဆုံမှာ ဘာလီစေ့ အမှုန့်ကြိတ်ပုံကြိတ်နည်းသင်ပေးတယ်၊ ပြီးတော့ မုန့်ဖိုကြီးမီးမွှေးပုံ မီးသုံးပုံ၊

ပျားရည်ကိတ်အတွက် နှမ်းကြိတ်တော့ ဘယ်လိုမွတ်အောင်ကြိတ်ရတယ် စသဖြင့် အကုန်လုံး သင်ပြ ပေးတယ်၊ သူ့စပါးတွေထားတဲ့တဲထဲမှာ ငါ ကွပ်ပျစ်တစ်လုံးနဲ့အိပ်ရတယ်၊ အိမ်ဖော်လုပ်တဲ့ ကျွန်မကြီး ဆဝပ်စတီးက သူ့အလုပ်တွေငါကူညီလို့ သဘောကျတယ်၊ ငါ့ကိုကောင်းကောင်း ကျွေးတယ်၊ ငါမျှော် လင့်ခဲ့တဲ့ သခင်ကောင်းကောင်းရဘို့၊ သူ့အတွက် တန်ဘိုးရှိအောင် အလုပ်လုပ်ပေးဘို့၊ အဲဒီကမှ တဆင့် ကျွန်ဘဝကလွတ်မြောက်အောင် ဆက်ကြိုးစားဘို့ဆိုတဲ့ အခွင့်အရေးလမ်းစကို တကယ်တွေ့ရ ပြီပေါ့၊

“ငါက နာနာနေ့(ဒ်)ကို ဂျုံနှဲနည်း၊ ပေါင်မုန့်ဖုတ်နည်းတွေပါ သင်ပေးဘို့ပြောတယ်၊ ငါလိုလို ချင်ချင်ရှိမှန်းသိတော့ သူကလည်း ဝမ်းမြောက်ဝမ်းသာ သင်ပေးပါတယ်၊ ပေါင်မုန့်ကောင်းကောင်းဖုတ် တတ်တော့ ပျားရည်ကိတ်လုပ်နည်းပါ သင်ခိုင်းတယ်၊ တဖြည်းဖြည်းနဲ့ အစုံလုပ်တတ်လာတယ်၊ ငါ့ကို

လွဲထားလို့ရတဲ့အခါ သခင်က သူအလုပ်သက်သာတော့ သိပ်ဝမ်းသာတယ်၊ ဒါပေမယ့် ဆဝပ်စတီးက တော့ ခေါင်းခါတယ်၊ 'သခင် အလုပ်သိပ်အားနေတာ မကောင်းဘူး' တဲ့၊

"ငါကတော့ ဒီအချိန်ဟာ ငါ့အတွက် ကိုယ့်ကိုကိုယ် ပြန်ရွေးနိုင်အောင် ကြိုးစားဝင်ငွေရှာဘို့ အကောင်းဆုံးအချိန်ပဲလို့မြင်တယ်၊ ပုံမှန်မုန့်ဖုတ်တဲ့အလုပ်က မွန်းတည့်လောက်ဆိုရင် ပြီးသွားတယ်၊ အဲဒီတော့ နေ့လယ်ပိုင်းမှာ ငါ့ဘာသာ တစ်ခုခုကြံစည်ပြီးတော့လုပ်မယ်၊ အဲဒီက အမြတ်အစွန်းရမယ် ဆိုရင် နာနာနေ့(ဒ်)က ငါ့ကိုလည်း ဝေစုနည်းနည်းပေးမှာပဲလို့ ငါတွေးမိတယ်၊ ဘာလုပ်ရင်ကောင်းမလဲစဉ်းစားတဲ့အခါကျတော့ ပျားရည်ကိတ်ပဲထပ်လုပ်မယ်၊ ပြီးတော့ ကိုယ်တိုင်လျှောက်ရောင်းမယ်လို့ အကြံရတယ်၊

အဲဒီကိစ္စ နာနာနေ့(ဒ်)ကိုတင်ပြတယ်၊ 'သခင် ကျွန်တော်ဖို့အတွက် မုန့်ဖုတ်ပြီးလို့နေ့လည်ပိုင်း အားနေတဲ့အချိန်မှာ နောက်ထပ်အလုပ်တစ်ခု လုပ်ချင်တယ်၊ အဲဒီကအမြတ်အစွန်းရရင် ကျွန်တော့်ကို လည်း သုံးဘို့စွဲဘို့ နည်းနည်းပေးပါလား' ဆိုတော့၊

" 'အေးကောင်းတယ်၊ ငါသဘောတူတယ်" တဲ့၊ အဲဒါနဲ့ ငါပျားရည်ကိတ်လုပ်ပြီး ကိုယ်တိုင် လည်ရောင်းမယ့်အစီအစဉ်ပြောပြတော့ သူသဘောကျတယ်၊ 'ဒီလိုလုပ်မယ်ကွာ' တဲ့၊ 'တစ်ခုနှစ်ပြားနှုန်း ရောင်း၊ တစ်ဝက်ကအရင်းပေါ့ကွာ၊ ဂျုံဘိုးပျားရည်ဘိုးထင်းဘိုး၊ ကျန်တဲ့တစ်ဝက်က အမြတ်ပေါ့၊ အဲဒါကို မင်းနဲ့ငါ တစ်ယောက်တစ်ဝက်ခွဲယူမယ်၊' ဆိုတော့ ငါအရမ်းဝမ်းသာသွားတယ်၊ သူက ငါ့ အတွက် အတော်ရက်ရက်ရောရော ပေးထားတာကိုး၊ မုန့်ရောင်းပြီးရင် ရောင်းရငွေရဲ့ လေးပုံတစ်ပုံ ငါ ရမယ်၊

"အဲဒီည ငါ့မုန့်ရောင်းဘို့ လင်ပန်းကြီးတစ်ခုလုပ်တယ်၊ နာနာနေ့(ဒ်)က ငါ သပ်သပ်ရပ်ရပ် ဝတ်နိုင်ဘို့ သူ့ဝတ်ရုံဟောင်းကြီး တစ်ထည်ပေးတယ်၊ ဆဝပ်စတီးက ပေါက်ပြဲနေတာတွေ ဖာထေးပြီး လျှော်ဖွတ်ပေးတယ်၊

"နောက်တနေ့ကျတော့ ပျားရည်ကိတ်လုပ်တဲ့အခါ ဖိုမှာဖောက်သည်တွေပေးဘို့အပြင် ကိုယ် တိုင်ရောင်းဘို့အတွက်ပါ ပိုလုပ်တယ်၊ မုန့်တွေက ပျားရည်နဲ့ သင်းသင်းမွှေးမွှေး အညိုရောင်လေး၊ လင်ပန်းထဲမှာ ထည့်ထားတာမြင်ရတာနဲ့စားချင်စရာ၊ အဲဒါ လမ်းထဲလျှောက်အော်ပြီးရောင်းတော့ ဘယ် သူမှမဝယ်ကြဘူးကွ၊ ငါစိတ်ဓါတ်ကျသွားတယ်၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ လုပ်မိမှတော့ ဆက်ရောင်း ရတော့မှာပဲ ဆိုပြီးလျှောက်လှည့်တဲ့အခါ တဖြည်းဖြည်း

နေ့လည်ပိုင်းရောက်လာတော့ ဟိုတယောက် သည်တယောက် ဝယ်လာကြတယ်၊ အဲဒီအချိန်ကျမှ လူတွေက ဗိုက်ဆာကြတာကိုး၊ ငါစထွက်တဲ့ အချိန်က သိပ်စောနေတာ၊ မုန့်စားချိန်ကျတော့ ဘယ်လောက်မှ ကြာကြာမရောင်းရပါဘူး၊ လင်ပန်း တခုလုံး ပြောင်သွားတာပဲ၊

"နာနာနေ့(ဒ်)ကသဘောကျတယ်၊ ငါ့ကိုလည်း
ပြောထားတဲ့အတိုင်းပဲဝေစုပေးတယ်၊ ကိုယ်ပိုင် ငွေလေးစကိုင်ရတော့
ငါအရမ်းဝမ်းသာတာ၊ မယ်ဂစ်ဒိုပြောတဲ့စကား ငါပြေးသတိရတယ်၊
သခင်ဆိုတာ

အလုပ်လုပ်တဲ့ကျွန်ကို သဘောကျစမြဲပဲဆိုတဲ့စကား၊ သူပြောတာ သိပ်မှန်တာပဲလို့ ငါတွေ့မိတယ်၊ အဲဒီည ဝမ်းသာလွန်းလို့ ငါကောင်းကောင်းတောင် မအိပ်နိုင်ဘူး၊ ဒီနှုန်းအတိုင်း ပိုက်ဆံရသွားရင် တနှစ်မှာ ဘယ်လောက်ရမယ်၊ ဘယ်နှစ်နှစ်ကြာရင် ငါ့ကိုယ်ငါ ပြန်ရွေးနိုင်မယ်ဆိုတာတွေ အထပ်ထပ် ပြန်တွက်ကြည့်နေမိတယ်၊

"နေ့စဉ် မုန့်လင်ပန်းနဲ့ထွက်ရင်း ကိုယ့်ဆီက မှန်မှန်ဝယ်စားတဲ့ ဖောက်သည်တွေနဲ့ သိကျွမ်း လာတယ်၊ အဲဒီအထဲမှာ မင်းအဘိုး အာရတ်ဂူလာလည်း တစ်ယောက်အပါအဝင်ပဲ၊ သူက ကောဇော ကုန်သည်ကွ၊ အိမ်ပေါက်စေ့လည်ပြီး အိမ်ရှင်မတွေဆီရောင်းရတယ်၊ သူက တမြို့လုံးအနှံ့လှည့်တာပဲ၊ ကောဇောတွေ အပြည့်အမောက်တင်ထားတဲ့ မြည်းတကောင်ပါတယ်၊ အဲဒီမြည်းကိုထိန်းဘို့ လူမည်း ကျွန်တယောက်ပါတယ်၊ သူက ငါ့ဆီကမုန့်ဝယ်ရင် သူ့အတွက်နှစ်ခု သူ့ကျွန်အတွက်နှစ်ခု ဝယ်လေ့ရှိ

တယ်၊ ဝယ်ပြီးထွက်မသွားဘူး၊ မုန့်စားရင်းငါနဲ့ စကားစမြည် ပြောနေတတ်တယ်၊

"တစ်နေ့ကျတော့ မင်းအဘိုးက ငါ့ကို တစ်သက်မမေ့နိုင်တဲ့ စကားတခွန်းပြောတယ်၊ 'မင်း

လုပ်တဲ့မုန့် ငါကြိုက်တယ်ကွ၊ ဒါပေမယ့် ငါပိုကြိုက်တာက မင်းဒီအလုပ်ကို တလေးတစား တန်ဘိုး

ထားပြီး လုပ်နေတာပဲကွ၊ ဒီစိတ်ဓါတ်ကြောင့် မင်းဟာတစ်နေ့ အကြီးအကျယ်အောင်မြင်နိုင်တယ်' တဲ့၊

"မင်းကတော့ နားလည်နိုင်မှာမဟုတ်ဘူး ဟာဒန်၊ အဲဒီလိုအားပေးလိုက်တဲ စကားတစ်ခွန်းဟာ မြို့ကြီးပြကြီးတခုရဲ့အလယ်မှာ ကျွန်အဖြစ်နဲ့ တကိုယ်တည်းရုန်းကန်နေရတဲ့ လူငယ်တယောက်အတွက် ဘယ်လောက်အာတက်စရာ ဖြစ်မယ်ဆိုတာ၊

"ငါကြိုးစားပြီး အလုပ်လုပ်တယ်၊ တလထက်တလ ငါ့အိတ်ထဲမှာ ပိုက်ဆံတွေ များလာတယ်၊ ခါးပတ်မှာချိတ်ထားတဲ့ ပိုက်ဆံအိတ် တစ်နေ့တခြား လေးလာတာကိုသိနေရတာ သိပ်အရသာရှိတယ်၊ မယ်ဂစ်ဒိုပြောခဲ့သလို အလုပ်က ငါ့ကိုကူညီစောင့်ရှောက်တဲ့ ငါ့ရဲ့

အကောင်းဆုံးမိတ်ဆွေ ဖြစ်လာနေပြီ ပေါ့၊ ဒါပေမယ့် ငါပျော်နေတဲ့အချိန်မှာ ဆဝပ်စတီးကတော့ စိုးရိမ်ကြောင့်ကြနေတယ်၊

" 'နှင့်သခင်ဟာ လောင်းကစားဝိုင်းတွေချည်း သွားသွားနေတယ်၊ ငါသိပ်စိတ်ပူတာပဲ' လို့ သူက ဆိုတတ်တယ်၊

"တနေ့ကျတော့ ငါ့မိတ်ဆွေကြီး မယ်ဂစ်ဒိုကို လမ်းမှာသွားတွေ့တယ်၊ သူ့မြင်တော့ ငါအရမ်း ဝမ်းသာသွားတယ်၊ သူက မြည်းသုံးကောင်မှာ ဟင်းသီးဟင်းရွက်တွေ အပြည့်အမောက်တင်ပြီး, ဈေး ကိုသွားနေတယ်၊ 'ငါတော့ အခြေအနေ သိပ်ကောင်းနေတယ်ကွ' တဲ့၊ သူကပြောတယ်၊ 'ငါ့သခင်က ငါအလုပ်ကောင်းလို့ သိပ်သဘောကျတယ်၊ အခုငါ့ကို အလုပ်ကြပ်ခန့်ထားတယ်၊ မင်းမြင်တဲ့အတိုင်း ဈေးရောင်းတဲ့ကိစ္စလဲ ငါ့ကိုပဲ ယုံယုံကြည်ကြည်လွှဲထားတယ်၊ ငါ့မိသားစုလဲ လုမ်းခေါ်ထားပြီ၊ အလုပ်ကငါ့ကို ဒီဒုက္ခကြီးထဲက ကယ်ထုတ်နေပြီကွ၊ တနေ့ကျရင် ကိုယ့်ကိုကိုယ်ပြန်ရွေးပြီး လွတ်လပ်သူ ဘဝနဲ့ ကိုယ်ပိုင်စိုက်ခင်း ပျိုးခင်းနဲ့ နေနိုင်တော့မယ်ကွ၊' လို့ အားတက်သရော သူပြောသွားတယ်၊

“မယ်ဂစ်ဒိုက သူ့ရည်မှန်းချက်နဲ့ အားတက်နေသလို ငါလည်း ငါ့အလုပ်နဲ့ငါ ဟုတ်နေတာ ပေါ့၊ ဒါပေမယ့် ငါ့သခင်နာနာနေ့(ဒ်)က အခြေအနေမကောင်းဘူးကွ၊ တဖြည်းထက်တစ်ဖြည်း သူက ငါမုန့်ရောင်းပြီး ပြန်လာမှာကိုပဲ မျှော်မျှော်လာတယ်၊ ငါရောက်လာရင် ပိုက်ဆံတွေ ရေတွက် ဝေစုခွဲ ပြီးလစ်တာပဲ၊ ငါ့ကိုလည်း မင်းဈေးကွက်ချဲ့ပါအုံး၊ ခုထက် ပိုများများရအောင် လုပ်စမ်းပါအုံးနဲ့ အမြဲ တိုက်တွန်းတယ်၊

“ငါမုန့်ရောင်းထွက်တဲ့အခါ မြို့ရိုးကြီးဆောက်တဲ့နေရာတွေဆီလည်း မကြာခဏ ရောက်လေ့ရှိ တယ်၊ အဲဒီနေရာမှာ အလုပ်လုပ်နေတဲ့ လူတွေမြင်ရတာတော့ စိတ်မချမ်းသာစရာပေါ့ကွာ၊ ဒါပေမယ့် အလုပ်ကြပ်တွေက မုန့်များများဝယ်လေ့ရှိတော့ သူတို့ဆီသွားသွားရောင်းရတယ်၊ တနေ့မှာ ဇဗါးဒိုးကို တောင်းထဲအတင်ခဲထည့်ဘို့ တန်းစီတဲ့နေရာမှာ သွားတွေ့ရတယ်၊ လူကပိန်ချုံးပြီး ခါးကလည်း ကိုင်း နေပြီ၊ ကျောကုန်းမှာလည်း ကြာပွတ်နဲ့အရိုက်ခံထားရတဲ့ အရှိုးရာတွေ ထပ်နေတယ်၊ ငါသနားသွား တာနဲ့ မုန့်တခုစားဘို့ပေးတယ်၊ အစာငတ်နေတဲ့ တိရစ္ဆာန်တကောင်လိုပဲ မုန့်ကိုအငမ်းမရ မြိုချတယ်၊

သူ့ကြည့်ပြီး ငါ့လန့်သွားတာနဲ့ မုန့်ဗန်းတစ်ခုလုံး လုမစားခင် အမြန်လစ်ပြေးခဲ့ရတယ်၊

“အဲဒီလိုနေရင်း တနေ့မှာ အာရတ်ဂူလာက ငါ့ကိုမေးတယ်၊ ‘မင်းဘာကြောင့် ဒီလောက် တောင် အလုပ်ကြိုးစားနေရတာလဲ’ တဲ့၊ မင်းမေးတဲ့မေးခွန်းလေ၊ မှတ်မိတယ်မလား၊ အဲဒီအတိုင်း တထပ်တည်း မင်းအဘိုးမေးတာ၊ ငါလည်းမယ်ဂစ်ဒိုက ငါ့ကို အလုပ်အကြောင်း ဘယ်လိုတွေပြောပြခဲ့ တယ်ဆိုတာရယ်၊ လောလောဆယ်မှာလည်း သူပြောတဲ့အတိုင်း အလုပ်ဟာ ငါ့အတွက် အကောင်းဆုံး မိတ်ဆွေဖြစ်နေတယ်ဆိုတာတွေ ငါပြောပြလိုက်တယ်၊ ငါ့ပိုက်ဆံအိတ်ထဲက ဒင်္ဂါးပြားတွေလည်း ဂုဏ် ယူစွာနဲ့ပဲ သူ့ကို ထုတ်ပြလိုက်တယ်၊ တနေ့ကျရင် ငါ့ကိုယ်ငါ ပြန်ဝယ်နိုင်အောင် စုဆောင်းနေတဲ့ အကြောင်းပေါ့၊

“ ‘လွတ်လပ်သွားပြီးရင် မင်းဘာဆက်လုပ်မလဲ ’ တဲ့၊

သူကမေးတယ်၊ “ ‘ကုန်သည်လုပ်မယ်

စိတ်ကူးထားတာပဲ’ ငါကဖြေတယ်၊

“အဲဒီအချိန်မှာ သူကငါ့ကို လျှို့ဝှက်ချက်တခု ပြောပြတယ်၊ အဲဒီအချိန်အထိ ငါလုံးဝမရိပ်မိခဲ့ တဲ့ ကိစ္စတခု၊ ‘ငါလည်းပဲ ကျွန်တယောက်ဆိုတာ မင်းမသိဘူးမဟုတ်လား၊ ငါက ငါ့သခင်နဲ့ အလုပ် စပ်တူလုပ်နေတာ’ တဲ့၊ “အဘ၊ ဒီစကားဒီတင်ရပ်ဗျာ၊ ကျွန်တော်မကြားနိုင်ဘူး” ရုတ်တရက် ဟာဒန်ဂူလာက လေသံ မာမာနှင့်ပြောလိုက်သည်။ “သက်သက်မဲ့ ကျွန်တော့်အဘိုးကို သိက္ခာချတာပဲ၊ အဘိုးဟာ ကျွန်မဟုတ် ဘူးဗျ” သူ့မျက်လုံးတွေ ဒေါသရောင် တောက်လာသည်။

ရှာရူနာဒါက တည်တည်ငြိမ်ငြိမ်ပင်။ “ငါသူ့ကို တကယ်လေးစားပါတယ်၊ သူလည်းတချိန်က ကံကြမ္မာမကောင်းလို့ အဲဒီလိုဖြစ်ခဲ့ရတာ၊ ဒါပေမယ့် အဲဒီဘဝကနေ ဒမတ်စကပ်မြို့ရဲ့ မြို့မိမြို့ဖ တစ်ဦးဘဝရောက်အောင် သူ့ကိုယ်သူ မြှင့်တင်နိုင်ခဲ့တယ်၊ အဲဒီအတွက် ငါလေးစားတာ၊ မင်းလဲ မင်း

အဘိုးရဲ့မြေးပဲ၊ သူ့လိုဖွဲ့သတ္တိမျိုး မရှိဘူးလား၊ ယောကျ်ားကောင်းဆိုတာ
လက်တွေ့ဘဝကိုရင်ဆိုင်ရဲရ
တယ်၊ အဖြစ်မှန်ကို လက်ခံနိုင်စွမ်းရှိရတယ်၊ ကိုယ့်ကိုကိုယ်
လိမ်ညာဖုံးကွယ်ပြီး မင်းနေမလား၊"

ဟာဒန်ဂူလာက မြင်းပေါ်မှာ ခပ်မတ်မတ်ထိုင်လိုက်သည်။
ချုပ်တည်းထားရသည့်လေသံဖြင့် သူပြန်ပြောသည်။

"ကျွန်တော့်အဘိုးကို တမြို့လုံးတရွာလုံးချစ်ကြတယ်ဗျ။ သူဆောင်ရွက်ခဲ့တဲ့ ပရဟိတလုပ်ငန်း တွေဆိုတာ ရေတွက်လို့တောင် မကုန်နိုင်ဘူး၊ ဒမတ်စကပ်မှာ အငတ်ဘေးကြီးဆိုက်တော့ သူ့ပိုက်ဆံ တွေနဲ့ အီဂျစ်သွားပြီး ဂျုံတွေဝယ်တယ်၊ သူ့ကုလားအုတ်တန်းကြီးနဲ့ပဲ ဒါတွေသယ်လာပြီး တမြို့လုံး လျှောက်ဝေတာ၊ အခုတော့ အဘက ကျွန်တော့်အဘိုးဟာ ဘဝတိုင်းလုံမှာ ကျွန်ဖြစ်ခဲ့တဲ့လူတယောက်၊ လူရာမဝင် လူတန်းမစေ့တဲ့ လူတယောက်လို့ ပြောနေတယ်၊"

"မှန်တယ်၊ ဘဝတိုင်းလုံမှာ ကျွန်တယောက်အဖြစ် ဆက်နေခဲ့မယ်ဆိုရင်တော့ မင်းပြောသလို လူ ရာမဝင် လူတန်းမစေ့တဲ့ လူတယောက် ဖြစ်နေခဲ့မှာပဲ၊ ဒါပေမယ့် သူ့ဖွဲ့လုံ့လနဲ့ ကြိုးစားအားထုတ်ပြီး ဒမတ်စကပ်ရဲ့ ထိပ်ဆုံးပုဂ္ဂိုလ်ကြီးတယောက် ဖြစ်လာတယ်၊ အဲဒီလိုစွမ်းရည်ထူးရှိတဲ့ ပုဂ္ဂိုလ်မို့လည်း နောက်ပိုင်း သူ့ဘဝမှာ ကံမကောင်း အကြောင်းမလှဆိုတာမျိုး မကြုံရအောင် နတ်ဘုရားတွေက စောင့်ရှောက်ကြတာ၊ သူ့ကို ချီးမြှောက်ဂုဏ်တင်ကြတာ၊"

ဟာဒန့်စကားကို တုန့်ပြန် ဖြေကြားပြီးသည့်နောက် ရှာရူနာဒါက သူနှင့် အာရတ်ဂူလာတို့ အကြောင်း ဆက်၍ပြောသည်။

"သူလည်းကျွန်တယောက်ပဲဆိုတာ ဖွင့်ဟပြီးတဲ့နောက် အာရတ်က သူဟာ ကျွန်ဘဝကလွတ် မြောက်ချင်စိတ် ဘယ်လောက် ထက်သန်ပြင်းပြခဲ့တယ်ဆိုတာ ငါ့ကိုပြောပြတယ်၊ အဲဒီအတွက် သူငွေ တွေရှာခဲ့ စုဆောင်းခဲ့တယ်၊ အခုဆိုရင် ကိုယ့်ကိုကိုယ် ပြန်ရွေးနိုင်လောက်တဲ့အတိုင်းအတာအထိ သူ့မှာ စုမိနေပြီ၊ ဒါပေမယ့် တကယ်ဆုံးဖြတ်ရမယ့်အချိန်မှာ ချီတုံချတုံဖြစ်နေတယ်၊ လောလောဆယ်မှာ အရောင်းအဝယ်တွေက အရင်လောက်မကောင်းတော့ သခင့်အရိပ်အောက်က ထွက်လာပြီးတဲ့နောက်မှာ ဒုက္ခရောက်မှာ သူကြောက်နေတယ်၊

"ငါကလည်း အဲဒါအဓိပ္ပါယ်မရှိတဲ့အကြောင်း သူ့ကိုဖိပြောတယ်၊ 'ခင်ဗျားသခင်ကို ဆက်ပြီး မှီခိုမနေနဲ့တော့၊ လွတ်လပ်တဲ့လူတစ်ယောက်ရဲ့

စိတ်ဓါတ်မျိုး အပြည့်အဝမွေးစမ်းပါ၊ လူသစ်စိတ်သစ်နဲ့ ကြိုးစားပြီး အောင်မြင်အောင်လုပ်ပေါ့ဗျ၊ ခင်ဗျားဘာလုပ်ချင်သလဲ အရင်ဆုံးစဉ်းစား၊ အဲဒီရည်မှန်း ချက်နောက်က ဝိရိယလိုက်နိုင်ရင် ခင်ဗျားလိုရာရမှာပဲ လို့၊ ငါအဲဒီလိုပြောတော့ သူနည်းနည်းရှက် သွားတယ်၊ သူသတ္တိနည်းနေတယ်ဆိုတာလည်း သူ့ဘာသာ ကောင်းကောင်းမြင်သွားတယ်၊ ငါဒီလိုပြော တဲ့အတွက် ကျေးဇူးတင်တဲ့အကြောင်းပြောပြီး ထွက်သွားတယ်၊

[မှတ်ချက်။ ။ ရေးခေတ်ဘောဘီလုံ၌ ကျွန်များနှင့်ပတ်သတ်သည့် ဓလေ့ထုံးစံများ ဥပဒေစည်းကမ်း များ အသေးစိတ် တိတိကျကျရှိပြီး ၎င်းအတိုင်လည်း တင်းတင်းကျပ်ကျပ် လိုက်နာကြရ၏။ သို့သော်

ငင်းခလေ့စည်းကမ်းများမှာ ယနေ့လူများအဘို့ မျက်စိလည်စရာဖြစ်သည်။ ဥပမာ–ကျွန်တဦးသည် ကိုယ်ပိုင်ခနွဥစ္စာများ ပိုင်ဆိုင်နိုင်ကြ၏။ သူ၌သူ့ကိုယ်ပိုင်ကျွန်ရှိနိုင်၏။ ထိုကျွန်ကို သူ့သခင်က ပိုင်ဆိုင်ခွင့်မရှိချေ ကျွန်များသည် ကျွန်မဟုတ်သူများနှင့်လည်း အိမ်ထောင်ပြုနိုင်ကြ၏။။ လွတ်လပ် သော(ကျွန်မဟုတ်သော) မိန်းမသည် မည်သူနှင့် အိမ်ထောင်ပြုသည်ဖြစ်စေ ၎င်းမှ မွေးဖွားသူတို့သည် လွတ်လပ်သူများဖြစ်ကြ၏။ ဘေဘီလုံ၌ ကုန်သည်ဈေးသည် အများအပြားပင် ကျွန်များဖြစ်ကြသည်။ အတော်များများမှာ သခင်များနှင့် လုပ်ငန်းစပ်တူ လုပ်ကိုင်နေသူများဖြစ်ပြီး၊ သူ့အတိုင်းအတာနှင့်သူ ချမ်းသာသူများ ဖြစ်ကြ၏။]

"တစ်နေ့ ငါမြို့တံခါးဘက်ရောက်တော့ အဲဒီမှာလူတွေအများကြီး စုဝေးနေတာ သွားတွေ့ရ တယ်၊ နီးရာလူတယောက်မေးကြည့်တော့၊ ခင်ဗျား မကြားဘူးလား၊ ကျွန်တယောက်က ဘုရင့်အစောင့် စစ်သည် တယောက်ကိုသတ်ပြီးထွက်ပြေးတာ ပြန်ဖမ်းမိထားလို့ အမှုစစ်ဆေးပြီး သေဒဏ်အမိန့်ချထား တယ်၊ မသေမချင်း ကြိမ်ရိုက်ပြီးစီရင်မှာ၊ ရှင်ဘုရင်ကိုယ်တိုင် လာကြည့်မယ်တဲ့' လို့ သူကပြောတယ်၊

"အကျဉ်းသားကို ကားစင်တင်တဲ့နေရာနားမှာ လူတွေကြိတ်ကြိတ်တိုးနေတယ်၊ မှန့်ဗန်းမှောက် မှာစိုးလို့ ငါအဲဒီနားမသွားပဲ အနီးမှာရှိတဲ့ ဆောက်လက်စ မြို့ရိုးပေါ် တက်ကြည့်တယ်၊ ငါအဲဒီမှာ နေဗျူခတ်(ဒ)နက် ဇာဘုရင်ကြီးကို ကံကောင်းဘုန်းကောင်း ဖူးမြင်ခွင့်ရတယ်၊ ဘုရင်ကြီးက ရွှေပိန်းချ မြင်းရထားကြီးစီးပြီး ကြွချီလာတာ၊ အဆောင်အယောင် အခမ်းအနားဆိုတာက ပြောမနေနဲ့၊ ရွှေရောင် ငွေရောင် ကတ္တီပါရောင်တွေ ဖိတ်ဖိတ်တောက်နေတာပဲ၊ အဲဒီလောက်ကြီးကျယ်ခမ်းနားတာမျိုး ငါတခါ မှမမြင်ဖူးဘူး၊

"ကြိမ်တကယ်ရိုက်တော့ ငါ့နေရာကမမြင်ရတော့ဘူး၊ ဒါပေမယ့် အကျဉ်းသားရဲ့ အော်သံတွေ တော့ ကြားနေရတယ်၊ ပထမတော့ ငါ့စိတ်ထဲမှာ ဘုရင်မင်းမြတ်လို ဘုန်းကျက်သရေနဲ့ပြည့်စုံပြီး စိတ်ခါတ်လည်းမြင့်မားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ဟာ ဒီလိုရက်စက်ကြမ်းကြုတ်တဲ့အလုပ်တခုကိုကြည့် နိုင် မြင်နိုင်ပါ့မလား အောက်မေ့တယ်၊ ဒါပေမယ့် သူက ဒီရှု့ခင်းကိုကြည့်ပြီး သူ့နောက်လိုက်နောက် ပါတွေနဲ့ ရယ်ရယ်မောမော

နောက်ပြောင်ပြောဆိုနေတာလှမ်းမြင်ရတော့ အော်– သူကိုယ်တိုင်က ရက်စက်ကြမ်းကြုတ်သူပါကလားဆိုတာ ငါ သဘောပေါက်လိုက်တယ်၊ ဒါကြောင့်လည်း ဒီမြို့ရိုးကြီး တည်ဆောက်တဲ့ကိစ္စမှာ ကျေးကျွန်တွေကို မညှာမတာ ညှင်းဆဲခိုင်းစေနေတာကိုး လို့လည်း တဆက် တည်း တွေးမိလိုက်တယ်၊

“အကျဉ်းသားသေတော့ သူ့အလောင်းကို တိုင်တတိုင်မှာ ကြိုးတချောင်းနဲ့ ဖောက်ထိုးတွဲထား ခဲ့တယ်၊ အားလုံးအတွက် နမူနာပြထားတဲ့သဘောပဲ၊ လူပရိတ်သတ် အတော်လေးကျဲသွားတော့မှ ငါ အနားကပ်ကြည့်တယ်၊ အကျဉ်းသားရဲ့ရင်ဘတ်မှာ မြွေနှစ်ကောင်လိမ်နေတဲ့ပုံတပုံ ဆေးမင်ကြောင်ထိုး ထားတာမြင်တော့မှ ဟာ ပင်လယ်ဓါးပြပါလားလို့ ငါသိလိုက်ရတယ်၊

“နောက်တစ်ကြိမ် အာရတ်ဂူလာနဲ့တွေ့တော့ သူက လုံးဝပြောင်းလဲနေပြီ၊ အရမ်းတက်တက် ကြွကြွနဲ့ ငါ့ကိုနှုတ်ဆက်တယ်၊ ဟေ့၊ မင်းအပေါင်းအသင်း ကျွန်မဟုတ်တော့ဘူးကွ၊ လွတ်လပ်သူ

တယောက်ဖြစ်သွားပြီ၊ မင်းပြောတဲ့စကားတွေမှာ တန်ခိုးကြွခဲ့ပါဒ် ပါတယ်ကွ၊ အခုဆိုရင် အရောင်းပြန် တက်နေပြီ၊ အမြတ်လဲ တိုးလာနေပြီပေါ့ကွာ၊ ငါ့မိန်းမက အရမ်းပျော်နေတယ်၊ သူလည်းလွတ်လပ်သူ တယောက်ပါပဲ၊ ငါ့သခင်ရဲ့တူမကွ၊ သူကတော့ တမြို့တရွာသွားချင်တဲ့ဆန္ဒရှိတယ်၊ ငါတချိန်က ကျွန် ဖြစ်ခဲ့ဘူးတယ်ဆိုတာ ဘယ်သူမှမသိနိုင်မယ့် သူစိမ်းရပ်ရွာပေါ့ကွာ၊ ကလေးတွေမျက်နှာ မငယ်အောင် လို့ပါပဲ၊ အခုတော့ ငါ့ရဲ့ အကောင်းဆုံးမိတ်ဆွေဟာ အလုပ်ပဲကွ၊ အလုပ်ကပဲငါ့ကို ကျွန်ဘဝကလွတ် အောင် ကယ်တင်ခဲ့ပြီးပြီ၊ အခုဆက်ပြီးငါ့ကို လုပ်ရည်ကိုင်ရည်တက်အောင် ကိုယ့်ကိုကိုယ် ယုံကြည် စိတ်ထက်သန်အောင် အားပေးကူညီနေဆဲပဲ’ တဲ့၊

“သူ့ခြေအနေကြားရတော့ ငါလည်း အရမ်းဝမ်းသာသွားတယ်၊ အမှန်တော့ သူကပဲငါ့ကို အမြဲ အားပေးကူညီနေတာ၊ ကြိုးစားဘို့ အမြဲတိုက်တွန်းနေတာ၊ သူယုံကြည်စိတ်နည်းနေတဲ့အချိန် ငါပြော လိုက်တဲ့ အားပေးစကား ဝေဖန်စကားတခွန်းက သူ့ကို လမ်းမှန်လျှောက်ဖြစ်အောင် တစ်စိတ်တစ်ပိုင်း အထောက်အကူပေးလိုက်နိုင်တယ်ဆိုတာကြားရတော့ ငါသူ့ကို ကျေးဇူးတုန့်ပြန်လိုက်ရသလိုပါပဲ။

“ဒီလိုနဲ့ တညနေမှာတော့ ဆဝပ်စတီးက အတော်ကြီး စိတ်မချမ်းမသာဖြစ်နေတဲ့အမူအရာနဲ့ ရောက်လာတယ်၊ ‘နင့်သခင်တော့ ဒုက္ခရောက်တော့မှာပဲ၊ အခုပြဿနာပေါ်နေပြီ၊ အရင်လတွေကတည်း က လောင်းကစားဝိုင်းမှာ သူပိုက်ဆံအများကြီး ရှုံးရှုံးနေတာ၊ လယ်သမားကိုလည်း စပါးဘိုးမပေးနိုင် ဘူး၊ ငွေတိုးချေးသမားကိုလည်း တပြားမှ ပြန်မဆပ်နိုင်ဘူး၊ အခု ဒီလူတွေအားလုံး စိတ်တိုနေကြပြီ၊ ဘယ်သူကမှ မဆိုင်းနိုင်ကြတော့ဘူး’ လို့ သူကဆိုတယ်၊

‘သူ့မိုက်ပြစ်နဲ့သူခံရမယ့်ကိစ္စ ကျွန်တော်တို့သွားပူနေလို့ ဘာအဓိပ္ပါယ်ရှိမလဲ၊ ကျွန်တော်တို့က အုပ်ထိန်းသူမှ မဟုတ်တာ’ လို့ ငါက မစဉ်းမစား ပြန်ပြောတယ်။

“‘ဟဲ့အရူး၊ နင်ဒီလောက်တောင် နားမလည်ဘူးလား’ တဲ့၊ ဆဝပ်စတီးက ငါ့ကို ကရုဏာဒေါ သောနဲ့ပြောတယ်၊ ‘သခင်က ငွေချေးတော့ နင့်ကို အပေါင်ထားပြီးချေးတာ၊ ပိုင်ဆိုင်ခွင့်လတ်မှတ်ကို ငွေတိုးချေးသမားလက်

အပ်ထားရတယ်၊ ကြွေးမဆပ်နိုင်ရင် ငွေရှင်က နင့်ကိုသိမ်းပြီး ရောင်းစားခွင့်ရှိတယ်၊ ငါတော့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး၊ သခင်ဟာ လူကောင်းပါ၊ ဘာကြောင့်များ ဒီလို တွေ ဖြစ်လာရသလဲမသိဘူး၊' တဲ့၊

"ဆဝပ်စတီပြောတာအားလုံး အမှန်ချည်းပဲ၊ နောက်နေ့မနက် ငါမုန့်ဖုတ်နေတုန်းပဲ ငွေချေး သမားရောက်လာတယ်၊ သူနဲ့အတူ ဆာဆီဆိုတဲ့ လူတယောက်ပါလာတယ်၊ ဒီလူက ငါ့ကိုအကဲခတ် ကြည့်ပြီး ဒီကောင်လောက်ဆိုရင် ဖြစ်တယ်တဲ့၊

"ငွေချေးသမားက ငါ့သခင် အပြင်ကပြန်ရောက်တဲ့အထိတောင် မစောင့်ဘူး၊ ဆဝပ်စတီကိုသာ ငါ့ကိုသိမ်းသွားတဲ့အကြောင်း ပြောလိုက်ဘို့ မှာခဲ့တယ်၊ ငါလည်း မုန့်တောင် ပြီးအောင်မဖုတ်ရဘူး ကိုယ်ပေါ်ကအဝတ်နဲ့တင် လိုက်ခဲ့ရတယ်၊ ခါးမှာတော့ ငါစုထားတဲ့ပိုက်ဆံထုတ်ကလေး တွဲလျက်ပေါ့၊

“ငါ့မျှော်လင့်ချက်ကလေးဟာ လေဆင်နှာမောင်းမိတဲ့သစ်ပင်လို အမြစ်ပါမကျန်အောင်နှုတ်ပြီး လွင့်ပစ်ခံလိုက်ရတယ်၊ လောင်းကစားဝိုင်းနဲ့ဘာလီဘီယာကြောင့် ငါ့ဘဝ ဒုတိယအကြိမ် ပျက်စီးရပြန် တာပဲ၊

“ဆာဆီဆိုတဲ့လူက တုံးတိတိမာကျောကျောနဲ့၊ အပြောအဆိုအမူအရာ ကြမ်းတမ်းတယ်၊ မြို့ထဲ ဖြတ်ပြီးခေါ်လာတုန်း လမ်းမှာ ငါကသူ့ကို ငါ နာနာနေ့(ဒ်) အတွက် ဘယ်လောက်အလုပ်လုပ်ပေးတဲ့ အကြောင်း သူ့ဆီမှာလည်း အလားတူလုပ်ပေးနိုင်တဲ့အကြောင်း ပြောပြတယ်၊ ဒါပေမယ့် သူ့ဆီက ပြန်ထွက်လာတဲ့ စကားကြောင့် ငါ စိတ်ဓါတ်ကျသွားတယ်၊

“ ‘အဲဒီလိုအလုပ်မျိုးတွေ ငါစိတ်မဝင်စားဘူးကွ၊ ငါ့သခင်လည်းမကြိုက်ဘူး၊ ရှင်ဘုရင်က သူ့ ကို တူးမြောင်းကြီးဖောက်တဲ့နေရာမှာ တစိတ်တပိုင်းဝင်ပါဘို့ တာဝန်ပေးထားတယ်၊ ငါ့ကိုလွှတ်ပြီး ခိုင်းတဲ့သခင်ကလည်း ‘ဆာဆီ၊ နောက်ထပ်ကျွန်တွေဝယ်ကွာ၊ ကြိုးစားလုပ်၊ အလုပ်မြန်မြန်ပြတ်ပစေ၊’

တဲ့၊ လွယ်မလားကွ၊ ဒီလောက်ကြီးတဲ့အလုပ် မြန်မြန်ပြတ်ချင်လို့ရမလား၊’ သူကအဲသလိုဆိုတယ်၊

“ဒီတူးမြောင်းကြီးက သဲကန္တာရခေါင်ခေါင်မှာ တို့တူးရတာ၊ သစ်ပင်တပင်မရှိဘူး၊ တစ်ချို့နေ ရာမှာ ခြုံပုတ်သေးသေး တခုတလေရှိတာ၊ နေဆိုတာ ပူခြစ်တောက်နေတာပဲ၊ စည်ပိုင်းထဲကရေတောင် ပူလွန်းလို့ မသောက်နိုင်ဘူး၊ မင်းမျက်စိထဲ မြင်ယောင်ကြည့်၊ ကျွန်အလုပ်သမားတွေတန်းစီပြီး တူး လက်စမြောင်းကြီးထဲဆင်း၊ မြေကြီးတွေ တောင်းနဲ့အပြည့်ထည့်၊ မြောင်းနှုတ်ခမ်း ဆင်းလမ်းတက်လမ်း အတိုင်းထမ်းတက်၊ ပြီးတော့ပြန်ဆင်း၊ ပြီးရင်ပြန်တက်၊ မနက်နေထွက်က နေဝင်အထိ၊ အစာကျွေး တော့ ဝက်စာကျွေးတဲ့ခွက်မျိုးနဲ့ ထည့်ကျွေးတာ၊ ဝက်တွေလိုပဲ အားလုံးစုပြုံတိုးဝှေ့ပြီး စားရတာ၊ တို့အတွက်တဲမရှိဘူး၊ ခင်းအိပ်ဘို့ ကောက်ရိုးတောင်မရှိဘူး၊ အဲဒါ တူးမြောင်းအလုပ်စခန်းကို ရောက် သွားတဲ့အချိန်မှာ ငါတွေ့ရတဲ့အနေအထား၊ အဲဒီရောက်ပြီးတဲ့နောက် ငါ့ပိုက်ဆံအိတ်ကို မှတ်မှတ်သား သား တနေရာမှာ တွင်းတူးပြီးမြှုပ်တယ်၊ စိတ်ထဲမှာတော့ ငါ့ပိုက်ဆံလေး ငါပြန်မှတူးနိုင်ပါအုံးမလား လို့လည်း တွေးမိတယ်၊

“အစပိုင်းမှာတော့ တူးမြောင်းအလုပ်ကိုလည်း ငါစိတ်ရှည်ရှည်

ခွဲရှိရှိလုပ်ပါသေးတယ်၊ ဒါပေမယ့် လချီပြီးကြာလာတော့ စိတ်ဓါတ်ကျချင်လာတယ်၊ လူကလည်းအားနည်းလာပြီး ပူလွန်းလို့ဖြစ်တဲ့ ကန္တာရအဖျားက ငါ့ကိုယ်ထဲဝင်လာတယ်၊ ခံတွင်းပျက်ပြီး ဘာမှမစားချင် မသောက်ချင်ဖြစ်လာတယ်၊ ညဆိုရင် ဘယ်ညာလူးလိမ့်နဲ့ တညလုံးမအိပ်နိုင်ဘူး၊ မအိပ်နိုင်လေ ကိုယ့်ဘဝအဖြစ်ဆိုးပုံတွေတွေးပြီး စိတ်ညစ်လေပဲ၊

“စိတ်ညစ်ညစ်နဲ့ လျှောက်တွေးရင်း ဇဗါးဒိုးပြောတဲ့စကားတွေလည်း ပြန်ကြားမိတယ်၊ အလုပ် ခွင်ထဲမှာ ဦးကျိုးအောင် နာလံမထူနိုင်အောင် ဆင်းရဲဒုက္ခခံမယ့်အစား တတ်နိုင်သမျှ ခိုကပ်နေမယ် ဆိုတဲ့အယူအဆ၊ ဒါပေမယ့် ဇဗါးဒိုးနဲ့ နောက်ဆုံးတွေ့ဆုံခဲ့ရပုံကို ပြန်မြင်ယောင်တော့ သူ့လမ်းစဉ် လည်း တကယ်တမ်းမနိပ်လှဘူးဆိုတာ စဉ်းစားမိပြန်တယ်၊

"ဒီလိုပဲ ပင်လယ်ဓါးပြရဲ့ သူသေကိုယ်သေခံချမယ်ဆိုတဲ့ စိတ်ဓါတ်နဲ့လည်း ဒီအကျပ်အတည်း မျိုးက အောင်အောင်မြင်မြင် ထွက်နိုင်မှာမဟုတ်ဘူးဆိုတာ သူ့ရဲ့ သွေးသံရဲရဲခန္ဓာကိုယ်ကို မျက်စိထဲ ပြန်မြင်မိတိုင်း သတိရတယ်၊

"ဖြစ်နိုင်ချေအရှိဆုံးဟာ မယ်ဂစ်ဒိုရဲ့လမ်းစဉ်ပဲ၊ နောက်ဆုံးအကြိမ် သူနဲ့တွေ့ခဲ့ပုံကို ငါမြင်နေ တယ်၊ အလုပ်လုပ်လွန်းလို့ သူ့လက်တွေမှာ အသားမာတက်နေတယ်၊ ဒါပေမယ့် သူ့ရင်ထဲ ပေါ့ပါး ရွှင်လန်းနေတယ်၊ သူမျက်နှာမှာ စိတ်ချမ်းသာမှု လက္ခဏာတွေ မြင်နေရတယ်၊ သူ့အယူအဆသာ အမှန်ဆုံး အကောင်းဆုံးပဲလို့ ငါသဘောပေါက်တယ်၊

"ဒါပေမယ့်လည်း ဘဝင်မကျစရာ အကြောင်းတွေတော့ရှိနေတယ်၊ ငါလည်းမယ်ဂစ်ဒိုလောက် အလုပ်စိတ်ထက်သန်တာပဲ၊ တကယ်လုပ်တဲ့နေရာမှာ သူတောင်ငါ့ကိုမှီမှာမဟုတ်ဘူး၊ ဒါပေမယ့် အဲဒီ လောက်လုပ်တဲ့ကြားက ငါဘာကြောင့် မအောင်မြင်ရသလဲ၊ ချမ်းသာသုခနဲ့ ဘာကြောင့် ဒီလောက်ဝေး နေရတာလဲ၊ မယ်ဂစ်ဒိုစိတ်ချမ်းသာနေတာဟာ အလုပ်ကြောင့်သက်သက်မှ ဟုတ်ရဲ့လား၊ နတ်ဘုရား တွေကိုယ်တိုင်က သူ့အတွက် အောင်မြင်မှုတွေ ပျော်ရွှင်စရာအနေအထားတွေ တမင်တကာ ဖန်တီးပေး နေလို့လား၊ ငါကတော့ အောင်မြင်မှုမရ ချမ်းသာသုခလည်းမရဘဲ တသက်လုံး အလုပ်တွေသာကျူး လုပ်ရင်း တဘဝကုန်ရတော့မှာလား၊ ဒီလိုတွေ လျှောက်တွေးမိတယ်၊ ဒီပြဿနာတွေ ဘယ်သူ့မေးရ မှန်းလည်းမသိ၊ တယောက်တည်း ခေါင်းထဲ ချာလပတ်လည်နေတယ်၊

"နောက် ရက်ပေါင်းအတော်များများ ကြာပြီးတဲ့တနေ့ ပြဿနာတွေလည်း အဖြေမရနိုင်သေး၊ ရှေ့ဆက်ပြီး ခံနိုင်ရည်လဲမရှိတော့ဘူးလို့ ထင်ရတဲ့အချိန်မျိုးမှာ ဆာဆီကငါ့ကိုအခေါ်လွှတ်တယ်၊ ငါ့ကို ဘေဘီလုံပြန်ခေါ်မလို့ ငါ့သခင်ဆီက လူတယောက် လွှတ်လိုက်တယ်တဲ့၊ ပိုက်ဆံအိတ်ကို ပြန်တူးပြီး ပေတေစုတ်ပြတ်နေတဲ့ အဝတ်အစားနဲ့ပဲ ငါပြန်လိုက်ခဲ့ရတယ်၊

'လမ်းခရီးတစ်လျှောက်လုံး ခေါင်းထဲမှာ အတွေးမှန်တိုင်းက အကြီးအကျယ် မွှေနှောက်လိုက် ပါလာတယ်၊ ငါ့ကိုလောလောဆယ် ဆီပူအိုးထဲက ဆွဲထုတ်လိုက်ပြီ၊ ဒါပေမယ့် အေးချမ်းသာယာတဲ့ နေရာကိုရောက်မလား အိုးအောက်မီးဖိုထဲ ကျသွားလေမလား၊ ငါဘယ်လိုမှ ကြိုတင်တွက်ဆလို့မရနိုင် ဘူး၊ ဒုက္ခတွေချည်း ဆက်တိုက်ကြုံခဲ့ရသူမို့ အဆိုးဘက်ကိုပဲ အာရုံရောက်နေတယ်၊ ငါ့အတွက် ပြစ် ဒဏ်တွေဟာ

မပြီးစီးနိုင်တော့ဘူးလား၊ နောက်ထပ်ဘယ်လိုဒုက္ခ ဘယ်လိုကံကြမ္မာဆိုးမျိုးတွေ ငါရင် ဆိုင်ရဦးမှာလဲဆိုတာ တွေပဲ တွေးပူနေမိတယ်၊

"ငါ့သခင်ရဲ့ အိမ်ခြံဝန်းထဲအဝင်မှာ အာရတ်ဂူလာကို မမျှော်လင့်ဘဲ ဘွားကနဲတွေ့လိုက်ရတော့

ငါအကြီးအကျယ် အံ့အားသင့်သွားတယ်၊ ငါကုလားအုတ်ပေါ်ကဆင်းဘို့ သူလက်ကမ်းပေးတယ်၊ ပြီး

တော့ နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့ ညီအစ်ကိုတယောက် ပြန်တွေ့ရသလို ပွေ့ဖက်နှုတ်ဆက်တယ်၊

"သခင်ဟောင်းအိမ်ကနေ သူနဲ့အတူထွက်လာတော့ ငါက သူ့နောက်က ကျွန်တယောက်လို ရို့ရို့ကျိုးကျိုး လိုက်မလို့လုပ်တယ်၊ သူကလက်မခံဘူး၊ သူက ငါ့ပခုံးကိုဖက်ပြီးပြောတယ်၊ 'ငါမင်းကို

လိုက်ရှာတာ နေရာတွေနဲ့နေပြီ၊ နောက်ဆုံးလက်လျှော့တော့မလို့ လုပ်နေတဲ့အချိန် ဆဝပ်စတီးနဲ့တွေ့ တယ်၊ ဆဝပ်ဆတီးက ငွေတိုးချေးသမားနာမည်ပြောပြတယ်၊ ငွေတိုးချေးသမားဆီကနေ မင်းကိုခေါ်သွားတဲ့ ဆာဆီရဲ့သခင် ကျွန်ပိုင်ရှင်သူဌေးကြီးဆီ ရောက်တယ်၊ ငါလိုချင်မှန်းသိတော့ ဒီအဘိုးကြီးက မတရားဈေးကိုင်တယ်၊ လွန်လွန်ကျံကျံကြီးကိုတောင်းတာ၊ ဒါပေမယ့် ငါပေးလိုက်တယ်၊ မင်းက သူတောင်းသမျှထက် ပိုတန်ပါတယ်၊ ငါအခုအခြေအနေရောက်တဲ့အထိ အောင်မြင်လာတာ မင်းရဲ့အယူ အဆ မင်းရဲ့လုပ်ပုံကိုင်ပုံတွေက ငါ့ကိုအမြဲလှုံ့ဆော်နှိုးဆွပေးခဲ့လို့ပဲ၊'

'မယ်ဂစ်ဒိုရဲ့ အယူအဆပါ၊ ကျွန်တော့်ကိုယ်ပိုင်မဟုတ်ပါဘူး၊' ငါက ကြားဖြတ်ပြောတယ်၊

" 'အေး၊ မင်းနဲ့ မယ်ဂစ်ဒိုရဲ့ အယူအဆပေါ့ကွာ၊ မင်းတိုနှစ်ယောက်လုံးကို ငါကျေးဇူးတင်ပါ တယ်၊ ကဲ ငါတို့အခု ဒမတ်စကပ်ကို သွားကြမယ်၊ အဲဒီမှာ ငါနဲ့လက်တွဲလုပ်မယ့်လူ လိုနေတယ်ကွ၊' တဲ့၊ ပြီးတော့သူက 'နေအုံး ဒီမှာတခုရှိသေးတယ်၊ မင်းအခုချက်ချင်းလက်ငင်း လွတ်လပ်သူတဦးဘဝ ရောက်ရစေမယ်' ဆိုပြီး သူ့ဝတ်ရုံထဲထည့်လာတဲ့ အုတ်ခွက်စာချုပ်တခုကို ထုတ်လိုက်တယ်၊ ငါ့ကိုဝယ် လာတဲ့ စာချုပ်စာတမ်းပေါ့ကွာ၊ ငါ့ကိုပိုင်ဆိုင်ကြောင်း အထောက်အထား လက်မှတ်ပေါ့၊ အဲဒီစာချုပ် ကို သူကိုင်မြှောက်ပြီး လမ်းခင်းကျောက်ပေါ် ပေါက်ထည့်လိုက်တယ်၊ ပြီးတော့ အကျိုးအပဲ့တွေကို လုံးဝကြေမွသွားအောင် ခြေထောက်နဲ့ အားရပါးရ လိုက်နင်းခြေပစ်လိုက်တယ်၊

"ငါကတော့ ဝမ်းသာလွန်းလို့ မျက်ရည်တောင်ကျတယ်၊ ဘေဘီလုံမှာ ငါကံအကောင်းဆုံးလူပဲ လို့လည်း တွေးမိလိုက်တယ်၊

"အမှန်တော့ မင်းမြင်တဲ့အတိုင်း အလုပ်ကို တန်ဘိုးထားတဲ့စိတ်က ငါ့ကို အဆိုးဝါးဆုံး ဒုက္ခ တွင်းထဲက ဆယ်တင်သွားတာပဲ၊ အလုပ်သာလျှင် ငါ့ရဲ့ အကောင်းဆုံးမိတ်ဆွေဖြစ်ကြောင်း အတည်ပြု လိုက်တဲ့သဘောပဲ၊ မင်းစဉ်းစားကြည့်၊ ကျွန်ဈေးတန်းမှာတုန်းကလည်း ငါဟာ သိပ်အလုပ်လုပ်ချင်တဲ့ ကျွန်တယောက်ဖြစ်ကြောင်း ဝယ်သူတွေသိအောင် ပြောဆိုကြေညာနိုင်လို့ မြို့ရိုးဆောက်တဲ့ ကျွန် အလုပ်စခန်းကိုမရောက်ဘဲ သဘောကောင်းတဲ့ သခင်ဆီရောက်ခဲ့တယ်၊ အဲဒီသခင်ဆီမှာရှိစဉ် အလုပ်ကိုအားကြိုးမာန်တက် လုပ်နေတာမြင်တဲ့အတွက် မင်းအဘိုးအာရတ်ဂူလာက သဘောကျတယ်၊ အထင် ကြီးတယ်၊ ငါ့ကို အရမ်းခင်မင်တယ်၊ ဒါကြောင့်

ငါ့ကိုချေးကြီးကြီးပေးဝယ်တာ၊ ပြီးတော့ သူ့ပါတနာ အဖြစ် အတူတူ တွဲလုပ်ဘို့ခေါ်ခဲ့တာ၊”

သူ့စကားဆုံးတော့ ဟာဒန်ဂူလာကမေးသည်။

“ကျွန်တော့်အဘိုး ချမ်းသာတာကော အလုပ်ကြောင့်သက်သက်ပဲလား”

“အေး၊ ဟုတ်တယ်၊ သူအောင်မြင်ကြီးပွားရတဲ့ တခုတည်းသောသော့ချက်ဟာ ဒါပဲလို့ ငါမြင် ခဲ့တယ်၊” ရှာရူနာဒါကဆိုသည်။ “မင်းအဘိုးဟာ အလုပ်ကို အင်မတန်ခင်တွယ်တဲ့ပုဂ္ဂိုလ်၊ သူအလုပ် ကြိုးစားလွန်းလို့ နတ်ဘုရားတွေ သူ့ကိုကျေနပ်အားရကြတယ်၊ သူ့ကို ဆုလာဘ်သပွကာတွေ ဖောဖော သီသီချီးမြှင့်ကြတယ်၊ ငါ အဲဒီလိုမြင်တယ်၊”

"ကျွန်တော် သဘောပေါက်ပါပြီ၊" ဟာဒန်ဂူလာက တွေးတွေးဆဆ ဆိုသည်။ "အဘိုးဟာ သိပ်အလုပ်လုပ်တယ်၊ သူ့ ဖွဲလုံ့လရယ် အဲဒါကြောင့်ရလာတဲ့ အောင်မြင်မှုတွေရယ်ကို လေးစား အားကျတဲ့အတွက် သူကို မိတ်ဆွေသင်္ဂဟတွေ အများကြီး ပေါင်းသင်းဝန်းရံလာတယ်၊ အလုပ်နဲ့ အလုပ်ရဲ့ ဆုလာဘ်တွေကြောင့် အဘိုးဟာ ဒမတ်စကပ်မှာ ဂုဏ်သရေရှိပုဂ္ဂိုလ်ကြီး၊ လူအများလေးစား တဲ့ပုဂ္ဂိုလ်ကြီး ဖြစ်လာတယ်၊ အဘိုးနဲ့ပတ်သတ်ပြီး ကျွန်တော်အထင်ကြီးခဲ့ အားကျခဲ့တဲ့အရာမှန်သမျှ ဟာ အလုပ်နဲ့ဆက်စပ်ပြီး ဖြစ်ပေါ်လာတာတွေချည်းပဲ၊ ဒါကို ကျွန်တော်မမြင်ခဲ့ဘူး၊ ကျွန်တော့်စိတ် ထဲမှာ အလုပ်ဆိုတာ ကျွန်တွေနဲ့သာဆိုင်တယ်၊ ငါတို့နဲ့ ဘာမှမပတ်သတ်ဘူးလို့ ထင်ခဲ့မိတယ်၊"

"လူသားတွေအတွက် ဘဝမှာ စိတ်ချမ်းသာပျော်ရွှင်စရာ နည်းလမ်းတွေ အမြောက်အများရှိ တယ်ကွ၊" ရာရူနာဒါကဆိုပြန်သည်။ "အဲဒီ ပျော်ရွှင်မှုတမျိုးစီဟာ သူ့နေရာနဲ့သူ တန်ဘိုးရှိပါတယ်၊ ဒါပေမယ့် အလုပ်ကိုတော့ မမှီဘူးကွ၊ အလုပ်ဟာ ကျွန်တွေအတွက်သက်သက်ဖြစ်မနေတာ ငါအများ ကြီးစိတ်ချမ်းသာတယ်၊ အဲဒီလိုသာဖြစ်နေရင် အလုပ်ကပေးတဲ့ ကျေနပ်အားရမှု ဝမ်းသာကြည်နူးမှုတွေ ကို ငါခံစားခွင့်ရမှာ မဟုတ်ဘူး၊ လောကကြီးမှာ ငါကျေနပ်နှစ်သက်တဲ့အရာတွေ အများကြီးရှိပါတယ်၊ ဒါပေမယ့် အလုပ်ကိုတော့ ဘယ်အရာမှ အစားမထိုးနိုင်ဘူးကွ၊"

ရာရူနာဒါနှင့် ဟာဒန်ဂူလာတို့ မြင်းကိုယ်စီဖြင့် ဆက်လက်ခရီးနှင်လာကြသည်။ ဘေဘီလုံ၏ မြင့်မောက်သော မြို့ရိုးကြီးအနီး သူတို့ချဉ်းကပ်မိကြသည်။ မြို့ရိုးကြီး၏အရိပ်ကို ခိုကာ မြို့တံခါးဝ ဆီသို့ ဆက်လှမ်းခဲ့ကြသည်။ ကြေးဝါဖြင့်ပြုလုပ်ထားသည့် ကြီးမားလေးလံသော တံခါးကြီးများ။ မြို့ တံခါးဝသို့ သူတို့ရောက်လျှင် အစောင့်စစ်သည်များက ပျာပျာသလဲ ခရီးဦးကြိုဆိုသည်။ ရာရူနာဒါ အား အကြီးအကဲတဦးပမာ အရိုအသေပြုကြသည်။ သူက ဘေဘီလုံမှာ အများလေးစားသည့် မြို့မိ မြို့ဖတဦး မဟုတ်လား။

နောက်မှလိုက်ပါသည့် ဝန်စည်စလယ်တင် ကုလားအုတ်တန်းနှင့် တပည့်တပန်းများကို

ဦးဆောင်ကာ ဘေဘီလုံမြို့တော်လမ်းမထဲ ရာရူနာဒါ ဝင်ရောက်လာခဲ့သည်။

ကျွန်တော့်အဘိုးလို ပုဂ္ဂိုလ်ကြီးတယောက်ဖြစ်ဖို့ အမြဲရည်မှန်းခဲ့တာ၊” သူ့အနီးမှလိုက်ပါလာ သည့် ဟာဒန်ဂူလာက ဖွင့်ဟသည်။ “ဒါပေမယ့် အဘိုးဘယ်လိုလူစားမျိုးဆိုတာ လုံးဝမသိခဲ့ဘူး၊ အခု အဘပြောတော့မှ သိရတယ်၊ သိလာတော့ ကျွန်တော် ပိုလေးစားတယ်၊ ပိုအားကျတယ်၊ အဘိုးလိုဖြစ် အောင် ကြိုးစားချင်စိတ်တွေ ပိုထက်သန်လာတယ်၊ အဘကိုလည်း အခုလိုအဘိုးအကြောင်းပြောပြတာ အဘတို့ အဘိုးတို့ရဲ့ အောင်မြင်မှုလမ်းစဉ်တွေ ပြောပြတာအတွက် ကျွန်တော်သိပ်ကျေးဇူးတင်တယ်၊ ဒီကျေးဇူးကို ကျေအောင်ဆပ်နိုင်ပါ့မလားလို့တောင် ကျွန်တော်စိုးရိမ်တယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် ဒီနေ့ကစပြီး အဘိုးတို့ အဘတို့လမ်းစဉ်အတိုင်း အစွမ်းကုန် ကြိုးစားမယ်၊ အခုစတင်တဲ့အချိန်မှာ အဘိုးလိုပဲ လက်ဖဝါး ခြေဖဝါးနဲ့ ကျွန်တော်စမယ်၊ ဒီလက်ဝတ်ရတနာတွေ ဝတ်ကောင်းစားလှတွေ မလိုဘူး၊ ဒါတွေဟာ ကျွန်တော်ရှာဖွေထားတာလည်းမဟုတ်လို့ လောလောဆယ် ကျွန်တော်နဲ့ မထိုက် တန်ဘူး၊ ကျွန်တော့် အဓိဋ္ဌာန်နဲ့လဲ မကိုက်ညီဘူး၊”

သည့်လိုပြောဆိုကာ ဟာဒန်ဂူလာက သူ့နားနှစ်ဘက်နှင့် လက်ချောင်းများမှာ ဆင်ယင်ထား သည့် ကျောက်မျက်ရတနာစီခြယ်ထားသော နားကွင်းများ လက်စွပ်များကို ချွတ်သည်။ ထိုနောက် မြင်းကို အသာဇတ်သတ်ကာ နောက်သို့ဆုတ်လိုက်ပြီး အတွေ့အကြုံများသလောက် အမြော်အမြင်ကြီး မားလှသည့် ဘောဘီလုံသူကြွယ်ကြီး ရှာရှုနာဒါ၏နောက်မှ လေးစားရို့ကျိုးစွာ လိုက်ပါခဲ့လေသည်။

# နိဂုံးစကား

## ရှေးခေတ်ဘောဘီလုံနှင့်စပ်လျဉ်း၍

သမိုင်းဝင် ရှေးမြို့တော်ကြီးများထဲတွင် ဘောဘီလုံလောက် လူအများအာရုံကို ဆွဲဆောင် ဖမ်းစားနိုင်သောမြို့ မရှိပေ။ ဘောဘီလုံဟု ဆိုလိုက်လျှင်ပင် ကြွယ်ဝခြင်း ကြီးကျယ်ခမ်းနားခြင်း မြင်ကွင်းတွေ အာရုံထဲတွင် ထင်လာသည်။ ဘောဘီလုံကား ရတနာ ရွှေ ငွေ ကျောက်သံပတ္တမြားတွေ တကယ်ပေါကြွယ်ခဲ့သော မြို့ကြီးတစ်မြို့ ဖြစ်ချေသည်။

ကြွယ်ဝသောမြို့တမြို့ဆိုခြင်းကြောင့် ပတ်ဝန်းကျင်မှာ စိမ်းစိုသော တောနှင့်တောင်နှင့်၊ ရွှေ တွင်းငွေတွင်း သတ္တုတွင်းတွေနှင့်၊ နဂိုမူလကတည်းက ပြည့်စုံစွာ ပါရှိလိမ့်မည်ဟု ထင်စရာရှိ၏။ သို့သော် ဘောဘီလုံက ထိုသို့မဟုတ်ပေ။ သူသည် သဃံဇာတ ပေါကြွယ်ဝသူမဟုတ်။ သူတည်ရှိရာ နေရာသည် ယူဖရေးတီးစ်မြစ်နဘေးရှိ ခြောက်သွေ့သောမြေပြန့်လွင်ပြင်ဒေသဖြစ်သည်။ သူ့မှာသဘာဝ တောတောင်မရှိ။ မိုးရေမလုံလောက်သဖြင့် ကောက်ပဲသီးနှံများ ကောင်းစွာ စိုက်ပျိုးနိုင်ခြင်းမရှိ။ မြေမှ တူးဖော်၍ရနိုင်သော ရတနာဟူ၍လည်း ဆောက်လုပ်ရေးအတွက် အသုံးပြုနိုင်မည့် ကျောက်ကျင်းမျှပင် မရှိ။ ထို့ပြင် ဘောဘီလုံသည် အနီးဝန်းကျင်ရှိ မြို့ပြနိုင်ငံတို့ အဆင်ပြေပြေ သုံးစွဲနေကြသည့် ကုန်စည်ကူးသန်းရေး လမ်းမကြီးတစ်ခုပေါ်၌ ကျရောက်နေသည်လည်းမဟုတ်။

ခြံု၍ပြောရလျှင် ဘောဘီလုံသည်

သဘာဝမျက်နှာသာပေးခြင်းခံရသော မြို့မဟုတ်ပေ။ သို့သော် ဘောဘီလုံသည် ရှိစုမဲ့စု အရင်းအမြစ်ကလေးမျှနှင့်ပင် ကြီးပွားအောင် ကြံဆောင်နိုင်ခဲ့၏။

စင်စစ် ဘောဘီလုံကား၊ စွမ်းရည်နှင့် စိတ်ဓာတ်ရှိမည်ဆိုလျှင် မည်သူမဆို အရင်းအမြစ် နည်းသည်ဖြစ်စေ များသည်ဖြစ်စေ ကြီးမားသော ရည်မှန်းချက်ကြီးများ ထမြောက်အောင် အကောင် အထည် ဖော်နိုင်မည်သာဖြစ်ကြောင်း ပြသလျက်ရှိသည့် အထင်ရှားဆုံး သာဓကတစ်ခုဖြစ်သည်။ ဘောဘီလုံမှာရှိသည့် ရှားရှားပါးပါး သယံဇာတပစ္စည်းမှန်သမျှသည် အလွယ်တကူ ထုတ်ယူသုံးစွဲ၍မရ။

လူသား၏ စွမ်းရည်နှင့် လုပ်အားအများကြီး စိုက်ထုတ်ပေးမှရ၏။

ဘောဘီလုံ၏ ချမ်းသာကြွယ်ဝမှု

မှန်သမျှသည်လည်း ဘောဘီလုံသားတို့၏ စွမ်းအားဖြင့်

ရရှိထားသည်များချည်းဖြစ်၏။

ဘောဘီလုံမှာ သဘာဝရင်းမြစ် နှစ်ခုသာရှိသည်။ မြေနှင့်ရေ။ မြေသည် ဩဇာဓါတ် ပြည့်ဝ ၏။ သို့သော် မိုးခေါင်သဖြင့် ရေဝဝမသောက်ရ။ ယူဖရေးတီးစ်မြစ်ထဲမှာကား ရေတွေဖောဖော သီသီရှိ၏။ သို့သော် သည်ရေကို ယူသုံးဘို့ခက်၏။ မြစ်နှင့်အလှမ်းဝေးလေ ရေငတ်လေ။ သုံးရ မလွယ်သော ထိုသဘာဝ ရင်းမြစ်နှစ်ခုကို ဘောဘီလုံသားတို့ အပြည့်အဝ အသုံးချခဲ့သည်။ ဘောဘီလုံ သား ဆည်မြောင်းအင်ဂျင်နီယာများသည် သူ့ခေတ်ကာလက အထူးချွန် အထက်မြတ်ဆုံး ပညာသည် များ ဖြစ်ကြသည်။ သူတို့ တည်ဆောက်ဖောက်လုပ်ခဲ့သည့် ဆည် တာတမံ တူးမြောင်းများကို ယနေ့ ခေတ်လူများပင် အံ့ဩချီးကျူးရဆဲဖြစ်သည်။ သည်တမံတူးမြောင်းတွေဖြင့် ခြောက်သွေ့သော လွင်ပြင် ဒေသကို မြစ်ရေပြည့်ဝအောင်ပေးကာ သစ်ပင်သီးနှံတို့ ပွင့်လန်းဝေဆာစေခဲ့သည်။ ဘောဘီလုံ ဆည် မြောင်းစနစ်ကား ကမ္ဘာသမိုင်းတလျှောက် အစောဆုံး အင်ဂျင်နီယာဆိုင်ရာ စွမ်းဆောင်မှုတရပ် ဖြစ်ခဲ့ သည်။ ဆည်ရေပေးစနစ်ဖြင့် စိုက်ပျိုးဖြစ်ထွန်း အောင်မြင်သည့် ထိုမျှကျယ်ပြောသော မြေယာမျိုး သည့်အရင်က ကမ္ဘာတွင် မမြင်ဘူးခဲ့။

ကံအားလျော်စွာ ဘောဘီလုံ၏ ရှည်လျားသောသမိုင်းတလျောက် အုပ်စိုးခဲ့သော မင်းဧကရာဇ် တို့သည်လည်း အရည်အချင်း ပြည့်ဝသူများဖြစ်ခဲ့ကြသည်။ အခြားတပါးသော မြို့ပြ ပြည်ရွာများကို

တိုက်ခိုက်သိမ်းပိုက်ခြင်း ယင်းတို့၏ ဥစ္စာဓနများအား လုယက်ယူငင်ခြင်းမျိုးကို ရှံဖန်ရံခါမျှသာ သူတို့ ပြုလုပ်ဘူးကြသည်။ ဘေဘီလုံသားတို့ တိုက်ခိုက်ခဲ့သော စစ်ပွဲများသည် များသောအားဖြင့် အနီးဝန်းကျင် မြို့ပြနိုင်ငံတို့နှင့်ဖြစ်သော စစ်ပွဲများဖြစ်ပြီး၊ အဓိကမှာ ဘေဘီလုံ၏ ကြွယ်ဝလှသော ဓန ဥစ္စာကို သိမ်းပိုက်လို၍ တိုက်ခိုက်လာကြသူများရန်မှ ကာကွယ်ကြရခြင်းသာဖြစ်သည်။ ဘေဘီလုံ၏ ထူးချွန်သော ဘုရင်ဧကရာဇ်တို့ သမိုင်းဝင်ထင်ရှားရခြင်းသည် ဉာဏ်အမြော်အမြင်ကြီးမားခြင်း၊ တရား မျှတခြင်းနှင့် စွမ်းစွမ်းတမံ ဆောင်ရွက်တတ်ခြင်းတို့ ကြောင့်သာဖြစ်သည်။ ကမ္ဘာ့လူမျိုး တစ်ရာ့တပါးတို့ ရိုကျိုးခန့်ညားရသော ဘုန်းတော်အကြီးမြတ်ဆုံး မင်းဧကရာဇ်ဖြစ်လိုသော တရားလွန်ဆန္ဒဖြင့် တိုင်းတကာ ပြည်တကာကို လှည့်လည်စစ်ထိုးနေလိုသော ရှင်ဘုရင်မျိုး ဘေဘီလုံတွင် မည်မည်ရရ မရှိခဲ့။

ယခုအခါ၌ကား ဘေဘီလုံသည် မြို့ကြီးပြကြီးတခုအဖြစ် မတည်ရှိတော့။

ဘေဘီလုံကို နှစ်ပေါင်းထောင်ချီအောင် တည်ဆောက်ခြင်း
ထိန်းသိမ်းပြုပြင်ခြင်းများ ပြုလုပ်ခဲ့သည့် စွမ်းရည်ထက်

မြက်လှသောပုဂ္ဂိုလ်တို့ ယုတ်လျော့ပျောက်ကွယ်သွားကြပြီး များမကြာမီပင် ဘောဘီလုံသည် မြို့ဟောင်း မြို့ပျက်အဖြစ် မှေးမှိန်တိမ်ကောသွားခဲ့သည်။ ဘောဘီလုံမြို့ဟောင်းသည် ယနေ့ အီရတ်နိုင်ငံမြို့တော်ဘဂ္ဂဒတ်၏ တောင်ဘက် မိုင်ခြောက်ဆယ်ခန့်အကွာ၌ တည်ရှိသည်။ တချိန်က ဆည်ရေသောက် မြေယာများဖြင့် ထွန်းကားစည်ပင်ခဲ့သည့် ဤဒေသသည် ယခုအခါ၌ ထိုဆည်ကန်တူးမြောင်တို့ မပေါ်ပေါက်မီ ကာလကကဲ့သို့ ခြောက် သယောင်းသည့် လွင်တီးခေါင် ကန္တာရဒေသ ပြန်ဖြစ်လျက်ရှိသည်။ လေငွေ့တိုင်း လွင့်ပျံ့လာသည့် သဲမှုန်များကို ကာကွယ်ရန်အတွက် မြက်ရိုင်းအချို့နှင့် ပြောက်တိပြောက်ကျား ခြုံပင်ငယ်များသာ ကျန်ရှိတော့သည်။ စပါးသီးနှံတို့ဖြင့် စိမ်းလန်းသော စိုက်ခင်းများ မမြင်ရတော့။ တိုက်တာအိမ်ခြေ တို့ဖြင့် စည်ပင်လှသော မြို့တော်ကြီးလည်း သည်နေရာတွင် မရှိတော့။ ရှည်လျားလှသော ဝန်တင် ကုလားအုတ်တန်းကြီးဖြင့် ခရီးနှင်လာသည့် ကုန်သည်အုပ်စုကြီးများကိုလည်း မတွေ့ကြရတော့။ အိမ်မွေးတိရစ္ဆာန်တစုနှင့်အတူ ဟိုမှသည်သို့ ရွှေ့ပြောင်းနေထိုင်တတ်သည့် အာရပ်မျိုးနွယ်စုများသာ သည် ဒေသတခွင်တွင် ကျဲပြန့်နေထိုင်လျက်ရှိတော့သည်။ ဤသည်မှာ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင် လောက်က စတင်ဖြစ်ပေါ်ခဲ့သည့် ဘောဘီလုံ၏ ပြောင်းလဲသွားသော အနေအထားဖြစ်၏။ တနည်းဆို သော် ဥရောပတွင် ခရစ်ယာန်ယဉ်ကျေးမှု ထွန်းကားပေါ်ပေါက်စကာလမှာပင် ဘောဘီလုံသည် ရှေးမြို့ တော်ဟောင်းဘဝ ကျရောက်ခဲ့သည်ဟု ဆိုနိုင်သည်။

ယူဖရေးတီးစ်မြစ်ဝှမ်းဒေသ၏ ယဉ်ကျေးမှု တိမ်ကောပပျောက်သွားပြီးသည့်နောက်တွင် ယခင် တိုက်တာအိမ်ရာတို့ နေရာ၌ တောင်ကုန်းကြီးငယ်များ ဖြစ်ပေါ်လာခဲ့သည်။ ဖြတ်သန်းသွားလာကြသော ခရီးသည်တို့သည် ဤနေရာ၌ ကုန်းကြီးကုန်းငယ် ပေါ်လူသည်ဟူသည်မှအပ ထူးထူးခြားခြား စိတ်ဝင်စားမှုမရှိခဲ့ကြ။ ပြီးခဲ့သောရာစုနှစ် အနည်းငယ်အတွင်းမှ ရှေးဟောင်းသုတေသန သမားတို့ ဤ နေရာသို့ အဆက်မပြတ် ရောက်ရှိလာခဲ့ကြသည်။ သူတို့အား စတင်ဆွဲဆောင်သောအရာမှာ ရှားရှား ပါးပါး တခါတရံ မိုးလေသည်းထန်ချိန် အဆိုပါ တောင်ကုန်းကြီးငယ်တို့ကို ရေတိုက်စားရာမှ ပေါ် ထွက်လာသည့် ရှေးမြေအိုး မြေခွက်များ အုတ်ကျိုး အုတ်ပဲ့များ ဖြစ်၏။ ဥရောပနှင့် အမေရိကရှိ

ပြတိုက်များ၏ ထောက်ပံ့ငွေဖြင့် မြို့ဟောင်းတူးဖော်ရေးအဖွဲ့များသည် ဒေသသို့ လာရောက်ကြပြီး၊
တောင်ကုန်းများကို တူးဆွဖော်ထုတ်ကြသည်။ သည်အခါ မြို့ဟောင်းကြီးငယ်တွေ ပေါ်လာသည်။

သည်အထဲတွင် ဘေဘီလုံလည်းတခုအပါအဝင်ဖြစ်သည်။ နှစ်ပေါင်းနှစ်ထောင်မျှသော ကာလ အတွင်း လေနှင့်အတူ လွင့်ပျံ့လာသည့် ဖုန်မှုန့်သဲမှုန့်များသည် လူသူကင်းမဲ့သည့် အဆောက်အဦး များကို ဖြည်းဖြည်းချင်း ဖုံးလွှမ်းရင်း တိုက်တာအိမ်ရာများကို တောင်ကုန်းများအဖြစ်သို့ ပြောင်းလဲ ပစ်ခဲ့သည်။ အိမ်ရာဆိုရာ၌လည်း အပေါ်ပိုင်းများမပါ အောက်ခြေပိုင်းများ လောက်သာ ကျန်ရစ်ခဲ့ခြင်း ဖြစ်၏။ အဆောက်အဦးများမှာ အဓိကအားဖြင့် အုတ်အင်္ဂတေတို့ဖြင့် ဆောက်လုပ်ခဲ့ကြခြင်းဖြစ်သော် လည်း နံရံနှင့်အမိုးအကာများမှာ ရေလေတို့ တိုက်စားမှုဒဏ်ကြောင့် ပွန်းပဲ့ပျက်စီးကာ မြေမှုန့် သဲမှုန့်ဘဝသို့ ကူးပြောင်းသွားခဲ့ကြသည်။

တချိန်က ကြီးကျယ်ခမ်းနားသော ဘေဘီလုံသည် မြေကြီးအောက် ရောက်သွားပြီဆိုသည့် အခါ ပေါ်ယံရုပ်ဒြပ်သာမက အမည်နာမပင် ပျောက်ကွယ်ခဲ့တော့သည်။ သည်နေရာတွင် ဘေဘီလုံ ဆိုသော မြို့ကြီးတစ်မြို့ ရှိခဲ့ဘူးသည်ဟူ၍ တစ်စွန်းတစ်စ ပြောပြနိုင်သူပင် မရှိခဲ့တော့။ ရှေးဟောင်း သုတေသနသမားတို့ တကုန်းချင်း တတောင်ချင်းတူးဆွကာ နန်းတော်ကြီး မြို့ရိုးကြီး ဘုရားရှိခိုး ကျောင်းကြီး ဂူဗိမာန်ကြီးများနှင့် လမ်းကြီးလမ်းငယ်များကို စနစ်တကျ ဖော်ထုတ်ရင်းဖြင့်သာ တချိန် သောအခါက သည်နေရာတွင် အလွန်ကြီးကျယ်စည်ကားသော မြို့ကြီးတမြို့ ရှိခဲ့သည်၊ ထိုမြို့ကား ဘေဘီလုံတည်းဟူ၍ သိရှိလာခဲ့ကြခြင်းဖြစ်သည်။

ရှေးဟောင်းသုတေသီတို့က ဘေဘီလုံအပါအဝင် ယူဖရေးတီးစ်နှင့် တိုက်ဂရစ်မြစ်နှစ်မွှာကြားရှိ ရှေးမြို့ဟောင်းများသည် သမိုင်းမှတ်တမ်းမှတ်ရာ တိတိကျကျရှိသည့် ရှေးခေတ်ဦး လူ့ယဉ်ကျေးမှု့ အဆောက်အအုံများထဲတွင် အစောဆုံးဖြစ်သည်ဟု ယူဆကြသည်။ ဘေဘီလုံသည် လွန်ခဲ့သော နှစ်ပေါင်း ၈၀၀၀ ခန့်ကပင် တည်ရှိခဲ့လိမ့်မည်ဟု ပညာရှင်တို့ ခန့်မှန်းတွက်ချက်ကြသည်။ ဘေဘီလုံ မှ တူးဖော်ရရှိသည့် မှတ်တမ်းမှတ်ရာများထဲတွင် နေကြတ်ပုံအကြောင်း မှတ်တမ်းတခုပါရှိရာ ယင်း တွင်ဖော်ပြထားချက်ကိုယူ၍ ယနေ့ခေတ် နက္ခတ္တဗေဒ ပညာရှင်တို့က ထိုနေကြတ်ပုံမျိုး ဘေဘီလုံမြို့ တည်ရာအရပ်မှ မြင်ရနိုင်မည့် နှစ်ကာလကို ပြန်လှန်တွက်ချက်နိုင်ခဲ့ကြသည်။

သုတေသီတို့ ဖော်ထုတ်ချက်အရ လွန်ခဲ့သော နှစ်ပေါင်း ၈၀၀၀ ခန့်က ဘေဘီလုံတွင် ဆူမာရိုက်လူမျိုးတို့သည် မြို့ရိုး မြို့တံခါး အဝန်းအရံများအတွင်း၌ နေထိုင်လျက်ရှိခဲ့ကြောင်း သိရှိရ သည်။ သည့်ထက် မည်မျှ စောစောကတည်းကပင် ၎င်းပုံစံမျိုး နေထိုင်တတ်ခဲ့ကြောင်းကိုကား မသိ နိုင်ကြပေ။

ထိုခေတ် ဘေဘီလုံသားဆူမာရိုက်တို့သည် မိမိတို့လုံခြုံမှုအတွက် အကာအရံများ တည် ဆောက်တတ်ရုံမျှသာ ယဉ်ကျေးကြသည်မဟုတ်။ အသိအမြင်ကျယ်သူ။ ပညာတတ်သူများလည်း ဖြစ် ကြသည်။ သိရှိရသလောက် ကမ္ဘာမှတ်တမ်းများအရ ၎င်းတို့သည် ကနဦး နက္ခတ္တဗေဒ ပညာရှင်များ၊ ကနဦး သင်္ချာသမားများ၊ ကနဦး ငွေကြေးပညာရှင်များနှင့် 'စာ' ဟူသည်ကို ပထမဆုံး တီထွင်သုံးစွဲ ကြသူများဟု ဆိုရမည်ဖြစ်သည်။

ဘေဘီလုံသားတို့၏ ဆည်ကန်တူးမြောင်းစနစ်များအကြောင်း

ပြောခဲ့ပြီးဖြစ်သည်။ တူးမြောင်း နေ့ရာဟောင်းများမှာ သဲဖို့သဖြင့် တိမ်ကောပျောက်ကွယ်သလောက်ဖြစ်နေပြီ။ သို့သော် ခြေရာကောက် ၍ကား ရသေးသည်။ အချို့တူးမြောင်းကြီးများမှာ မြင်းဆယ့်နှစ်ကောင် ရင်ပေါင်တန်း စီးသွားနိုင် လောက်အောင် ကျယ်ဝန်းသည်။

တူးမြောင်းဖြင့် ရေသွယ်သောအလုပ်သာ ၎င်းတို့လုပ်ကြသည်မဟုတ်။ ယူဖရေးတီးစ်နှင့် တိုက်ဂရစ်မြစ်တို့၏ မြစ်ဝဒေသများရှိ ကျယ်ပြန့်သော ရွှံ့ညွန်တောကြီးများကို စိုက်ပျိုးမြေအဖြစ် ပြောင်းလဲပစ်နိုင်ရန်အတွက်လည်း ရေနုတ်မြောင်းများကို စနစ်တကျ အကွက်ချတူးဖော်ခဲ့သည်။

ပြင်ပပုဂ္ဂိုလ်များထဲမှ ဘောဘီလုံအကြောင်း မျက်မြင်ကိုယ်တွေ့ ရေးသားခဲ့သည့် တဦးတည်း သောပုဂ္ဂိုလ်မှာ ဘောဘီလုံပြည်ကြီး ကောင်းစားစဉ်ကာလက ကိုယ်တိုင်ကိုယ်ကျ သွားရောက်လည်ပတ် ခဲ့ဘူးသော ဂရိသမိုင်းဆရာ ခရီးသည်ကြီး ဟဲရိုဒိုးတပ်(စ) ဖြစ်သည်။ ဘောဘီလုံမြို့ကြီးကို ကွက် ကွက်ကွင်းကွင်းမြင်အောင် သူဖော်ပြခဲ့သည်။ ဘောဘီလုံသားတို့၏ ထူးခြားသော ဓလေ့စရိုက်များကို လည်း သူမှတ်တမ်းတင်သည်။ ထို့ပြင် ဘောဘီလုံဒေသမှ မြေယာတို့ မြေဆီသြဇာ ပြည့်ဝလှပုံနှင့် ဂျုံဘာလီ စသည်တို့ အထွက်ကောင်းလှပုံ အကြောင်းများလည်း သူဖော်ပြခဲ့သည်။

ဘောဘီလုံ၏ ကြီးကျယ်ခမ်းနားမှုများ

ကွယ်ပျောက်သွားခဲ့ပြီဖြစ်သော်လည်း ဘောဘီလုံသားတို့ ၏ အသိပညာနှင့် ဉာဏ်အမြော်အမြင်များကား နှောင်းလူတို့ အတွက် ကျန်ရှိနေဆဲဖြစ်သည်။ သည် အတွက်မူ ၎င်းတို့၏ မှတ်တမ်းရေးထိုးခြင်းအလေ့အထများကို ကျွန်ုပ်တို့ကျေးဇူးတင်ကြရမည်ဖြစ်သည်။ ထိုခေတ်ထိုအခါက စက္ကူမပေါ်သေးသည့်ဖြစ်ရာ မှတ်တမ်းများကို ရွှံ့စေးပြားများတွင် ရေးထိုးကြရ သည်။ စိုစိုထိုင်းထိုင်း ရွှံ့စေးချပ်ပေါ်တွင် စူးနှင့်ထွင်း၍ ရေးပြီးနောက်၊ ၎င်းစာချပ်ကို အုတ်ဖုတ်သလို ဖုတ်လိုက်သောအခါ အုတ်ကြွပ်ပြားကဲ့သို့ မာကြောခိုင်ခံ့သော 'စာချပ်' များရလာသည်။ ယင်း အုတ်ခွက်စာချပ်များမှာ အလျားရှစ်လက်မ အနံခြောက်လက်မ အထူ တစ်လက်မခန့် ရှိတတ်ကြသည်။

၎င်းစာချပ်များကို သည်ကနေ့ စက္ကူများသုံးစွဲသလို အတော် တွင်တွင်ကျယ်ကျယ်ပင် သုံးစွဲခဲ့ ကြသည်။ ကမ္ဘည်းစာတန်းများရေးထိုးသည်။ ကဗျာလင်္ကာ ရေးသားသည်။ သမိုင်းများ၊ ဘုရင့်အမိန့် တော်ပြန်တမ်းများ၊ ကိုဥပဒေများလည်း သည်စာချပ်တွေမှာပင် မှတ်တမ်းတင်သည်။ ထို့ပြင် မြေ ယာ၊ ကျေးကျွန်စသည့် ဉစ္စာပစ္စည်း ပိုင်ဆိုင်မှုဆိုင်ရာ အထောက်အထားများ၊ စာချုပ်စာတမ်းများ၊ ကတိပြုလက်မှတ်များ၊ ပေစာများ စသည်တို့အတွက်လည်း သည်စာချပ်များကိုပင် အသုံးပြုကြသည်။ မြို့ဟောင်းမှ တူးဖော်ရရှိသည့် အဆိုပါ စာချပ်များကိုဖတ်ရှုကာ ရှေးဘောဘီလုံသားတို့၏ နေ့စဉ် လူနေမှု ဘဝခြေအနေများကိုလည်း အသေးစိတ် လေ့လာ သိရှိနိုင်ခဲ့ကြသည်။ ဥပမာ– ကုန်စုံဆိုင်

ပိုင်ရှင်တယောက် ရေးထိုးခဲ့သည်ဟု မှတ်ယူရမည့်စာချုပ်တစ်ခုတွင် ၎င်း၏ဆိုင်သို့ မည်သည့်နေ့ရက် က မည်သို့သော အမည်နာမရှိသည့် ဈေးဝယ်သူတဦး နွားမတကောင်နှင့် ရောက်ရှိပြီး ၎င်းနွားမကို ဂျုံခုနှစ်အိတ်နှင့် လဲလှယ်ကြောင်း၊ ဂျုံသုံးအိတ်ကို လက်ငင်းယူသွားပြီး၊ ကျန်လေးအိတ်ကို ၎င်းအလိုရှိ သောအချိန် လာယူလျှင်ပေးရန်ဖြစ်ကြောင်း ရေးမှတ်ထားသည်ကို တွေ့ရှိရ၏။

စာချုပ်များမှာ မြို့ဟောင်းကြီးကို ဖုံးအုပ်နေသည့် သဲမှုန့်

မြေမှုန့်များအောက်တွင် မပျက်မစီး

တည်ရှိနေရာ ရှေးဟောင်းသုတေသနသမားတို့အနေနှင့် စာချုပ်

ထောင်သောင်းများစွာ စုဆောင်းရရှိခဲ့

ပြီးဖြစ်သည်။ တချို့နေရာများတွင်မူ စာကြည့်တိုက်ကြီးတစ်ခုလုံးလောက်ပင်

တူးဖော်ရရှိခဲ့ကြသည်။

ဘေဘီလုံ၏ ထူးကဲအံ့ဩဖွယ်များထဲတွင် အထင်ရှားဆုံးတခုက မြို့ကိုဝန်းရံထားသည့် မြင့် မားထူထဲလှသော မြို့ရိုးကြီးဖြစ်သည်။ ရှေးခေတ်လူတို့ ပြောစမှတ်ပြုကြသည့် ကမ္ဘာ့အံ့ချီးဖွယ်ရာ ခုနစ်ပါးထဲတွင် ဘေဘီလုံမြို့ရိုးကြီးအား အီဂျစ်ပြည်မှ ပိရမစ်ကြီးများနှင့် တတန်းတည်း ထည့်သွင်း ဖော်ပြခဲ့၏။ မြို့၏မူလပထမမြို့ရိုးကို တည်ဆောက်သူမှာ အဦးပိုင်းကာလ ဘေဘီလုံတွင် စိုးစံခဲ့သော ဘုရင်မ ဆယ်မီရာမိ(စ) ဖြစ်၏။ သို့သော် ထိုပထမမြို့ရိုးဟောင်းကို သည်ခေတ်တူးဖော်သူ တို့အစ

ရှာမရကြပေ။ ရှေးမှတ်တမ်းမှတ်ရာများအရသာ ၎င်းသည် အမြင့်ပေ ငါးဆယ် ခြောက်ဆယ် မျှရှိပြီး၊ အပြင်ဘက်မျက်နှာကို မီးသင့်အုတ်များဖြင့် ပြုလုပ်ထားကြောင်း မြို့ရိုးအပြင်နားကပ်လျက် နက်ရှိုင်း သော ရေကျုံးတစ်ထပ် ကာရံထားကြောင်းများ သိရှိရသည်။

နောက်ပိုင်းတည်ဆောက်သည့် ပို၍ထင်ရှားကျော်ကြားသော မြို့ရိုးကြီးမှာ ခရစ်တော်မပေါ်မီ နှစ်ပေါင်းခြောက်ရာခန့်က ဘုရင်နာဗိုပိုလတ်ဆာ ဆောက်လုပ်စေခဲ့ခြင်းဖြစ်၏။ မြို့ရိုးသစ်ကြီးမှာ ကြီး ကျယ်လွန်းလှသည်ဖြစ်ရာ ၎င်းလက်ထက်တွင် မပြီးစီးနိုင်ဘဲ သားတော် နေဗူခတ်(ဒ)နက်ဇာ လက် ထက်တွင်မှ အပြီးသတ်ရ၏။ နေဗူခေတ်(ဒ)နက်ဇာကား ခရစ်ယာန်သမ္မာကျမ်းတွင် ဖော်ပြခြင်းခံရ၍ အလွန်ထင်ရှားလှသော ဘေဘီလုံမင်းတစ်ပါး ဖြစ်ပေသည်။

၎င်းမြို့ရိုးသစ်ကြီး၏ အမြင့်နှင့် အလျားတို့မှာ ကြားရသူတို့ ယုံဖွယ်ရာမရှိအောင် ကြီးမားလှ ၏။ အခိုင်အမာရေးသားသော အချို့မှတ်တမ်းများအရ မြို့ရိုး၏အမြင့်သည် ပေတရာ့ခြောက်ဆယ်ခန့် ရှိသည်ဟုဆိုပေရာ ယနေ့ခေတ်ဆယ့်ငါးထပ် အဆောက်အဦ တခုစာမျှရှိ၏။ ပတ်လည်အလျားကား အနည်းဆုံး ကိုးမိုင် အများဆုံး ဆယ့်တစ်မိုင် ခန့်လောက်အထိရှိသည်။ မြို့ရိုး၏ ထိပ်မျက်နှာစာမှာ အလွန်ကျယ်ဝန်းလှ၍ မြင်းခြောက်ကောက်ကသည့် ရထားကြီးတစီးလုံးပင် မြို့ရိုးထက်၌ လှည့်ပတ် မောင်းနှင်သွားနိုင်သည်ဆို၏။

ထိုမျှကြီးကျယ်လှသော အဆောက်အအုံကြီးသည် ယခုအခါ၌ အောက်ခြေအုတ်မြစ်ပင်လျှင် တစိတ်တဒေသမျှသာ ကျန်ရစ်တော့အောင် ပျောက်ကွယ်သွားခဲ့သည်။ ပျက်စီးယိုယွင်းရခြင်းအကြောင်း ရင်းများအနက် ရေလေနေတို့ တိုက်စားခြင်းထက် ပို၍အဓိကကျသော အချက်တခုမှာ နှစ်ပေါင်းများ စွာကာလအတွင်း ၎င်းဒေသတခွင်တွင်နေထိုင်သည့် အာရပ်တို့ အဆောက်အဦးများကို ဖြိုဖျက်ယူငင် ကြခြင်းဖြစ်၏။

ရှေးခေတ်ဘေဘီလုံမြို့တော် ဖွဲ့စည်းတည်ထောင်ထားပုံမှာ ယနေ့ခေတ် မြို့ပြများနှင့် သဘော ချင်းဆင်တူ၏။ မြို့တွင်း၌ လမ်းကြီးလမ်းငယ်များ ဈေးဆိုင်ကနားများရှိ၏။ အရပ်ထဲ လှည့်လည် ရောင်းချသည့် ခေါင်းရွက်ဗျက်ထိုးဈေးသည်များလည်းရှိ၏။ ခမ်းနားလှသော ဘုံဗိမာန်များ ဘုရားရှိခိုး ကျောင်းများနှင့် ၎င်းတို့ကိုကြီးမှူးလျက် သီတင်းသုံးနေထိုင်ကြသော ဘုန်းတော်ကြီးများ ဘာသာရေး အကြီးအကဲများရှိ၏။ မြို့တော်တွင်း၌ ဘုရင်မင်းမြတ်နှင့် မှူးမတ်ဗိုလ်ပါများအတွက် တသီးတစ်ခြား လုံခြုံစွာ စီမံထားသော

နန်းမြို့ရှိ၏။ နန်မြို့ကို ကာရံထားသော တံတိုင်းများမှာ မြို့တွင်းရှိ အခြား နံရံတံတိုင်းများအားလုံးထက် မြင့်၏။

ဘောဘီလုံသားတို့သည် ပန်းချီ ပန်းပု အနုပညာများ၌လည်း

ကျွမ်းကျင်လိမ္မာကြ၏။ ပန်းထိမ် အတတ် ပန်းတဉ်းအတတ် စသည်များလည်း ကောင်းစွာတတ်မြောက်ကြ၏။ သူတို့၌ ကျွမ်းကျင်သော ယက်ကန်းပညာသည်များရှိ၏။ စိုက်ပျိုးရေးသုံး ကိရိယာ

တန်ဆာပလာများ စစ်လက်နက်ပစ္စည်း

များကို တီထွင်ပြုလုပ်တတ်သည့် သတ္တုကျွမ်းကျင်သူများရှိ၏။ ဘောဘီလုံ ပန်းထိမ်ဆရာတို့သည် အလွန်လက်ရာမြောက်သော လက်ဝတ်ရတနာများ ဖန်တီးပြုလုပ်ခဲ့ကြသည်။ ကြွယ်ဝသော မြို့သူမြို့

သားတို့၏ သချိုင်းနေရာများမှ တူးဖော်ရရှိသည့် လှပဆန်းကြယ်သော ရတနာပစ္စည်းများကို ကမ္ဘာ့ ပြတိုက်ကြီးများတွင် ယနေ့ပြသထားပေသည်။

ကမ္ဘာကြီး၏ အခြားသောနေရာ အားလုံးနီးပါးလောက်တွင် ကျောက်ပုဆိန်များ ကျောက်လက် နက်များ သုံးစွဲနေကြဆဲအချိန်၌ ဘေဘီလုံသားတို့သည် သတ္တုဖြင့်ပြုလုပ်သော ပုဆိန်များ၊ လှံများ သတ္တုခေါင်းစွပ် မြားတံများဖြင့် အမဲလိုက်ခြင်းစစ်တိုက်ခြင်းများ ပြုလုပ်နေခဲ့ကြပေပြီ။

ထို့ပြင် ဘေဘီလုံသားတို့သည် ကုန်သွယ်မှုအတတ်ငွေကြေးအတတ်တို့တွင်လည်း ကျွမ်းကျင်တတ်သိကြသူများဖြစ်၏။ သမိုင်းမှတ်တမ်းများအရ ၎င်းတို့သည် ကမ္ဘာ၌ ငွေကြေးဟူသည်ကို ပထမ ဆုံး တီထွင်သုံးစွဲကြသူများဖြစ်၏။ အလားတူပင် ငွေချေးစာချုပ်၊ ကတိစာချုပ်၊ မြေယာစသည်တို့ ပိုင်ဆိုင်မှုဆိုင်ရာ အထောက်အထား စာချုပ်စာတမ်းဟူသည်များကိုလည်း ၎င်းတို့ပင် အဦးအစ အသုံး ပြုခဲ့ကြပေသည်။

ဘေဘီလုံမြို့ကြီး ထွန်းကားစည်ပင်လျက်ရှိသည့် နှစ်ကာလများစွာအတွင်း ယင်းအား တိုက် ခိုက်သိမ်းပိုက်ရန် ထိုးစစ်ဆင်လာသော ရန်သူပေါင်းမြောက်မြားစွာ ရှိခဲ့ဖူး၏။ မြို့ကိုဝန်းရံကြ ပိတ်ဆို့ ကြ၏။ မြို့တံတိုင်းပေါ် ကျော်တက်နိုင်ရန် ကြိုးစားကြ၏။ ထိုးစစ်ဆင်သောတပ်များမှာ တခါတရံ စစ်သည်အင်အား သိန်းချီသည်အထိ ကြီးမားများပြားကြ၏။ စစ်ဆင်ရန်အတွက် လက်နက်ရိက္ခာ စသည်များကို နှစ်နှစ်သုံးနှစ် ကြိုတင်စီစဉ် ပြင်ဆင်ပြီးမှ စစ်ပွဲစတင်နိုင်ကြ၏။

ရာစုနှစ်များစွာကာလအတွင်း ထိုမျှကြီးမားသော အင်အားတို့ အကြိမ်ကြိမ် ထိုးနှက်မှုဒဏ်ကို ဘေဘီလုံသည် ကြံ့ကြံ့ခံနိုင်ခဲ့၏။ သို့သော် ဘီစီ ၅၄၀ ခန့်တွင်မူ ရန်သူ့လက်တွင်း ကျဆင်းခဲ့ရလေ သည်။ မြို့ရိုးတံတိုင်းကြီးကိုရန်သူတို့တက်ရောက်သိမ်းပိုက်နိုင်ခဲ့၍ကားမဟုတ်။ ဥပါယ်တံမျဉ်ဖြင့်လှည့် ဖြားသည်ကို ခံလိုက်ရခြင်းဖြစ်၏။ ထိုစဉ်က ဘေဘီလုံတွင်စိုးစံလျက်ရှိသော ရှင်ဘုရင်နာဘိုနီဒတ်(စ) သည် အကြံပေးပုဂ္ဂိုလ်တို့ ဖြားယောင်းပြောဆိုသည့်အတိုင်း လိုက်နာလျက်

ရန်သူဘုရင် ဆီးရပ်(စ)၏ တပ်များကို မြို့တွင်းမှမခံဘဲ မြို့ပြင်သို့ ထွက်၍တိုက်၏။ မြို့ပြင်တိုက်ပွဲတွင် အရေးနိမ့်၍ ဘေဘီလုံ တပ်များ ဝေးရာပြေးကြသော် ဆီးရပ်(စ)သည် ဟင်းလင်းပွင့်သော မြို့တံခါးမှ အတားအဆီးမဲ့ ဝင်ရောက်ကာ မြို့ကိုသိမ်းပိုက်လေသည်။

ယင်း၏နောက်တွင်မူ ဘေဘီလုံ၏ ဂုဏ်သရေသည်၎င်း၊ တန်ခိုးရှိန်ဝါတို့သည်၎င်း တောက် လျှောက်ပင် ကျဆင်းခဲ့၏။ ရာစုနှစ်အနည်းငယ်ကြာသောအချိန်၌မူ ဩဇာကျသွားသော မြို့ပြနိုင်ငံတို့ ထုံးစံအတိုင်း လူသူတို့စွန့်ခွာခြင်း ရွှေ့ပြောင်းခြင်းဖြင့် တဖြည်းဖြည်း အစောင့်အရှောက်ကင်းသောမြို့ ပိုင်ရှင်မဲ့သောမြို့ ဖြစ်လာခဲ့သည်။ ထိုအခါ မြေစိုင်မြေခဲတွင် အခြေခံလျက် တည်ထောင်ရယူခဲ့သော ကြီးကျယ်ခမ်းနားမှုတို့သည် ရေလေတို့ ဖြိုဖျက်တိုက်စားမှုဒဏ်ကြောင့် မြေမှုန်မြေသား ဘဝသို့ပင် ပြန်၍စုတေလာခဲ့ရသည်။

ဘောဘီလုံ၏ ကျဆင်းခြင်းကား နောက်တကြိမ် ပြန်နာလံမထူနိုင်အောင် ကျဆင်းသွားခဲ့ခြင်း ဖြစ်သည်။ သို့သော် မြို့ပြ အဆောက်အအုံများသာ ပျောက်ဆုံးခဲ့သည်။ ယင်း၏ယဉ်ကျေးမှု အမွေအနှစ်များကားနှောင်းလူတို့ထံ အမြောက်အများပင်တင်ကျန်ရစ်ခဲ့သည်။ မြို့တံတိုင်းများ ဘုရားကျောင်း အဆောက်အအုံကြီးများ မြေမှုန့်ဘဝပြောင်းလဲခဲ့သည်မှာ နှစ်ပေါင်းထောင်ချီ ကြာပြီဖြစ်သော်လည်း ဘောဘီလုံ ကပေးခဲ့သော အသိဉာဏ် ပညာအမွေတို့ကား ယနေ့ခေတ်တိုင် အစွန့်ရှည် တည်တံ့ခဲ့ပေသည်။

## မူရင်းစာရေးသူနှင့်မူရင်းစာအုပ်အကြောင်း

စာရေးသူ ဂျော့ချ်ဆင်မြူရယ်ကလာဆင်ကို အမေရိကန်ပြည်ထောင်စု မစ်ဇူရီပြည်နယ် လူဝီးဇီးယားနားမြို့တွင် ၁၈၇၄ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့က မွေးဖွားသည်။ နီဘရတ်စကာ တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခဲ့ပြီး စပိန် အမေရိကန်စစ်ပွဲကာလတွင် အမေရိကန် ပြည်ထောင်စုစစ်တပ်၌ အမှုထမ်းခဲ့သည်။ ထို့နောက်တွင် ထုတ်ဝေရေးလုပ်ငန်းသို့ ဝင်ရောက်၍ နှစ်ပေါင်းများစွာ လုပ်ကိုင်သည်။ ကလာဆင် မြေပုံလုပ်ငန်း ကုမ္ပဏီကို တည်ထောင်ပြီး အမေရိကန် နှင့် ကနေဒါနိုင်ငံတို့တွင် ပထမဆုံးဖြစ်သော လမ်းမြေပုံစာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။

၁၉၂၆ ခုနှစ်တွင် ချွေတာစုဆောင်းခြင်းနှင့် အခြားချမ်းသာကြီးပွားရေးဆိုင်ရာ နည်းများ

အကြောင်း စာအုပ်ပါးကလေးများရေးသားပြီး တအုပ်ပြီးတအုပ် ဆက်တိုက်ဖြန့်ချိသည်။ ထိုစာအုပ်ငယ် များ၌ သူပြောချင်သောအချက်များကို ရှေးခေတ်ဘောဘီလုံနိုင်ငံတွင် ဇာတ်ကွက်ဆင်၍ ပုံဆောင်ဝတ္ထု သဖွယ် ရေးသားဖော်ပြခဲ့ရာ လူအများ နှစ်သက်စွဲလမ်းခဲ့ကြသည်။ ထိုစာအုပ်ပါးကလေးများကို ဘဏ် တိုက်ကြီးများနှင့် အာမခံကုမ္ပဏီကြီးများက စောင်ရေမြောက်များစွာ ရိုက်နှိပ်ဖြန့်ချိ ဝေငှကြသဖြင့် လူသန်းပေါင်းများစွာထံသို့ ပျံ့နှံ့ရောက်ရှိခဲ့သည်။ ထိုပုံဆောင်ဝတ္ထုငယ်များထဲတွင် အထင်ရှားဆုံးကား

ယခုဘာသာပြန်သည့် မူရင်းစာအုပ်၌ ခေါင်းစဉ်နာမည်အဖြစ် ရွေးချယ်ထားသော The Richest Man in Babylon (ဘေဘီလုံက မဟာသူကြွယ်) ပုံဝတ္ထုဖြစ်သည်။

'ဘေဘီလုံ ပုံဆောင်ဝတ္ထုများ'ကား အောင်မြင်ကြီးပွားရေးဆိုင်ရာ စိတ်ဓာတ်နှင့် နည်းနာများ နှိုးဆွလမ်းညွှန်ပေးသည့် စာအုပ်စာတမ်းများထဲတွင် အထင်ရှားဆုံး 'ဂန္ထဝင်' ကျမ်းတအုပ်ဖြစ်ပေသည်။

# စာအုပ်လင့်ပေါင်းစုံ

ကျောက်မီးသွေးလုပ်ငန်းရှင်ကြီးတစ်ဦး၏
ရုံးခန်းဝ၌ ကားဗုံ ရေးမကျောက်မီးသွေးတုံးကြီးတစ်တုံး
ချထားပြီး ယင်း၏မျက်နှာစာတစ်ဖက်တွင် သူ့အား
ချမ်းသာကြွယ်ဝစေခဲ့သည့် အရေးပါဆုံး
စာချုပ်နှစ်ချုပ်ကို ချိတ်ဆွဲပြသထားသည်။
ယင်းအနက် တစ်ချုပ်သည် ယခု
'ဘောဂီလုံမှာအချမ်းသာဆုံးပုဂ္ဂိုလ်'
ဖြစ်သည်။

ငွေမှုံ

# ဘောဂီလုံမှာအချမ်းသာဆုံးပုဂ္ဂိုလ်



ပန်းချီ အောင်ဆောင်မှုန်